ဆဋ္ဌသင်္ဂီတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ

ကျေး ဦး တော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟော ကြားတော်မူသော

ဘုရားပွင့်နေ့ တရားတော်ကြီး

၁၉၆၂

အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ဘာရသူတ္တနိုဟရားတော်ကြီး

သာသနာ-၂၅၂၁
ကရဝေါ-၁၃၈၃
သာသနဓဇဓိတွန်းကားကြီးပွားရေးဦးစီးဌာန၊
စာကြည့်တိုက်
ထမ္ဘာစေး - ရန်ကုန်။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်
မှတ်ပုံတင်အမှတ် (၁၀၀၈၆–က)

— ဒုတိယအကြိမ်

— အုပ်ရေ-၂၀၀၀

— ၁၉၇၈-ခု

— ဖေဖော်ဝါရီလ

— ပန်းချီ-စံတိုး

— ဘလောက်–လွှင်

— အဖုံးရိုက်-ချင်းတွင်း

— စာအုပ်ချုပ်–အေးမိသားစု

— ဓမ္မဘါန

ဦးဝိစာရိန္ဒ (ဓမ္မာစရိယ) ကင်းလွတ်ခွင့်အမှတ် (၀၄၂၀၇) သာသနာ့ရိပ်သာ၊ ဟာမစ်တစ်လမ်း၊ ရွှေဂုံတိုင်–ရန်ကုန်က ထုတ်ဝေ၍ ဦးတင်မောင်(၀၂၅၆–မြ)စာပေပေါင်းကူးစာပုံနှိပ်တိုက်၊အမှတ်-၉၀၊ အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (ဂ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ ရန်ကုန်က ပုံနှိပ်သည်။

ဆဋ္ဌသင်္ဂါတိပုဏ္ဍိုက အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အကြောင်းရင်း

ဤ ဘာရသုတ္တန် တရားတော်ကြီး ထုတ်ပေါ်လာခြင်း၏ အကြောင်းရင်းကို ဖော်ပြရလျှင် ကျေးဇူးရှင် ဖြစ်တော်မူသော မဟာစည်ဆရာတော်ဘုရားကြီးသည် ရှေဘိုမြို့ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်၌ သီတင်းသုံးလျက် ဝိပဿနာ ဘာဝနာလုပ်ငန်းတရားကို ဟောကြား ညွှန်ပြနေရာမှ ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ချုပ်၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူလာကာ ၁၃၁၁-ခုနှစ် နတ္တော်လပြည့်နေ့မှစ၍ ဝိပဿနာလုပ်ငန်း တရားတော်များကို တလလျှင် လေးကြိမ် သီတင်းနေ့တိုင်း မှန်မှန် ဟောကြားတော်မူခဲ့ပါသည်၊ ယခု ၁၃၁,၀-ခုနှစ်အထိဆိုလျှင် ၁၉-နှစ် ပြည့်မြောက်ခဲ့လေပြီ။

အတုယူဘွယ်ကောင်းလှပါပေသည်

ထိုသို့ ဟောကြားရာတွင်လည်း အခြေအမြစ်မရှိ အတွေးနှောမတိမ္ပြဖြင့် ဟောကြားလေ့မရှိဘဲ ပိဋကပါဠိတော်မှ သုတ္တန် တခုခုကို မူရင်းအခြေခံပြုကာ ယောဂီတို့၏ ကိုယ်တွေ့ ဉာဏ်တွေ့နှင့် ဆက်စပ်လျက် ဟောကြားတော် မူလေ့ရှိခဲ့ပေသည်၊ အတုယူဘွယ် ကောင်းလှပါပေသည်။ ယင်းသို့ ဟောကြား

တော်မူသော တရားတော်ကြီးမျှားထဲတွင် ခေတ်နှင့် ကိုက်ညီ၍ ဤခေတ် ဤအခါမှာ ကြားနာရန် လွန်စွာထိုက်တန်လှပေသော ဤ ဘာဝသုဘွန်တရားတော်ကြီးသည်လည်း မဟာစည်ခမ္မဒေ သနာ အစဉ် ပန်းကုံးကြီး၏ အစိတ်အပိုင်း ဒေသနာပန်းတပွင့် အဖြစ်ဖြင့် ပါဝင်ခဲ့ပေသည်။

တရားသံကို ဖမ်းယူထားခြင်း

ယင်းတရားတော်ကြီးကို ၁၃၂၈-ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့နှင့် လကွယ်နေ့များတွင် ရန်ကုန်မြို့သာသနာ့ရိပ်သာ ဖလ်ယဉ်ခမ္မာရုံကြီး၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား ဟောကြားတော်မူစဉ်အခါက နောင်လာ နောက်သားကိုအား အကျိုးများစေရန် ရည်သန်မြော်လင့်ချက်ဖြင့် ခမ္မမာမကပုဂ္ဂိုလ် တို့က အသံဖမ်းစက်များဖြင့် ဖမ်းယူထားခဲ့ကြလေသည်။ ယင်း တရားသံကို ပြန်လည်ဖွင့်ကာ နာယူကြရာမှအလွန်လေးနက်သော အနက် အဓိပ္ပါယ်တို့နှင့် ပြည့်စုံ၍ ဝိပဿနာဉာဏ် အဆင့်ဆင့်နှင့် တကွမဂ်ဖိုလ်တံခါးကိုင်အောင် ဖွင့်လှစ်ပေးနိုင်သည့် ဂုဏ်ကျေးဇူး တို့နှင့်လည်း ပြည့်စုံသော ဤ ဘာဝသုဘွန်တရားတော်ကြီးကို အရပ်ရပ်အနယ်နယ်မှ ခမ္မမာမက သူတော်စင်အပေါင်းတို့အား နာကြားစေလိုသော သဒ္ဓါဆန္ဒ ထက်သန်စွာ ဖြစ်ပေါ်လာခဲ့ကြ ပေသည်။

စာပူကြမ်းအဖြစ်သို့ ရောက်စေသည်

သို့ဖြင့်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ အတွင်းရေးမှူး ဦးသိန်းအောင်ဟည် ယင်း တရားတော်ကြီးကို တိပ်ကြိုးဝှေ့မှ

ထုတ်၍ စာမူကြမ်းအဖြစ်သို့ရောက်အောင် ရှက်ဆောင်ခဲ့ပေသည်၊ ယင်းစာမူကြမ်းကို ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးထံ တင်ပြ၍ ပုံနှိပ်ဖြန့်ဝေခွင့် တောင်းရာ ဆရာတော်ဘုရားကြီးက ဖြည့်စွက် ပြင်ဆင်သုတ်သင်၍ ပုံနှိပ်ခွင့် ပြုတော်မူခဲ့ပေသည်။

ယင်းသို့ ပုံနှိပ်ရန် အဆင်သင့်ရှိနေစဉ် အချိန်ကာလအတွင်း မှာပင် ဤနိဒါန်းရေးသူ (သဒ္ဓမ္မသီဘဂူဆရာတော်)သည် မိမိ၏ မျက်စိရေ၊ဂါကုသရန်အတွက် ရန်ကုန်မြို့သို့ လာရောက်ခိုက်နှင့် ကြုံကြိုက်သဖြင့် ၁၃၃၀-ခု နဝင်္ဂေါ်လဆန်း ၁ ရက်နေ့က ဆရာတော်ဘုရားကြီးထံ သွားရောက်၍ ဖူးမျှော်ကန်တော့သောအခါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ယင်း ဘာရသုတ္တန်တရားတော်ကြီး စာမူချောကိုပါ ပေးအပ်၍ နိဒါန်းရေးရန် အမိန့်ချတော်မူလိုက်ပါသည်။

ရောက်လာသောတာဝန် ကျေပြန်အောင် ဆောင်ရွက်သင့်သည်

ထိုအခါ "အာဂဘော ဘာရော အဝဿံ ဝဟိတပ္ပော" ဟူသော ကျမ်းဂန်စကားအရ "ကိုယ်နှင့် ထိုက်တန်၍ ကိုယ့်ထံ ရောက်လာသော တာဝန်နှင့်ဝတ္တရားကို မချုတ်မယှင်းဆောင် ရွက်ရပေလိမ့်မည်" ဟု နှလုံးသွင်းကာ ဆရာတော်ဘုရားကြီး ထံမှ စာမူကို လက်ခံယူပြီးလျှင် မိမိ၏ခေတ္တတည်းခိုနေထိုင်ရာ အင်းလေးမြောရုံကျောင်းသို့ ပြန်လာခဲ့ပေသည်။ တည်းခိုနေထိုင်ရာသို့ ရောက်၍ ဘာရသုတ္တန် တရားတော်ကြီးစာမူကို သေချာစေ့ငုကြည့်ရှု ဆင်ခြင်လိုက်သောအခါ ယင်းတရားတော်

ကြီးသည် မိမိ၏ အသိဉာဏ်တွင် အောက်ပါအတိုင်း ထင်ရှားပေါ်လာခဲ့ပေသည်။

သာမညတရားမဟုတ်

ဤ ဘာရသုတ္တန်တရားတော်ကြီးကို ကျေးဇူးရှင်ဆရာတော် ဘုရားကြီး ဟောကြားထားသည်မှာ ကြားနာကောင်းရုံ ဟောထားသော သာမညတရားမဟုတ်ပေ၊ နာယင်း ဖတ်ရှု ယင်းပင် ပြီးငေ့မှ နိဗ္ဗိန္ဒဉာဏ်ကို ဖြစ်ပွားစေလျက် အသက်ထက်ဆုံး စိတ်နှလုံးခ္ဍ သိမ်းကျုံးသိုမ့ီး ထားထိုက်လောက်အောင် စကားဝါကျ အနေအထား ပုဒ်သွားပုဒ်လာ ဥပမာ ဥပမေယျတို့ဖြင့် သိုက်မြှိုက်စုံလင်စွာ တန်းဆာဆင်လျက် ဖွင့်လှစ်ဟောကြားထားအပ်သော တရားတော်ကြီး ဖြစ်ပေသည်၊ မြတ်စွာဘုရား၏ အလိုတော်ဖြစ်သောမူရင်းသုတ္တန်၏ဦးတည်ချက်ကို မပျက်စေဘဲ အဌကထာဌီကာ ဖွင့်ပြချက်တို့ဖြင့် ဖြည့်စွက် ထည့်သွင်းကာ ပဋ္ဌာန်ပဒါနည်းစံနစ်ကျကျဖြင့် ဟောကြားထားပေသည်။ ဘုရားရှင်၏ အလိုတော်နှင့် ဆရာတော်ဘုရားကြီး၏ ရည်မှန်းချက်ဖြစ်သည့် နိဗ္ဗာန်ဆိပ်ကမ်းဆီသို့ ကြားနာသူကို ဦးတိုက်သွားရောက်နိုင်အောင် ဓမ္မကထိကအစစ်၏ ဂုဏ်အင်္ဂါလက္ခဏာတို့ဖြင့် စုံလင်စွာ တန်းဆာဆင်၍ စီစဉ်ဟောကြားထားပေသည်၊ ဤသို့စသည်ဖြင့် တွေ့မြင်ရသောကြောင့် ဤသုတ်တရားတော်ကြီးနှင့် စပ်၍ အထူးပင် သဒ္ဓါတရားဖြစ်ပွားရပေသည်၊ ဤတရားတော်ကြီးစာအုပ်ကို ဖတ်ရှုသူတို့လည်း နည်းတူပင် သဒ္ဓါတရား ဖြစ်ပွားကြပါလိမ့်မည်။

အမြဲတမ်း သစ်လွင်လျက် ခေတ်မှီနေသော တရားတော်

လောကဌ် အချို့သော စာပေ အရေးအသား ဟောကြား ချက်များသည် သူ့ခေတ်တခေတ်မှာ ခေတ်မှီစာပေကောင်း တရားကောင်း ဖြစ်နေခဲ့ကြားသော်လည်းနောင်တခေတ်သို့ရောက် သောအခါ ခေတ်ဟောင်းသွားပြီဖြစ်၍ စာပေကောင်း တရား ကောင်း မဖြစ်တော့ဘဲ ခေတ်၏ စွန့်ပစ်ခြင်းကို ခံရလေသည်၊ ဗုဒ္ဓရှင်တော် မြတ်ဘုရား ဟောကြားတော်မူခဲ့သော တရားတော် စာပေတို့မှာမူ အတိတ် ပစ္စုပ္ပန် အနာဂတ်ဟူသော ခေတ်သုံးပါး လုံးမှာပင် အမြဲတမ်းသစ်လွင်လျက် ခေတ်မှီနေသော တရားတော် စကားတော် စာပေများသာ ဖြစ်နေပေသည်။

ဗုဒ္ဓ၏ စကားတော်ကို ခေတ်ကျော်မသွားနိုင်

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ဟောကြားတော် မူခဲ့သော ဗုဒ္ဓ၏ တရားတော် စကားတော်နှင့် ဟောမိန့်တော် မူချက်တို့ကို ယခု ပစ္စုပ္ပန်မေတ်တိုင်အောင် သိပ္ပံပညာ အမျိုး မျိုးဖြင့် စမ်းသပ်မှုနှောက်ကာ ရှာဖွေကြပါသော်လည်း ဗုဒ္ဓ၏ ဟောပြောချက်များကို ကျော်လွန်နိုင်သော သိပ္ပံပညာကား မပေါ်လာသေးချေ၊ အနန္တစကြာဝဠာနှင့်စပ်၍ ဗုဒ္ဓဟောတော် မူခဲ့သော အချက်များကို သိပ္ပံပညာဖြင့် ယခုတိုင် ကုန်စင်အောင် ရှာလို့ မရနိုင်သေးချေ၊ ယခုမှ ပထဝီကမ္ဘာ၏ အရုံကြိုဟ်မျှ ဖြစ်သော လကမ္ဘာ့သို့ သွားရန် စူးစမ်းကြံစည်နေသော အဆင့် မျှသာ ရှိချေသေးသည်၊ သိပ္ပံပညာဖြင့် ဘယ်လိုမှ ရှာဖွေလို့ မတွေ့နိုင်သော ဝိပဿနာပညာ မဂ်ဖိုလ်ပညာနှင့် နိဗ္ဗာန်တိုင်

အောင်သော ချမ်းသာတို့သည် ဗုဒ္ဓသာသနာဝင်တို့၏ လက်ထဲမှာသာ အထင်အရှား ရှိနေကြပေသည်၊ ထို့ကြောင့် ဗုဒ္ဓ၏ တရားတော် စကားတော်များသည် ယနေ့တိုင်အောင် ခေတ်၏ ရှေ့မှ ပြေးလျက်ပင် ရှိနေကြောင်း ထင်ရှားလှပါပေသည်၊ နောင်လည်း ခေတ်၏ ရှေ့မှ ပြေးလျက်ပင် ရှိနေလိမ့်မည်ဟု ပညာရှိတို့အား အနုမာနဉာဏ်ဖြင့် ထင်ရှားလျက်ပင် ရှိပါလိမ့်မည်။

ခေတ်မှီ ဟောကြားချက်

ထိုကဲ့သို့ ခေတ်တိုင်းနှင့် ညီလျော်အောင် ဟောကြားတော်မူခဲ့သော ဗုဒ္ဓမြတ်စွာ၏ မူရင်းစကားတော်-တရားတော်များကို အခြေခံမူတည်ကာ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးက ခေတ်နှင့် လျော်ညီသော စကား, လက်ဝဲ လက္ခာ အစွန်း ၂-ဖက်သို့ မထွက်စေသော စကားတို့ဖြင့် တန်းဆာဆင်ကာ ခေတ်သူ ခေတ်သားတို့ နားလည်လွယ်သော အသုံးအနှုန်း စကားလုံးတို့ဖြင့် ဖန်တီးလျက် ဤ ဘာရသုတ္တန် တရားတော်ကြီးကို ပေါ်လွင် ထင်ရှားစွာ ဟောကြားတော် မူပေသည်။ ထိုသို့ ဟောကြားခဲ့လည်း ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ဆိပ်ကမ်းသို့ တက်လှမ်း ဆိုက်ရောက်နိုင်ရေးကို အလေးပေးလျက် စံနစ်တကျ ကျင့်ကြံ ပွားများ အားထုတ်ပုံများကိုပါ ဖော်ပြလျက် ဟောကြားတော် မူပေသည်။ ယင်းသို့ ဟောကြားတော်မူသဖြင့် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ ဓမ္မကထိက အစစ်၏ ဂုဏ်အင်္ဂါ လက္ခဏာတို့နှင့်လည်း ပြည့်စုံပါပေသည်။

ဓမ္မကထိက၏ အင်္ဂါ

အခါတပါးဌ် ရဟန်းတပါးက မြတ်စွာဘုရားကို "အဘယ် မျှလောက် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံလျှင် ဓမ္မကထိက အစစ် မည်ပါသနည်း အရှင်ဘုရား"ဟု မေးလျှောက်သည်။ ထို အမေး ကို မြတ်စွာဘုရားက အောက်ပါအတိုင်း ဖြေကြားတော်မူ ပါသည်။

ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊ ဓမ္မကထိကော ဘိက္ခုတိ အလံ ဝစနာယ။

ရုပ်ကို ငြီးငွေ့ ရှိမုန်းလာအောင် တပ်မက် သာယာမှု ကင်း သွားအောင် ရုပ်တရား (တပ်မက်မှု) ချုပ်ငြိမ်းသွားအောင် တရားကို ဟောပြလျှင် တရားဟော ဓမ္မကထိက ဟု ဆိုထိုက် ပေ၏။

ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ၊ ဓမ္မာနုဓမ္မပဋိပန္နော ဘိက္ခုတိ အလံ ဝစနာယ။

ရုပ်ကို ငြီးငွေ့ ရှိမုန်းလာအောင် တပ်မက်သာယာမှု ကင်း သွားအောင် ရုပ်တရား (တပ်မက်မှု) ချုပ်ငြိမ်း သွားအောင် ကျင့်လျှင် လောကုတ္တရာတရား ၉-ပါးအား လျော်သော အကျင့်ကို ကျင့်သော ရဟန်းဟု ဆိုထိုက်ပေ၏။

ရူပသ ဝေ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါ-ဝိမုတ္တောာ ဟောတိ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တောာ ဘိက္ခုတိ အလံ ဝစနာယ။ (သံယုတ်ပါဠိ တတိယတွဲ နာ ၁၃၃။)

ရုပ်ကို ငြီးငွေ့ခြင်း, မတပ်မက်ခြင်း, တပ်မက်မှု ချုပ်ခြင်းကြောင့် အာစုံအလမ်း ကင်းရှင် လွတ်သွားလျှင် မျက်မှောက်ငြိမ်းအေးမှု–နိဗ္ဗာန်သို့ ရောက်နေသော ရဟန်းဟု ဆိုထိုက်ပေ၏။

(ဝေဒနာ- သညာ- သင်္ခါရ-ဝိညာဏ်ခန္ဓာတို့နှင့် စပ်၍လည်း နည်းတူပင် ဖြေကြားတော်မူပါသည်။)

အထက်ပါ ဖြေဆိုချက်အရအားဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ငြီးငွေ့ ရှိမုန်းလာအောင် တပ်မက်သာယာမှု ကင်းကွာသွားအောင် ထို ခန္ဓာတို့၌ တပ်မက်မှု ချုပ်ငြိမ်းသွားအောင် ဟောနိုင်ပါမှ ဓမ္မကထိက အစစ်ဟု ဆိုထိုက်ကြောင်း သိရပေသည်။ ထို့ပြင် ဓမ္မကထိက ဖြစ်ရုံမျှနှင့်လည်း မပြီးသေး၊ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်, ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တပုဂ္ဂိုလ် ဖြစ်အောင် ကျင့်ဘို့လည်း လိုသေးသည် ဟူ၍လည်း သိရပေသည်။

သို့ဖြစ်ရာတွင် ဤ ဘာရသုတ္တန် တရားတော်ကြီးဝယ် နေရာပေါင်း များစွာတို့၌ ခန္ဓာငါးပါးတို့ကို ငြီးငွေ့ ရှိမုန်းလာအောင် တပ်မက်မှု ကင်းကွာသွားအောင် တပ်မက်မှုတဏှာ ချုပ်ငြိမ်းသွားအောင် ထင်ရှား ဖော်ပြထားသည်တို့ကို တွေ့ရသောကြောင့် ဤတရားတော်ကြီးကို ဓမ္မကထိက အစစ်၏ ဂုဏ်အင်္ဂါ လက္ခဏာတို့နှင့် ညီညွတ်စွာ ဟောထားပေသည် တကား

ဟုနှလုံးသွင်းဆင်ခြင်လျက် ပိတိပါမောဇ္ဇနှင့် တကွသဒ္ဓါတရား ဖြစ်ပွားရပေသည်။

ထို့ပြင် ခန္ဓာငါးပါးနှင့် စပ်၍ နိဗ္ဗိန္ဒ ဝိရာဂ နိရောဓ ပြီးမြောက်အောင် ရှုမှတ် ပွားများပုံ, ကိလေသာ အကြွင်းမဲ့ ချုပ်ရာသို့ ရောက်အောင် ကျင့်ပုံများကိုလည်း စံနစ်တကျ ဖွင့်ပြထားသောကြောင့် ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ် ဖြစ်အောင်, ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တပုဂ္ဂိုလ် ဖြစ်အောင်လည်း ညွှန်ပြထားပေသည် ဟူ၍လည်း အာရုံပြုလျက် ကြည်ညိုသဒ္ဓါ ဖြစ်ပွားရပါပေသည်။

ဤစာကို ရေးသူကဲ့သို့ပင် ဤတရားတော်ကို လေးလေးနက်နက် ဖတ်ရှုဆင်ခြင်သူတိုင်းပင် ပိတိပါမောဇ္ဇ သဒ္ဓါတရားများ ဖြစ်ပွားကြပေလိမ့်မည် ဟူ၍လည်း မြော်မြင်မိပါသည်။

ဘာရသုတ်တရားတော်၏ ဦးတည်ချက်

စာဘခုကို ရေးသည်ဖြစ်စေ၊ တရားတပုဒ်ကို ဟောသည်ဖြစ်စေ ဦးတည်ချက်ကား ရှိစမြဲပင်၊ ဦးတည်ချက်မရှိဘဲ ရေးသားဟောကြားရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဤဘာရသုတ္တန် တရားတော်ကြီးကို ဦးတည်ချက်ကြီး လေးပါးဖြင့် ပိုင်းခြားရှု ဟောကြားတော်မူခဲ့ပေသည်၊ သံဂါယနာတင် အရှင်မြတ်တို့က ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ၂၂-ခု မြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားတော် မူခဲ့ကြပေသည်၊ ယင်းသုတ်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကလည်း ထို ၄-ချက်ကိုပင် ဦးတည်၍ ယခုခေတ်လူများ နား

လည်လွယ်သော စကားဝါကျ အသုံးအနှုန်းတို့ဖြင့် တန်းဆာ ဆင်ကာ ဖွင့်ပြ ဟောကြားတော်မူခဲ့ပေသည်။

ဦးတည်ချက်ကြီး ၄-ပါးဟူသည်မှာ—

၁။ ဘာရ-ခန္ဓာငါးပါး ဝန်ထုပ်ကြီး၊

၂။ ဘာရဟာရ-ဝန်ထမ်း ပုဂ္ဂိုလ်၊

၃။ ဘာရာဒါန-ဝန်ထုပ်ကို လက်ခံနေသောတဏှာ၊

၄။ ဘာရနိက္ခေပန - ဝန်ထုပ်ကို ပယ်ရှား ပစ်ချခြင်း—

ဟူသော ဤ ၄-ပါးပင်ဖြစ်ပါသည်။ ဤ၄-ပါးတို့ကို ဤတရား တော်ကြီး၌ အကွက်ကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြထား သည်ကို တွေ့ကြရပါလိမ့်မည်။

၁-ဘာရ=လူတိုင်းကြိုက်တဲ့ ဝန်ထုပ်ကြီး

ဥပါဒါနကွန္ဓာငါးပါးကို (ကိလေသာ မကင်းသေးသော) သတ္တဝါတိုင်း ကြိုက်ကြသည်၊ မိမိခန္ဓာတို့ကိုလည်း ကြိုက်ကြ သည်၊ သူတပါး၏ ခန္ဓာတို့ကိုလည်း ကြိုက်ကြသည်။ ယင်းခန္ဓာ တို့ကို ဗုဒ္ဓမြတ်စွာဘုရားက အလွန် လေးလံလှစွာသော ဝန်ထုပ် ကြီးများဟု ဟောကြားတော်မူခဲ့ပေသည်။ ထိုခန္ဓာဝန်ထုပ် ကြီးများ လေးလံပုံကိုလည်း တခဏမျှ ထမ်းဆောင်ရသည် မဟုတ်ပဲ အနမတဂ္ဂ သံသရာ တလျှောက်လုံး အစဉ်ထာဝရ ထမ်းဆောင်နေရပုံ,ခေတ္တခဏမျှသာလဲ ချထား၍ မရပုံ-စသည် ဖြင့် ဖော်ပြထားသည်ကို တွေ့ကြရလိမ့်မည်။

ကံအမျိုးမျိုးကြောင့် ခန္ဓာဝန်အမျိုးမျိုး ထမ်းနေရပုံ

အကုသိုလ်ကံ ပြုမိသော ပုဂ္ဂိုလ်တို့မှာ အပါယ်လေးဘုံရောက်ပြီး ငရဲခန္ဓာ ပြိတ္တာခန္ဓာ တိရစ္ဆာန်ခန္ဓာ အသုရကာယ်ခန္ဓာဝန်တို့ကို ထမ်းနေကြရပုံ၊ ကုသိုလ်ကံ ရှိသူတို့မှာလည်း လူ့ခန္ဓာ နတ်ခန္ဓာဝန်တို့ကို ထမ်းနေကြရပုံ၊ ရူပဘဝ အရူပဘဝတို့ကို အထင်ကြီးပြီး ရူပစျာန်ကုသိုလ် အရူပစျာန်ကုသိုလ်တို့ကို ပွားစေတတ်သော ပုဂ္ဂိုလ်တို့မှာလည်း ရူပဗြဟ္မာဘဝ အရူပဗြဟ္မာဘဝကို ရောက်ပြီး ကမ္ဘာပေါင်းများစွာ ဗြဟ္မာ့ခန္ဓာဝန်ကို ထမ်းနေကြရပုံ၊ ထိုဗြဟ္မာဘဝမှ စုတေပြီးသည့်နောက်ကာလမှာလည်း လူ့ခန္ဓာ နတ်ခန္ဓာ အပါယ်ခန္ဓာဝန်တို့ကို ထမ်းနေကြရပုံများကိုလည်း ဤတရားတော်ကြီး၌ ထင်ရှားဖော်ပြထားပေသည်။

ဝန်ထုပ်ကို ထမ်းနေကြရတာ ဘယ်လောက်ကြာပြီလဲ

ခန္ဓာဝန်ထုပ်ကို ထမ်းနေကြရတာ ဘယ်လောက်ကြာပြီလဲ ဆိုတဲ့ မေးဘွယ်အတွက် ''အနမတ္ဂေ ဘိက္ခဝေ သံသာရော'' အစရှိသော သာဓကစကားဖြင့် အစမထင်သည့် သံသရာကာလတလျှောက်လုံး ကြာခဲ့ပြီဆိုသော အချက်ကိုလဲ ဤတရားတော်ကြီး၌ ဖော်ပြထားပါသည်။

ထို့ပြင် ဘယ်လောက်ကြာအောင် ဆက်ပြီးထမ်းနေကြရဦးမလဲဆိုတဲ့ မေးဘွယ်အတွက်လည်း ''အဝိဇ္ဇာနိဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ'' အစရှိသော သာဓက စကားဖြင့် အဝိဇ္ဇာနှင့် တဏှာမကင်းသေးသမျှကာလပတ်လုံး ထမ်းဆောင်နေကြရ

မည်ဆိုသောအချက်ကို သိနားလည် စေသောအားဖြင့် ဤတရား တော်ကြီး၌ ဖြေရှင်းထားပါသည်။

၂-ဘာဝရဟာဝရ=ဝန်ထမ်းပုဂ္ဂိုလ်

ဝန်ထမ်းပုဂ္ဂိုလ်ဟူသည်မှာ ခန္ဓာငါးပါးကို စွဲ၍ ခေါ်ဝေါ်ပညတ်အပ်သော လောကဝေါဟာရမျှသာ ဖြစ်ကြောင်း၊ မြတ်စွာဘုရားသည် ပရမတ်ကို ဟောသင့်ရာ၌ ပရမတ်ကိုဟောကြောင်း၊ ပညတ်ဖြင့် ဟောသင့်ရာ၌ ပညတ်တင်၍ ဟောကြောင်း၊ အလှူဒါနအရာ၌ ပုဂ္ဂလိကဒါန သံဃိကဒါန နှစ်မျိုးရှိရာတွင် အလှူခံပုဂ္ဂိုလ်၏ဂုဏ် သံဃာ၏ဂုဏ်ကို အာရုံပြုပြီး လှူရကြောင်း၊ ထိုသို့လှူမှ အကျိုးကြီးကြောင်း ဝိပဿနာအတု အယောင်တင်ပြီး လှူခြင်းသည် ဘုရားအလိုတော်နှင့် မညီ၍ သဘာဝမကျကြောင်း စသည်ဖြင့် ဝန်ထမ်းပုဂ္ဂိုလ်နှင့် စပ်၍ အကျိုးများဘွယ် သြဝါဒများကိုပါ ပြသထားသည်ကိုလည်း တွေ့ကြရပါလိမ့်မည်။

၃ – ဘာရာဒါန=ဝန်ထုပ်ကိုခံယူခြင်း

ခန္ဓာဝန်ထုပ်ကို ထမ်းနေကြရသည်မှာ ဘယ်သူကပေးလို့ ထမ်းနေကြရသနည်း၊ ဘယ်ပုံဘယ်နည်းဖြင့် ခန္ဓာဝန်ကို ရလာသနည်းဟူသော အချက်ကို မြတ်စွာဘုရားက-

(၁) လိုချင်နှစ်သက်ဖွယ် ကာမဂုဏ် အာရုံကို လိုချင်နှစ်သက်သော ကာမတဏှာ၊

(၂) အမြဲတမ်း တည်နေသည်ဟု တင်ရသော ဘဝနှင့်စပ်၍ နှစ်သက်သော ဘဝတဏှာ၊

(၃) သေလျှင် အလိုလိုပင် ဘဝကင်းပြတ်သွားမည်ဟု ထင်၍ နှစ်သက်သော ဝိဘဝတဏှာဟူသော ဤတဏှာသုံးပါး ဖြစ်လျှင် ခန္ဓာဝန်ကို လက်ခံယူခြင်းဖြစ်ကြောင်း ဟောပြထား တော်မူ၏၊ ထိုအရာတွင် ဒွါရ ၆-ပါး၌ ထင်ပေါ်လာသော အာရုံ ၆-ပါးနှင့်စပ်၍ နှစ်သက်လိုချင်မှု ဖြစ်တိုင်း ခန္ဓာဝန်ကို လက်ခံပြီး ယူနေသည်မည်ကြောင်း အကျယ်ဖွင့်ပြထားသည် ကိုလည်း ဤတရားတော်ကြီး၌ ထင်ရှားတွေ့ရပါလိမ့်မည်။

အထူးအားဖြင့် ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာကို ဝိဘဝတဏှာ ခေါ်ကြောင်း အဌကထာ၌ ဖွင့်ပြထားရာတွင် ဘယ်လိုတဏှာဟု တိတိကျကျသိရန် မလွယ်ကူဘဲ ရှိနေချေ သည်။ ထို့ကြောင့် ယခုခေတ် အချိုပုဂ္ဂိုလ်တို့က (ဘဝ-သမ္ဘဝေါ မဟာဝိဘဝေါ) ဟူ၍၎င်း၊ (အသိတိ ကောဋိ ဝိဘဝေါ) ဟူ၍၎င်း ဆိုသောစကားတို့ကို အကိုးအကားပြု၍ "ဘဝ၏ စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံကြွယ်ဝ အောင်မြင်မှု ရနေသည်၌ နှစ်သက်မှုကို ဘဝတဏှာ" ဟု ခေါ်ကြောင်း ပြောဆိုကြလေသည်၊ ထိုသို့ပြောဆိုကြရာ၌လည်း ဗုဒ္ဓစာပေ ပိဋကတ် ဆိုင်ရာ ပါဠိ, အဌကထာ အဖွင့်များကို မကိုးကားဘဲ ပါမောက္ခ ရိုက်ဒေးဗစ်၏ (The craving for success in this present life.) ဟူသော ဝိဘဝတဏှာ အဖွင့် ဘာသာပြန်ကို ကိုးကားထားကြလေသည်။ ထိုသို့ဆိုလျှင် ဝိဘဝတဏှာသည်လည်း ကာမဂုဏ် စည်းစိမ် ချမ်းသာ၌ လိုချင်နှစ်သက်မှုပင် ဖြစ်နေသောကြောင့် ကာမတဏှာနှင့် ထပ်တူပင် ဖြစ်နေလေရာ၏။ ထိုသို့ ရိုက်ဒေးဗစ်၏ ပြန်ဆိုချက်

အတိုင်း ဝိဘဝတဏှာပုဒ်ကို မှားယွင်းစွာ ပြန်ဆိုမိခြင်းသည် ထို ဝိဘဝတဏှာ-ပုဒ်၏ အနက် အသိခက်သောကြောင့်ပင် ဖြစ်သည်။

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည်ကား "ကတမာ ဝိဘဝဒိဋ္ဌိ၊ နု ဘဝိဿတိ အတ္တာ စ လောကော စာတိ ယာ ဧဝရူပါ ဒိဋ္ဌိ။ပ။ အယံ ဝုစ္စတိ ဝိဘဝဒိဋ္ဌိ။ ဝိဘဝဒိဋ္ဌိ-ဟူသည် အဘယ်နည်း၊ အတ္တသည်ရင်း, လောကသည်ရင်း မရှိတော့ဘဲ ပြတ်စဲသွားမည်ဟု ဤသို့သော အကြင် အယူသည်ရှိ၏။ပ။ ဤအယူကို ဝိဘဝဒိဋ္ဌိ-ဟု ဆိုအပ်၏" ဟူသော ဓမ္မသင်္ဂဏိပါဠိတော် (၂၅၇)နှင့်လည်း ညီညွတ်သော "ဉစ္ဆေဒ-ဒိဋ္ဌိသဟဂတော ရာဂေါ ဝိဘဝတဏှာ" ဟူသော ဘာရသုတ် အဖွင့် အဋ္ဌကထာမူရင်းကိုသာ မြဲမြံစွာစဲကိုင်ပြီးလျှင် "ဝိဘဝ-မှာ၊ ဉစ္ဆေဒါ၊ ထင်ကာ နှစ်သက်မှု" ဟု ဆောင်ပုဒ်မူချကာ သေပြီးလျှင် ဘဝအလိုလိုပြတ်သွားမည်" ဟု ယူဆပြီး ဝိဘဝ-တဏှာဖြစ်ပုံကို ပေါ်လွင်ထင်ရှားစွာ ဤတရားတော်ကြီး၌ ဖွင့်ပြထားတော်မူပါပေသည်။ ထိုဖွင့်ပြချက်မျှားထဲမှ အောက်ပါမှာ ဖွင့်ပြချက်တခု ဖြစ်ပါသည်။

"အဒီလိုသေပြီးယင် ဘာမှမရှိတော့ဘူး၊ လုံးဝပျောက်ကွယ်သွားတယ်လို့ ယူတဲ့ ဉစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်ပြီး ဖြစ်တဲ့ နှစ်သက်လိုချင်မှုကို ဝိဘဝတဏှာ ခေါ်တယ်။ ဒီတဏှာက ဘာမျှမကျင့်ရဘဲနဲ့ သေပြီးတဲ့နောက် ဘာမျှမဖြစ်ရတော့ဘဲ ပြတ်စဲသွားဘာကိုလဲ ကြိုက်တယ်၊ ဘာကြောင့်လဲဆိုယင် အဲဒီအယူရှိတဲ့သူက ကောင်းမှုကို မပြုချင်ဘူး၊

မကောင်းမှုကိုလဲ၊ မရှောင်ချင်ဘူး၊ ပြုထားတဲ့ မကောင်းမှု ဘေးကလဲ မျှားစွာရှိနေတယ်၊ ဒီတော့ သေပြီးတဲ့နောက် ဘဝသစ် ဖြစ်နေဦးမယ် ဆိုယင် မကောင်းမှုတွေက မကောင်းကျိုးတွေကို ပေးနေဦးမယ်၊ အဲဒါကို သူက မလိုလားဘူး၊ သေပြီးတဲ့နောက် ဘာမျှမဖြစ်ပါမှ သူ့မှာ သင်ပုန်းချေသလိုဖြစ်ပြီး အပြစ်ကင်းသွားမယ်၊ ဒါကြောင့် ဒီတဏှာက သေပြီးယင် ပြတ်စဲသွားတာကို နှစ်သက် သဘောကျတာပါဘဲ၊ နောက်ပြီးတော့ မသေခင်ဘဲ ခံစား ရမယ်လို့ ယူဆထားတဲ့အတွက် မသေခင်အတွင်း ရရ သမျှကို ခံစားဘို့ရာလဲ ပြင်းပြင်းပြပြ နှစ်သက်မက်မော နေတယ်၊ အဲဒီလို နောက်ဘဝမရှိဘူးဆိုတဲ့ အယူဖြင့် ယခု လောလောဆယ်ခံစားဘို့ နှစ်သက်လိုချင်တိုင်း, မိမိ၏လက်ရှိ ကိုယ်ကို ချမ်းသာစေလိုတိုင်း ဘဝသစ်ခန္ဓာဝန်ကို ခံယူနေ သည် မည်ပါတယ်'' (နှာ-၁၄၆)။

နောက်ပြီးတော့ ဝန်လေးပုံပြသည့် အခန်း (နှာ-၄၉) မှာလဲ တဏှာဖြင့် ခန္ဓာဝန်ယူပုံကို အောက်ပါအတိုင်း ထည့် သွင်းပြီး ဖေါ်ပြထားပါသေးတယ်။

''ယခုခေတ်မှာ ကျေးဇူးမသိတတ်တဲ့ သူတွေရဲ့ အတွေး အခေါ်တွေကို လေ့လာပြီး ကျေးဇူးမသိတတ်တဲ့ ဓာတ်သဘော ချင်းတူတဲ့ သူတွေက မိဘတွေကို ကျေးဇူးမတင်ချင်ကြဘူး၊ ကျေးဇူးမတင်ရုံတောင် မကသေးဘူး၊ မိဘတွေ ကမြင်းလို့ လူဖြစ်လာပြီး ဒုက္ခရောက်နေရတယ်လို့တောင် အပြစ်ပြောတတ် ကြသေးတယ်။ အဲဒါကတော့ တော်တော်ကြောက်စရာကောင်း တဲ့ အမြင်မှားကြီးပါဘဲ။ အမှန်ကတော့ ဒီခန္ဓာဝန်ကို ရလာ

ရာမှာ အခြောင်းရင်းက မိဘမဟုတ်ဘူး၊ ကိုလေသာနဲ့ ကံက အခြောင်းရင်းဘဲ၊ မိဘကတော့ အထောက်အပံ့အခြောင်း လောက်သာ ဖြစ်ပါတယ်။ အကယ်၍ လူသားဖြစ်တဲ့ မိဘတွေ မရှိဘူးဆိုယင် ကိုလေသာနဲ့ကံ မကင်းတဲ့သူတွေမှာ အပါယ် ၄-ပါးမှာ ဖြစ်ဖို့က မျှားနေပါတယ်''။

အထက်ပါ မိန့်ဆိုချက်ဟာ သင့်လျော် မှန်ကန်လှပါပေသည်။ သင့်လျော်မှန်ကန်ကြောင်းကို အနည်းငယ် ထုတ်ပြရလျှင် ဗုဒ္ဓမြတ်စွာဘုရားက သန္ဓေတည်နိုင်ခြင်း၏ အကြောင်းမျှားကို အောက်ပါအတိုင်း ပြထားပါသည်။

(၁) မာတာပိတရော စ သန္နိပတိတာ–မိဘနှစ်ပါးတို့ ပေါင်းဆုံခြင်း၊

(၂) မာတာ စ ဥတုနီ–အမိမှာ သွေးဥကြဆင်းပြီး ရှိခြင်း၊

(၃) ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော–တဏှာ အစရှိသော ကိုလေသာနှင့် ကုသိုလ်ကံရှိ၍ လူဘဝသို့ ရောက်ထိုက်သူ အသင့်ရှိခြင်း။

အထက်ပါ အကြောင်း ၃-ပါးတို့တွင် အမှတ်(၁) အကြောင်းမျှဖြင့် သန္ဓေမတည်နိုင်၊ အကယ်၍ တည်နိုင်မည်ဆိုပါက မိဘ တစုံတစုံမှာ သားသမီးပေါင်း ရာထောင်မက မျှားလေရာ၏။

ထို့ပြင် အမှတ် (၁-နှင့် ၂) အကြောင်းနှစ်ပါးမျှဖြင့်လည်း သန္ဓေမတည်နိုင်၊ အကယ်၍တည်နိုင်မည်ဆိုပါက တလဘက္ကြိမ် သားဥကျဆင်းသည်ဟု ဆေးကျမ်းတို့၌ ဆိုသောကြောင့် မိခင်

တဦးမှာ တနှစ်လျှင် ခလေးတယောက်ကျမက ရလေရာ၏။ ထို့ကြောင့် အထက်ပါ အကြောင်းသုံးပါးလုံးညီညွတ်မှ သန္ဓေတည်နိုင်ကြောင်း မဟာတဏှာသင်္ခယသုတ် (မ ၁-၃၃၂) မှာ ဗုဒ္ဓမြတ်စွာဘုရားက အထင်အရှား ဟောထားပေသည်။ ထို့အချက်, မှန်ကန်ကြောင်းကိုလည်း ချမ်းသာကြွယ်ဝသူတို့မှာ သားသမီး လိုချင်ပါလျက် သားသမီးမရခြင်း, သားသမီးနည်းပါးခြင်းက ထောက်ခံလျက်ရှိပေ၏။

သို့ဖြစ်၍ ထိုအကြောင်းသုံးပါးထဲမှ လူဘဝသို့ ရောက်ထိုက်သော ဂန္ဓဗ္ဗခေါ် သူငယ်လောင်းသည် လိုရင်း ဖြစ်နေကြောင်း၊ ထိုသူငယ်လောင်းမှာလည်း တဏှာ အစရှိသော ကိလေသာနှင့် လူဖြစ်ဖို့ ကံရှိဘို့ လိုကြောင်း ထင်ရှားလှပါပေသည်။ အကယ်၍ လူတို့အကုန်လုံးက အပြုဟူစရိယမှ ကင်းရှောင်နေကြမည် ဆိုလျှင် လူဖြစ်ဖို့ ကံရှိနေသော သူတို့သည်လည်း လူဘဝကို ရောက်ရဘော့မည် မဟုတ်၊ ကိလေသာနှင့် အကုသိုလ်ကံအားလျော်စွာ အပါယ်ဘုံမှာ ဖြစ်ပို့သာ များလေတော့မည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက ဤ၌ ထုတ်ပြခဲ့သော အဆိုပါ စကားကို မိန့်တော်မူပေသည်။

၄-ဘာဝရနိုကေ္ခပန=ဝန်ထုပ်ကို ပစ်ချခြင်း

ခန္ဓာဝန်ထုပ်ကြီးကို ပစ်ချခြင်း ဟူသည်မှာ ဘဝသစ်ခန္ဓာ ဖြစ်စေတတ်သော တဏှာကို ပယ်စွန့်ခြင်းပင် ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာဘုရားက အထင်အရှား ဟောကြားတော် မူခဲ့ပေသည်။ ထိုအရာ၌လည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက အလွန်အမြတ်ဆုံးကို ယူရသည့် ဥက္ကဋ္ဌ နည်းအားဖြင့် တဏှာကို

နိဒါန်း

အရဟတ္တမဂ်ဖြင့် ပယ်ခြင်း ဖြစ်ကြောင်း၊ လျှော့၍ ရသင့်သမျှကို ယူရသည့် သြမက နည်းအားဖြင့် အောက် မဂ်သုံးပါးဖြင့် ပယ်ခြင်းနှင့် ဝိပဿနာဖြင့် ပယ်ခြင်းမျှားလည်း ဝန်ထုပ်ကိုချခြင်း ဖြစ်ကြောင်းမျှားကို ပြပြီးလျှင် ပါဠိ အဋ္ဌကထာ ဋီကာတို့၌ လာသော ပဋိပဒါနည်းစံနစ်မျှားကို ယောဂီတို့၏ ကိုယ်တွေ့ ဉာဏ်မြင်မျှားနှင့် နှီးနှောမှု အကျယ်ရှင်းလင်း ဖော်ပြသွားတော်မူပေသည်။

အချုပ်အားဖြင့် ဤ ဘာရသုတ္တန် တရားတော်ကြီး၌ ဟောပြထားပုံမျှားကို အသီးအသီး ထုတ်၍ ချီးမွမ်း ဖော်ပြနေမည် ဆိုလျှင် ဤတရားတော်ကြီးထက် အဆပေါင်းမျှားစွာ ကျယ်ပြန့်လာဘွယ် ရှိပါသည်။ သို့ဖြစ်၍ ဤတရားတော်ကြီးကို မိမိတို့ကိုယ်တိုင်ပင် စေ့စေ့စပ်စပ် ဖတ်ရှုပြီးလျှင် လေးလေးနက်နက် ဉာဏ်သက်၍ သုံးသပ် ဆင်ခြင်ကြစေလိုပါသည်။

ထိုသို့ ဖတ်ရှု ဆင်ခြင်ပြီးလျှင် မိမိတို့၏ ခန္ဓာဝန်ထုပ်ကြီးကို ငြီးငွေ့ ရွံမုန်းကာ ယင်း ခန္ဓာဝန်ထုပ်ကြီးကို ပစ်ချနိုင်အောင် ဝိပဿနာ ဘာဝနာအလုပ်ကို တကယ်တမ်း အားထုတ်ကြ၍ ခန္ဓာဝန်ထုပ်ကြီးကို အပြီးတိုင် ပစ်ချ စွန့်ပယ်ဈ ဖြစ်သော နိဗ္ဗာန်စခန်းသို့ လျင်မြန်စွာ တက်လှမ်း ဆိုက်ရောက်ကြပါစေကုန်သတည်း။

အရှင်အာစိဏ္ဏ

သာသနာဘော်နှစ် ၂၅၁၂-ခု
မြန်မာသက္ကရာဇ် ၁၃၃၀.ခု၊
နတ်တော်လဆန်း (၇) ရက်။

နာယက ကမ္မဋ္ဌာနာစရိယဆရာတော်
သာသနဓဇသီရိပဝရမဟာစရိယ
သဒ္ဓမ္မသီဟဂုဏသာသနဇုရိပ်သာ
ပုသိမ်မြို့။

မာတိကာ

အခြေခံအရာ စာမျက်နှာ

ဘာရသုတ္တန်တရားတော်ကြီး ပဌမပိုင်း

တရားပလွှင်ခံ	....	၁
သုတ်၏နိဒါန်း	....	၂
ဗုဒ္ဓကိစ္စငါးပါး	....	၄
(၁) ပုရေဘတ္တကိစ္စ	....	၄
(၂) ပစ္ဆာဘတ္တကိစ္စ	....	၈
(၃) ပုရိမယာမကိစ္စ	....	၁၄
(၄) မဇ္ဈိမယာမကိစ္စ	....	၁၅
(၅) ပစ္ဆိမယာမကိစ္စ	....	၁၅
ရဟန်းတော်များကို ခေါ်ပြီး ဟောခြင်း အခြေခံ	....	၁၆
တရားခေါင်းစဉ် ပဋ္ဌာန်ဉာဏ်	....	၁၈
အကျယ်ဝေဘန်ဟောပြချက် လေးလံတဲ့ဝန်ထုပ်	....	၂၀
ခန္ဓာဝန်တွေက သာပြီးလေးတယ်	....	၂၁
ခန္ဓာနှင့် ဥပါဒါနကွန်ရာ	....	၂၃
ဥပါဒါန်၄-ပါး	....	၂၅

အကြောင်းအရာ		စာမျက်နှာ
စဲ့လမ်းပုံ	....	၂၉
ဥပါဒါနက္ခန္ဓာ ခေါ်ရပုံ	....	၃၁
အတ္တစ့ဲက ကင်းခဲသည်	....	၃၃
အတ္တစ့ဲ ပြုတ်ပုံ	....	၃၆
ရှမ္ဘတ်ရုံနဲ့ အတ္တစ့ဲပြုတ်ကြောင်း	....	၃၈
စဲ့လမ်းပုံ အဆက်	....	၄၃
ခန္ဓာဝန် လေးပုံ	....	၄၈
အရိုးစုပြိတ္တာဝတ္ထု	....	၅၅
အသားတုံးပြိတ္တာ	....	၅၉
အသားစုပြိတ္တာ	....	၆၁
အရေခွံမရှိတဲ့ ပြိတ္တာ	....	၆၁
သန်လျက်မွေးတွေနဲ့ ပြိတ္တာ	....	၆၁
လုံအမွေးတွေနဲ့ ပြိတ္တာ	....	၆၂
မြှားအမွေးတွေနဲ့ ပြိတ္တာ	....	၆၂
ကုမ္ဘဏ္ဍပြိတ္တာ	....	၆၃
ပြိတ္တာမျိုးစုံ	....	၆၃
စီးပွားစုဆောင်းသည့် ပြိတ္တာမမျှား	....	၆၄
ခန္ဓာဝန်လေးပုံ အဆက်	....	၆၇
ဝန်ထုပ်ကို သဘောကျနေယင် လေးတယ်မထင်		၇၁
အပြစ်မြင်မှ လေးမှန်းသိသည်	....	၇၂
ဝန်ထုပ်ကို ထမ်းဆောင်နေသူ	....	၇၃

အကြောင်းအရာ		စာမျက်နှာ
လောကဝေါဟာရ အတွဲ	....	၇၆
လောကဝေါဟာရ ပုဂ္ဂိုလ်သတ္တဝါ	....	၇၉
မာရ်နတ် အမေး ဝဇီရာ အဖြေ	....	၈၁
ပုဂ္ဂိုလ်ဆိုတာ အမည်ပညတ်မျှ ဖြစ်သည်	....	၈၄
ဒေသနာတော် ၂-မျိုး	....	၈၅
ပုဂ္ဂိုလ်ပညတ် ဟောခြင်း အကြောင်းရှစ်ပါး	....	၈၅
ဒက္ခိဏာ ဝိသုဒ္ဓိ ၄-ပါး	....	၉၀
ပုဂ္ဂလိက အလှူ ၁၄-ပါး	....	၉၁
ပုဂ္ဂလိကအလှူ ၁၄-ပါး၏ အကျိုးများ	....	၉၂
သံဃိကအလှူ (၇)ပါး	....	၉၆
ဒါနထဲ ဝိပဿနာအတု သဘာဝမကျ	....	၁၀၁
လောကဝေါဟာရ မပယ်လိုရ် ပုဂ္ဂိုလ်ပညတ်နဲ့ ဟောသည်	....	၁၀၄

ဘာရသုတ္တန်တရားတော်ကြီး ဒုတိယပိုင်း

ဝန်ထုပ်ကို ခံယူခြင်း	....	၁၀၇
တဏှာက အာရုံဆာတယ်	....	၁၀၉
တဏှာက ရောက်ရာမှာပျော်တယ်	....	၁၁၁
စမ္မေယျနဂါးမင်း ဝတ္ထု	....	၁၁၂
ဥပရိမိဇုရားဝတ္ထု	....	၁၁၅
တဏှာသုံးပါး	....	၁၂၆

အကြောင်းအရာ	စာမျက်နှာ
ကာမတဏှာ	.... ၁၂၇
လိုချင်တာကိုချည်း ရသည်မဟုတ်	.... ၁၂၈
နောင်တကင်းရေး သတိပေးသည်	.... ၁၃၃
ပညာရှိအမြင် ယောဂီအမြင်နဲ့ဆိုယင်တော့	.... ၁၃၈
ဘဝတဏှာဖြင့် ခန္ဓာဝန်ကိုယူပုံ	.... ၁၄၁
ဝိဘဝတဏှာဖြင့် ခန္ဓာဝန်ကိုယူပုံ	.... ၁၄၃
တဏှာသုံးပါးဖြစ်တိုင်း ဝန်ထုပ်ကိုခံယူတာဘဲ	.... ၁၄၉
ဝန်ထုပ်ကိုပစ်ချခြင်း	.... ၁၅၀
ဝိပဿနာဖြင့်လဲ ခန္ဓာဝန်တွေ ပစ်ချနိုင်သည်	.... ၁၅၃
သောတာပန်မှာ ပစ်ချပြီး ဝန်ထုပ်များ	.... ၁၆၄
အထက်မဂ်များဖြင့် ပစ်ချသည့် ဝန်ထုပ်များ	.... ၁၇၀
ဘာရ စသည်ကို သစ္စာ ၄-ပါးဌ် သွင်းပြခြင်း	.... ၁၇၄
ဆောင်ပုဒ်ပမာ ဂါထာတရား	.... ၁၇၅
နိဂုံးချုပ်	.... ၁၉၁
ဗြဟ္မစိုရ်တရားတော်ကြီး ပဌမပိုင်း	.... ၁၉၇
ဗြဟ္မစိုရ်တရားတော် ဒုတိယပိုင်း	.... ၂၀၉
ဗြဟ္မစိုရ်တရားတော် တတိယပိုင်း	... ၂၂၁
ဗြဟ္မစိုရ်တရားတော် စတုတ္ထပိုင်း	.... ၂၃၃
မဟာစည်ဆရာတော် ဘုရားဇော် ဓမ္မဒေသနာ ဆောင်ပုဒ်များ	.... ၂၄၆

ဘာရသုတ္တန် တရားတော်ကြီး

၁၃၂၈-ခု တန်ဆောင်မုန်းလပြည့်နေ့ ဟောသည်

နမော ဗုဒ္ဓဿ သုနိက္ခိတ္တသဗ္ဗဘာရဿ

ပဌမပိုင်း တရားပလွင်ခံ

ဒီကနေ့ နိကာယ်ငါးရပ်ရှိတဲ့အနက်က သံယုတ္တနိကာယ်မှ သံယုတ်ငါးကျမ်းရှိတဲ့အနက်ကလဲ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှ ဘာရသုတ္တန်ကိုဟောရမယ်၊ဘာရသုတ္တန်ဆိုတာ တိုတိုကျဉ်းကျဉ်းကလေးနဲ့ လိုရင်းအဓိပ္ပါယ်တော့ ပြည့်စုံတယ်၊ ဒီသုတ်ကို ရှေးကလဲ ဟောဘူးပါတယ်၊ ဒါပေမဲ့ နှစ်ပေါင်းက ကြာသွားတော့ မှတ်မိတဲ့သူ ရှိချင်မှရှိတော့မယ်၊ မကြားဘူးသေးတဲ့ သူတွေမှာ အသစ်ပေါ့၊ ကြားဘူးတဲ့ သူတွေမှာတော့ ထပ်ပြီးကြားနာရတဲ့ အတွက် ပိုပြီးရှင်းလင်းသွားပါလိမ့်မယ်။

သုတ်၏နိဒါန်း

အဲဒီသုတ်မှာ နိဒါန်းကို ဒီလိုပြထားပါတယ်။

ဝေံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ-စသည်ဖြင့် ပြထားပါတယ်။

[၂] ဘာရသုတ္တန် တရားတော်ကြီး

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် ၄-လာ မြောက် ရောက်တဲ့အခါ အရှင်မဟာကဿပ မထေရ်အမှူး ရှိသော သံဃာတော်ငါးရာက ရာဇဂြိုဟ်မြို့အနီး ဝေဘာရ တောင်ဝှမ်းမှာ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ တရားတော် တွေကို စုပေါင်းပြီး သံဂါယနာ တင်တော်မူကြတယ်၊ အဲဒီ ပဌမ စပြီး သံဂါယနာတင်တော်မူကြစဉ်အခါတုန်းက နောင် လာနောက်သားတွေ မှတ်ရအောင်လို့ အရှင်မဟာကဿပ မထေရ်ကြီးက ဒီဘာရသုတ်ကို ဘယ်အရပ်မှာ ဟောတော်မူခဲ့ ပါသလဲ၊ ဘယ်ပုဂ္ဂိုလ်ဘို့အား ဟောတော်မူခဲ့ပါသလဲ စသည်ဖြင့် မေးမြန်းတော်မူခဲ့ပါတယ်။ အဲဒီ မေးခွန်းမျှားအရ အရှင် အာနန္ဒာမထေရ်မြတ်က မေ၊ အကျွန်ုပ်သည်။ ဝံ သုတံ၊ ဣသို့ ကြားနာ မှတ်သားရဘူးပါသည်-စသည်ဖြင့် ဖြေကြား တော်မူပါတယ်။ ဘယ်လို ကြားနာ မှတ်သားခဲ့ရပါသလဲလို့ ဆိုတော့—

ဧကံ သမယံ၊ အခါတပါးဌ။ ဘဂဝါ၊ ဘုန်းတော်ကြီး သော မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်ဌ။ သာဝတ္ထိဆိုတာ ပသေနဒီ ဘုရင်မင်းမြတ်၏ နေရာမြို့တော်ပါဘဲ၊ တိုင်းပြည်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ နေပြည်တော်ဖြစ်တဲ့ အတွက် ရှေးဆရာမျှားက သာဝတ္ထိပြည်လို့ ပြန်ဆိုကြတာပါဘဲ၊ အမှန်ကတော့ ကာသီတိုင်း ကောသလတိုင်း ၂-ပြည်ထောင်ရဲ့ မြို့တော်ပါဘဲ။ ဒါကြောင့် သာဝတ္ထိယံ၊ သာဝတ္ထိမြို့ဌ။ အနာထ-ပိဏ္ဍိကဿ အာရာမေ၊ အနာထပိဏ်သူဌေး၏ ကောင်းမှု အာရာမ်

ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်မည်သော ကျောင်းတိုက်၌။ ဝိဟာရတိ၊ သီတင်းသုံးနေတော်မူ၏။

မြတ်စွာဘုရားက တရုံတခါ ရာဇဂြိုဟ်မြို့ ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ တရုံတခါ အဲဒီရာဇဂြိုဟ်မြို့မှာဘဲ ဂိဇ္ဈကူဋ်တောင်မှာ သီတင်းသုံးနေတော်မူပါတယ်၊ တရုံတခါ ဝေသာလီမြို့ အထုတ်တပ်တဲ့ ပြဿာဒ် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ တရုံတခါ ကောသမ္မီမြို့မှာ၊ တရုံတခါ အာဠဝီမြို့မှာ၊ တရုံတခါ ကပိလ ဝတ်မြို့မှာ စသည်ဖြင့် ကျွတ်ထိုက်တဲ့ ဝေနေယျ ပုဂ္ဂိုလ်တွေရှိရာ ထိုထိုမြို့ရွာ အရပ်ဒေသတွေမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီလို သီတင်းသုံးတော်မူရာ ဌာနတွေထဲက ယခု ဒီဘာရသုတ်ကို ဟောတဲ့ အခါမှာတော့ သာဝတ္ထိမြို့အနီး ဇေတဝန်ခေါ်တဲ့ ကျောင်းတိုက်တော်မှာ သီတင်းသုံး နေတော်မူပါတယ်၊ အဲဒီ ကျောင်းတိုက်ကလဲ အနာထပိဏ် သူဌေးကြီးက လှူဒါန်းထားတဲ့ ကျောင်းတိုက်ကြီးဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအခါတုန်းက မြတ်စွာဘုရားဟာ အနာထပိဏ်သူဌေးကြီး၏ ကောင်းမှုဖြစ်တဲ့ ဇေတဝန်ကျောင်းတိုက်မှာ နေဆဲဖြစ်တဲ့အကြောင်း ဖော်ပြပါတယ်။

တတြ ခေါ ဘဝေါ ဘိက္ခု အာမန္တေသိ ဘိက္ခဝေါတိ။

တတြ၊ ထိုသို့ သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ ကောင်းမှုဖြစ်သော ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်

မူစဉ် အခါကာလ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ . ဘိက္ခု၊၊ တရားသဘင်၌ စည်းဝေးလျက်ရှိသော ရဟန်းတော်တို့ကို။ ဘိက္ခုဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ အာရုံပြုရေး သတိပေး မိန့်ခေါ်တော်မူလေပြီ။

ဗုဒ္ဓကိစ္စ ၈၂ပါး

မြတ်စွာဘုရားမှာ နေ့စဉ် ပြုလုပ်ဆောင်ရွက်တော်မူမြဲဖြစ်တဲ့ ဗုဒ္ဓကိစ္စ ၈၂ပါးဆိုတာ ရှိတယ်၊ အဲဒါတွေက ဘယ်လိုဟာတွေလဲဆိုယင် (၁) နံနက်ပိုင်း ဆွမ်းကိစ္စ ပြီးသည့်တိုင်အောင် ပြုရတဲ့ ပုရေဘတ္တကိစ္စက တပါး၊ (၂) ဆွမ်းကိစ္စပြီးသည့်နောက် နေ့ခင်းပိုင်းမှာပြုရတဲ့ ပစ္ဆာဘတ္တကိစ္စက တပါး၊ (၃) ညနေချမ်းနှင့် ညဉ့်ဦးယာမ်မှာ ပြုရတဲ့ ပုရိမယာမကိစ္စတပါး၊ (၄) ညဉ့်အလယ်ပိုင်းမှာပြုရတဲ့ မဇ္ဈိမယာမကိစ္စက တပါး၊ (၅) ညဉ့်၏နောက်ဆုံးပိုင်း မိုးသောက်ယာမ်မှာပြုရတဲ့ ပစ္ဆိမယာမကိစ္စက တပါး၊ ဒီ၈၂ပါးပါဘဲ။

(၁) ပုရေဘတ္တကိစ္စ

ဒီ၈၂ပါးထဲမှာ (၁) ပုရေဘတ္တကိစ္စဆိုတာ နံနက်ပိုင်း ဆွမ်းကိစ္စ ပြီးသည်တိုင်အောင် နေ့စဉ် ဆောင်ရွက်တော်မူရတဲ့ ကိစ္စပါဘဲ၊ ဆောင်ရွက်တော်မူပုံကတော့ မြတ်စွာဘုရားဟာ နံနက်စောစောပိုင်းမှာ အလုပ်အကျွေးပုဂ္ဂိုလ်က ဆက်ကပ်တဲ့ မျက်နှာသုဉ်ရေ ဒန္တပူတို့ကိုခံယူပြီး မျက်နှာသစ်တော်မူတယ်၊ အဲဒီကနောက် ဆွမ်းခံချိန်တိုင်အောင် ဆိတ်ငြိမ်ရာ အရပ်မှာ

သီတင်းသုံးနေတော်မူတယ်၊ ဆွမ်းခံချိန်ကျတော့ သင်္ကန်းမျှားကို သပ္ပါယ်စွာပြုပြင်ဝတ်ရုံပြီးတော့ တရုံတခါ တပါးတည်း တရုံတခါ သံဃာတော်အများနှင့်တကွ မြို့ရွာနိုဂုံးမျှော်သို့ ဆွမ်းခံကြွတော်မူတယ်၊ တရုံဘခါ တန်ခိုးမပြဘဲ ရိုးရိုးကြွတော်မူတယ်၊ တရုံဘခါမှာတော့ တန်ခိုးပြာဋိဟာတွေ ပြပြီးကြွတော်မူတယ်။

ဘယ်လို တန်ခိုးပြာဋိဟာတွေလဲဆိုယင် မြတ်စွာဘုရားကြွတော်မူမည့်လမ်းကို နှုးညံ့သိမ်မွေ့တဲ့လေတွေက တိုက်ခတ်ပြီး သုတ်သင် ရှင်းလင်းတယ်၊ မိုးဘိမ်တွေက မိုးရေပေါက်များ ရွာချပြီး ဆွတ်ဖျန်းပေးတယ်၊ အဲဒီလို မိုးရေဆွတ်ဖျန်းပြီး မြေမှုန်တွေကို ငြိမ်သက်စေသည့်ပြင် မြတ်စွာဘုရား၏ အထက်မှ ပြတာန်မျက်နှာကြက်သဖွယ် ဖြစ်ပြီးတော့လဲ လိုက်ပါနေတယ်၊ အခြားလေတွေက ပန်းတွေကို တိုက်ခတ်ဆောင်ယူလာပြီးတော့ လမ်းတလျှောက်မှာ ဖြန့်ကြဲပြီး ခင်းကြတယ်၊ မြေပြင်မှာ မြင့်မောက်တဲ့နေရာတွေက နိမ့်ပြီး၊ ချိုင့်တဲ့နေရာတွေကလဲ မြင့်တက်လာပြီး ညီညွတ်နေတယ်၊ ဆူးငြောင့်ခလုတ် ကျင်းချိုင့်တွေမရှိဘဲ လမ်းဟာ တပြင်တည်းချောပြီး ညီညာနေတယ်၊ ညီညာရုံတင်တောင် မဟုတ်သေးဘူး၊ ခြေတော် နင်းချလိုက်တဲ့အခါ နှုးညံ့ချောညက်တဲ့ ကြာပန်းစသည်က ခံလျက်ခံလျက် ဖြစ်နေတယ်။

ရွာတံခါး မြို့တံခါးပေါက်က ဝင်မိသည်နှင့် တပြိုင်နက် ညီသောရောင်ခြည်တော် ဝါရွှေသောရောင်ခြည်တော် နီမြန်း

သောရောင်ခြည်တော် ဖြူသောရောင်ခြည်တော် အနီနုပန်းရောင် ရှိတဲ့ မောင်းသောရောင်ခြည်တော် ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပသောရောင်ခြည်တော် ဆိုတဲ့ ဒီရောင်ခြည်စော်ဖ-သွယ်က ကိုယ်တော်မှ ထွက်ပေါ်လာကြပြီး ထိုထိုအရပ်သို့ ပြေးသွားကြတယ်၊ ယခုကာလ မီးရောင်အမျိုးမျိုးနဲ့ ဆလိုက်ထိုးတာလိုနေမှာပေါ့။

ဆင် မြင်း ၄က် စသည်တို့ကလဲ သူတို့နေရာမှ နေရင်းသာယာတဲ့အသံနဲ့ မြည်နေကြတယ်၊ စောင်း တယော ဗုံအစရှိတဲ့ တူရိယာတွေကလဲ မတီးပမှုတ်ရဘဲ သူ့အလိုလိုမြည်နေကြာယ်။

ဒီလို တန်ခိုးပြာဋိဟာကို ပြရတာကလဲ တခြားအကြောင်းကြောင့် မဟုတ်ပါဘူး၊ ဒီလို တန်ခိုးပြာဋိဟာကို ဘုရားမှ မြတ်စွာဘုရားအပေါ်မှာ ကြည်ညိုမှုသဒ္ဓါတရားဖြစ်ပြီး ကျွတ်တမ်းဝင်နိုင်မည့် ပုဂ္ဂိုလ်တွေအား အကျွတ်တရား ရစေလိုတဲ့ အတွက်ကြောင့်ဘဲဖြစ်ပါတယ်။ သတ္တဝါတွေက အမျိုးမျိုးရှိနေကြတယ်၊ တချို့က ရိုးရိုးတရားဟောတာလောက်ပဲ ကြိုက်တယ်၊ တချို့ကတော့ ထူးဆူးဆန်းဆန်း တန်ခိုးပြတာကို ကြိုက်တယ်၊ တခါက အထူးအဆန်း ကြိုက်တဲ့ ဒကာမကြီးတယောက်ကို တွေ့ဘူးတယ်၊ သူက ဘုရားပင်တဲ့အခါ ရွှေသင်္ကန်းကိုရုံပြီး စိန်စီတဲ့ မြဿပိတ်နဲ့ ရတနာမျိုးစုံ ခြယ်စီထားတဲ့ တောင်ဝှေးကို စဲ့ကိုင်ပြီး သူ့ခေါင်းပေါ် ကြွရောက်စံနေတော်မူပါ စသည်ဖြင့် ပွဲပွဲနွဲနွဲပင့်ပြီး ကြည်ညိုလေ့ရှိပါတယ်၊ သဒ္ဓါတရား အားကြီးပြီး

ပင့်တာပါဘဲ။ ဒါပေမဲ့ သူ့အစ်ကိုက ကြားတော့ "ဟဲ့ နင်ဘုရားပင့်တာက ကိရိယာကျယ်လှပါကလား၊ နင့်ခေါင်းပေါ်ကြွဘို့ရာ မြတ်စွာဘုရားမှာ အမျှားကြီး ဖန်ဆင်းရ ပြုပြင်ရဦးမယ်၊ ငါသာ ဘုရားဆိုယင်တော့ ဒီလိုပင့်တဲ့နေရာ ကြွမှာမဟုတ်ဘူး" လို့ ပြောသတဲ့။

အနောက်နိုင်ငံက အမျိုးသမီးကြီး တယောက်ကတော့ မြန်မာပြည်က စေတီတော် ဆင်းတုတော်တွေမှာ ရွှေတွေ ကျောက်တွေနဲ့ စက္ကူပန်း ပလပ်စတိတ်ပန်းတွေနဲ့ ဒီလိုပူဇော်ထားတာကိုတောင် အပိုတွေဘဲ၊ သက်တော်ထင်ရှား ဘုရားသာဆိုယင် သူ့အနားမှာ ဒီလိုဟာတွေ လာထားယင် လက်ခံမှာ မဟုတ်ဘူး စသည်ဖြင့် သူက ဝေဖန်ပြောဆိုပါတယ်။ စိတ်ဓာတ်ချင်း မတူဘဲ ကွဲနေကြတာတွေပါဘဲ။ အဲဒီလို စိတ်ဓာတ်ကွဲနေကြရာမှာ အထူးအဆန်းတွေ့ရမှု ကြည်ညိုနိုင်မည့်ပုဂ္ဂိုလ်တွေ့အတွက် တရုံတခါ ကန်ခိုးပြာဌီဟာတွေနဲ့ ဆွမ်းခံကြွတော်မူပါတယ်။ ဒါပေမဲ့ အဲဒီလို တန်ခိုးပြာဌီဟာတွေနဲ့ ဆွမ်းခံကြွတာကတော့ အလွန်နည်းဟန်လက္ခဏာရှိပါတယ်။

အဲဒီလို တန်ခိုးပြာဌီဟာတွေနဲ့ ကြွလာတော်မူတဲ့အခါ အဲဒီလမ်း အဲဒီရပ်ကွက်ကလူတွေက အဲဒီ တန်ခိုးပြာဌီဟာတွေကို တွေ့ရတာနဲ့ "ဒီကနေ့ မြတ်စွာဘုရား ငါတို့လမ်း ငါတို့ရပ်ကွက်ကို ဆွမ်းခံကြွလာတော်မူတယ်" လို့ သိကြတယ်၊ အဲဒီလို သိပြီးဘော့ အဝတ်အစားများကို ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ် ဝတ်ရုံပြီး ပန်းနုံသာများနှင့်တကွ လမ်းထွက်ပြီး မြတ်စွာ

ဘုရားကို ပူဇော်ကြ ရှိခိုးကြတယ်၊ မိမိတို့တတ်နိုင်သမျှ သံဃာတော် ၁၀-ပါး နှစ်ဆယ် ငါးဆယ် တရာ စသည်ဖြင့် ပင့်ပြီး ဆွမ်းလှူကြတယ်။

ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ မြတ်စွာဘုရားက တရားနာမည့် ပုဂ္ဂိုလ်ဝို့၏ အလိုအကြိုက်ကိုကြည့်ပြီး သင့်လျော်တဲ့ တရားကို ဟောတော်မူတယ်၊ အဲဒီ တရားကို ကြားနာကြပြီး တချို့က သရဏဂုံတည်ကြတယ်၊ တချို့က ငါးပါးသီလ၌ တည်ကြတယ်၊ တချို့က သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်ကြတယ်၊ တချို့က ရဟန်းပြုပြီး ရဟန္တာ ဖြစ်ကြတယ်။

အဲဒီလို အနုမောဒနာတရား ဟောပြီးတဲ့အခါ ကျောင်းတော်သို့ ပြန်ကြွတော်မူတယ်၊ ကျောင်းတော် ရောက်တော့ စည်းဝေးဆောင်ထဲက ဘုရားနေရာပလ္လင်မှာ ဆွမ်းကိစ္စမပြီးသေးတဲ့ ရဟန်းတွေ ပြန်မရောက်လာသေးတဲ့ ရဟန်းတွေကို စောင့်ယင်း ခေတ္တ သီတင်းသုံးနေတော်မူပါတယ်၊ အကုန်လုံး ဆွမ်းကိစ္စ ပြီးစီးကြတဲ့ အကြောင်းကို အလုပ်အကျေး ရဟန်းတော်က လျှောက်ထားတဲ့အခါမှာ . မြတ်စွာဘုရားက ဂန္ဓကုဋီကျောင်းတော်သို့ ဝင်တော်မူပါတယ်၊ ဒါဟာ နံနက်ပိုင်း ပုရေဘတ္တကိစ္စကို ဆောင်ရွက်တော်မူပုံပါဘဲ။

(၂) ပစ္ဆာဘတ္တကိစ္စ

(၂) ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက်ပုံကတော့ ခုနကပြောခဲ့တဲ့အ တိုင်း ဂန္ဓကုဋီကျောင်းတော်ကို ဝင်တဲ့အခါ ခြေတော်

မျှားကို ဆေးပြီး ရပ်တော်မူလျက် ရဟန်းတော်တို့အား ဒီလို ဩဝါဒစကားကို မိန့်ကြားတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်။ သမ္မာဒေထ၊ သီလ သမာဓိ ပညာကိစ္စကိုပြီး စေကြကုန်လော့၊ ပြီးစီးပြည့်စုံအောင် အားထုတ်ကြကုန်လော့၊ လောကသို့၊ လောကဌ်။ ဗုဒ္ဓပါဒေါ၊ မြတ်စွာဘုရားတို့၏ ပဋ္ဌာန်းရာကာလကို။ ဒုလ္လဘော၊ ရခဲ၏။ (မြတ်စွာဘုရား ပဋ္ဌာန်တော်မူပြီးတော့ ဘုရားအဆုံးအမ သာသနာတော် တည်ရှိနေတဲ့ အခါကာလကို ရခဲတယ် ကြုံခဲတယ်၊ ဒါကြောင့် ရခဲတဲ့ အခွင့်ကောင်းကြီးကို ရနေတဲ့အခါမှာ မမေ့ကြနဲ့ ကြိုးစား အားထုတ်ကြလို့ ဆိုလိုပါတယ်။) မနုဿတ္တပဋိလာဘော၊ လူ့အဖြစ် လူ့ဘဝကို ရခြင်းကို။ ဒုလ္လဘော၊ ရခဲကြုံခဲ၏။ သမ္မတ္တိ၊ ပြည့်စုံခြင်းကို။ ဒုလ္လဘာ၊ ရခဲ၏။ (ပြည့်စုံခြင်းဆိုတာ မဂ်ဖိုလ် တရားထူးကို ရရေးအတွက် သင့်လျော်သော အရပ်ဌာနေရခြင်း၊ မျက်စိ နားစသော ရုပ်ရေအင်္ဂါ ဣန္ဒြေတို့နှင့် ပြည့်စုံခြင်း၊ ဘုရားစစ် တရားစစ် သံဃာစစ်ဆိုတဲ့ ရတနာသုံးပါးကို ကြည်ညိုတဲ့ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ခေတ်ကာလ ကောင်းခြင်း၊ စားဖွယ်သုံးဖွယ်တို့နှင့် ပြည့်စုံခြင်း၊ ကျန်းမာခြင်း၊ တရားအားထုတ်နိုင်လောက်အောင် သန်စွမ်းခြင်း ဆိုတာတွေပါဘဲ။ အဲဒီရခဲတဲ့ ပြည့်စုံခြင်းတွေကို ရနေတဲ့အခါ ကြိုးစားအားထုတ်ကြရမယ်လို့ ဆိုလိုပါတယ်။) ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းအဖြစ်ကို။ ဒုလ္လဘာ၊ ရခဲ၏။ သဒ္ဓမ္မသဝနံ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း

သူတော်ကောင်းတရား ကြားနာရခြင်းကို။ ဒုလ္လဘံ၊ ရခဲ၏၊ (အဲဒီ ရခဲတာဘော့ ရနေတဲ့ ယခုအခါမှာ မေ့မနေကြနဲ့ အရဟတ္တ မဂ်ဖိုလ် ရောက်သည်တိုင်အောင် ကြိုးစားအားထုတ်ကြ-လို့ ဆိုလိုပါတယ်။)

အဲဒီလို ဒုလ္လဘငါးပါးနဲ့ သြဝါဒ ပေးပြီးတဲ့အခါမှာ တချို့ ရဟန်းတော်တွေက မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်း တောင်းကြတယ်၊ မြတ်စွာဘုရားက သူတို့၏ စရိုက်ကိုကြည့်ပြီး သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ပေးတော်မူတယ်။ အဲဒီလို ကမ္မဋ္ဌာန်း ပေးပြီးတဲ့အခါ အားလုံးသော ရဟန်းတော်တွေဟာ တောအရပ် သစ်ပင်အောက်အစရှိတဲ့ သင့်လျော်ရာဌာနကို သွားပြီး နှလုံးသွင်းအားထုတ်နေကြပါတယ်။

မြတ်စွာဘုရားလဲ ဂန္ဓကုဋီကျောင်းတော်ကို ဝင်ပြီးတော့ အလိုရှိခဲ့ပါလျှင် လက်ျာနံတောင်းဖြင့် ခေတ္တာဝဏ လဲလျောင်းပြီး အနားယူတော်မူပါတယ်၊ ကိုယ်၏ ညောင်းညာပင်ပန်းမှု သက်သာရာရတဲ့အခါ လဲလျောင်းရာမှ ထတော်မူပြီး ဒုတိယပိုင်း အချိန်မှာ လောကကို ဖြန့်ပြီး ကြည့်ရှုတော် မူပါတယ်။ သတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့်ကို သိနိုင်တဲ့ ဣန္ဒြိယ ပရောပရိယတ္တဉာဏ်တော်ရယ်၊ သတ္တဝါတို့၏ အလို အကြိုက် စရိုက် စိတ်နေသဘောထားတို့ကို သိနိုင်တဲ့ အာသယ-ယာနုသယဉာဏ်တော်ရယ်-ဒီဉာဏ်တော်ကြီး ၂-ပါးကို ဗုဒ္ဓ-စက္ခု- ဘုရားမျက်စိလို့ ခေါ်ပါတယ်၊ အဲဒီ ဗုဒ္ဓစက္ခုဖြင့် ကျွတ်သင့် ကျွတ်ထိုက်တဲ့ ဝေနေယျ သတ္တဝါတွေကို ကြည့်ရှုတော်

မူတာပါဘဲ၊ ကျွတ်ထိုက်တဲ့သူဟာ မိမိအထံသို့ ရောက်လာမည် ဆိုလျှင် အသင့်စောင့်နေတော်မူပါတယ်၊ အဝေးမှာနေလျှင်လဲ ကိုယ်တော်တိုင် တန်ခိုးဖြင့် ကြွတော်မူပြီး ဟောကြား ဆုံးမ တော်မူပါတယ်။ အဲဒီလို ကြည့်ရှုတော်မူပြီးတဲ့နောက် တတိယ ပိုင်းအခါမှာ မြတ်စွာဘုရား သီတင်းသုံးရာ ဆွမ်းခံရာဖြစ်တဲ့ မြို့ရှာနိုဂုံးက လူတွေဟာ ကောင်းစွာဝတ်ရုံပြီး ပန်းနံ့သာမျှား ကိုင်လဲယူကာ တရားနာရန် ဘုရားထံသို့ လာကြတယ်၊ ရာဇဂြိုဟ် မြို့မှာဆိုယင် ဝေဠုဝန်ကျောင်းတော်သို့ လာကြတယ်၊ ဝေ သာလီမှာဆိုယင် မဟာဝုန်တောက ကျောင်းတော်ကြီးသို့ လာကြတယ်၊ ယခုပြောနေတဲ့ သာဝတ္ထိမှာ ဆိုယင်တော့ တရံ တခါ ဝိသာခါ၏ ကောင်းမှုဖြစ်တဲ့ ပုဗ္ဗာရုံကျောင်းသို့ လာကြ တယ်၊ ဒီဘာရသုတ်ကို ဟောတုန်းကတော့ မြတ်စွာဘုရားက ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေခိုက် ဖြင့်တဲ့အတွက် ဇေတဝန်ကျောင်းသို့ လာကြတယ်။ ဇေတဝန်ကျောင်းတော် ဆိုတာ သာဝတ္ထိမြို့၏ အနောက်တောင်အရပ်မှာ တည်ရှိနေ ပါတယ်၊ ဒါကြောင့် မြို့ရဲ့ တောင်ဘက်တံခါးက ထွက်ပြီး အနောက်တောင်အရပ် ဇေတဝန်ကျောင်းဆီကို လာကြရမှာ ပေါ့၊ အဲဒီလို တရားနာဘို့ အမျိုးသား အမျိုးသမီးတွေ တသီ တတန်းကြီး လာနေကြပုံကိုလဲ အာရုံပြုပြီး ကြည်ညိုနိုင်ပါ တယ်၊ ယခု သာသနာ့ရိပ်သာကို တရားနာဘို့ လာနေကြသလို ရှိမှာပေါ့၊ အဲဒီလို တရားနာ ပရိသတ်တွေ မြို့ထဲကလာလို့ စုံလောက်တဲ့ အခါ တရားဟောချိန်ကျနေတဲ့ အခါ မြတ်စွာ ဘုရားက ဓမ္မာရုံကြီးသို့ ကြွပြီး သင့်လျော်တဲ့တရားကို ဟော

ကြားတော်မူပါတယ်၊ အဲဒီအခါမှာ ရဟန်းပရိသတ်တွေကလဲ ငါးရာ တထောင် နှစ်ထောင် စသည်ဖြင့် ရာနဲ့ထောင်နဲ့ချီပြီး မျှားစ္ဆာဘဲ ရှိနေပါတယ်၊ မြတ်စ္ဆာဘုရားကိုယ်တော်တိုင် ဟောတယ်ဆိုတော့ အနီးအပါးမှာရှိသမျှ ကျန်းမာတဲ့ ရဟန်းတော်တွေဟာ အကုန်လုံး လာရောက်ပြီး တရားနာကြပါတယ်။ နောက်ပြီးဘော့ အဲဒီတုန်းက ရဟန်းတော်တွေဟာ ရဟန်းဘောင် ဝင်ရောက်လာကတည်းက အမျှားအားဖြင့် သံသရာဝဋ္ဋဆင်းရဲမှု မျက်မှောက်ဘဝတွင်ဘဲ လွတ်မြောက်ဖို့ အရဟတ္တမဂ်ဖိုလ်ကိုရဖို့ ရည်ရွယ်ပြီး ရဟန်းပြုလာကြတာဘဲ မျှားပါတယ်၊ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း တရားကို နာဖို့ရန် အလွန်ဘဲ စိတ်ထက်သန်နေကြပါတယ်၊ အဲဒီလို စိတ်ထက်သန်ကြတဲ့အတွက်လဲ အခွင့်သာတဲ့ ရဟန်းတော်တွေဟာ အကုန်လုံးဘဲ လာရောက်ပြီး တရားနာကြပါတယ်။ နောက်ပြီးတော့ ရဟန်းမိန်းမတွေကလဲ လာရောက်ပြီး တရားနာကြပါတယ်။ ရဟန်းပရိသတ်ရယ်, ရဟန်းမိန်းမပရိသတ်ရယ်, အမျိုးသား ဥပါသကာပရိသတ်ရယ်, အမျိုးသမီး ဥပါသိကာမပရိသတ်ရယ်၊ ဒီပရိသတ် ၄-ပါးလုံး အစုံရှိနေပါဘယ်။ ဒါပေမဲ့ မြတ်စ္ဆာဘုရားက အမျှားအားဖြင့် ပဓာနဖြစ်တဲ့ ရဟန်းတော်မျှားကိုသာ ခေါ်တော်မူပြီး တရားဟောလေ့ ရှိပါတယ်။ ဒါကြောင့် ဒီသုတ်ကို ဟောတော်မူတဲ့အခါမှာလဲ မြတ်စ္ဆာဘုရားက တရားဟောခါနီး ရဟန်းတော်တွေကို သတိပေးတဲ့အနေနဲ့ ဘိက္ခဝေါ-ရဟန်းတို့လို့ ခေါ်တော်မူလိုက်ပါတယ်။ အဲဒါကို သံဂါယနာတင် မထေရ်မြတ်တွေက—

တတြ၊ ထိုသို့ သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ ကောင်းမှု ဖြစ်သော ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ် အခါကာလ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သည်။ ဘိက္ခု၊ တရားသဘင်၌ စည်းဝေးလျက်ရှိသော ရဟန်း တော်တို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ အာရုံ ပြုရေး သတိပေး မိန့်တော်မူလေပြီ-လို့ သုတ်၏နိဒါန်းအဖြစ်နဲ့ ဖော်ပြထားခဲ့ကြပါတယ်။

နိဒါန်းဆိုတာ ထိုထိုသုတ်ကို ဟောတဲ့အခါကာလ ဟောရာ ဌာန ဟောတဲ့ပုဂ္ဂိုလ် နာခံတဲ့ပုဂ္ဂိုလ် စသည်တို့ကို ဖော်ပြ ထားတဲ့ စကားပါဘဲ၊ အဲဒါဟာ မည်သည့်ပုဂ္ဂိုလ်က ဟော တယ်၊ မည်သည့်ဌာနမှာ ဟောတယ်၊ မည်သူတို့အား ဟောတယ် စသည်ဖြင့် နောင်လာနောက်သားတို့ မှတ်သားရအောင်လို့ ပြတဲ့စကားပါဘဲ။

အဲဒီလို မြတ်စွာဘုရားက သတိပေးတဲ့အနေနဲ့ ခေါ်တော် မူလိုက်ဘဲ့အခါ ရဟန်းတော်များက အရှင်ဘုရား-လို့ ခွန်းတုံ့ ပြန်ကြား လျှောက်ထားကြပါတယ်။ အဲဒါကို သံဂါယနာတင် မဇ္ဈိမနိကာယ်ကတော့-

တေ ဘိက္ခု၊ ထိုတရားသဘင်၌ရှိသော ရဟန်းတော်တို့ သည်။ ဘဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာ ဘုရားအား။ ပစ္စဿောသုံ၊ ရှိုသေစွာ ပြန်ကြားလျှောက်ထား ကြလေပြီ-လို့ ပြဆိုထားပါတယ်။

ဘာရသုတ္တန် တရားတော်ကြီး

အဲဒီကနောက် မြတ်စွာဘုရားက ဘာရသုတ်တရားတော်ကို ဟောတော်မူတာပါဘဲ။ ဒါပေမဲ့ ယခုပြောလာခဲ့တဲ့ စကားစပ်က ဗုဒ္ဓကိစ္စငါးပါးထဲက ပစ္ဆာဘတ္တကိစ္စကို ပြောနေတာဖြစ်တဲ့အတွက် အဲဒီ ဘာရသုတ်တရားကို မဟောသေးဘဲ ဗုဒ္ဓကိစ္စငါးပါးကို စုံလင်အောင် ဆက်ပြောရဦးမယ်။

မြတ်စွာဘုရားက ခုနကပြောခဲ့တဲ့အတိုင်း တရားနာပရိသတ် စုံလောက်တဲ့အခါ တရားဟောချိန်ကျတဲ့အခါ ဓမ္မာရုံကြီးသို့ ကြွရောက်ပြီး ပရိသတ် ၄-ပါးအား သင့်လျော်တဲ့ တရားကို ဟောတော်မူပါတယ်။ အဲဒီလို ဟောပြီးတဲ့အခါ ပရိသတ်ကို ပြန်ကြဘို့ အခွင့်ပေးတော်မူပါတယ်၊ လူပရိသတ်များက မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး ပြန်သွားကြပါတယ်။ အဲဒါဟာ ဆွမ်းကိစ္စပြီးတဲ့နောက် နေ့ခင်းပိုင်း ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက်တော်မူပုံပါဘဲ။

(၃) ပုရိမယာမကိစ္စ

(၃) ပုရိမယာမကိစ္စ ဆောင်ရွက်တော်မူပုံကတော့ ခုနကပြောခဲ့တဲ့အတိုင်း နေ့ခင်းကိစ္စကို ဆောင်ရွက်ပြီးတဲ့နောက် ညနေချမ်းအချိန်မှာ အလိုရှိတော်မူလျှင် မြတ်စွာဘုရားဟာ ရေသုံးသပ် (ရေချိုး)တော်မူပါတယ်၊ ရေချိုးပြီးတဲ့နောက် ဂန္ဓကုဋီပရိဝုဏ်အတွင်းက တရားပလ္လင်မှာ တပါးတည်း ထိုင်နေတော်မူပါတယ်၊ အဲဒီအခါ ထိုထိုအရပ်မှ ရဟန်းတော်များက လာရောက်ပြီး ခစားနေကြတယ်၊ တချို့က ပြဿနာ

မေးလျှောက်ကြတယ်၊ တချို့က ကမ္မဋ္ဌာန်းတောင်းကြတယ်၊ တချို့က တရားဟောဘို့ လျှောက်ကြတယ်၊ မြတ်စွာဘုရားက သူတို့၏ အလိုအားလျော်စွာ ပြည့်စုံအောင် ဖြေရှင်း ဟောကြား တော်မူပါတယ်။ အဲဒါဟာ ညနေချမ်း ညဉ့်ဦးယာမ်ခေါ်တဲ့ ပုရိမယာမ်မှာ ဆောင်ရွက်တော်မူပုံပါဘဲ။

(၄) မဇ္ဈိမယာမကိစ္စ

(၄) အဲဒီလို စက်နာရီဖြင့် ညဉ့် ၁၀-နာရီလောက်အထိ ညဉ့်ဦးယာမ်ကိစ္စကို ဆောင်ရွက်ပြီးတဲ့နောက် ရဟန်းများ ပြန်သွားကြတဲ့အခါ စကြဝဠာပေါင်း တိုက်တသောင်းက နတ်ဗြဟ္မာတွေက မြတ်စွာဘုရားထံ လာရောက်ပြီး အမျိုးမျိုးသော မေးခွန်းပြဿနာများကို မေးမြန်းကြပါတယ်၊ သဂါထာဝဂ် သံယုတ်မှာ ဒီလို မေးခွန်းတွေ အများကြီး ရှိပါတယ်၊ မဂ်လာ မေးခွန်းမျိုးပါဘဲ၊ အဲဒီလို မေးခွန်းတွေ ဖြေကြားယင်း ညဉ့်သန်းကောင်ယာမ် ကုန်သွားတယ်၊ စက်နာရီနဲ့ ပြောရယင် သန်းကောင်ကျော် ၂-ချက်တီးအချိန်လောက် ရောက်သွားတယ်။ အဲဒါက ညဉ့်အလယ်ပိုင်းမှာ မဇ္ဈိမယာမကိစ္စကို ဆောင်ရွက် တော်မူပုံပါဘဲ။

(၅) ပစ္ဆိမယာမကိစ္စ

(၅) ပစ္ဆိမယာမကိစ္စကို ဆောင်ရွက်တော်မူပုံကတော့ အဲဒီ ၂-ချက်တီးအချိန်မှ နောက် မိုးလင်းချိန်အထိ ၃-နာရီလောက်ကို ၃-ပိုင်းပိုင်းပြီး ပဌမပိုင်း အချိန်မှာ ကိုယ်ကာယ မျှတအောင်

စကြံ့ကြွတော်မူပါတယ်၊ ဒုတိယပိုင်း အချိန်မှာ ကျိန်းစက်တော်မူပါတယ်၊ တတိယပိုင်း အချိန်မှာ ကျိန်းစက်ရာမှ ထပြီး လောကကြီးကို ကြည့်ရှုတော်မူပါတယ်၊ ပစ္ဆာဘတ္တကိစ္စ ပြောခဲ့တုန်းကလို ကျွတ်ထိုက်တဲ့ ဝေနေယျ သတ္တဝါတွေကို ကြည့်ရှုတော်မူတာပါဘဲ။ အဲဒါဟာ မိုးသောက်ယာမ်မှာ ပစ္ဆိမယာမကိစ္စကို ဆောင်ရွက်တော်မူပုံပါဘဲ။

အဲဒီလို ဗုဒ္ဓကိစ္စငါးပါးကို နေ့စဉ်မပြတ် မြတ်စွာဘုရားမှာ ဆောင်ရွက်တော်မူနေရပါတယ်၊ အားလပ်တဲ့ အချိန်ရယ်လို့ မရှိပါဘူး၊ အဲဒီ ဗုဒ္ဓကိစ္စငါးပါးထဲက ဒီဘာရသုတ်ကို ဟောတာဟာ ဘယ်ကိစ္စအနေနဲ့ ဟောတော်မူပါသလဲဆိုယင် ပုရိမယာမကိစ္စအနေနဲ့ ဟောတယ်လို့လဲ ယူဆနိုင်ပါတယ်၊ ဒါပေမဲ့ ပရိသတ် ၄-ပါးလုံး ကြားနာသင့်တဲ့ တရား ဖြစ်တဲ့အတွက် ပစ္ဆာဘတ္တကိစ္စအနေနဲ့ ဟောတော်မူတယ်ဆိုယင် သာပြီးသင့်လျော်ဘွယ်ရှိပါတယ်၊ ဒါကြောင့် ဘုန်းကြီးကတော့ ဒီသုတ်ကို ပစ္ဆာဘတ္တခေါ်တဲ့ မွန်းလွဲချိန်မှာ ပရိသတ် ၄-ပါးလုံးအား ဟောကြားတော်မူတယ်လို့ ယူဆထားပါတယ်။

ရဟန်းတော်များကိုခေါ်ပြီး ဟောခြင်းအကြောင်း

အဲဒီလို ပရိသတ် ၄-ပါးလုံး အစုံအလင်ရှိသော်လဲ ရဟန်းတော်များက ပြဋ္ဌာန်းတဲ့ တရားနာ ပရိသတ်ဖြစ်တဲ့ အတွက် ရဟန်းများကိုသာ ခေါ်တော်မူပြီး ဟောတော်မူတယ်လို့လဲ ယူဆထားပါတယ်၊ ဒါကြောင့် သံဃာယနာတင် မထေရ်မြတ်များက—

တတြ၊ ထိုသို့ သာဝတ္ထိမြို့အနာထပိဏ် သူဌေး၏ကောင်းမှု ဖြစ်သော ဇေတဝန် ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ် အခါကာလ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဘိက္ခု၊ တရားသဘင်၌ စည်းဝေးလျက်ရှိသော ရဟန်းတော်တို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ အာရုံပြုရေး သတိပေး မိန့်ခေါ်တော်မူလေပြီ- စသည်ဖြင့် ပြဆိုထားပါတယ်။

တရားကို စပြီးမဟောသေးဘဲ ရဟန်းတို့-လို့ ဘာကြောင့် ခေါ်ပြီး သတိပေးရပါသလဲ ဆိုယင် အဲဒီမှာ တရားနာ ပရိသတ်တွေက အချင်းချင်းလဲ စကားမပြောကြဘူး၊ ဟိုဟိုဒီဒီလဲ ကြည့်ရှုမနေကြဘူး၊ ကိုယ့်တရားနဲ့ကိုယ် အသီးအသီး နှလုံးသွင်းနေကြတယ်၊ အဲဒီလို နှလုံးသွင်းနေကြရာမှာ သတိ့မပေးဘဲ တရားသားကို စပြီး ဟောလိုက်ယင် အစပိုင်းက တရားတချို့ကို မမှတ်နိုင်ဘဲ ဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် ရှေးဦးစွာ ရဟန်းတို့-လို့ ခေါ်တော်မူပြီး သတိပေးရခြင်း ဖြစ်ပါတယ်၊ အဲဒီလို ခေါ်တော်မူတဲ့အခါ—

တေ ဘိက္ခု၊ ထိုတရားသဘင်၌ရှိသော ရဟန်းတော်တို့သည်။ ဘဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ဘဂဝတော- မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ရိုသေစွာ ပြန်ကြားလျှောက်ထားကြပါတယ်-တဲ့။

အဲဒီအခါမှာ မြတ်စွာဘုရားက ရှေးဦးစွာ တရားခေါင်းစဉ်ပဋိညာဉ်ကို ဒီလိုဟောတော်မူပါတယ်။

တရားခေါင်းစဉ် ပဋိညာဉ်

ဘာရဒ္ဒ ဝေါ ဘိက္ခဝေ ဒေသေဿာမိ ဘာရဟာရဉ္စ ဘာရာဒါနဉ္စ ဘာရနိက္ခေပနဉ္စ၊ တံ သုဏာထ သာဓုကံ မနသိ-ကရောထ ဘာသိဿာမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါသည်။ ဝေါ၊ သင်တို့အား။ ဘာရဒ္ဒ၊ ဝန်ထုပ်ဝန်ပိုးကိုလည်း။ ဒေသေဿာမိ။ ဟောပေအုံ့။ ဘာရဟာရဉ္စ၊ ဝန်ထုပ်ဝန်ပိုး ထမ်းဆောင်သူကိုလည်း ဟောပေအုံ့။ ဘာရာဒါနဉ္စ၊ ဝန်ထုပ်ဝန်ပိုးကို ခံယူခြင်း ထမ်းဆောင်ခြင်းကိုလည်း ဟောပေအုံ့။ ဘာရနိက္ခေပနဉ္စ၊ ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းကိုလည်း ဟောပေအုံ့။ တံ၊ ထိုငါဟောမည့် ဝန်ထုပ်ဝန်ပိုးတရားကို။ သုဏာထ၊ နာကြကုန်လော့။ သာဓုကံ မနသိကရောထ၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။ ဘာသိဿာမိ၊ ယခုပင် ဟောတော့မည်လို့ ဒီလို တရားခေါင်းစဉ်ကို ကျေညာပြီး ပဋိညာဉ်ပြုတော်မူပါတယ်။

ပါဠိလို ဘာရဒေါ၊ တဲ့ ဝန်ထုပ်ဝန်ပိုးကိုလဲ ဟောမယ်၊ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးအကြောင်းကိုလဲ ဟောမယ်လို့ ဟောမည့် တရားခေါင်းစဉ်ကို ကျေညာပါတယ်၊ ဘာရဟာရခေါ၊ တဲ့ ဝန်ထုပ်ဝန်ပိုး ထမ်းဆောင်နေတဲ့သူ အကြောင်းကိုလဲဟောမယ်၊ အဲဒီ ဝန်ထုပ်ဝန်ပိုးကို ခံယူပြီးထမ်းဆောင်နေပုံကိုလဲဟောမယ်၊ အဲဒီ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကို ပစ်ချပြီး ချမ်းသာရာရသွားပုံကိုလဲ ဟောမယ်လို့ တရားခေါင်းစဉ် ၄-ခုကို ကျေညာပြီး ပဋိညာဉ် ပြုတော်မူပါတယ်။

နောက်ပြီးတော့ ကောင်းကောင်း ရှိရှိသေသေ နာကြ၊ ကောင်းကောင်း ရှိရှိသေသေ နှလုံးသွင်းကြလို့ ဒီလိုလဲတိုက်တွန်းတော်မူပါတယ်။ ဘာကြောင့် ဒီလို တိုက်တွန်းရသလဲဆိုယင် တရားဆိုတာ ကောင်းကောင်း ရှိရှိသေသေ နာယူမှတ်သားမှ နှလုံးသွင်းမှ မိမိတို့ အလိုရှိတဲ့ အကျိုးထူးကို ရနိုင်ပါတယ်။ ပေါ့ပေါ့ဆဆနဲ့ မရှိမသေ နာနေယင်တော့ မိမိတို့ အလိုရှိတဲ့ အကျိုးကို မရနိုင်ဘူး။ တရားနာနေရင်း မင်ဖိုလ် တရားထူးတွေကို ရသွားကြတဲ့ သူတွေဟာ ဒီလို ရှိရှိသေသေနာလို့ နှလုံးသွင်းလို့ ရသွားကြတာပါဘဲ။ တရားနာပြီး အားထုတ်သောအားဖြင့် တရားထူးရကြတာလဲ ဒီလို ရှိရှိသေသေ နာကြ နှလုံးသွင်းကြလို့ပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက—

တံ၊ ထို ဂါဟာမည့် ဝန်ထုပ်ဝန်ပိုးတရားကို။ သုဏာထ၊ နာကြကုန်လော့။ သာဓုကံ မနသိကရောထ၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့-လို့ အလေးအနက်တိုက်တွန်းတော်မူပါတယ်။ နောက်ပြီးတော့—

ဘာသိသာမိ၊ ယခုပင် ဟောတော့မယ်လို့လဲ ထပ်မံ ကျေးဇူးတော်မူပြန်ပါတယ်။ အဲဒီအခါမှာ ရဟန်းတော်တွေကလဲ ဧဝံ ဘန္တေ-ကောင်းပါပြီ အရှင်ဘုရားလို့ ရှိသေစွာ နာခံကြောင်းပြန်ကြားကြပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက အဲဒီဘာရသုတ္တန် ခေါင်းစဉ် ၄-ချက်ကို အသီးအသီး ဒီလို ဖွင့်ပြဟောကြားတော်မူပါတယ်။

အကျယ်ဝေဘန်ဟောပြချက် လေးလံတဲ့ဝန်ထုပ်

ကတမော စ ဘိက္ခဝေ ဘာရော၊ ပဉ္စုပါဒါနက္ခန္ဓာတိသ ဝစနီယံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာရော၊ ဝန်ထုပ်ဝန်ပိုးဟူသည်မှာ။ ကတမော စ၊ အဘယ်အရာပါနည်းဟူမူ။ ပဉ္စုပါဒါနက္ခန္ဓာတို၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍။ ဝစနီယံ၊ ဖြေဆိုအပ်—ဖြေဆိုသင့်သည်။ အသ၊ ဖြစ်ရာ၏-တဲ့။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးဆိုတာ ဘယ်ဟာလဲလို့ မေးခဲ့လျှင် ဥပါဒါနက္ခန္ဓာ ငါးပါးပါဘဲလို့ ဖြေရမယ်တဲ့။ လောကအနေနဲ့ဆိုတော့ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးတွေဆိုတာ အမျိုးကြီးရှိပါတယ်၊ သဘော်ဆိပ်တွေမှာ မီးရထား ကုန်တင်ကုန်ချဌာနတွေမှာ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီး တွေကို သယ်ဆောင်ကြရတယ်၊ ပင်လယ်ကူး သဘော်ဆိပ်ဌာနတွေမှာတော့ လူအင်အားဖြင့် မသယ်ဆောင်နိုင်တဲ့ စက်ပစ္စည်း ကားသဘော်ကလေး အစရှိတဲ့ ဝန်တွေတောင် ရှိတယ်၊ အဲဒါတွေကတော့ ဝေတ်အလျောက် ဝန်ချိန်စက်နဲ့ တင်ရချရတာမို့ တော်ပါသေးရဲ့၊ လူအင်အားနဲ့သာ တင်ရချရမယ်ဆိုယင် အလွန်ဘဲ ခဲယဉ်းပါလိမ့်မယ်။ မြန်မာပြည်မှာ အမျိုးအပြားတွေ့ရတဲ့ ဝန်တွေကတော့ ဆန်စက်တွေက ဆန်အိတ်တွေပါဘဲ၊ အဲဒီဆန်အိတ်ဝန်တွေဟာ အင်မတန်လေးပါတယ်၊ အားကောင်းတဲ့ သယ်ပိုးနေကျ လူသန်တွေသာ သယ်ဆောင်နိုင်ပါတယ်။ အဲဒါလဲ အဲဒီဆန်အိတ်ဝန်ကို ၁-မိနစ် ၂-မိနစ်စသည် မိနစ်ပိုင်းလောက်သာ

ထမ်းရလို့ ထမ်းနိုင်ကြတာ၊ တနာရီ ၂-နာရီ စသည်ဖြင့် အကြာကြီး ထမ်းထားရမယ်ဆိုယင်တော့ ထမ်းထားဘို့အလွန် ခဲယဉ်းပါလိမ့်မယ်၊ တနေ့လုံး ထမ်းထားရမယ်ဆိုယင် သာပြီး ခဲယဉ်းပါလိမ့်မယ်၊ အမြဲတမ်း ထမ်းနေရမယ် ဆိုယင်တော့ သေဘို့ဘဲ ရှိပါတယ်။ ခေတ္တာခဏ မိနစ်ပိုင်းလောက် ထမ်းဆောင်ရတာဘောင် ထမ်းရတဲ့သူတွေမှာ ထမ်းနေခိုက်၌ အတော်ပင်ပန်းဟန်လက္ခဏာရှိပါတယ်၊ ဒါပေမဲ့ တမိနစ် ၂-မိနစ်စသည် ကြာတော့ ချသင့်တဲ့နေရာရောက်ပြီး ပစ်ချလိုက်ရတဲ့ အခါမှာ နေသာထိုင်သာဖြစ်ပြီး ချမ်းသာမှုရသွားတယ်။ အဲဒါဟာ လောကဝန်ထုပ်တွေ လေးလံပုံ ထမ်းဆောင်ရတဲ့အတွက် ပင်ပန်းပုံ ပစ်ချလိုက်တော့မှ သက်သာခွင့် ရသွားပုံတွေပါဘဲ၊ ဒါတွေကတော့ မပြောဘဲနဲ့လဲ သိနားလည် နိုင်ကြပါတယ်။ ဒါပေမဲ့ လိုရင်းဖြစ်တဲ့ ခန္ဓာဝန်တွေ လေးလံပုံ စသည်တွေကို သဘောပေါက်လွယ်အောင်လို့ သိလွယ်တာကစပြီး ပြောရတာဘဲ။

ခန္ဓာဝန်တွေက သာပြီးလေးတယ်

ယခု ဒီမှာပြောလိုရင်းကတော့ ခန္ဓာဝန်တွေပါဘဲ၊ ဒီခန္ဓာဝန်တွေက သာပြီးလေးပါတယ်။ သတ္တဝါတိုင်းမှာ ကိုယ့်ခန္ဓာဝန်တွေကို အသီးအသီးထမ်းဆောင်နေကြရတယ်၊ ကိုယ့်တကိုယ်လုံးကို ကျန်းမာချမ်းသာအောင် အမြဲတမ်း ကြောင့်ကြစိုက်ပြီး ယုယုယယနဲ့ ပြုစုလုပ်ကျွေးနေကြရတယ်၊ တချို့က ကိုယ့်ခန္ဓာတွင်တောင်မကဘူး သူတပါးခန္ဓာတွေကိုပါ ထမ်းဆောင်နေကြရတယ်၊ အဲဒါဟာ မိနစ်ပိုင်းလောက် ခေတ္တာခဏမျှလဲ မဟုတ်ဘူး၊

သာသနာ့ဓာတ်ဘွဲ့ကားပြန်ပွားခရီးဦးစီးဌာန
၁၉၈၅ စာကြည့်တိုက်
တမ္ဘာစား - ရန်ကုန်။

နာရီပိုင်း ရက်ပိုင်း နှစ်ပိုင်းလောက်လဲ မဟုတ်ဘူး၊ မိမိတို့ တသက်လုံး ထမ်းဆောင်နေကြရတယ်၊ ဒါလဲ မျက်မြင်လောက် မှန်းဆနိုင်အောင်လို့ ပြောရတာဘဲ၊ အမှန်စင်စစ်ကတော့ ကမ္ဘာကုဋေပေါင်းများစွာ မနေရမတွက်နိုင်တဲ့ သံသရာတလျှောက်လုံး အကန့်အသတ်မရှိ ထမ်းဆောင်နေကြရပါတယ်။ ခေတ္တခဏတောင် ချထားလို့လဲမရဘူး၊ အစဉ်မပြတ် အမြဲတမ်း ထမ်းဆောင်နေကြရပါတယ်။ ဒါကြောင့် လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘာလဲလို့မေးယင် ဥပါဒါနက္ခန္ဓာ ငါးပါးဘဲလို့ ဆိုသင့်တဲ့အကြောင်း ဟောတော်မူပါတယ်။ အဲဒီဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာ ဘယ်ဟာတွေလဲလို့ မေးစရာရှိတဲ့အတွက် မြတ်စွာဘုရားက ကိုယ်တော်တိုင်ဘဲ မေးခွန်းထုတ်ပြီး ဒီလို ဖြေရှင်းပြတော်မူပါတယ်။

> ကတမေ ပဋ္ဌ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရော။

ပဋ္ဌ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ ဟူသည်မှာ။ ကတမေ၊ အဘယ်အရာတို့နည်းဟူမူ။

> ရူပုပါဒါနက္ခန္ဓော၊ ရူပ်ဥပါဒါနက္ခန္ဓာက တပါး။
> ဝေဒနုပါဒါနက္ခန္ဓော၊ဝေဒနာဥပါဒါနက္ခန္ဓာက တပါး။
> သညုပါဒါနက္ခန္ဓော၊ သညာဥပါဒါနက္ခန္ဓာက တပါး။

သင်္ခါရုပါဒါနက္ခန္ဓော၊ သင်္ခါရဥပါဒါနက္ခန္ဓာက တပါး။
ဝိညာဏုပါဒါနက္ခန္ဓော၊ ဝိညာဏ်ဥပါဒါနက္ခန္ဓာက တပါး။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤခန္ဓာငါးပါးအပေါင်းကို။ ဘာရော၊ လေးလံသော ဝန်ထုပ်ဝန်ပိုးဟူ၍။ ဝုစ္စတိ၊ ခေါ်ဆို အပ်ပါသည်-တဲ့။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ဒီဥပါဒါနက္ခန္ဓာ ငါးပါးဘဲတဲ့။ ဒီဥပါဒါနက္ခန္ဓာ ငါးပါးအကြောင်းကတော့ ဒီသာသနာ့ရိပ်သာမှာ ခဏ ခဏ ဟောနေရတယ်၊ ဟောဘူးတဲ့အကြိမ်ပေါင်းကို မျှားလှုပါပြီ။ ဒါပေမဲ့ မူရင်းဖြစ်တဲ့ သုတ်တရားထဲက ဥပါဒါနက္ခန္ဓာ ငါးပါးကို ထုတ်ပြထားတော့ အဲဒါကိုဘဲ ထပ်ပြီး ဟောရပြန်တာဘဲ၊ ဒီဥပါဒါနက္ခန္ဓာငါးပါးကို မဟောယင် ဒီပြင်လဲ ဟောစရာ မရှိဘူး၊ သတ္တဝါတွေရဲ့ သန္တာန်မှာ ဒီဥပါဒါနက္ခန္ဓာ ငါးပါးဘဲ ရှိတယ်၊ ဒါကြောင့် ဒီဥပါဒါနက္ခန္ဓာ ငါးပါးကိုဘဲ ထပ်ပြီး ဟောရမယ်။

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ

ခန္ဓာဆိုတာ အဖွဲ့အစုလို့ အနက်အဓိပ္ပါယ်ရှိတယ်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်းအပြင် အကြမ်းအနု အယုတ်အမြတ် အဝေးအနီး ခွဲခြားလို့ ရကောင်းတဲ့ တရားဟူသမျှကို ခန္ဓာလို့ ခေါ်တယ်။ ရူပ်ဆိုယင် လွန်ခဲ့ပြီးအတိတ်လဲ ရှိတယ်၊ ဖြစ်လာမည့် အနာဂတ်လဲ ရှိတယ်၊ ဖြစ်ဆဲပစ္စုပ္ပန်လဲ ရှိတယ်၊ ကိုယ်တွင်းမှာလဲ

ရှိတယ် ကိုယ်ပမာလဲရှိတယ်၊ ရုပ်ကြမ်းလဲ ရှိတယ်၊ ရုပ်နုလဲ ရှိဘယ်၊ အညှစ်စားလဲ ရှိတယ်၊ အကောင်းစားလဲ ရှိတယ်၊ အဝေးမှာလဲ ရှိဘယ်၊ အနီးမှာလဲ ရှိတယ်။ ဒါကြောင့် အတိတ်ရုပ် အနာဂတ်ရုပ် အစရှိတဲ့ အဲဒီရုပ်ဟူသမျှတွေကို ပေါင်းစုပြီး ရုပ်ခန္ဓာလို့ ခေါ်ရတယ်။ ထို့အတူပင် ဝေဒနာဟူသမျှကို ပေါင်းစုပြီး ဝေဒနာခန္ဓာလို့ ခေါ်ရတယ်၊ သညာဟူသမျှကို ပေါင်းစုပြီး သညာခန္ဓာလို့ ခေါ်ရတယ်၊ သင်္ခါရဟူသမျှကို ပေါင်းစုပြီး သင်္ခါရခန္ဓာလို့ ခေါ်ရတယ်၊ စိတ်ဝိညာဏ် ဟူသမျှကို ပေါင်းစုပြီး ဝိညာဏ်ခန္ဓာလို့ ခေါ်ရတယ်။ အပေါင်းအစုကို ခန္ဓာခေါ်တယ် ဆိုတော့ ရုပ်တခုတည်း ဝေဒနာစသည် တခုတည်းကိုတော့ ခန္ဓာလို့ မခေါ်ရဘူးလားလို့ မေးစရာရှိပါတယ်၊ ပေါင်းစုလို့ ရနိုင်တဲ့ဘုရားများ ဖြစ်တဲ့အတွက် ရုပ်တခုတည်းကိုလဲ ခန္ဓာလို့ ခေါ်ရပါတယ်၊ ဝေဒနာစသည်တို့မှာလဲ တခုတည်းပေမဲ့ ခန္ဓာလို့ ခေါ်ရပါဘယ်။ ပေါင်းစုလို့မရနိုင်တဲ့ တရားကိုတော့ ခန္ဓာလို့ မခေါ်ရဘူး၊ အဲဒါကလဲ နိဗ္ဗာန်တရားတပါးသာ ရှိပါတယ်၊ နိဗ္ဗာန်ဆိုဘာကတော့ တပါးတည်းသာရှိတယ်၊ အတိတ် အနာဂတ်စသည်ဖြင့် ခွဲလို့မရကောင်းဘူး၊ ဒါကြောင့် ပေါင်းစုပြီး ခေါ်ဝေါ်ပြောဆိုလို့လဲ မဖြစ်ဘူး၊ အဲဒီလို အပေါင်းအစုမရကောင်းတဲ့အဘွက် နိဗ္ဗာန်ကိုတော့ ခန္ဓာလို့မခေါ်ရဘူး။

အဲဒီ ခန္ဓာ-ဆိုဘဲ့ပုဒ်ဟာ ဥပါဒါန-ဆိုတဲ့ပုဒ်နဲ့ တဲ့စပ်လိုက်တဲ့ အခါ ဥပါဒါနက္ခန္ဓာလို့ ဖြစ်လာတယ်၊ ဥပါဒါန-ဆိုတာ စဲ့လမ်းမှာဲ၊ ဒါကြောင့် ဥပါဒါနက္ခန္ဓာဆိုတာ စဲ့လမ်းမှု၏ အာရုံဖြစ်တဲ့.

တရားအစုတွေပါဘဲ၊ တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲလမ်းနိုင်တဲ့ လောကီ တရားအစုတွေလို့ ဆိုလိုပါတယ်။ စွဲလမ်းမှု၏ အာရုံမဖြစ်တဲ့ မဂ်ဖိုလ်စိတ် စေတသိက်ဆိုတဲ့ လောကုတ္တရာတရားတွေကတော့ ခန္ဓာသာမည်တယ်၊ ဥပါဒါနကွန္ဓာတော့ မမည်ဘူး၊ အဲဒီ လောကုတ္တရာတရားတွေကတော့ မဂ်ဖိုလ်ဖြစ်ခိုက်မှာ ပါဝင်တဲ့ တရားတွေပါဘဲ၊ သူတို့ကတော့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးသာရှိတယ်၊ ရုပ်ခန္ဓာတော့ မရှိဘူး။ ဥပါဒါန်၏အာရုံဖြစ်တဲ့ ဥပါဒါနကွန္ဓာ ဆိုတာတွေက တော့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ၈ါးပါးလုံးရှိ တယ်။ ယခု ဒီသုတ်မှာ ဘ၀ရ—လေးလံဆဲ့ ဝန်ထုပ်ဝန်ပိုးလို့ ဆိုတဲ့ တရားတွေကတော့ ဥပါဒါန်၏အာရုံဖြစ်တဲ့ အဲဒီလောကီ ရုပ်နာမ်ခန္ဓာတွေချည်းဘဲ၊ လောကုတ္တရာခန္ဓာတွေ့ မပါဘူး၊ ဒါကြောင့် ဒီမှာ ခန္ဓာလို့ သာမညမဟောဘဲ ဥပါဒါန-ပုဒ်နဲ့ အထူးပြုပြီး ဥပါဒါနကွန္ဓာ-လို့ ဟောထားပါတယ်၊ လေးလံဘဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ တဏှာ ဒိဋ္ဌိနဲ့ ၈ါဘဲ ၈ါ့ဥစ္စာဘဲလို့ စွဲလမ်း နိုင်တဲ့ လောကီ ခန္ဓာ၈ါးပါးတရားတွေလို့ ဆိုလိုပါတယ်။

ဥပါဒါန် ၄-ပါး

ဥပါဒါန်ဆိုတာ (၁) ကာမုပါဒါန်၊ (၂)ဒိဋ္ဌုပါဒါန်၊(၃) သီလဗ္ဗတုပါဒါန်၊(၄)အတ္တဝါဒုပါဒါန်အားဖြင့်၄-ပါးရှိတယ်၊ ဒီဥပါဒါန် ၄-ပါးအကြောင်းကိုတော့ပဋ္ဌာန်စသမှုပ္ပါဒ်တရားခေတ်မှာ အကျယ်ပြောခဲ့ပါပြီ၊ ဒါကြောင့် ဒီမှာတော့ အကျဉ်း ချုပ်လောက်ပဲ ပြောရမယ်။

အဲဒီ ၄-ပါးထဲက (၁)ကာမုပါဒါန်ဆိုဘာ နှစ်သက်လိုချင်စရာ ကာမဂုဏ်အာရုံတွေကို နှစ်သက်လိုချင်ပြီး စွဲလမ်းတာပါဘဲ၊ မိမိကိုယ်တွင်းသန္တာန်ကဖြစ်စေ၊ သူတပါး သန္တာန်ကဖြစ်စေ တစုံတခုကို နှစ်သက်လိုချင်ပြီး စွဲလမ်းနေယင် အဲဒါဟာ ကာမုပါဒါန်ဘဲ၊ အထူးအာဃာတဖြင့်တော့ အဖိုသတ္တဝါတွေမှာ အမသတ္တဝါတွေနဲ့ စပ်တဲ့ ကာမဂုဏ်တွေကို သာယာတပ်မက်ပြီး စွဲလမ်းနေတတ်တယ်၊ အမသတ္တဝါတွေမှာလဲ အဖိုသတ္တဝါတွေနဲ့ စပ်တဲ့ ကာမဂုဏ်တွေကို သာယာတပ်မက်ပြီး စွဲလမ်းနေတတ်တယ်၊ ယခုလောလောဆယ်မှာ တွေ့ရတဲ့ ကာမဂုဏ်အာရုံတွေကိုလဲ သာယာတပ်မက်ပြီး စွဲလမ်းနေတတ်တယ်၊ နောင်အခါ ရနိုင်မယ်လို့ မြော်လင့်ရတဲ့ ကာမဂုဏ်အာရုံတွေကိုလဲ မြော်လင့်တောင့်တပြီး စွဲလမ်းနေတတ်တယ်၊ မရသေးတာဆိုယင် အလွန်ရချင်နေတတ်တယ်၊ ရပြီး ရှိပြီးဆိုယင်လဲ မစွန့်နိုင် မခွါရက်ဖြစ်နေတတ်တယ်၊ ဒါတွေဟာ ကာမဂုဏ်အာရုံကို စွဲလမ်းတဲ့ ကာမုပါဒါန်ပါဘဲ၊ နောက်ပြီးဓတာ့ ကာမဂုဏ်အာရုံမဟုတ်ပေမဲ့ နှစ်သက်လိုချင်ဘွယ်ဖြစ်လို့ ဝတ္ထုကာမလို့ ခေါ်ရတဲ့ လောကီရုပ်နာမ် ခန္ဓာဟူသမျှကို နှစ်သက်လိုချင်ပြီး စွဲလမ်းတာကိုလဲ ကာမုပါဒါန်လို့ဘဲ ခေါ်ရတယ်၊ ဒါကြောင့် ရူပဘဝ အရူပဘဝနှင့်စပ်တဲ့ သဘောတရား အခြေအနေတွေကို နှစ်သက်လိုချင်ပြီး စွဲလမ်းတာလဲ ကာမုပါဒါန် မည်တာဘဲ။ ဘာကြောင့်လဲဆိုတော့ ဒီဥပါဒါန်အရာမှာ ရူပုပါဒါန် အရူပုပါဒါန်ရယ်လို့ မရှိဘူး၊ ကာမုပါဒါန်လို့သာ ရှိပါတယ်၊ ဒါကြောင့်

ဘာဘဲဖြစ်ဖြစ် နှစ်သက်လိုချင်ပြီး စွဲလမ်းယင် ကာမုပါဒါန်ဘဲ လို့သာ မှတ်ရမယ်။

(၂) ဒိဋ္ဌုပါဒါန်ဆိုတာ မှားယွင်းတဲ့ အယူအစွဲပါဘဲ၊ အယူဝါဒဆိုတာ စွဲလမ်းတာချည်းဘဲ၊ မစွဲလမ်းတဲ့ အယူရယ်လို့ မရှိဘူး၊ နဲနဲစွဲတာနဲ့ များများစွဲတာလောက်ပဲ ကွာပါတယ်၊ ဒါကြောင့် မှားယွင်းတဲ့ အယူအစွဲဟူသမျှကို ဒိဋ္ဌုပါဒါန်လို့ ဆိုသင့်ပါတယ်၊ ဒါပေမဲ့ အကျင့်မှားကို စွဲလမ်းတဲ့အယူနဲ့ အတ္တစွဲအယူ ဒီနှစ်ပါးကိုတော့ သီးခြားဥပါဒါန်အဖြစ်ဖြင့် ဟောထားလို့ အဲဒီ ၂-ပါးကို ချန်ထားရမယ်၊ ကျန်တဲ့ အယူအစွဲ ဟူသမျှကို ဒိဋ္ဌုပါဒါန်လို့ မှတ်ရမယ်၊ အထူးဝိသေသအားဖြင့် ဆိုယင်တော့ ကုသိုလ်ကံ အကုသိုလ်ကံ မရှိ၊ ကံ၏အကျိုးမရှိ၊ နောင်တမလွန်ဘဝ မရှိ-လို့ ယူတဲ့အစွဲအလမ်းဟာ ဒိဋ္ဌုပါဒါန်ဘဲ၊ ဒိဋ္ဌမင်္ဂလာအစရှိတဲ့ အယူအစွဲတွေလဲ ဒိဋ္ဌုပါဒါန်ဘဲ။

(၃) သီလဗ္ဗတုပါဒါန်ဆိုတာ သံသရာမှ လွတ်မြောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း ချမ်းသာကြောင်း မဟုတ်တဲ့ အလေ့အကျင့်တွေကို သံသရာမှ လွတ်မြောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း ချမ်းသာကြောင်း အကျင့်အနေဖြင့် ယုံကြည်စွဲလမ်းတဲ့ အယူအစွဲပါဘဲ၊ နှားခွေးစသည်တို့၏ အလေ့အကျင့်ဖြင့် ဆင်းရဲမှု လွတ်မြောက်တယ်လို့ ယုံကြည်တာ၊ နှားခွေးစသည်ကို ကိုးကွယ်ပူဇော်ခြင်း၊ နတ် သိကြား ဗြဟ္မာ အရှင်သခင်ကြီးတွေကို ကိုးကွယ်ခြင်းမျှဖြင့် ဆင်းရဲမှု လွတ်မြောက်

တယ်လို့ ယုံကြည်ယူဆတာ၊ ဂင်္ဂါမြစ်ရေကို ချိုးရုံမျှဖြင့် မကောင်းမှု ပဓျောက်တယ်လို့ ယုံကြည်ယူဆတာ၊ နွားကျွဆိတ် စသည်ကို သတ်ပြီးပူဇော်ခြင်းဖြင့် မကောင်းမှုအပြစ် ပပျောက်တယ်လို့ ယုံကြည်ယူဆတာ–ဒီလို အယူအစွဲတွေကို သီလဗဒုတုပါဒါန်လို့ ခေါ်ပါတယ်၊ အတိုချုပ်အားဖြင့် ပြောရလျှင် မဂ္ဂင်ရှစ်ပါးမှ အလွတ်ဖြစ်တဲ့ အကျင့်မျိုးကို ဆင်းရဲမှုလွတ်ကြောင်း အကျင့်ကောင်းအဖြစ်ဖြင့် ယုံကြည်ယူဆစဲ့လမ်းတာဟာ သီလဗဒုတုပါဒါန်ပါဘဲ။

(၄) အတ္တဝါဒုပါဒါန်ဆိုတာကတော့ ကိုယ်ထဲမှာ အသက်ရှင်ပြီး တည်နေတဲ့ အတ္တကောင် အသက်ကောင်ကလေး တကယ်ရှိတဲ့ အနေနဲ့ ယူဆတဲ့ အတ္တစဲ့ပါဘဲ၊ အဲဒီ အတ္တကောင်ဟာ မသေမီသာ ရှိတယ်၊ သေပြီးတဲ့နောက် ဘာမျှ မရှိတော့ဘူးလို့ ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်၊ ပြတ်စဲအယူလို့လဲ ခေါ်ရတယ်။ အဲဒီအတ္တကောင်ဟာ ပျက်စီးခြင်း မရှိဘူး၊ သေတဲ့အခါလဲ သူက တခြားဘဝ တခြားခန္ဓာကိုယ်ထဲမှာ ပြောင်းရွှေ့ပြီး တည်မြဲ တည်ရှိနေတယ်လို့ ယူလျှင် သဿတဒိဋ္ဌိ ဖြစ်တယ်. တည်မြဲ အယူလို့လဲ ခေါ်ရတယ်။

တရားကိုယ်အားဖြင့်ဘော့ ဒီဥပါဒါန် ၄-ပါးဟာ တဏှာနဲ့ ဒိဋ္ဌိနှစ်ပါးဘဲ ဖြစ်ပါတယ်၊ ကာမုပါဒါန်က တဏှာ၊ ကျန်တဲ့ ဥပါဒါန် ၃-ပါးက ဒိဋ္ဌိချည်းဘဲ။ ဒိဋ္ဌိက အထင်လွဲပြီး စဲ့လမ်းတယ်၊ တဏှာက သာယာပြီး စဲ့လမ်းတယ်၊ ဒါကြောင့်

"ထင်လ့ဲ,သာယာ၊ စ့ဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ထင်လ့ဲ,သာယာ၊ စ့ဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။
(ဆို ၃-ခေါက်)

စ့ဲလမ်းပုံ

ခန္ဓာငါးပါးနှင့် စပ်ပြီး စ့ဲလမ်းပုံကတော့ မျက်စိ ကြည့်လင်တာကို အကြောင်းပြုပြီးတော့လဲ သာယာစ့ဲလမ်းတယ်၊ နှားကောင်းတာ နှာခေါင်းကောင်းတာ လျှာကောင်းတာ တွေ့ကိုလဲ အကြောင်းပြုပြီး သာယာစ့ဲလမ်းတယ်၊ အတွေ့အထိကို ဖမ်းယူနိုင်တဲ့ ကိုယ်ရုပ်ကိုလဲ အကြောင်းပြုပြီး သာယာစ့ဲလမ်းတယ်၊ ကိုယ့်သန္တာန်က အဆင်းရုပ် သူများသန္တာန်က အဆင်းရုပ်တွေကိုလဲ သာယာစ့ဲလမ်းတယ်၊ ထို အတူ အသံ အနံ့ အရသာ အတွေ့ ရုပ်တွေကိုလဲ သာယာစ့ဲလမ်းတယ်၊ ကျေးလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက် စသည်ဖြင့် အလိုရှိတိုင်း ပြုလုပ်နိုင်တဲ့ တကိုယ်လုံးရုပ်တွေကိုလဲ နှစ်သက်သာယာပြီး စ့ဲလမ်းတယ်၊ အဲဒီ ရုပ် ဝတ္ထုတွေကို အကြောင်းပြုပြီး ငါ့သား ငါ့မယား ငါ့လင် ငါ့ဥစ္စာ စသည်ဖြင့်လဲ နှစ်သက်သာယာပြီး စ့ဲလမ်းတယ်။ ဒါတွေဟာ ရုပ်ခန္ဓာကို အာရုံပြုပြီး ကာမုပါဒါန်ဖြင့် စ့ဲလမ်းပုံ အကျဉ်းချုပ်ပါဘဲ။

ထို့အတူပင် ကောင်းတဲ့ ခံစားမှုဝေဒနာကိုလဲ နှစ်သက်သာယာပြီး စ့ဲလမ်းတယ်၊ ကောင်းတဲ့ မှတ်သားမှု သညာကိုလဲ

နှစ်သက်သာယာပြီး စဲ့လမ်းတယ်၊ ကောင်းတဲ့ ပြုလုပ်အားထုတ်မှု သင်္ခါရတွေကိုလဲ နှစ်သက်သာယာပြီး စဲ့လမ်းတယ်၊ ကောင်းတဲ့ စိတ်ကူး ကြံစည်မှုကိုလဲ နှစ်သက်သာယာပြီး စဲ့လမ်းတယ်၊ ဒါတွေဟာ ဝေဒနာသညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာတွေကို အာရုံပြုပြီး ကာမုပါဒါန်ဖြင့် စဲ့လမ်းပုံတွေပါဘဲ။

ဒီဌိနဲ့ စဲ့လမ်းပုံကတော့ ရုပ်ကိုယ်ကြီးကိုပင် အသက်ရှင်နေတဲ့ အတ္တကောင် အသက်ကောင်လို့လဲ ထင်မှတ် စဲ့လမ်းတတ်တယ်၊ အတ္တကောင် အသက်ကောင်က ရုပ်ကိုယ်ကြီးကို မှီပြီး တည်နေတယ်လို့ယင်လဲ ထင်မှတ် စဲ့လမ်းကတ်တယ်။ ထို့အတူ အတ္တကောင် အသက်ကောင် ငါကောင်က အကောင်းအဆိုးတွေကို ခံစားနေတယ်လို့ ယင်လဲ ထင်မှတ်စဲ့လမ်းတတ်တယ်။ မှတ်သားတာ မှတ်နိုင်တာဟာ ငါဘဲလို့လဲ ထင်မှတ် စဲ့လမ်းတတ်တယ်။ ကျွေးအောင် ဆန့်အောင် ထိုင်အောင် ထအောင် သွားလာလှုပ်ရှားအောင် ပြောဆိုအောင် ပြုလုပ်နေတာဟာ ငါဘဲလို့လဲ ထင်မှတ်စဲ့လမ်းတတ်တယ်၊ ငါက နှစ်သက်တယ် မနှစ်သက်ဘူး၊ ငါက ချစ်တယ် မုန်းတယ် စသည်ဖြင့်လဲ ထင်မှတ်စဲ့လမ်းတတ်တယ်၊ ငါကမြင်တယ်၊ မြင်တာဟာ ငါဘဲ စသည်ဖြင့်လဲ ထင်မှတ် စဲ့လမ်းတတ်တယ်။ ဒါတွေဟာ အတ္တစဲ့ဆိုတဲ့ ဒိဌိဥပါဒါန်ဖြင့် ခန္ဓာငါးပါးကို စဲ့လမ်းပုံတွေပါဘဲ။

ဒီလိုစဲ့လမ်းမှုတွေဟာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ပါဝင်ပြီး ဖြစ်နေပါတယ်၊ တရုံတခါ အထင်လွဲပြီး စဲ့လမ်းတယ်၊ တခါတရံ သာယာပြီး စဲ့လမ်းတယ်၊ အဲဒီလို စဲ့လမ်းတာကို

ဥပါဒါန်လို့ ခေါ်တယ်။ ဒါကြောင့် ထင်လဲ့သာယာ၊ စဲ့လမ်းတာ၊ နှစ်ဖြာ ဥပါဒါန်-လို့ ဆိုထားပါတယ်။ အဲဒီ စဲ့လမ်းမှု ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေ၊ အထင်လဲ့ပြီး စဲ့လမ်းနိုင်တဲ့ ရုပ်နာမ်ခန္ဓာတွေ၊ သာယာပြီး စဲ့လမ်းနိုင်တဲ့ ရုပ်နာမ်ခန္ဓာတွေ အဲဒါတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။ ငါကောင် အနေနဲ့ ထင်မှတ်ယင် အထင်လဲ့ပြီး စဲ့လမ်းတဲ့ ဒိဋ္ဌိဥပါဒါန်ဘဲ၊ ငါ့ဥစ္စာအနေနဲ့ နှစ်သက် သိမ်းပိုက်လိုလျှင် သာယာပြီး စဲ့လမ်းတဲ့ တဏှာဥပါဒါန်ဘဲ။ ဒါကြောင့် "ငါ, ငါ့ဥစ္စာ၊ စဲ့နိုင်တာ၊ ဥပါဒါနက္ခန်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ငါ, ငါ့ဥစ္စာ၊ စဲ့နိုင်တာ၊ ဥပါဒါနက္ခန်။ (ဆို)

ဥပါဒါနက္ခန္ဓာခေါ်ရပုံ

စဲ့လမ်းတာက ဥပါဒါန်၊ အစဲ့လမ်းခံရတာက ဥပါဒါနက္ခန္ဓာ၊ ငါဘဲ ငါ့ဥစ္စာဘဲလို့ စဲ့လမ်းတာက ဥပါဒါန်၊ ငါဘဲ ငါ့ဥစ္စာဘဲလို့ ထင်မှတ်ရတဲ့တရားတွေက ဥပါဒါနက္ခန္ဓာတဲ့။ အဲဒီမှာ ငါ့ဥစ္စာလို့ ထင်မှတ်စဲ့လမ်းတယ်ဆိုတာနဲ့ နှစ်သက် သာယာပြီး စဲ့လမ်းတယ်ဆိုတာဟာ အတူတူပါဘဲ၊ နှစ်သက် သာယာတဲ့ အခါမှာ ကိုယ့်ဥစ္စာမဟုတ်ပေမဲ့ ကိုယ့်ဥစ္စာအနေနဲ့ သိမ်းပိုက်ပြီး နှစ်သက်သာယာပါတယ်၊ စေ့းဆိုင်မှာ လိုချင်စရာ ပစ္စည်းတွေကို သွားကြည့်တဲ့အခါ အင်္ဂျီဆိုယင်လဲ စိတ်ထဲက ဝတ်ကြည့်လိုက်တာဘဲ၊ ဘိနပ်ဆိုယင်လဲ စိတ်ထဲကစီးကြည့်လိုက်တာဘဲ၊ သက်ရှိသက်မဲ့ ဝတ္ထုတွေအားလုံးကို ဒီလိုချည်း ကိုယ်ပိုင်အနေနဲ့ အသုံး

ပြုပြီး နှစ်သက်သာယာလိုက်တာဘဲ။ ဒါကြောင့် တဏှာနဲ့ သာယာပုံကို ပြတဲ့အခါမှာ ဧတံ မမ-ဣအရာသည် ငါ့ဥစ္စာဘဲလို့ သာယာသိမ်းပိုက်ပြီး ဖြစ်တဲ့အကြောင်း ဟောထားပါတယ်၊ ဒီမှာလဲ အဲဒီဒေသနာနည်းကို ယူပြီး ငါ့ဥစ္စာအနေနဲ့ စွဲလမ်းတာကို တဏှာ ဥပါဒါန်၊ အဲဒီလို စွဲလမ်းနိုင်တဲ့ တရားတွေကို ဥပါဒါနက္ခန္ဓာလို့ ပြဆိုထားပါတယ်။ အဲဒီ ဥပါဒါနက္ခန္ဓာတွေက ဘာတွေလဲဆိုယင် ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးတရားတွေပါဘဲ။ ဒါကြောင့် ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။ ရူပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဣငါးတန်-လို့ ဆိုထားပါတယ်။ အဲဒီ ၂-ပုဒ်ကို တဆက်တည်း ဆိုကြရမယ်။

ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။ (ဆို)

ရူပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဣငါးတန်။ (ဆို)

ရူပ်—က ရူပက္ခန္ဓာ၊ ဝေ—က ဝေဒနာက္ခန္ဓာ၊ သညာ—က သညာက္ခန္ဓာ၊ သင်္ခါရာ-က သင်္ခါရက္ခန္ဓာ၊ ဝိညာ—က ဝိညာ-ဏက္ခန္ဓာ၊ အဲဒီခန္ဓာငါးပါးကို အတိုချုပ်မှတ်ရအောင် "ရူပ် ဝေ သညာ၊ သင်္ခါရာ၊ ဝိညာ ဣငါးတန်"လို့ ဆောင်ပုဒ်စီထားတယ်။ အမှန်စင်စစ်ကတော့ ဒီခန္ဓာငါးပါးဟာ အတ္တကောင် အသက်ကောင် ငါကောင် မဟုတ်ဘူး၊ သဘောတရားမျှပါဘဲ၊ ဒါပေမဲ့ ပုထုဇဉ်သတ္တဝါတွေက အဲဒါတွေကို အတ္တကောင် အသက်ကောင် ငါကောင်ဘဲလို့ အထင်လွဲပြီးတော့လဲ စွဲလမ်းနေကြတယ်၊

သာယာ နှစ်သက်ပြီးတော့လဲ စဲ့လမ်းနေကြတယ်။ ဒါကြောင့် အဲဒီတရားတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။

ရုပ်ခန္ဓာဆိုတာ အကြမ်းဖျင်းအားဖြင့် ပြောရယင် ရုပ်ကိုယ်ကြီးတခုလုံးပါဘဲ၊ အဲဒီ တကိုယ်လုံးမှာ ဘယ်အပိုင်းကဘဲ ဖြစ်ဖြစ် စဲ့လမ်းနိုင်တယ်။ ဆံပင်ကလေး တပင်ကိုလဲ စဲ့လမ်းတာဘဲ၊ မယုံယင် စမ်းကြည့်နိုင်ပါတယ်၊ လူတယောက်ရဲ့ ဆံပင်ကို ဆဲ့ကြည့်ပါ၊ ငါ့ကို မဆဲ့နဲ့လို့ ပြောပါလိမ့်မယ်။ ဆံပင်ကို ဆဲ့နှုတ်လိုက်ယင်တော့ ငါ့ကို ဆဲ့နှုတ်တယ်၊ ငါ့ကို စော်ကားတယ်—လို့ ဆိုမှာ သေချာပါတယ်။ အဲဒါ ဆံပင်ကို ငါအနေနဲ့ ငါ့ဥစ္စာအနေနဲ့ စဲ့လမ်း နေပုံပါဘဲ။ ရုပ်ဆိုတာ အထက်ဆံဖျားမှ အောက်ခြေဖဝါးတိုင်အောင်၊ အောက်ခြေဖဝါးမှ အထက်ဆံဖျားတိုင်အောင် တကိုယ်လုံးမှာ အနှံ့အပြားရှိနေတယ်၊ အဲဒီရှိသမျှရုပ်ဓာတ်တွေကို ငါအနေနဲ့လဲ စဲ့လမ်းတယ်၊ ငါ့ကိုယ်အနေနဲ့လဲ သာယာပြီးစဲ့လမ်းတယ်။

အတ္တစ္ခဲက ကင်းခဲသည်

ရုပ်နာမ်အကြောင်း မလေ့လာဘူးတဲ့ သူတွေမှာ ဒီရုပ်ကိုယ်ကြီးကိုပင် အသက်ရှင်နေတဲ့ ငါကောင်လို့ ထင်မှတ်စဲ့လမ်းနေတယ်၊ တရားအားမထုတ်ဘူးတဲ့သူတွေ၊ အားထုတ်သော်လဲ ရုပ်နာမ်တရားကို ပိုင်းပိုင်းခြားခြား မသိသေးတဲ့ သူတွေလဲ ဒီရုပ်ကိုယ်ကြီးကို ငါကောင်လို့ ထင်နေတာဘဲ။ ရုပ်နဲ့ နာမ်မျှသာ ရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါကောင် ငါကောင်ရယ်လို့ စင်စစ်အားဖြင့် မရှိဘူးဆိုတာကို ကြားနာ မှတ်သားဘူးတဲ့

သူတော့၊ ရုပ်နာမ်အကြောင်း လေ့လာဘူးတဲ့ သူတွေမှာခေတ္တ အဲဒီလိုခဲ့လမ်းမှု သက်သာပါတယ်၊ ဒါပေမဲ့ လုံးလုံးကင်းတာ တော့မဟုတ်ဘူး၊ စဲ့လမ်းမှုကတော့ ရှိနေသေးတာဘဲ။ ဘုရား ဟောထားတဲ့ အတိုင်း, တရားကျမ်းဂန်တွေက ပြဆိုထားတဲ့ အတိုင်း, ဆရာသမား၊တွေက ပြောဟောထားတဲ့ အတိုင်း ယုံ ကြည်တဲ့ သဒ္ဓါနဲ့ မှတ်သားထားတဲ့ သညာသိကြောင့်သာ စဲ့လမ်းမှု သက်သာနေတာ၊ ကိုယ်တိုင်တွေ့ပြီး သိထားတာ မဟုတ်တဲ့အတွက် အစဲ့အလမ်းကတော့ ရှိနေသေးတာဘဲ။ စာပေ ကျမ်းဂန် ဗဟုသုတနဲ့ ပြည့်စုံလို့ ဟောပြောနေတဲ့ ပုဂ္ဂိုလ်တွေ ကျမ်းဂန်ရေးသားပြုစုနေတဲ့ပုဂ္ဂိုလ်တွေမှာလဲ ဝိပဿနာဉာဏ်ဖြင့် ကောင်းကောင်းမတွေ့ရသေးလျှင် ဒီအတွေ့ဆဲ့က ရှိနေသေးတာဘဲ၊ လုံးလုံးကင်းသွားပြီလို့တော့ မဆိုနိုင်ဘူး။

ဝိပဿနာရှုလို့ ခဏမစဲ ပျက်နေတဲ့ ရုပ်နာမ်သဘောတွေကို သေသေချာချာ တွေ့နေရယင်တော့ ဒီအတွေ့ဆဲ့ဟာ မဖြစ်နိုင်ဘဲ ကင်းနေတတ် ပါတယ်၊ ဒါတောင် အရိယမဂ်ကို မရောက် သေးဘဲ နားနေယင် ဒီအတွေ့ဆဲ့က ဖြစ်မယ်ဆို ဖြစ်နိုင်သေး တာဘဲ။ လုံးဝ ကင်းတာကတော့ သောတာပတ္တိမဂ်ကို ရောက်မှ ဒီအတွေ့ဆဲ့က လုံးဝကင်းပါတယ်။ တချို့က "ဝိပဿနာတရား အားထုတ်ချင်ယင် အတွေ့ဒိဋ္ဌိအတွေ့ဆဲ့ကို အလျင်ဖြုတ်ရမယ် ပယ် ရမယ်၊ အတွေ့ဆဲ့ မပြုတ်ပဲနဲ့ ဝိပဿနာအားထုတ်လို့ မဖြစ်ဘူး" လို့ ပြောကြဟောကြတယ်၊ အဲဒါကတော့ သဘာဝ မကျပါဘူး၊ အတွေ့ဒိဋ္ဌိပြုတ်ယင် သောတာပန် ဖြစ်နေပြီဘဲ၊ ဒီတော့ ဝိပဿနာ

မရှုရဘဲနဲ့ သောတားပန် ဖြစ်တယ်လို့ ဆိုရာရောက်နေပါတယ်။ အမှန်ကတော့ ဝိပဿနာရှုမှ အတ္တဒိဋ္ဌိအတ္တစ္ခဲက ပြုတ်တာ။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ—

နာမရူပါနုံ၊ နမ်နှင့်ရုပ်တို့ကို။ ယာထာဝဒဿနုံ၊ ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည်။, ဝါ၊ သိမြင်သောဉာဏ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ အတ္တဒိဋ္ဌိအညစ်အကြေးမှ စင်ကြယ်သော ဒိဋ္ဌိဝိသုဒ္ဓိမည်တယ်-လို့လဲ မိန့်ဆိုထားပါတယ်။ နောက်ပြီးတော့ အနတ္တာနုပဿနာကို ပွားစေတဲ့သူမှာ အတ္တသညာ အတ္တအမှတ်အစဲကို ပယ်တယ်လို့လဲ ပြဆိုထားပါတယ်။

အဲဒီတော့ စောစောပိုင်းက ပြုတ်ဖို့လိုတဲ့ အတ္တစ္ခဲကတော့ တရား အားမထုတ်နိုင်လေးက်အောင်, ရုပ်နာမ်မျှသာရှိတယ် ဆိုတာကို မယုံကြည်နိုင်လောက်အောင်ခိုင်ခိုင်မြဲမြဲ စဲနေတဲ့ အတ္တစ္ခဲကိုသာ တရားနာခြင်း, ရုပ်နမ်တရားကို လေ့လာခြင်း စသည်ဖြင့် ဖြုတ်ဖို့လိုပါတယ်။ ဒီလို မေမ္မနှရာယ် ဖြစ်လောက်အောင် ခိုင်မြဲတဲ့ အတ္တစ္ခဲဆိုတာကတော့ ဗုဒ္ဓမြတ်စွာဘုရား၏ တရားကို လေးလေးစားစား ယုံကြည်နေတဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေမှာ မရှိနိုင်ပါဘူး၊ ဒီလိုမရှိတဲ့အတွက်ပဲ ဝိပဿနာတရားကို အားထုတ်နိုင်ကြတာ။

မြတ်စွာဘုရားလက်ထက်တော်ကဆိုယင် တော်တော်ခိုင်မြဲတဲ့ အတ္တစ္ခဲရှိနေတဲ့ပုဂ္ဂိုလ်တွေတောင် မြတ်စွာဘုရားထံလာရောက်ပြီး တရားဆွေးနွေးရင်း၊ တရားနာရင်းနဲ့ နှလုံးသွင်းပြီး အတ္တစ္ခဲလဲ ပြုတ် အရှိယမဂ်ဖိုလ်လဲ ရောက်သွားကြသေးတာဘဲ။ အဲဒါဟာ

စောစောက အတ္တစွဲကိုပြုတ်ရတာ မဟုတ်ပါဘူး၊ တရားနာရင်း နှလုံးသွင်းရင်းနဲ့ အတ္တစွဲလေပြုတ် အရိယ မဂ်ဖိုလ်လဲ ရောက်သွားကြတာဘဲ။ ဒါကြောင့် ဝိပဿနာတရား အားထုတ်ချင်ယင် ရှေးဦးစွာ အတ္တစွဲဖြုတ်ရမယ်၊ အတ္တစွဲဖြုတ်ပြီးမှ အားထုတ်ရမယ် ဆိုတာဟာ သဘာဝ မကျပါဘူး၊ ဘုရားအလိုတော် မကျပါဘူး။

အတ္တစွဲပြုတ်ပုံ

အမှန်ကတော့ ရူပ်နာမ် အနိစ္စ ဒုက္ခ အနတ္တ သဘောတရားမျှသာ ရှိတယ်လို့ ကြားနာမှတ်သားဘူးပြီး ယုံကြည်တဲ့သူဆိုယင် ဝိပဿနာရှုကောင်းပါတယ်၊ သတိပဋ္ဌာန်နည်းအရ ဒွါရ ၆-ပါးက ဖြစ်တိုင်းဖြစ်တိုင်းသော ရူပ်နာမ်တွေကို ရှုကောင်းပါဘယ်။ မျက်စိကမြင်ယင် မြင်တာကိုရှု၊ နားက ကြားယင် ကြားတာကိုရှု၊ နှာခေါင်းကနံ့ယင် နံ့တာကိုရှု၊ လျှာက အရသာကို စားသိယင် အဲဒီစားသိတာကိုရှု၊ကိုယ်ကတွေ့ထိယင် တွေ့ထိတာကိုရှု၊ စိတ်ကူးစဉ်းစား ကြံစည်ယင် အဲဒီစိတ်ကူးစဉ်းစား ကြံစည်တာကိုရှု၊ ဒီလို ဖြစ်တိုင်းဖြစ်တိုင်းကို မပြတ်ရှုနေယင် သိသင့်တဲ့တရားဘွဲ့ကို မိမိ၏ ပါရမီ ဉာဏ်အားလျော်စွာ အကုန်သိတယ်၊ သိစရာဘာကျန်သေးသလဲ၊ ဘာမျှ မကျန်တော့ဘူး၊ အကုန်လုံးဘဲ သိနိုင်ပါတယ်။

ဒါကြောင့် သတိပဋ္ဌာန် ဒေသနာတော် နည်းအရ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ခဏမစဲ မပြတ်ရှုမှတ်နေယင် သမာဓိအားကောင်းလို့ စိတ်စင်ကြယ်တဲ့အခါမှာ နာမ်နဲ့ရူပ်ကို

ပိုင်းခြားပြီးသိတယ်၊ ရှုမှတ်ရတဲ့အာရုံနဲ့ ရှုမှတ်သိနေတာ ဒီရုပ်နဲ့ နာမ် ၂-ပါးမျှသာ ရှိတယ်၊ အတ္တကောင် ငါကောင်ဆိုတာ မရှိဘူးလို့ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သိနိုင်ပါတယ်။ ဒီတော့ မူလက အတ္တစ္ခဲရှိနေယင် အဲဒီအတ္တစ္ခဲဟာ ကင်းသွားတာပေါ့။ အဲဒီက နောက် ရှုမှတ်နေယင်း အကြောင်း ရုပ်နာမ်နဲ့ အကျိုး ရုပ်နာမ် မျှသာ ရှိတယ်ဆိုဘာကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိရပြန်တယ်။ အဲဒီတော့ အတ္တကောင် ငါကောင်ဟာ ယခုဘဝ မတိုင်မီက ရှိခဲ့လေသလား၊ ယခုဘဝမှာမှ ရှိလာတာလေလား၊ နောင်လဲ ရှိဦးမှာလေလား စသည်ဖြင့် ဖြစ်တတ်တဲ့ ယုံမှားမျိုးတောင် ကင်းသွားပြန်တယ်။

အဲဒီကနောက် မှတ်သိရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော မှာတ်ရင်းမှတ်ရင်း ပျောက်ပျောက်သွားတာကိုချည်း တွေ့ရတဲ့ အတွက် မမြဲဘူး-မမြဲတဲ့ တရားတွေဘဲလို့လဲ သိရပြန်တယ်၊ ဆင်းရဲချည်းဘဲလို့လဲ သိရပြန်တယ်၊ သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေတဲ့ သဘောဘရားချည်းဘဲ၊ အနတ္တတရားချည်းဘဲ လို့လဲ သိရပြန်တယ်၊ အဲဒီတော့ အတ္တကောင် ငါကောင်လို့ စဲ့လမ်းစရာကို မရှိတော့ဘူး၊ ရှေးဘုန်းက တို့မသိလို့ အတ္တကောင် အသက်ကောင် ငါကောင် ရှိနေတယ်လို့ ထင်မှတ်ခဲ့တယ်၊ ယခု ရှုမှတ်ကြည့်လိုက်တော့ မှတ်သိရတဲ့ အာရုံတွေကလဲ ပြင်ပေါ်ပြီး ချက်ခြင်း ပျောက်ပျောက် သွားတာချည်းဘဲ၊ မှတ်သိတဲ့စိတ် ကလဲ ချက်ခြင်း ပျောက်ပျောက်သွားတာချည်းဘဲ၊ အမြဲတမ်း တည်နေတဲ့ အတ္တကောင် ငါကောင်ဆိုတာ မရှိဘူး၊ ခဏမစဲ

ဖြစ်ပျက်နေတဲ့ သဘောတရားမျှ ချည်းဘဲလို့ ဒီလို သဘောကျပြီး ကိုယ်ပိုင်ဉာဏ် ဖြစ်ပေါ်လာပါတယ်၊ ဒီတော့ ဘယ်မှာ အတ္တစဲ့ ဖြစ်နိုင်တော့မလဲ၊ ဖြစ်နိုင်ခွင့် မရှိတော့ပါဘူး။

ရှုမှတ်ရုံနဲ့ အတ္တစဲ့ပြုတ်ကြောင်း

အခု၂ကလဲ ဒီလိုဖြစ်ခိုက် ရုပ်နာမ်ရှုမှတ်နေရုံနဲ့ မပြည့်စုံသေးဘူးလို့ ဆင်ကြတယ်၊ ရုပ်ရယ် နာမ်ရယ်လို့ စဉ်းစားဆင်ခြင်လိုက်ရမှ, ဖြစ်တယ် ပျက်တယ်လို့ ဆင်ခြင်လိုက်ရမှ ပြည့်စုံတယ်လို့ ထင်နေကြတယ်။ အမှန်ကဆိုတော့ ဆင်ခြင်တယ်ဆိုတာ ကိုယ်တိုင် သိတဲ့ဉာဏ် မဟုတ်ပါဘူး၊ စာဆပ ကျမ်းဂန်အရဖြစ်စေ၊ တဆင့် ကြားရလို့ဖြစ်စေ မှတ်ထားတဲ့အတိုင်း မှန်းဆပြီး ဆင်ခြင်နေတာဘဲ၊ သညာသိမျှဘဲ ဖြစ်ပါတယ်၊ ကိုယ်တိုင်သိ ဉာဏ်အစစ် မဖြစ်ပါဘူး။ ဒါကြောင့် စာကျက်ပြီး မှတ်မိနေတာမျိုးလောက်ပဲ ရိုပါတယ်၊ သိပ် ခရီးမဆောက်နိုင်ပါဘူး။ ယခု ပြောခဲ့တဲ့ ဖြစ်ခိုက် ဖြစ်ခိုက်လိုက်ပြီး မပြောင်ရှုနေတာကမှ ကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့ပြီး ကိုယ်ဘိုင်သိဉာဏ် ဖြစ်တာ။ ဥပမာ ခြုံဝင်းတံခါးပေါက်က ဖြစ်စေ၊ ရှာတံခါးပေါက်က ဖြစ်စေ စောင့်ပြီး ကြည့်နေယင် ဝင်တိုင်း ထွက်တိုင်း လူတွေကို ကိုယ်တိုင်တွေ့ သေသေချာချာ သိရတယ်၊ စာဆပ ကျမ်းဂန်အရဖြစ်စေ၊ တဆင့်ကြားစကား အရဖြစ်စေ၊ စဉ်းစားဆင်ခြင်နေဘို့ မလိုပါဘူး၊ စောင့်ကြည့် နေရုံနဲ့ဘဲ အမှန်အတိုင်း သိရပါတယ်။ ဒါလိုပါပဲ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတဲ့ ဒွါရ ၆-ပါးက ဖြစ်တိုင်းဖြစ်တိုင်း ကိုသာ စောင့်ပြီး ရှုမှတ်နေပါ၊ သဘောမှန်တွေကို အကုန်လုံး

ဘဝသိနိုင်ပါတယ်၊ ရုပ်ရယ် နာမ်ရယ် ဖြစ်တယ် ပျက်တယ်လို့ အထူး စဉ်းစားဆင်ခြင်နေဘို့ မလိုပါဘူး။

ဘုရားရှင် ဥပမာအားဖြင့် လမ်းဘေးမှာ ကြည်လင်တဲ့ မှန်ကို ထောင်ထားပါ၊ လူဖြစ်စေ ကားဖြစ်စေ လာသမျှတွေဟာ အဲဒီ မှန်ထဲမှာ သူ့ပုံမှန်အတိုင်းဘဲ ထင်ပေါ် ထင်ပေါ်သွားကြပယ်၊ အဲဒါလိုပါဘဲ ဒွါရ ၆-ပါးက ပေါ်လာသမျှကို သတိ ဥ ဏ်နဲ့ စောင့်ပြီး ရှုမှတ်နေယင် ရုပ်နာမ် သဘောတရားတွေဟာ သူ့ပုံမှန်အတိုင်းဘဲ ထင်ပေါ်ထင်ပေါ် သွားကြပါတယ်၊ အာရုံ မသိဘတ်ဘဲရုပ်ကလဲ အာရုံကို မသိဘတ်ဘဲ အနေနဲ့ဘဲ ထင်ပေါ် သွာ.ပါတယ်၊ အာရုံကို သိတတ်တဲ့ နာမ်ကလဲ အာရုံကိုသိတတ်တဲ့ အနေနဲ့ဘဲ ထင်ပေါ်သွားပါတယ်၊ ပေါ်လာတဲ့ အာရုံရော မှာ်သိနေတဲ့ စိတ်ရော အသစ်အသစ် ဖြစ်ပေါ် ဖြစ်ပေါ်ပြီး ပျောက်ပျက်သွားတဲ့အနေနဲ့ဘဲ ထင်ပေါ်သွားပါတယ်၊ ဒီတော့ ရှုနေတဲ့ယောဂီက ရုပ်နဲ့နာမ်မျှဘဲ ရှိတယ်ဆိုတာလဲ ရှုမှတ်နေရုံ မျှနဲ့ဘဲ သိရတယ်၊ ခဏမစဲ ဖြစ်ပြီး ပျောက်ပျက်သွားလို့ မမြဲဘူး ဆိုဘာလဲ သိရတယ်၊ နှစ်သက်သာယာဖွယ် အားကိုးဖွယ်မရှိတဲ့ ဆင်းရဲတွေချည်းဘဲ ဆိုဘာလဲ သိရတယ်၊ သူ့သဘောအတိုင်း သူ့ဖြစ်ပျက်သွားတဲ့ သဘောတရားမျှဘဲ ဆိုတာလဲ သိရတယ်။

ဒီလိုဖြစ်ခိုက်မှာ ရှုမှတ်နေရုံနဲ့ အမှန်အတိုင်း သိနေယင် စဉ်းစားဆင်ခြင်ဘို့ လိုပါဦးမလား၊ မလိုဘဲ့ပါဘူး။ အဲဒီလို ဖြစ်ခိုက် ရုပ်နာမ်ကိုတော့ မရှုပါဘဲ ဆင်ခြင်တာက သဘာဝ

မကျဘူး၊ ဘာကြောင့်လဲဆိုယင် အကောင် အထည်ကြီးလိုက်-တွေ့နေပါလျက်နဲ့ ရုပ်နာမ် ရုပ်နာမ်လို့ ခြင်းချက်ထုတ်ပြီး ဆင်ခြင်နေယင် အဲဒါ ကိုယ်ပိုင်အသိဉာဏ် ဟုတ်ပါ့မလား၊ တကယ် ဖြစ်တာ ပျက်တာကို မတွေ့ရပါဘဲလျက်နဲ့ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ရှုတ်ဆိုပြီး ဆင်ခြင်နေယင်လဲ ကိုယ်ပိုင်အသိဉာဏ် ဟုတ်ပါ့မလား။ ကိုယ်တိုင်မတွေ့ရပါဘဲနဲ့ အဲဒီလို ဆင်ခြင်တာ ဟာ ကိုယ်ပိုင်အသိဉာဏ်မဟုတ်ပါဘူး၊ မှတ်သားထားတဲ့အတိုင်း နှလုံးသွင်းတဲ့ သညာသိသာ ဖြစ်ပါတယ်၊ ကျက်ထားတဲ့စာပေကို ထပ်ခါ ထပ်ခါ ရှုတ်ဆိုနေတာမျိုးသာ ဖြစ်ပါတယ်။

ဒါကြောင့် ဖြစ်ပေါ်လာသမျှ တရားတွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ ရှုနေတာက လိုရင်းဘဲ။ အဲဒီလိုမရှုပါဘဲနဲ့ ဟိုလိုနှလုံး သွင်းလိုက် ဒီလိုနှလုံးသွင်းလိုက်နဲ့ စဉ်းစားဆင်ခြင် နေတာက လိုရင်းမဟုတ်ဘူး၊ အဲဒီလို စဉ်းစားဆင်ခြင်နေယင် သမာဓိလဲ မဖြစ်ဘူး၊ သမာဓိမဖြစ်ယင် ဉာဏ်အစစ်လဲ မဖြစ်ဘူး၊ နောက်ပြီးတော့ ဆင်ခြင်တယ်ဆိုတာ အမှန်ဆင်ခြင်မိယင်တော့ တော်ပါသေးရဲ့၊ အလွဲဆင်ခြင်မိယင်တော့ အလွဲအမှားတွေလဲ ထင်ပေါ်နိုင်တာဘဲ၊ မမြဲတဲ့တရားကို မြဲတဲ့အနေနဲ့ ဆင်ခြင်ယင် မြဲတဲ့အနေနဲ့လဲထင်ပေါ်လာနိုင်တာဘဲ၊ အတ္တကောင်ရှိတဲ့အနေနဲ့ ဆင်ခြင်ယင် အတ္တကောင်အနေနဲ့လဲ ထင်ပေါ်လာနိုင်တာဘဲ။ ဒါကြောင့်ပေါ့ အတ္တဝါဒ အယူရှိတဲ့လူတွေမှာ အတ္တကောင် တကယ် ရှိတဲ့အနေနဲ့ဘဲ သူတို့မှာ တွေ့နေကြတာ။ အဲဒါဟာ ဆင်ခြင်မှု ခရီးမရောက်ပုံ သက်သေ သာဓကပါဘဲ။

ဒါကြောင့် ဖြစ်ခိုက်တရားကို ရှုမှတ်ရုံသာ ရှုမှတ်နေပါ၊ စကြံ့သွားနေတဲ့အခါ ကြွတယ် လှမ်းတယ် ချတယ်လို့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ရှုမှတ်နေပါ၊ အဲဒီလိုမှတ်ရာမှာ ကြွတယ်လို့ မှတ်တာလဲ တကယ် ကြွတက်လာလို့ မှတ်တာဘဲ၊ လှမ်းတယ် ချတယ်လို့ မှတ်တာတွေလဲ တကယ်လှမ်းလို့ တကယ်နင်းချလိုက်လို့ မှတ်တာဘဲ၊ မဟုတ်ဘဲနဲ့ ကြံတွေးပြီးမှတ်တာမဟုတ်ဘူး၊ ဒါကြောင့် အမှန်တွေ့ခဏည်းဘဲ။ ဒါပေမဲ့ ရှုမှတ်ခါစ ပုဂ္ဂိုလ်ကတော့ ပိုင်းပိုင်းခြားခြား မသိသေးပေဘူး။ နောက်သမာဓိ ဉာဏ်အားကောင်းလာတဲ့အခါကျတော့ ကြွတယ်လို့မှတ်တဲ့အခါ ပေါ့ပြီး ကြွတက်လာတဲ့ သဘောကလေးက တခြား+ကြွတယ်လို့ မှတ်သိတဲ့ သဘောကလေးကတခြား ကွဲပြားပြီး ထင်ပေါ်လာတယ်၊ ကြွတာက တခြား+သိတာကတခြား ကွဲပြားလာတာပါဘဲ။ ထို့အတူ လှမ်းတယ်လို့မှတ်ခိုက်မှာလဲ လှမ်းတာက တခြား+သိတာကတခြား ကွဲပြားလာတယ်။ ချတယ်လို့မှတ်ခိုက်မှာလဲ လေးလေးပြီး ကျသွားတာက တခြား+သိတာကတခြား ကွဲပြားလာတာဘဲ။ အဲဒါဟာ သိစရာရုပ်နဲ့ သိတဲ့နာမ် ဒီရုပ်နာမ် ၂-ပါး ကွဲပြားပြီး ထင်ပုံပါဘဲ။

ထို့အတူပင် ကျွေးတယ်လို့ မှတ်ရာမှာလဲ အားထုတ်ခါစကတော့ မှတ်ရမယ်ဆိုလို့သာ မှတ်နေရတယ် ဘာမျှ ထူးထူးခြားခြား မသိရသေးဘူး၊ လေးငါးခြောက်ရက် စသည်ကြာလို့ သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ အဲဒီခဏတယ်လို့ မှတ်ရာမှာလဲ ရုပ်နာမ်ကွဲလာတယ်၊ ကျွေးတဲ့ အခါမှာ

တောင့်တဲ့သဘော တင်းတဲ့သဘော တရွှေ့ရွှေ့ချင်း လှုပ်ရှားတဲ့ သဘောကလေးတွေ အဆင့်ဆင့် ဖြစ်နေတာကို တွေ့ရတယ်၊ အဲဒီလို တောင့်တင်း လှုပ်ရှားတာက တခြား+မှတ်သိတာက တခြား၊ ကွဲပြားပြီးသိရတယ်၊ ဒီတော့ သိစရာနဲ့သိတာ ဒီနှစ်မျိုးဘဲ ရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိဘူးဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားပြီးသိတယ်။ အဲဒီလိုရုပ်အမူအရာကို မှတ်မိတိုင်း မှတ်မိတိုင်း မှတ်ရတဲ့ အာရုံရုပ်က တခြား+မှတ်သိတဲ့ စိတ်နာမ်က တခြား ကွဲပြားပြီး ထင်တယ်။ ဒါကြောင့် "သိစရာရုပ်နဲ့ သိတဲ့စိတ်နာမ် ဒါကလေးနှစ်ခု ရှိတာဘဲ၊ ဒီပြင် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိတော့ဘူး၊ တို့ရှေးတုန်းက အသက်ရှင်နေတဲ့ အကောင်ကလေး ရှိနေတယ်လို့ ထင်နေခဲ့တယ်၊ ယခုရှုမှတ်ကြည့်လိုက်တော့ ဒီလိုအမြဲတည်ရှိနေတဲ့ အသက်ကောင်ကလေ ဆိုတာ မရှိဘူး၊ သူ့အခိုက်အတန့်နဲ့သူ အသစ်အသစ်ဖြစ်ပေါ်နေတဲ့ ရူပ်နာမ်မျှသာ ရှိတာဘဲ" လို့ ရှုမှတ်နေယင်းသဘောကျပြီး သိလာတယ်၊ အဲဒါဟာနာမရူပပရိစ္ဆေဒဉာဏ်ဘဲ။ ဒီနာမရူပ ပရိစ္ဆေဒဉာဏ် ကောင်းကောင်းဖြစ်ယင် အတ္တစွဲဟာ ကင်းတော့တာပါဘဲ။

ဒါဖြင့် အဲဒီဉာဏ်လောက်နဲ့ အတ္တစွဲဟာ လုံးလုံးကင်းပြီလို့ ဆိုရပါသလား၊ မေးစရာရှိပါတယ်၊ ဒီဉာဏ်လောက်နဲ့တော့ လုံးလုံးကင်းပြီလို့ မဆိုရသေးပါဘူး၊ ခုနကပြောခဲ့တဲ့အတိုင်း အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို သိနေတာတောင်မှ အရိယာမဂ် မရောက်သေးဘဲ ဝိပဿနာအလုပ်ကို ရပ်နားထားယင်

အကြောင်းအားလျော်စွာ ဒီအတ္တစဲ့က ဖြစ်ပေါ် နိုင်သေးတာ ပါဘဲ။ ဒီအတ္တစဲ့ လုံးလုံးကင်းတာကတော့ အဲဒီဉာဏ်ကနောက် အစဉ်အတိုင်း ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို ပိုင်ပိုင်နိုင်နိုင်သိမြင်လို့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံဘဲ့အခါမှာ အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာတယ်၊ အဲဒီအခါ ကျတော့မှ ဒီအတ္တစဲ့က လုံးလုံးကင်းသွားတာ၊ အဲဒီလို ကင်းပုံကိုတော့ နောက်ပိုင်းကျမှ ပြောရမယ်။ ယခုပြောနေတာက ရုပ်ခန္ဓာ စဲ့လမ်းပုံ ပြောနေရာက အတ္တစဲ့ဖြစ်ပုံ ကင်းပုံကို ဝပ်မိစပ်ရာ ပြောလာခဲ့ခြင်းဖြစ်တယ်။

စဲ့လမ်းပုံ အဆက်

ခုနကပြောခဲ့တဲ့အတိုင်းဘဲရုပ်နာမ်အကြောင်းကောင်းကောင်း မလေ့လာဘူးသေးတဲ့ ပုဂ္ဂိုလ်, ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ကို ကောင်းကောင်း မသိရသေးတဲ့ပုဂ္ဂိုလ် အဲဒီလိုပုဂ္ဂိုလ်မှာ ကိုယ့် ကိုယ်ကို ဆင်ခြင်ကြည့်လိုက်ယင် အတ္တကောင် အသက်ကောင် ဟုတ်တဲ့အနေ, အတ္တကောင် အသက်ကောင် ရှိတဲ့အနေနဲ့ဘဲ ထင်နေတတ်တယ်၊ ဆံဖျားက ခြေဖဝါးအထိ, ခြေဖဝါးက ဆံဖျားအထိ ရုပ်ကိုယ်ကြီး တခုလုံးဟာ အသက်ရှင်နေတဲ့ ငါ. ကောင်အနေနဲ့ဘဲ ထင်နေတတ်တယ်။ အဲဒါဟာရုပ်ကို အတ္တစဲ့ နေပုံပါဘဲ။

နောက်ပြီးတော့ အကောင်းအဆိုး ခံစားမှုဝေဒနာကိုလဲ အဘွဲ့ကောင် ငါကောင်အနေနဲ့ စဲ့လမ်းတယ်၊ မြင်လို့ကြားလို

တွေ့လို့ ကြုံသိလို့ ကောင်းတဲ့အခါ ငါ ကောင်းနေတယ်လို့ ထင်တယ်၊ မကောင်းတဲ့အခါလဲ ငါ မကောင်းနေတယ်၊ ငါ ဆင်းရဲနေတယ်လို့ ထင်တယ်၊ အထူးအားဖြင့် နာကျင်ကိုက်ခဲခြင်း အနာရောဂါနှိပ်စက်ခြင်းစသည်ဖြင့် ကိုယ်ထဲမှာမှုခံသားတဲ့ ဒုက္ခဝေဒနာတွေ ဖြစ်နေတဲ့ အခါမှာ ငါ ဆင်းရဲနေတယ်လို့ ထင်တယ်။ စိတ်ညစ်စရာ စိတ်ပျက်စရာ ဘေးအန္တရာယ်နဲ့ တွေ့နေရတဲ့ အခါမှာလဲ ငါစိတ်ညစ်တယ် စိတ်ပျက်တယ် ငါဒုက္ခရောက်နေတယ်လို့ဘဲထင်တယ်၊ ချမ်းသာစွာ နေထိုင်စားသောက်နေရတဲ့အခါ, ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့အခါကျတော့လဲ ငါချမ်းသာနေတယ်, ငါဝမ်းသာနေတယ်စသည်ဖြင့် ထင်တယ်။ အဲဒါဟာ ဝေဒနာခန္ဓာကို အတ္တကောင်အနေနဲ့ စွဲလမ်းပုံပါဘဲ။

နောက်ပြီးတော့ မှတ်မိတဲ့ သညာကိုလဲ ငါကောင်အနေနဲ့ စွဲလမ်းတယ်၊ မှတ်မိတာ မှတ်နိုင်တာကို အကြောင်းပြုပြီး ငါ မှတ်မိတယ်၊ မှတ်နိုင်တယ်၊ မှတ်ဉာဏ်ကောင်းတယ်၊ ငယ်ငယ်က မှတ်မိခဲ့တာလဲ ငါဘဲ၊ ယခု မှတ်မိတာလဲ ငါဘဲလို့ထင်တယ်။ အဲဒါဟာ သညာခန္ဓာကို အတ္တကောင်အနေနဲ့ စွဲလမ်းပုံပါဘဲ။

နောက်ပြီးတော့ ပြုပြင်အားထုတ်မှုဆိုတဲ့ သင်္ခါရတွေကိုလဲ အတ္တကောင် ငါကောင်အနေနဲ့ စွဲလမ်းတယ်၊ ကြွေးခြင်းဆန့်ခြင်း ထိုင်ခြင်း ရပ်ခြင်း သွားလာလှုပ်ရှားခြင်း ပြုံးရယ်ခြင်း ပြောဆိုခြင်း အစရှိတဲ့ ကိုယ်အမူအရာတွေ နှုတ်အမူအရာတွေ ဖြစ်ပေါ်အောင် ငါက လုပ်နေတယ်လို့ ထင်တယ်၊ စိတ်ကူး ကြံစည်မှု ဖြစ်အောင်လဲ ငါက လုပ်နေတယ်လို့ ထင်တယ်၊ ငါကနှစ်သက်

တယ် ငါက စိတ်ဆိုးတယ်၊ ငါက အစ္စဲအလမ်းကြီးတယ်၊ ငါက မယုံတတ်ဘူး၊ ငါက မိုက်တယ်၊ ငါက လိမ္မာတယ်၊ ငါက ကြည်ညိုတယ်၊ ငါက သနားတတ်တယ် စသည်ဖြင့် စိတ် အမှုအရာတွေကိုလဲ ငါကောင်အနေနဲ့ ထင်မှတ် စွဲလမ်းနေတယ်၊ အဲဒါတွေဟာ သင်္ခါရကွန္ဓာကို အတ္တအနေနဲ့ စွဲလမ်းပုံတွေပါဘဲ။

နောက်ပြီးတော့ ဝိညာဏ်ဆိုတဲ့ စိတ်ကိုလဲ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ငါ မြင်တယ်၊ မြင်တာဟာ ငါဘဲ၊ ငါ ကြားတယ် ကြားတာဟာ ငါဘဲ၊ ငါ နံတယ်၊ ငါစားတယ်၊ ငါ တွေ့ထိတယ် တွေ့ထိတာဟာ ငါဘဲ၊ ငါ ကြံတယ် စဉ်းစားတယ် ကြံတာ စဉ်းစားတာဟာ ငါဘဲ စသည်ဖြင့် စွဲလမ်းတယ်။ အဲဒါတွေဟာ စိတ်ဆိုတဲ့ ဝိညာဏကွန္ဓာကို အတ္တအနေနဲ့ စွဲလမ်းပုံတွေပါဘဲ။

ယခု ပြောခဲ့တာတွေဟာ ခန္ဓာငါးပါးကို အသီး အသီး တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲလမ်းပုံတွေပါဘဲ။ ဒုဒါရနဲ့ ပြောရယင်တော့ မြင်တဲ့အခါမှာ မျက်စိရုပ် အဆင်းရုပ်တွေကို နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ အတ္တကောင် ငါကောင်အနေနဲ့ အထင်လွဲပြီးတော့လဲ စွဲလမ်းတယ်၊ အဲဒါ ရုပ်ခန္ဓာကို စွဲလမ်းပုံဘဲ။ မြင်လို့ကောင်းတာ မကောင်းတာကိုလဲ ထို့အတူပင် သာယာပြီး စွဲလမ်းတယ်၊ အထင်လွဲပြီးတော့လဲ စွဲလမ်းတယ်၊ ဝေဒနာခန္ဓာကို စွဲလမ်းပုံဘဲ။ ထို့အတူ မှတ်မိတဲ့သညာကိုလဲ စွဲလမ်းတယ်၊ သညာခန္ဓာကို စွဲလမ်းပုံဘဲ။ မြင်အောင် စူးစိုက်တာ နှလုံးသွင်း အာဇုတ်တာကိုလဲ စွဲလမ်းတယ်၊ သင်္ခါရကွန္ဓာကို

စဲ့လမ်းပုံဘဲ။ မြင်သိတာကိုလဲ စဲ့လမ်းတယ်၊ ဝိညာဏ်ခန္ဓာကို စဲ့လမ်းပုံဘဲ။

ကြားတဲ့အခါ စသည်မှာလဲ ခန္ဓာငါးပါးကို တဏှာနဲ့ ဒိဋ္ဌိနဲ့ စဲ့လမ်းပုံတွေဟာ နည်းတူပါဘဲ၊ ထူးတာကတော့ ကြံသိတဲ့အခါမှာ ကြံသိမှု၏ တည်ရာရုပ်နဲ့ ကြံမိတဲ့ရုပ်တွေကို နှစ်သက်သာယာပြီးတော့လဲ စဲ့လမ်းတယ်၊ အတွေ့ကောင် အနေနဲ့ အထင်လဲ့ပြီးတော့လဲ စဲ့လမ်းတယ်၊ အဲဒီမှာ တည်ရာရုပ်ဆိုတာ နှလုံးရုပ်ကိုလဲ ယူနိုင်တယ်၊ တကိုယ်လုံးရုပ်ကိုလဲ ယူနိုင်တယ်၊ ကြံမိတဲ့ရုပ်တွေဆိုတာလဲ စိတ်ကူးကြံစည်မိတဲ့ ရုပ်အစစ်တွေရော မိန်းမယောကျ်ားသဏ္ဌာန် စသည်အနေနဲ့ ကြံမိတဲ့ ရုပ်အတုတွေရော အကုန်လုံးကို ယူနိုင်ပါတယ်။ နောက်ပြီးတော့ သင်္ခါရကွန္ဓာ စဲ့လမ်းပုံအရာမှာ ကိုယ်အမှုအရာ နှုတ်အမှုအရာ အမျိုးမျိုးဖြစ်အောင် ကြံစည် အားထုတ်မှုတွေရော၊ စိတ်ကူး ကြံစည်မှုဖြစ်အောင် အားထုတ်မှုတွေရော၊ လိုချင်နှစ်သက်မှု စိတ်ဆိုးမှုကြည်ညိုမှုအစရှိတဲ့ သင်္ခါရကွန္ဓာ စေတသိက်တွေရော အဲဒါတွေ စဲ့လမ်းတာဟူသမျှကို အကုန်လုံးယူရတယ်၊ အဲဒါဘဲ ထူးပါတယ်။ ဒီပြင် ဝေဒနာ သညာ ဝိညာဏ်ခန္ဓာတွေ စဲ့လမ်းပုံကတော့ နည်းတူပါဘဲ။

အဲဒီတော့ မြင်ခိုက်မှာ ထင်ရှားပေါ်လာတဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာတွေကို တဏှာနဲ့ သာယာပြီးတော့လဲ စဲ့လမ်းတယ်၊ ဒိဋ္ဌိနဲ့ အထင်လဲ့ပြီးတော့လဲ စဲ့လမ်းတယ်၊ ဒါကြောင့် အဲဒါတွေကို ဥပါဒါနကွန္ဓာ=ဥပါဒါန်တို့၏

အာရုံဖြစ်တဲ့ တရားအစု–ငါ ငါ့ဥစ္စာ အနေအားဖြင့် စဲ့လမ်းနိုင်တဲ့တရားအစုလို့ ခေါ်ရတယ်။ ထို့အတူဘဲ ကြားခိုက် နံခိုက် စားသိခိုက် တွေ့ထိခိုက် ကြံသိခိုက်များမှာ ထင်ရှားပေါ်လာတဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ တရားတွေကိုလဲ တဏှာနဲ့ ဒိဋ္ဌိနဲ့ စဲ့လမ်းနိုင်တဲ့အတွက် ဥပါဒါ နက္ခန္ဓာလို့ ခေါ်ရတယ်။ အတိုချုပ်ပြောရယင် တကိုယ်လုံးမှာရှိတဲ့ ရုပ်နာမ် တရားတွေဟာ ဥပါဒါနက္ခန္ဓာတွေ ချည်းပါဘဲ။ ဒါကြောင့် ထင်လဲ့, သာယာ၊ စဲ့လမ်းတာ၊ နှစ်ဖြာဥပါဒါန်။ ငါ, ငါ့ဥစ္စာ၊ စဲ့နိုင်တာ၊ ဥပါဒါနက္ခန်။ ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်လို့ ဆောင်ပုဒ်က ဆိုထားတာ။ ဂဲ အဲဒါတွေကို ထပ်ပြီး ဆိုလိုက်ကြဦးစို့။

ထင်လဲ့, သာယာ၊ စဲ့လမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။(ဆို)
ငါ, ငါ့ဥစ္စာ၊ စဲ့နိုင်တာ၊ ဥပါဒါနက္ခန်။ (ဆို)
ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။(ဆို)

တကိုယ်လုံးမှာရှိတဲ့ ရုပ်ပဲဖြစ်ဖြစ်၊ အကောင်းအဆိုး ခံစားမှု ဝေဒနာဘဲဖြစ်ဖြစ်၊ မှတ်သားမှု သညာဘဲဖြစ်ဖြစ်၊ ပြုလုပ် အားထုတ်မှု သင်္ခါရဘဲဖြစ်ဖြစ်၊ အာရုံကိုသိတဲ့ စိတ်ဝိညာဏ်ဘဲဖြစ်ဖြစ် ဒီတရားတွေဟာ ငါကောင်အနေနဲ့ အထင်လဲ့ပြီးတော့လဲ စဲ့လမ်းနိုင်တာတွေချည်းဘဲ၊ ကောင်းတဲ့အနေနဲ့ သာယာပြီးတော့လဲ စဲ့လမ်းနိုင်တာတွေချည်းဘဲ၊ ဒါကြောင့် တကိုယ်လုံးမှာ ရှိနေတဲ့ ဒီရုပ်နာမ်တရားတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ အဲဒီ ဥပါဒါနက္ခန္ဓာခေါ်တဲ့ တကိုယ်လုံးက ရုပ်နာမ်တရားတွေကို

မြတ်စွာဘုရားက လေးလံကဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေလို့ ဟော ထားပါတယ်။

ခန္ဓာဝန်လေးပုံ

ဟုတ်တယ် သေသေချာချာ စဉ်းစားကြည့်ယင် ဒီရုပ်နာမ် ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးတွေဟာ အင်မတန် ဝန်လေးပါတယ်။ ဘယ်လောက် လေးလံသလဲဆိုယင်— အဲမိုဝမ်းထဲမှာ ပဋိသန္ဓေ တည်နေကတည်းက ဒီရုပ်နာမ် ခန္ဓာတွေကို ယုယုယယနဲ့ ပြုစု လာခဲ့ရတယ်၊ မိခင်ဖြစ်တဲ့သူက မိမိဝမ်းထဲက သူငယ်ဟာ ချမ်း ချမ်းသာသာနဲ့ ကြီးပွားလာပါစေဆိုတဲ့ စေတနာတွေနဲ့ ယုယု ယယ စောင့်ရှောက်လာခဲ့ရတယ်၊ အသွားအလာ အနေအထိုင်လဲ ဆင်ခြင်ရတယ်၊ အစားအသောက်လဲ ဆင်ခြင်ရတယ်၊ မိခင်က ဗုဒ္ဓသာသနာဝင်ဆိုယင် ဝမ်းထဲက ခလေးအတွက် ရည်ရွယ် ပြီးတော့ ကုသိုလ်ကောင်းမှုတွေကို အထူးပြုရတယ်၊ ဥပုသ် စောင့်ရတယ်၊ ဘုရားဂုဏ် စသည်ကို အာရုံပြုရတယ်၊ ပုတီးစိပ် ရတယ်။

မွေးဖွားပြီးတဲ့အခါလဲ အဲဒီခလေးက သူ့ခန္ဓာဝန်ကို သူ့ဟာ သူ မဆောင်နိုင်သေးခင်မှာ မိဘအစရှိတဲ့ လူကြီးတွေက စောင့် ရှောက် ဆောင်ရွက်လာခဲ့ရတယ်၊ နို့ရည် တိုက်ကျေးရတယ်၊ ဟိုဘက် ဒီဘက်လှည့်ပြီး ပြုပြင်ပေးရတယ်၊ အညစ်အကြေးကို သုတ်သင် ပေးရတယ်၊ ထူထိုင် ပေးရတယ်၊ ချိပိုးပြီးတော့လဲ တနေရာမှ တနေရာကို ဆောင်ပေးရတယ်၊ နှံ့သာစသည်ဖြင့်လဲ လူးလိမ်းပေးရတယ်၊ စားနိုင်တဲ့အရွယ်ရောက်လာတော့ အစား

အစာကျေးရတယ်၊ ဒီပုံဒီနည်းဖြင့် ခလေးသူငယ် တယောက်ရဲ့ ခန္ဓာဝန်ကို မိဘအစရှိတဲ့ လူကြီးတွေ ၂-ယောက် ၃-ယောက် စသည်က ဆောင်လာခဲ့ကြရတယ်၊ အဲဒါဘွဲ့ကို စဉ်းစား ကြည့်မယ်ဆိုယင် သူ့ကျေးဇူးကိုလဲ သိတတ်တဲ့သူဆိုယင် မိဘ တွေဟာ သားသမီးများ အပေါ်မှာ အင်မတန် ကျေးဇူးကြီး ကြောင်း ထင်ရှားပါတယ်။ မိဘတွင်တောင်မကသေးဘူး၊ အစ်ကိုဘို့ အစ်မတို့ အရီး အဒေါ်တို့ ဆိုတာတွေလဲ ကျေးဇူး ကြီးကြပါပေတယ်။ ဒါပေမဲ့ ယခုခေတ်မှာကျေးဇူးမသိတတ်တဲ့ သူတွေရဲ့ အတွေးအခေါ်တွေကို လေ့လာပြီး, ကျေးဇူးမသိတတ် တဲ့ ဓာတ်သဘောချင်းတူတဲ့သူတွေက မိဘတွေကို ကျေးဇူးမတင် ချင်ကြဘူး၊ ကျေးဇူး မတင်ရုံတောင် မကသေးဘူး၊ မိဘတွေ ကမြင်းလို့ လူဖြစ်လာပြီး ဒုက္ခရောက်နေရတယ်လို့တောင် အပြစ် ပြောတတ်ကြသေးတယ်။ အဲဒါကတော့ တော်တော် ကြောက် စရာကောင်းတဲ့ အမြင်မှားကြီးပါဘဲ။ အမှန်ကတော့ ဒီခန္ဓာ ဝန်ကို ရလာရာမှာ အကြောင်းရင်းက မိဘမဟုတ်ဘူး၊ ကိုလေ သာနဲ့ ကံက အကြောင်းရင်းဘဲ၊ မိဘကတော့ အထောက်အပံ့ အကြောင်းလောက်သာ ဖြစ်ပါတယ်။ အကယ်၍ လူသားဖြစ်တဲ့ မိဘတွေ မရှိဘူးဆိုယင် ကိုလေသာနဲ့ ကံ မကင်းတဲ့ သူတွေမှာ အပါယ် ၄-ပါးမှာ ဖြစ်ဖို့က များနေပါတယ်။ အဲဒီလို အပါယ် ၄-ပါးရောက်နေမှ သာပြီး ဒုက္ခရောက်မှာ။

ကိုယ့်ဟာကိုယ် ပြုပြင်စောင့်ရှောက်နိုင်တဲ့ အချိန်ကစပြီး မိမိ ကိုယ်ချမ်းသာရေးကို အမြဲကြောင့်ကြစိုက်ပြီး ဆောင်ရွက်နေရ

တယ်၊နေ့စဉ် ၂-ကြိမ် ၃-ကြိမ်အစာရှာကျွေးရတယ်၊ရိုးရိုးအစာ မဟုတ်သေးဘဲ အထူးကောင်းတဲ့အစာ ကြိုက်တတ်တဲ့ အစာတွေလဲ ရှာကျွေးရတယ်၊ အညစ်အကြေး တွေကို သုတ်သင်ပေးရတယ်၊ ရေချိုးပေးရတယ်၊ တချို့မှာဆိုယင် နံ့သာတွေလဲ လိမ်းပေးရသေးတယ်၊ အဝတ်အထည် အဆင် တန်ဆာကောင်းတွေနဲ့လဲ ဝတ်ဆင်ပေးရတယ်၊ အညောင်းအညာ ပြေအောင် ထိုင်လိုက် ထလိုက် ကွေးလိုက် ဆန့်လိုက် လှုပ်ရှားလိုက်နဲ့လဲ ပြုပြင်ပေးရတယ်၊ ပူအိုက်တဲ့အခါ အေးအောင်လဲ ပြုပြင်ပေးရတယ်၊ အေးတဲ့အခါလဲ နွေးအောင် ပြုပြင်ပေးရတယ်၊ အိပ်ချိန် တန်တဲ့အခါလဲ လျောင်းပြီး အိပ်ပေးရတယ်၊ နေမကောင်းထိုင်မသာ မဖြစ်ရအောင်လဲ ဂရုစိုက်ရတယ်၊ သွားတဲ့အခါ ခလုတ်တို့ ဆူးတို့ မထိမခိုက်ရအောင်လဲ ဂရုစိုက်ရတယ်၊ ဘေးအန္တရာယ် ကင်းအောင်လဲ ဂရုစိုက်ရတယ်၊ ဒီအထဲက မကျန်းမမာဖြစ်လာယင် ဆေးအမျိုးမျိုးနဲ့ ကုသရတယ်၊ ရောဂါဆိုးမျိုး စွဲကပ်နေယင် ဒီခန္ဓာကိုယ်ကြီးကို ပြုစုစောင့်ရှောက်ရတာ အင်မတန်ကို တာဝန်လေးပါတယ်။

အဲဒီလို ပြုစုစောင့်ရှောက်ရတာတွေထဲက စားသောက်ရေးဆိုတာ အင်မတန်ဝန်လေးပါတယ်၊ နေ့စဉ်နေ့တိုင်း သင့်တော်တဲ့အစာကို ရအောင်ရှာပြီး ကျွေးနေရတာဟာ ဝန်အလေးဆုံးလို့ ဆိုရမှာဘဲ၊ တချို့မှာ ဆယ်နှစ် ဆဲ့နှစ်နှစ်အရွယ်လောက်ကစပြီး စားရေးအတွက် အလုင်လုပ်လာကြရတယ်၊ တချို့မှာလဲ တော်တော်သိတတ်တဲ့အရွယ်ကစပြီး စားဝတ်နေရေးအတွက် အဆင်

ပြေအောင် ပညာသင်လာကြရတယ်၊ အသက်အစိတ်သုံးဆယ် လောက်ထိအောင် သင်ကြားရတယ်၊ တချို့မှာတော့ ပညာကို အတော်အတန်လောက်သာ သင်နိုင်ပြီး အောက်တန်းစားအလုပ် တွေကို လုပ်ကိုင်ကြရတယ်၊ ပညာကောင်းကောင်း တတ်တဲ့ သူတွေမှာလဲ သူတို့နဲ့တန်တဲ့ အထက်တန်းစားအလုပ်တွေကို နေ့ည မအားအောင် ကြောင့်ကြစိုက်ပြီး လုပ်ကိုင်နေကြရတယ်။

ဒါပေမဲ့ ရှေးကံ ကောင်းတဲ့ သူတွေမှာတော့ မိမိတို့ခန္ဓာဝန်ကို ဆောင်နေရတာ ဝန်လေးမှန်း မသိကြဘူး၊ အဲဒီကံကောင်းတဲ့သူတွေမှာ မွေးလာကတည်းက မိဘတွေက ကောင်းပေ့ ဆိုတာတွေကို အသင့်ရှာပြီး ကျွေးလာခဲ့ကြတယ်၊ ပညာသင်ရာမှာလဲ ဘာမျှ လိုလေသေး မရှိရအောင် အထောက်အပံ့ အကူအညီတွေကို ပေးကြတယ်၊ ကြီးလာတဲ့အခါလဲ သူတို့ဟာ မိဘများရဲ့ အထောက်အပံ့ အကူအညီဖြင့် ပြည့်စုံကြွယ်ဝတဲ့ လူကြီးလူကောင်းတယောက် သို့မဟုတ် ရာထူးဌာနန္တရမြင့်တဲ့ လူကြီးတယောက်ဖြစ်ပြီး ဘာမဆိုလိုတိုင်းရနေတယ်၊ ဒါကြောင့် စားသောက်ရေးတာဝန် လေးတယ်ဆိုတာကို အဲဒီလို ရှေးကံ ကောင်းတဲ့သူတွေက မသိကြပေဘူး။

ရှေးကံနည်းပါးတဲ့ တချို့လူတွေမှာဆိုယင်တော့ ငယ်ငယ်ကတည်းကစပြီး စားချင်တာ မစားရ ဝတ်ချင်တာ မဝတ်ရနဲ့ တွေ့ကြုံလာခဲ့ရတယ်၊ လူကြီးဖြစ်လာတဲ့အခါလဲ တနေ့စာတနေ့ ရအောင် အင်မတန် ခဲခဲယဉ်းယဉ်းနဲ့ရှာပြီး မသေရုံတမယ် လောက် စားသောက်နေကြရရှာတယ်၊ တချို့မှာ ထမင်းချက်

စရာ ဆန်က အဆင်သင့်မရှိလို့ နံနက်စောစောထပြီး စပါးကို ဆောင်းရတယ်၊ သူမျှားထံမှယင်လဲ ချေးပြီး ခဲခဲယဉ်းယဉ်းနဲ့ ချက်ပြုတ်စားရတယ်၊ အဲဒါကို ကိုယ်တိုင်တွေ့သိချင်ယင် ဆင်းရဲသားရပ်ကွက်တွေမှာ စုံစမ်းကြည့်နိုင်ပါတယ်။

ဒါပေမဲ့ ဗမာပြည်မှာတော့ ဆန်ရေစပါး ပေါမျှားတဲ့ဌာနမှီ တော်သေးတယ်လို့ ဆိုရမှာဘဲ၊ အဲဒီလို ဆန်မထွက်တဲ့ အရပ်တွေမှာဆိုယင် သာပြီး တာဝန်လေးကြ ပေလိမ့်မယ်။ ဒါပေမဲ့ လူတွေမှာတော့ စားနပ်ရိက္ခာ သိုလှောင်ထားမှု အချင်းချင်း ကူညီ ထောက်ပံ့မှုဆိုတဲ့ ယဉ်ကျေးမှုတွေက ရှိနေလို့ တော်ပါသေးတယ်။ လူတွေထက် တိရစ္ဆာန်တွေမှာ သာပြီးတာဝန်လေးရှာကြပါတယ်၊ တိရစ္ဆာန်သတ္တဝါတွေဆိုတာ အမျိုးမျိုးရှိတယ်၊ တချို့က မြက်တို့ သစ်ရွက်သစ်သီးတို့ဆိုတဲ့ ဒီလိုသက်မဲ့အစာတွေကို စားနေကြတယ်၊ အဲဒီလို သတ္တဝါတွေ မှာတော့ မြက် သစ်ရွက် သစ်သီးတွေက တယ်မရှားလို့ တော်သေးတယ်လို့ ဆိုရမှာဘဲ။ ဒါတောင် စာချို့အရပ်တွေမှာ မြက် သစ်ရွက် သစ်သီးဆိုတာတွေကလဲ ကောင်းကောင်းမရှိဘူး၊ သောက်စရာရေတောင် ကောင်းကောင်းမရှိဘူး၊အဲဒီလိုအရပ်မှာဖြစ်နေရတဲ့မြက် သစ်ရွက် သစ်သီးစား သတ္တဝါတွေမှာတော့ စားရေးအတွက် အလွန်ဘဲ ဝန်လေးပါတယ်။

တချို့ သတ္တဝါတွေကတော့ တကောင့်တကောင် နိုင်ရာနိုင်ရာ စားနေကြတယ်၊ ကျားတို့ သစ်တို့ မြွေတို့ အိမ်မြှောင်

တို့ တောက်တဲ့တို့ ဒီလိုအကောင်တွေပေါ့၊ ရေထဲက ရေသတ္တဝါ တွေလဲ အများအားဖြင့် အချင်းချင်း နှိုင်ရာ နှိုင်ရာ စားနေ ကြတာဘဲ။ ဒါကြောင့် တိရစ္ဆာန်တွေကို အညမည ခါဒိကာ= အချင်းချင်း နှိုင်ရာ နှိုင်ရာ စားတတ်တဲ့ အကောင်တွေလို့ မြတ်စွာဘုရားက ဟောထား ပါတယ်။ အဲဒီလို နှိုင်ရာစား သတ္တဝါတွေမှာ စားစရာ အကောင်ကို မရတဲ့အခါ အများကြီး ဆင်းရဲ မှာဘဲ၊ သတ်စားစရာ အကောင်ကိုလဲ အမြဲတမ်း ရှာကြံ နေရမှာဘဲ၊ အကုသိုလ်တွေ မပြတ် ဖြစ်ပွားနေရမှာဘဲ၊ အဲဒီလို သူတပါးစားဘို့ ကြံနေတုန်း နှိုင်တဲ့သတ္တဝါက သူ့ကို သတ်စား သွားတာလဲ နဲလှမယ် မဟုတ်ပေဘူး။ အဲဒီလို သူများကို စားဘို့ကြံနေတုန်း အစားခံရပြီး သေသွားရတဲ့ သတ္တဝါမှာ ဒေါသ အကုသိုလ်စိတ်တွေနဲ့ သေသွားတာက များမှာဘဲ၊ အဲဒီလို ဒေါသနဲ့ သေသွားတဲ့အတွက် ကောင်းတဲ့ ဘဝ ရောက်ဖို့ရာကတော့ မရှိပါဘူး၊ မကောင်းတဲ့ ဘဝကို ရောက်ဖို့သာ ရှိပါတယ်။ နောက်ပြီးတော့ ကိုယ်က သူတပါးကို စားဘို့ မကြံပေမဲ့ အစားခံရတဲ့ သတ္တဝါ ကလေးတွေမှာလဲ ကြောက်လန့်တဲ့ ဒေါသစိတ် မခံချင်တဲ့ ဒေါသစိတ် ရန်ငြိုး ဖွဲ့တဲ့ ဒေါသစိတ် နှလုံးမသာတဲ့ စိတ်တွေနဲ့ သေသွားကြရရှာ မှာဘဲ။ အဲဒီလို ဒေါသစိတ် နှလုံးမသာတဲ့စိတ်တွေနဲ့ သေသွား ရတော့ ဘယ်မှာ ဘဝကောင်းကို ရောက်နိုင်မလဲ၊ ယုတ်ညံ့တဲ့ ဘဝတွေ ရောက်ဖို့ကဘဲ များနေပါတယ်။ ဒါကြောင့် တိရစ္ဆာန် ဘဝကို တကြိမ်တခါ ရောက်သွားယင် လူ့ဘဝကို ပြန်ရောက် ဖို့ရာ ခဲယဉ်းတဲ့အကြောင်း မြတ်စွာဘုရားက ဟောထားပါ

တယ်။ အဲဒါတွေဟာ အစာအာဟာရ ရှာမှီးရမှုနဲ့ စပ်ပြီး တိရစ္ဆာန်ဘဝတွေမှာ ခန္ဓာဝန် လေးလံပုံတွေပါဘဲ။

ယခု အစာရှာမှီးမှု အာဟာရ ပရိယေသနကိစ္စနဲ့ စပ်ပြီး ဝန်လေးပုံကို လူ့ဘဝမှာဘဲ ပြန်ပြီး ကြည့်ကြည်းစို့၊ လူတွေမှာ စားဝတ်နေရေးနဲ့ စပ်ပြီး ရှာမှီးရတာ ဝန်လေးပုံကို ခုနကလဲ ပြောခဲ့ပြီးပါပြီ၊ ဒါပေမဲ့ အပြစ်ကင်းသော စိုက်ပျိုးခြင်း အပြစ်ကင်းသော ရောင်းဝယ်ခြင်း အပြစ်ကင်းသော စီမံအုပ်ချုပ်ခြင်း အပြစ်ကင်းသော အလုပ်ကို လုပ်ကိုင်ခြင်းဆိုတဲ့ တရားမျှတတဲ့ နည်းလမ်းဖြင့် ပစ္စည်းရှာတာကတော့ နောင်သံသရာမှာ ဒုက္ခရောက်ဖို့ မဟုတ်တဲ့အတွက် တာဝန် လေးသော်လဲ တော်သေးတယ်လို့ ဆိုရမှာဘဲ။ ကြောက်စရာ ကောင်းတာကတော့ မဘရားတဲ့နည်းလမ်းဖြင့် ပစ္စည်းရှာရတာကမှ သာပြီး ကြောက်စရာကောင်းပါတယ်၊ တချို့က လုံ့လဝီရိယနဲ့ အပင်ပန်းခံပြီး အလုပ်မလုပ်ချင်လို့ဖြစ်စေ၊ မြန်မြန်အချောင်ကြီးပွားချင်လို့ဖြစ်စေ လွယ်ကူတဲ့နည်းနဲ့ ပစ္စည်း ရှာကြတယ်၊ မိမိအသက်ရှင်ရေး ချမ်းသာရေးအတွက် သူတပါးတွေကို သတ်ဖြတ်ပြီး ပစ္စည်းရှာတာလဲ ရှိတယ်၊ သူတပါးဥစ္စာကို ခိုးဝှက်လုယက်ပြီး ပစ္စည်းရှာတာလဲ ရှိတယ်၊ လိမ်လည်လှည့်ဖြားပြီး ပစ္စည်းရှာတာလဲ ရှိတယ်၊ မတော်မတရားပြုပြီး ပစ္စည်းရှာတာလဲရှိတယ်၊ အဲဒီလိုအလုပ်တွေက လွယ်လွယ်နဲ့ ငွေရတဲ့အလုပ်တွေဘဲ၊ တရားသဖြင့် အလုပ်လုပ်တဲ့ သူတွေမှာ တနေ့လျှင် ငါးကျပ် တဆယ် ရအောင် အင်မတန် ကြိုးစားရပါတယ်၊

ခိုးတဲ့ လုတဲ့ လိမ်တဲ့ အလုပ်မျိုးတွေကကော့ တနေ့တည်းနဲ့ လေးငါးဆယ်လဲ ရနိုင်တယ်၊ တရာ တထောင်လဲ ရနိုင်တယ်။ ဒါကြောင့် ကိုယ်ချင်းစာတရားမရှိတဲ့ လူမိုက်တွေက အဲဒီခိုးခြင်း လုယက်ခြင်း လိမ်ခြင်း မတော်မတရားပြုခြင်း သတ်ဖြတ်ခြင်းဆိုတဲ့ ဒုစရိုက်မှုတွေဖြင့် မတရား ပစ္စည်းရှာကြတယ်။ အဲဒီလို လူဘွဟာ ရာဇဝတ်ပြစ်မှု မကင်းတာတွေကို ပြုမိယင် မျက်မှောက်ဘဝင်လဲ မကောင်းကျိုးတွေကို အကြီး အကျယ် ခံစားရတာပဲတယ်၊ မျက်မှောက်ဘဝ် မခံစားရတောင် နောင်သံသရာ ဘဝတွေမှာတော့ သူတို့ ပြုထားတဲ့ မကောင်းမှုကံရဲ့ မကောင်းကျိုးတွေကို အကြီးအကျယ်ခံစားသွားရတော့တာပဲ။ အဲဒါဟာ အရှင်မဟာမောဂ္ဂလာန်တွေမြင်ရတဲ့ ပြိတ္တာတွေရဲ့ ဝတ္ထုများဖြင့် ထင်ရှားပါဘယ်။

အရိုးစုပြိတ္တာဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက မြတ်ဘွဲ့ဘုရား ရာဇဂြိုဟ်မြို့ကို ရောက်ခါစ နှစ်ဘုန်းက အရှင်လက္ခဏမထေရ်နဲ့ အရှင်မဟာမောဂ္ဂလာန် မထေရ်တို့ဟာ ရာဇဂြိုဟ်မြို့ရဲ့ မြောက်ဖက်က တစပ်ထည်း တည်ရှိနေတဲ့ ဂိဇ္ဈကူဋ်တောင်မှာ သီတင်းသုံးနေကြပါတယ်၊ တနေ့သောအခါ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံရန် အဲဒီတောင်ပေါ်က ဆင်းလာကြတယ်၊ အဲဒီလိုဆင်းလာစဉ် လမ်းခုလတ်မှာ အရှင်မဟာမောဂ္ဂလာန်ကအဘိညာဉ်မျက်စိဖြင့် အရိုးစု ပြိတ္တာတခေါင်ကို တွေ့မြင်ရတယ်၊ အဲဒီပြိတ္တာဟာ လင်းတတွေ ကျီးတွေ စွန်တွေက လိုက်ပြီး နံရိုးကြားထဲမှ

အူ အသည်း စသည်တွေကို ထိုးကြ ဆိတ်ကြလို့ အင်မတန်နာကျင်တဲ့အတွက် ကျည်ကျည်လောင်လောင် ဟစ်အော် မြည်တမ်းပြီး ကောင်းကင်မှာ ပြေးသွားနေပါသတဲ့။ အဲဒါကို လူတို့၏ ပကတိ မျက်စိနဲ့တော့ မမြင်နိုင်ပါဘူး။ အဘိညာဉ် မျက်စိနဲ့သာ မြင်နိုင်ပါတယ်။ နောက်ပြီးတော့ အဲဒီမှာလိုက်ပြီး ထိုးဆိတ်နှိပ်စက်နေကြတဲ့ လင်းတ စသည်တွေ ကလဲ ရိုးရိုး လင်းတ စသည်တွေ မဟုတ်ဘူး၊ လင်းတ စသည်အသွင်နဲ့ ဘီလူးတွေ ဖြစ်တယ်လို့ အဋ္ဌကထာမှာ ပြဆိုထား ပါတယ်။ သူ့ကံအားလျော်စွာ ဖြစ်နေတဲ့ အရာဝတ္ထုတွေ ဆိုယင်လဲ သင့်စရာ ရှိပါတယ်။ အဲဒီပြိတ္တာကို မြင်ရတော့ အရှင်မောဂ္ဂလာန်မှာဒီလိုပြိတ္တာဘဝမျိုးကို ဖြစ်စေနိုင်တဲ့ ကိုလေသာနဲ့ ကံတွေ ငါ့မှာမရှိတော့ဘူးလို့ ဆင်ခြင်မိတဲ့အတွက် ပီတိသောမနဿတွေဖြစ်ပြီး ပြုံးမိပါသတဲ့။ ရဟန္တာဆိုတာ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လှမှ ပြုံးရုံလောက်သာ ပြုံးလေ့ရှိပါတယ်၊ အသံတွေ ကျယ်လောင်စွာထွက်အောင် ရယ်တယ်လို့ မရှိဘူးတဲ့။ အဲဒီလိုအရှင်မဟာမောဂ္ဂလာန်ပြုံးတာကို အရှင်လက္ခဏာမထေရ်က မြင်တွေ့ရတော့ ဘာကြောင့် ပြုံးပါသလဲလို့ မေးပါတယ်။ ရဟန္တာဆိုတာ လေးနက်တဲ့ အကြောင်းမရှိဘဲ ပြုံးရိုးမရှိဘူး၊ ဒါကြောင့် အဲဒီအကြောင်းကို သိချင်လို့ မေးပါတယ်။ အဲဒီတော့ အရှင်မဟာမောဂ္ဂလာန်က မြတ်စွာဘုရားရှေ့တော်ကျမှ ဒီအကြောင်းကို မေးပါလို့ ပြန်ပြောပါတယ်။

ဆွမ်းခံပြန်လို့ ဆွမ်းကိစ္စ ပြီးတဲ့နောက် မြတ်စွာဘုရား၏ မျက်မှောက်သို့ ရောက်တဲ့အခါ အရှင်လက္ခဏာမထေရ်က အရှင်

မဟာမောဂ္ဂလာန် ပြုံးခြင်း၏ အကြောင်းကို မေးပြန်ပါတယ်။ အဲဒီတော့ အရှင်မဟာမောဂ္ဂလာန်က ဒီလိုပြောကြားပါတယ်။

ငါ့ရှင်လက္ခဏာ.... ငါဟာ သင်နှင့်အတူ ဂိဇ္ဈကူဋ်တောင်မှ ဆင်း နေစဉ်မှာ အရိုးစု ပြိတ္တာတကောင် ကောင်းကင်မှာ ပြေးသွားနေတာကို တွေ့ရတယ်၊ အဲဒီပြိတ္တာကို လင်းတတွေ ကျီးတွေ စွန်တွေက နောက်မှလိုက်ပြီး နံရိုးအကြားတို့မှ အူ အသည်း စသည်တွေကို နှုတ်သီးတို့ဖြင့် ထိုးကြ ဆိတ်ဆုကြတယ်၊ အဲဒီပြိတ္တာက မခံမရပ်နိုင်အောင် နာကျင်လွန်းလို့ ကျည်ကျည် လောင်လောင် ဟစ်အော်မြည်တမ်းနေတယ်။ အဲဒါကို မြင်ရတဲ့ အတွက် ငါ့မှာ ဒီလိုဆင်ခြင်မိတယ်၊ သြော် ဒီလိုထူးဆန်းတဲ့ သတ္တဝါလဲ ဖြစ်မှ ဖြစ်ပါပေရဲ့-လို့ ဆင်ခြင်မိတယ်ဆိုတဲ့အကြောင်း ပြောကြားပါတယ်။ ဒီဒီအခါ မြတ်စွာဘုရားက ဒီလို အမိန့် ရှိတော်မူပါတယ်။

ရဟန်းတို့ ငါ၏ တပည့်သာဝကတို့သည် ဥာဏ်မျက်စိရှိကြ ပါပေစ၊ ဤသို့သော သတ္တဝါတွေကို တွေ့မြင်ပြီး ငါ၏ သက် သေအရာ တည်ကြပါပေစ၊ ငါဘုရားသည် ထိုပြိတ္တာသတ္တဝါကို ဗောဓိပင်အောက် ရုတနာပလ္လင်ထက်၌ နေတော်မူစဉ် ရှေး အခါကပင် မြင်ခဲ့ပြီ၊ သို့သော် မယုံကြည်သော သူတို့အား အကုသိုလ်မဖြစ်ပွားစေရန် အလို့ငှါ ထိုသတ္တဝါအကြောင်းကို မပြောကြားဘဲ နေခဲ့ပေသည်။ ရဟန်းတို့ မောဂ္ဂလာန် တွေ့ခဲ့ သော ထိုပြိတ္တာသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် နွားသတ် သမား ဖြစ်ခဲ့လေသည်၊ ထိုနွားသတ်မှ အကုသိုလ်ကံကြောင့်

အနှစ်သိန်းပေါင်းများစွာ ငရဲ၌ ကျက်ခဲ့ရ ခံခဲ့ရလေပြီ၊ ယခု အခါမှာ ထိုအကုသိုလ်ကံ၏ အကျိုးအကြွင်းအကျန် အဖြစ်ဖြင့် ဤသို့သော အရိုးစုပြိတ္တာ ဖြစ်၍ ဆင်းရဲခံနေရလေသည်-ဟု မိန့်တော်မူပါတယ်။

ဒီမိန့်ခွန်းတော်ထဲမှာ ငါ၏ တပည့်သာဝကများ ဥာဏ်မျက်စိ ရှိကြပါပေစ၊ ·သက်သေအရာ တည်ကြပါပေစ- ဆိုတဲ့စကား ရပ်ဖြင့် ·ဒီလိုပြိတ္တာကို သာမန်ပုဂ္ဂိုလ်တွေ မမြင်နိုင်ဘူး၊ ထူးခြားတဲ့ အဘိညာဉ် မျက်စိရှိတဲ့ ပုဂ္ဂိုလ်ထူးများသာ မြင်နိုင်တယ် ဆိုတဲ့အကြောင်း သိရပါတယ်။ ဒါကြောင့် ယခုခေတ် သိပ္ပံပညာဖြင့် မတွေ့ရတာနဲ့ ဒီလိုသတ္တဝါမျိုး မရှိဘူးလို့ မငြင်းပယ်သင့်ဘူးဆိုတာကို နားလည်သင့်ပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရားက ကိုယ်တော်တိုင် တွေ့မြင်ပြီးဖြစ်ပေမဲ့ သက်သေမရှိယင် တခြားက အထောက်အထား မရှိဘူးဆိုပြီး ပယ်ကြလိမ့်မယ်၊အဲဒီလိုပုဂ္ဂိုလ်တွေအား အကုသိုလ် မဖြစ်စေလိုဘဲ့အတွက် မဒေါ်ပြောကြားဘဲ နေခဲ့တယ်၊ အရှင် မဟာမောဂ္ဂလာန် သက်သေအရာတည်တော့မှ ထုတ်ဖော်ပြီး ပြောကြားတယ်ဆိုဘဲ့ အဓိပ္ပါယ်ရှိတဲ့ စကားရပ်ဖြင့်လဲ ကိုယ်မတွေ့တိုင်း ငြင်းပယ်ပြီး အပြစ်ပြောယင် အကုသိုလ်ပွါးပြီး အပါယ်လားနိုင်တယ် ဆိုတာကိုလဲ သဘောပေါက်သင့်ပါတယ်။

ဒီအရိုးစုပြိတ္တာအကြောင်းထဲမှ ပြောလိုရင်းကတော့ ဂုဇ္ဇဂြိုဟ်မြို့မှာ လူဖြစ်စဉ်က စားဝတ်နေရေးအတွက်. နွားတွေကို သတ်ခဲ့တယ်၊ အဲဒီလို သတ်ဖြတ်ပြီး သူ့ခန္ဓာဝန်ကို ပြုစုမွေးမြူခဲ့တဲ့

အတွက် အနှစ် သိန်းပေါင်းများစွာ ငရဲဒုက္ခတွေကို ခံစားခဲ့ရတယ်။ အဲဒီငရဲမှ လွတ်ပြန်တော့လဲ အဲဒီနှားသတ်မှု ကံကြောင်းကြောင့် အရိုးစုပြိတ္တာကြီးဖြစ်ပြီး လင်းတ ကျီး စွန်တွေ သို့မဟုတ် အဲဒီလို အကောင်သဏ္ဌာန်ရှိတဲ့ အရာတွေက နောက်မှလိုက်ပြီး ဆိတ်ကြ ထိုးဆွကြတာကို မချိမဆံ့ ခံနေရရှာတယ်။ အဲဒါတွေဟာ ခန္ဓာဝန်လေးတာနဲ့စပ်ပြီး မှတ်ဗိုရာ ပြောလိုရင်းပါဘဲ။

အသားတုံးပြိတ္တာ

နောင်တချိန်မှာတော့ အရှင်မဟာမောဂ္ဂလာန်က အသားတုံးပြိတ္တာကြီးကို တွေ့မြင်ပြန်တယ်၊ အဲဒီ အသားတုံးပြိတ္တာကြီးကိုလဲ လင်းတတွေ ကျီးတွေ စွန်တွေက လိုက်ပြီး ထိုးကြဆိတ်ကြတယ်၊ အသားတုံးပြိတ္တာကြီးက နာကျင်ရှာလွန်းလို့ အင်မတန် စူးရှကျည်လောင်တဲ့အသံနဲ့ ဟစ်အော် မြည်တမ်းပြီး ပြေးနေရရှာတယ်၊ အဲဒါကိုလဲ အရှင်လက္ခဏာက မြတ်စွာဘုရားရှေ့မှာ မေးပါတယ်၊ အရှင်မောဂ္ဂလာန်က သူမြင်ခဲ့ပုံအကြောင်း အရာ အလုံးစုံကို ပြန်ပြောပါတယ်၊ အဲဒီလို မြတ်စွာဘုရားရှေ့မှာမှ ပြောရခြင်း၏ အကြောင်းကတော့ မှန်ကန်ကြောင်း မြတ်စွာဘုရားထံမှ ထောက်ခံချက် ရလိုတဲ့အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အရှင်မဟာမောဂ္ဂလာန် ပြောတဲ့အတိုင်း မှန်ကန်ကြောင်း၊ ကိုယ်တော်တိုင်လဲ ဘုရားဖြစ်မည့်ညဉ့်ကပင် တွေ့မြင်ခဲ့ပြီး ဖြစ်ကြောင်း သက်သေခံမည့်သူ မရှိသေး၍ မဟာခဲ့သေးကြောင်းများကို မိန့်တော်

မူပြီးတော့ အဲဒီပြိတ္တာ၏ အတိတ်အကြောင်းကိုလဲ ဒီလိုဟော တော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧသော သတ္တော၊ ဤ အသားတုံး ပြိတ္တာ သတ္တဝါသည်။ ဣမသ္မိं ယေဝ ရာဇဂဟေ၊ ဤရာဇ ဂြိုဟ်မြို့၌ပင်လျှင်။ ဂဝါဃာတကော အဟောသိ၊ နွားသတ် သမားဖြစ်ခဲ့ဘူးလေပြီစသည်ဖြင့် နွားသတ်သမားဖြစ်စဉ်ကပြုခဲ့တဲ့ နွားသတ်မှုအကုသိုလ်ကံကြောင့် ငရဲ၌အနှစ်သိန်းပေါင်းများစွာ ကျက်ခဲ့ရ ခံစားခဲ့ရကြောင်း၊ အဲဒီငရဲမှ လွတ်လာတဲ့အခါ အဲဒီကံကြွင်းကြောင့် အသားတုံးပြိတ္တာကြီးဖြစ်ပြီး ဒုက္ခခံနေရတဲ့ အကြောင်းများကို ဟောကြားတော်မူပါတယ်။

ဒီနေရာမှာအရိုးစုပြိတ္တာနဲ့ အသားတုံးပြိတ္တာ ဘာထူးသလဲလို့ ဆိုယင် နွားသတ်တဲ့ အကုသိုလ်ကံချင်းတော့ တူပါတယ်၊ ဒါပေမဲ့ ငရဲမှ စုတေခါနီးမှာ ကမ္မနိမိတ်ထင်ပုံချင်း ထူးလို့ ပြိတ္တာဖြစ်တဲ့အခါလဲ ထူးနေပါတယ်၊ ပဌမနွားသတ်သမားမှာ ငရဲမှ စုတေခါနီးတုင် နွားသတ်စဉ်ကာလက အသားတွေကို လှီးခြစ်ပြီး ပုံထားတဲ့ အရိုးစုအရိုးပုံ ကမ္မနိမိတ် ထင်ခဲ့တယ်၊ ဒါကြောင့် အဲဒီအရိုးစုကိုစွဲပြီး ငရဲမှ စုတေလာတဲ့အခါ အဲဒီ အာရုံနိမိတ်နှင့်တူတဲ့ အရိုးစုပြိတ္တာကြီး ဖြစ်ရပါသတဲ့။ နောက် ဒုတိယနွားသတ်သမားမှာတော့ အမဲသားတုံး ကမ္မနိမိတ် ထင် ခဲ့ဘယ်၊ အဲဒီအမဲသားတုံးကြီးကိုဘဲစွဲပြီး ငရဲမှစုတေလာတဲ့အခါ အဲဒီအာရုံနိမိတ်နှင့်တူတဲ့ အသားတုံးပြိတ္တာကြီး ဖြစ်ရပါသတဲ့၊

အဲဒါဟာကံချင်းတူပေမဲ့ ကမ္မနိမိတ်ထင်ပုံချင်းမတူလို့ ဖြစ်ပုံချင်းမတူတဲ့ ထူးခြားပုံပါဘဲ။

အသားစုပြိတ္တာ

နောက်ပြီးတော့ အသားစုပြိတ္တာကိုလဲ တွေ့ရတယ်၊ အဲဒါကိုလဲ မြတ်စွာဘုရားက ငှက်မူဆိုးဖြစ်ခဲ့ကြောင်း စသည်ဖြင့် ထုတ်ဖော် ဟောကြားတော် မူပါတယ်။

အရေခွံမရှိတဲ့ပြိတ္တာ

နောက်ပြီးတော့ အရေခွံမရှိဘဲ သွေးသံရဲရဲနဲ့ ပြိတ္တာကြီးကိုလဲ တွေ့ရတယ်၊ အဲဒါကိုလဲ မြတ်စွာဘုရားက သိုးဆိတ်သတ်သမား ဖြစ်ခဲ့ကြောင်း စသည်ဖြင့် ဟောကြားတော်မူပါတယ်။

သန်လျက်မွေးတွေနဲ့ပြိတ္တာ

နောက်ပြီးတော့ သန်လျက်မွေးတွေနဲ့ ပြိတ္တာကိုလဲ တွေ့ရတယ်၊ အဲဒီပြိတ္တာမှာ သူ့ကိုယ်မှာ အမွေးသဖယ် ဖြစ်နေတဲ့ ဓားသန်လျက်တွေက ကောင်းကင်ကို ပျံတက်ပြီး သူ့ကိုယ်ပေါ်မှာ ပြန်ပြန်ကုကြသတဲ့၊ ကံအကျိုးပေးပုံမျိုး သိပ်ဆန်းကြယ်တာဘဲ၊ ဘယ်ကိုမှ ပြေးလို့ တိမ်းရှောင်လို့ မရဘူးတဲ့၊ ကြောက်စရာပါဘဲ၊ အဲဒီ သန်လျက်တွေကတော့ သူ့ကံအားလျော်စွာ ဖြစ်နေကြတယ်ဆိုတာ ထင်ရှား ပါတယ်၊ ဘီလူးအစရှိတဲ့ တစုံတယောက်က ပြုလုပ်တယ်လို့တော့ ဆိုဘွယ်ရာ မရှိပါဘူး၊ ဒါကြောင့် အရိုးစုပြိတ္တာ စသည်ကို လိုက်ပြီးထိုးကြ

ဆိတ်ကြတဲ့ လင်းတ စသည်တွေလဲ သူ့ကံအားလျော်စွာ ဖြစ်ပေါ်နေကြတဲ့ အတုအပ လင်းတစသည်တွေ ဖြစ်တယ်လို့ ယူယင် မသင့်စရာမရှိပါဘူး၊ သာပြီး သင့်ဘွယ်ရာသာရှိပါတယ်။ ဘာကြောင့်လဲဆိုယင် ဘီလူးတွေဆိုတော့ သူတို့မှာ တခြားကိစ္စတွေလဲ ရှိရမယ်၊ မောပန်းခြင်း ပျင်းရိငြီးငွေ့ခြင်းလဲ ရှိမယ်၊ ဒါကြောင့် အခါခပ်သိမ်း အမြဲတမ်းလိုက်ပြီး နှိပ်စက်ဖို့ ခဲယဉ်းပါတယ်၊ နှိပ်စက်မည့်သူမရှိဘဲ လစ်လပ်နေတဲ့ အချိန်လဲ ရှိနိုင်ပါတယ်။ ကံအားလျော်စွာ ဖြစ်နေတဲ့ အကောင်တုတွေဆိုတော့ အဲဒီလိုလစ်လပ်ခြင်းမရှိနိုင်ဘူး၊ သူ့ကံအားလျော်စွာ အမြဲတမ်းနှိပ်စက်ခြင်း ရှိနေနိုင်ပါတယ်၊ ဒါကြောင့် ကံအားလျော်ဌာ သန်လျက်အတုတွေကို ကံအားလျော်စွာ လင်းတစသည် အကောင်တုတွေက လိုက်ပြီး ထိုးကြ ဆိတ်ကြတယ်လို့ ဆိုတာက သာပြီး သင့်လျော်ပါတယ်။

လုံအမွေးတွေနဲ့ပြိတ္တာ

နောက်ပြီးတော့ လုံအမွေးတွေနဲ့ ပြိတ္တာကိုလဲ တွေ့ရတယ်၊ သူ့ကိုယ်မှာ အမွေးသဖွယ်ဖြစ်ရတဲ့ လုံတွေက ကောင်းကင်ကို ပျံတက်ပြီး သူ့ကိုယ်ပေါ်မှာ ပြန်ပြန်ကျပြီး စူးကြတယ်၊ အဲဒါဟာ သားလိုက်မှုဆိုးဖြစ်လို့တဲ့။

မြှားမွေးတွေနဲ့ပြိတ္တာ

နောက်ပြီးတော့ မြှားမွေးတွေနဲ့ ပြိတ္တာကိုလဲ တွေ့ရတယ်၊ သူ့မှာ အမွေးသဖွယ်ဖြစ်နေတဲ့ မြှားတွေက ကောင်းကင်ကို ပျံတက်ပြီး သူ့ကိုယ်ပေါ်မှာ ပြန်ပြန်ကျပြီး စူးကြတယ်၊ အဲဒါ

ဟာ ကာရဏီကခေါ်တဲ့ ညှင်းဆဲ နှိပ်စက်သူဖြစ်ခဲ့လို့တဲ့၊ မင်းပြစ်ဒဏ် သင့်တဲ့သူတွေကို သူကမြှားနဲ့ ထိုးဆူပြီး နှိပ်စက်ခဲ့တယ်၊ ဒါကြောင့် သူ့ကံအားလျော်စွာ မြှားတွေက သူ့ကိုလိုက်ပြီး ထိုးနေကြတာတဲ့၊ ကြောက်စရာပါဘဲ။

ကုမ္ဘဏ္ဍပြိတ္တာ

ကုမ္ဘဏ္ဍပြိတ္တာ ဆိုတာကိုလဲ အရှင်မဟာမောဂ္ဂလာန် တွေ့ရတယ်၊ ကုမ္ဘဆိုဟာ ရေအိုး၊ အဏ္ဍဆိုတာ လိင်၊ ရေအိုးကြီး လောက်ကြီးမားတဲ့ လိင်ရှိနေတဲ့ ပြိတ္တာကို ကုမ္ဘဏ္ဍပြိတ္တာလို့ ဆိုပါတယ်၊ သူက လူ့ဘဝတုန်းက ကောက်ကျစ် စဉ်းလဲတဲ့ တရားသူကြီး ဖြစ်ခဲ့တယ်၊ ကွယ်ဝှက်ရာမှာ တံစိုး လက်ဆောင် ယူပြီး မတရား စီရင် ဆုံးဖြတ်ခဲ့တယ်၊ အလှန် လေးလံကြီး မားတဲ့ အပြစ်ဒဏ်များကိုလဲ ပေးခဲ့တယ်၊ ဒါကြောင့် သူ့မှာ ဖုံးကွယ်ထားရမည့် အင်္ဂါဟာ မဖုံးကွယ်နိုင်အောင်လဲ ဖြစ်နေတယ်၊ အင်မတန်လေးလံတဲ့ လိင်ဥဝန်ကြီးကိုလဲ ဆောင်နေရတယ်၊ သွားယင်လဲ အဲဒီလိင်ညကြီးကို ထမ်းပြီးသွားရသတဲ့၊ ထိုင်ယင် အိပ်ယင်လဲ အဲဒီလိင်ညကြီးပေါ်မှာဘဲ ထိုင်ရ အိပ်ရသတဲ့၊ အဲဒီလို သွားရာ နေရာမှာလဲ လင်းတတွေ ကျီးတွေ စွန်တွေက လိုက်ပြီး ထိုးကြ ဆိတ်ကြတယ်။

ပြိတ္တာမျိုးစုံ

အရှင်မဟာမောဂ္ဂလာန် တွေ့ရကဲ့ ပြိတ္တာတွေက အမျိုးစုံ ပါဘဲ၊ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့လို့ အရေခွံမရှိဘဲ

ဒုက္ခ ရောက်နေရတဲ့ ပြိတ္တာမကြီးလဲ ပါတယ်၊ မိစ္ဆာအယူဝါဒ ကိုဖြန့်ခဲ့လို့ အရုပ်ဆိုးစွာ ဖြစ်နေတဲ့ နတ်ကတော် ပြိတ္တာမ်ကြီးလဲ ပါတယ်၊ ရဟန်းကျင့်ဝတ်တွေ ကောင်းကောင်း မကျင့်ခဲ့လို့ ရဟန်းအသွင် ရဟန်းမိန်းမအသွင်နဲ့ ဖြစ်နေတဲ့ ပြိတ္တာတွေလဲ ပါတယ်၊ အဲဒီပြိတ္တာတွေမှာ သက်နိုးကလဲ မီးရဲရဲတောက်နေတယ်၊ ကျောင်း အိပ်ရာတွေကလဲ မီးရဲရဲတောက်နေတယ်၊ ဒီပြင်လဲ ပြိတ္တာတွေ တော်တော်များပါသေးတယ်။

အဲဒီပြိတ္တာတွေဟာ လူ့ဘဝတုန်းက မိမိခန္ဓာဝန် ချမ်းသာရေးအတွက် မသင့်မလျော်တာတွေကို ပြုလုပ်ခဲ့ကြလို့ဘဲ၊ ဒါကြောင့် ဒီခန္ဓာဝန်ဟာ အလွန်လေးကြောင်း သိရပါတယ်၊ နောက်ပြီးတော့ ပေတဝတ္ထုမှာ ပြထားတဲ့ ပြိတ္တာတွေလဲ အများကြီး ရှိပါသေးတယ်၊ အဲဒါတွေထဲက တခုတော့ ဒီနေရာမှာ ပြောချင်သေးတယ်။

စီးပွားစုဆောင်းသည့် ပြိတ္တာမများ

ဘုရားလက်ထက်တော်ကာလတုန်းက ရာဇဂြိုဟ်မြို့မှာ အလေးမမှန်- တောင်းမမှန် စသည်ဖြင့် မတရားစီးပွား ဥစ္စာစုဆောင်းတဲ့ မိန်းမ လေးယောက်ရှိသတဲ့၊ အဲဒီ မိန်းမ လေးယောက်ဟာ ထောပတ်, ပျားရည်, ဆီ, စပါး စသည်တို့ကို မတရား ရောင်းဝယ်ပြီး စီးပွားဥစ္စာ စုဆောင်းနေရာက သေဆုံးသွားတဲ့အခါ အဲဒီမြို့ရဲ့အပြင်က ကျုံးဘေးမှာ ပြိတ္တာမတွေ ဖြစ်နေကြတယ်။ တညသောအခါမှာ သူတို့ရဲ့ ခင်ပွန်းဟောင်းတွေနဲ့ ဓနာက်

အိမ်ထောင်သည်တို့က သူတို့ ရှာဖွေစုဆောင်းထားခဲ့တဲ့ ငြီးပွား ဥစ္စာတွေ သုံးဆောင်နေကြပုံနဲ့ သူတို့မှာ ဆင်းရဲဒုက္ခ ရောက်နေ ကြရပုံများကို စဉ်းစားပြီး ငိုကြွေးမြည်တမ်း ကြပါတယ်။

အဲဒီအသံကို ကြားရတဲ့သူတွေက မကောင်းတဲ့ အတိတ်နိမိတ် လို့ယူဆပြီး အဲဒီနိမိတ်ဆိုးတွေ ပပျောက်အောင်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ ရဟန်းသံဃာတော်များနှင့် တက္ခ မြတ်စွာဘုရားကိုပင့်ပြီး ဆွမ်းကပ်ကြပါတယ်။ အဲဒီ ကြားရတဲ့ အသံကြောင့် သူတို့မှာ ကြောက်လန့်ကြတဲ့ အကြောင်းကိုလဲ လျှောက်ထားကြပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပါတယ်။

ဥပါသကာတို့.... အဲဒီ ကြားရတဲ့ အသံကြောင့် သင်တို့မှာ အန္တရာယ် တစုံတရာမျှ မရှိပါ၊ အမှန်စင်စစ်ကတော့ ပြိတ္တာမ လေးယောက်တို့ဟာ ဆင်းရဲဒုက္ခ အနှိပ်စက် ခံရတဲ့အတွက် သူတို့ ပြုမှားခဲ့တဲ့ အမှုကို ပြောကြားပြီး ငိုကြွေးမြည်ဗမ်းကြခြင်း သာ ဖြစ်တယ်လို့ မိန့်တော်မူပြီး အဲဒီ ပြိတ္တာမတွေ ငိုပုံကိုလဲ ဒီလို ဟောကြားတော်မူပါတယ်။

မယံ ဘောဂေ သံဟရိမှာ၊ သမေန ဝိသမေန စ။
တေ အညေ ပရိဘုဥ္ဇန္တိ၊ မယံ ဒုက္ခသ ဘာဂိနီ-ဘဲ့။

မယံ၊ ငါတို့သည်။ ဘောဂေ၊ စီးပွားဥစ္စာတို့ကို။ သမေနစ၊ ညီညွတ်သော နည်းလမ်းမှန်ဖြင့်ရင်း။ ဝိသမေန စ၊ မညီညွတ် မတရားသော နည်းလမ်းမှားဖြင့်ရင်း။သံဟရိမှာ၊ လူဘာဝတုန်းက ရှာမှီး စုဆောင်းခဲ့ကြလေကုန်ပြီ။ တေ၊ ငါတို့ စုဆောင်းထား

ခဲ့သော ထိုစီးပွားဥစ္စာတို့ကို။ အညေ၊ ငါတို့မှ တပါးသော ပုဂ္ဂိုလ်တို့သည်။ ပရိဘုဥ္ဇန္တိ၊ သုံးဆောင်ကြကုန်၏။ မယံ၊ ငါတို့မှာ မူကား။ ဒုက္ခသ ဘာဂိနီ၊ မစားရ, မသုံးရ ပြိတ္တာဘဝ ဆင်းရဲ၏ အဖို့အစုကိုသာ ရနေကြပါတကား-တဲ့။

သူတို့က မတရားသဖြင့် ပစ္စည်းဥစ္စာတွေကို ခဲခဲယဉ်းယဉ်းနဲ့ စုထားခဲ့ကြတယ်၊ သူတို့သေသွားတဲ့ အခါမှာ သူတို့ရဲ့ ခင်ပွန်းတွေက နောက်အိမ်သူ အသစ်တွေနဲ့ အဲဒီ ပစ္စည်းဥစ္စာတွေကို တပျော်တပါး သုံးဆောင်နေကြတယ်၊ သူတို့မှာတော့ ဒါနကုသိုလ် စသည်ကို မပြုရက်ပဲ မတရားသဖြင့် ပစ္စည်းရှာခဲ့ကြတဲ့ အတွက် ပြိတ္တာဘဝရောက်ပြီး စားသုံးစရာ မရှိ, နေထိုင်စရာ မရှိ အတိဒုက္ခ ရောက်နေကြရတယ် ဆိုတဲ့ အကြောင်းကို ပြောဆိုပြီး ငိုကြွေးရှာကြတာပါဘဲ၊ တယ် သနားစရာ ကောင်းတာဘဲ။

အဲဒါဟာ လူဘဝတုန်းက သူတို့ရဲ့ ခန္ဓာဝန်ကြီး ကောင်းစား ချမ်းသာစေလိုတဲ့အတွက် မတရားသဖြင့် ပစ္စည်းရှာခဲ့ကြတာဘဲ၊ သေတဲ့အခါကျတော့ သူတို့ရဲ့ ရည်ရွယ်ချက်အတိုင်း မဟုတ်ပဲ အလွန်ဆင်းရဲတဲ့ ပြိတ္တာ ခန္ဓာတွေကို ရနေရှာကြတယ်၊ အဲဒီဟာ ခန္ဓာဝန် လေးလံကြောင်း ထင်ရှားစေတဲ့ သာဓက တခုပါဘဲ၊ သတိပြုစရာလဲ အထူးကောင်းပါတယ်။

ယခုပြောခဲ့တဲ့ ပြိတ္တာတွေလိုဘဲ မိမိခန္ဓာဝန်ကို ကောင်းစား ချမ်းသာအောင် ရှာကြံပြုလုပ်နေရင်း အတိဒုက္ခ ရောက်နေကြတဲ့ အခြား ပြိတ္တာတွေ အကြောင်း သာဓက ဝတ္ထုတွေလဲ

အမျှားကြီးဘဲ ရှိနေပါသေးတယ်။ ဒါပေမဲ့ ယခုပြောခဲ့တာ လောက်ဆိုယင် သဘောပေါက်လောက်ပါပြီ။

ခန္ဓာဝန်လေးပုံ အဆက်

ယခုပြောလာခဲ့တာဟာ ခန္ဓာဝန်အတွက် ရှာကြံပြုစုရတာ ဝန်လေးကြောင်း တော်တော်စုံသွားပါပြီ။ အဲဒီမှာ ရုပ်ကိုယ်ကြီး အင်အား ပြည့်မြဲပြည့်ပြီး တည်နေနိုင်အောင် ကျွေးမွေးပြုစု ရတာက ရုပ်ခန္ဓာဝန်ကို ထမ်းဆောင်ရတာဘဲ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ပြည့်စုံအောင် ကျွေးမွေးပြုစုရတာက ဝေဒနာ ခန္ဓာဝန်ကို ထမ်းဆောင်ရတာဘဲ၊ အမြင်ကောင်း အကြားကောင်း စသည်ဖြစ်အောင် ပြုလုပ်ဆောင်ရွက်ရတာက ဝိညာဏ် ခန္ဓာဝန်ကို ထမ်းဆောင်ရတာဘဲ။ ဒီခန္ဓာဝန်သုံးမျိုး ထမ်း ဆောင်ရတာ ဝန်လေးပုံကဘော့ အလွန်ဘဲ ထင်ရှားပါတယ်။ ရုပ်ခန္ဓာကဆိုယင် ငါ ကြိုက်တာကျွေး၊ မကျွေးယင် ငါက နေမကောင်းဖြစ်ပြီး သေပြလိုက်မယ်၊ အာဃာတပြီး သေပြ လိုက်မယ်လို့ ခြိမ်းချောက်နေသလိုဘဲ ရှိနေပါတယ်။ ဝေဒနာ ကလဲ ငါ ကြိုက်ဟဲ့ အာရုံကောင်း ကလေးတွေကို ပေး၊ မပေး ယင် ငါက နာကျင်ကိုက်ခဲပြီး သေပြလိုက်မယ်၊ စိတ်ညစ်ပူပန်ပြီး သေပြလိုက်မယ် စသည်ဖြင့် ခြိမ်းချောက်နေသလိုဘဲ ရှိနေပါ တယ်။ စိတ်ဝိညာဏ်ကလဲ ကောင်းတဲ့ အဆင်း အသံ အစရှိတဲ့ အာရုံကောင်း ကလေးတွေကို ရှာပေး၊ မပေးယင် ငါက စိတ် မချမ်းသာစရာ ကြောက်လန့်စရာ တွေကိုပြပြီး သတ်လိုက်မယ် စသည်ဖြင့် အမြဲတမ်း ခြိုးခြောက်နေသလိုဘဲ ရှိနေပါတယ်။

နောက်ပြီးတော့ ကိုယ့် အလိုအတိုင်း ပြီးစီးပြည့်စုံအောင် ကြံစည်ရတာ သွားလာလုပ်ကိုင်ရတာ ပြောဆိုရတာတွေဟာ အဲဒီ အလိုနဲ့ စေတနာဆိုတဲ့ သင်္ခါရကွန္ဒာဝန်ကို ထမ်းဆောင်ရတာဘဲ။ သူကလဲ ငါ့ကို ကောင်းကောင်းဆောင်ပါ၊ ကောင်းကောင်း မဆောင်ယင် အလိုမပြည့်ဖြစ်ပြီး ဒုက္ခရောက်စေမယ်၊ ရာဇဝတ်မှုစသည် ဖြစ်စေပြီးတော့လဲ ဒုက္ခရောက်စေမယ်၊ သေသည်၏ အခြားမဲ့မှာလဲ ငရဲကိုကျစေမယ်၊ ပြိတ္တာဖြစ်စေမယ်၊ တိရစ္ဆာန်ဖြစ်ပြီး ဒုက္ခရောက်စေမယ် စသည်ဖြင့် အမြဲတမ်း ခြိမ်းခြောက်နေသလိုဘဲ ရှိနေပါတယ်။ ယခုလောကမှာ မသင့်မတော်တာကို ပြုမိ ပြောမိလို့ အကဲ့ရဲ့ခံရတာတွေ၊ ရာဇဝတ် အပြစ်ဒဏ် သင့်တာတွေဟာ ဒီသင်္ခါရကွန္ဒာဝန်ကို မထမ်းနိုင် မစောင့်နိုင်လို့ပါဘဲ။ အပါယ် ၄-ပါးကျရောက်ပြီး နေကြရတဲ့ သူတွေဟာလဲ ဒီသင်္ခါရကွန္ဒာဝန်ကို မထမ်းနိုင် မစောင့်နိုင်ကြလို့ပါဘဲ။ လူဖြစ်ပါလျက် သူများလို မဟုတ်ပဲ အသက်တိုခြင်း အနာများခြင်း စီးပွားဥစ္စာချို့တဲ့ခြင်း အခြေအရံမဲ့ခြင်း ဘေးရန်အန္တရာယ်များခြင်း စသည်ဖြင့် မကောင်းကျိုးတွေကို တွေ့နေကြရတာဟာလဲ ဒီသင်္ခါရကွန္ဒာဝန်ကို နေသားတကျ မထမ်းဆောင်နိုင်ကြလို့ပါဘဲ။

နောက်ပြီးတော့ စိတ်ပျက်စရာ စိတ်ညစ်စရာ ရှုံ့စရာ မုန်းစရာ အာရုံတွေ စိတ်ထဲ စွဲကျန်မနေရအောင် အကျိုးစီးပွား ဖြစ်စေတတ်တဲ့ အဘတ်ပညာ အသိအလိမ္မာ စသည်တွေ့ စိတ်ထဲ စွဲမြဲပြီး မှတ်မိနေအောင် အားထုတ်နေရတာတွေ့ဟာ သညာခန္ဓာဝန်ကို

ထမ်းဆောင် နေရတာတော့ပါဘဲ။ သူကလဲ ငါ့ကို ကောင်းတဲ့အာရုံတွေကိုပေး၊ မပေးလို့ရှိယင် မကောင်းတာတွေကို စဲမှတ်ထားပြီး စိတ်ဆင်းရဲအောင် အဲဒါတွေကို ထပ်တလဲလဲ ငါကပြနေမယ်၊ အကျိုးမဲ့အမှုတွေကိုလဲ စဲမှတ်ထားပြီး အဲဒီအကျိုးမဲ့အမှုတွေကိုလဲ လမ်းညွှန်ပြမယ် စသည်ဖြင့် ခြိမ်းချောက်နေသလိုဘဲ ရှိနေပါတယ်။ ယခု လူတွေ စိတ်ညစ်စရာကို အမှတ်ရပြီး စိတ်ညစ်နေကြရတာ၊ ပူပန်စရာတွေကို အမှတ်ရပြီး ပူပန်နေကြရတာတွေဟာ ဒီသညာကွန္ဓာဝန်ကို နေရာတကျ မထမ်းဆောင်နိုင်ကြလို့ပါဘဲ။ အကျိုးမဲ့ ဖြစ်စေမည့် အမှုတွေကို အကောင်းထင်ပြီး ပြုမှားကြတာ၊ အဲဒီလိုပြုမှားမိတဲ့အတွက် ယခုမျက်မှောက်မှာရော နောင်တမလွန်မှာရော ဒုက္ခ ရောက်နေကြရတာတွေဟာလဲ ဒီသညာကွန္ဓာဝန်ကို နေရာတကျ မထမ်းဆောင်နိုင်ကြလို့ပါဘဲ။

ယခုပြောခဲ့တဲ့အတိုင်း ထမ်းဆောင်ဘို့ရာ ဝန်လေးတဲ့အတွက် ဒီဥပါဒါနကွန္ဓာ ငါးပါးကို ဘာရ=လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးဘွဲ့လို့ မြတ်စွာဘုရားက ဟောကြားတော် မူခဲ့ပါတယ်။

နောက်ပြီးဘာ့ ဒီခန္ဓာဝန်ထုပ်ကြီးတွေ ထမ်းဆောင်နေရတာက မိနစ်ပိုင်း နာရီပိုင်းမျှလဲ မဟုတ်ဘူး၊ ရက်ပိုင်းလပိုင်းမျှလဲ မဟုတ်ဘူး၊ နှစ်ပိုင်းမျှလဲ မဟုတ်ဘူး၊ တဘဝ နှင်ဘဝ ဆယ်ဘဝ ဘဝ တရာတထောင်စသည် ဘဝပိုင်းမျှလဲ မဟုတ်ဘူး၊ တစ်ကမ္ဘာ နှစ်ကမ္ဘာစသည် ကမ္ဘာပိုင်းမျှလဲ မဟုတ်ဘူး၊ အမှန်မှာတော့ ကမ္ဘာကုဋေ အသခြေ့်တို့ဖြင့် မရေတွက် မပိုင်း

ခြားနိုင်ကဲ့ အစမထင်တဲ့ သံသရာခရီးစဉ် တလျှောက်လုံး ထမ်းဆောင်နေကြရတာဘဲ၊ အရဟတ္တမဂ်ဖိုလ်သို့ မရောက်သေးသမျှ ကိုလေသာ မကင်းသေးသမျှ ကာလပတ်လုံး အမြဲတန်း ထမ်းဆောင်နေကြရတာဘဲ။ အရဟတ္တ မဂ်ဖိုလ်ရောက်လို့ ကိုလေသာကင်းပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေတောင်မှ ပရိနိဗ္ဗာန်မစံရသေးမီ အတွင်းမှာတော့ ဒီခန္ဓာဝန်ထုပ်ကြီးတွေကို ထမ်းဆောင်နေကြရသေးတာဘဲ။ ဒါကြောင့် ပရိနိဗ္ဗာန်စံရမည့် အချိန်ကို ဆင်ခြင်တဲ့ ရဟန္တာ အရှင်မြတ်တွေက—

ကိုဝ စိရံ နုခေါ အယံ ဒုက္ခဘာရော ဝဟိတဗ္ဗော-လို့ ဆင်ခြင်တော်မူကြပါတယ်။

အယံ ဒုက္ခဘာရော၊ ဆင်းရဲလှစွာသော ဤခန္ဓာငါးပါးဝန်ထုပ်ကြီးကို။ ကိုဝစိရံ၊ ဘယ်မျှလောက်ကြာအောင်။ ဝဟိတဗ္ဗော နုခေါ၊ ဆောင်ရမှာပါလိမ့်မလဲ-လို့ ဆင်ခြင်တော်မူကြပါတယ်။

ရဟန္တာ ပုဂ္ဂိုလ်မှာလဲ ခန္ဓာဝန်ကြီးက ရှိနေတော့ မလွဲမရှောင်သာလို့ ထမ်းဆောင်နေရတာဘဲ၊ အချိန်တန်ယင် အစာအာဟာရအတွက် ဆုမ်းခံကြရတယ်၊ ရေချိုးတန်ယင်လဲ ရေချိုးပေးရတယ်၊ ကျင်ကြီး ကျင်ငယ် အစရှိတဲ့ အညစ်အကြေးတွေကိုလဲ သုတ်သင်ပေးရတယ်၊ ဂူရိယာပုထ် မျှအောင် ကျန်းမာရေးလဲဖြစ်အောင် ဂူရိယာပုထ်မျှားကိုလဲ ပြုပြင်ပေးရတယ်၊ ကျိန်းစက်တန်ယင် ကျိန်းစက်ပေးရတယ်။ ဒါတွေဟာ ခန္ဓာ

ဝန်ကြီးရှိနေလို့ သင့်လျော်အောင် ပြုပြင်ပြီး ထမ်းဆောင်နေရတာတွေ့ပါဘဲ။

ဝန်ထုပ်ကို သဘောကျနေယင် လေးတယ်မထင်

ပုထုဇဉ်တွေမှာတော့ နှစ်သက်သာယာတဲ့ တဏှာက ရှိနေလို့ ဒီခန္ဓာဝန်တွေကို လေးမှန်းမသိဘူး၊ ခန္ဓာဝန်လေးတဲ့အကြောင်းယခုလို ဟောပြောနေတာကို ကြားရပေမဲ့ လေးတယ်လို့ တချို့ကမထင်ဘူး၊ အလကား ကြံ့ကြံ့ဖန်ဖန် အပြစ်ရှာပြီးပြောနေတာဘဲ၊ ဒီခန္ဓာတွေ ရှိတဲ့အတွက် ကောင်းနေတာတွေလဲ အများကြီးရှိနေဘာဘဲ၊ ကောင်းတာတွေကို မြင်ရတယ်၊ ကောင်းတာတွေကို ကြားရတယ်၊ နံရတယ်၊ စားရတယ်၊ ကောင်းတဲ့အတွေ့အထိတွေနဲ့ တွေ့ထိရတယ်၊ ကိုယ်သိချင်တာတွေကို သိရတယ်၊ ဒါတွေ့ဟာ အကောင်းတွေ ချည်းဘဲ-လို့ ဒီလိုလဲ တချို့က ထင်နေကြတယ်။ နှစ်သက်သာယာမှု တဏှာရှိနေလို့ အပြစ်မမြင်နိုင်ဘဲ ရှိနေတာပါဘဲ။

ဥပမာအားဖြင့် လူဘယောက်ဟာ မိမိ၏မယားကို အလွန်ချစ်နေတယ် ဆိုပါဘော့၊ အဲဒီမိန်းမ၏ အပြစ်ကို အခြားသူများက ပြောသော်လဲ သူကိုယ်တိုင်က တွေ့ရတာလဲ မဟုတ်၊ သူ့ရှေ့မှာဘော့ ချစ်ဖွယ် အပြောအဆို အပြုအမူများကိုသာ တွေ့နေရတယ်ဆိုယင် အဲဒီလူက သူ့မယားအပေါ်မှာ အပြစ်မမြင်နိုင်ဘူး၊ အပြစ်မရှိနိုင်ဘူး၊ အခြားသူတွေပြောတဲ့အတိုင်း မဟုတ်နိုင်ဘူးလို့သာ ထင်နေတယ်ဆိုပါတော့၊ အဲဒါမျိုးပါဘဲ၊ တဏှာရှိတဲ့သူတွေက ဒီခန္ဓာဝန်တွေကို လေးတယ်လို့မထင်ဘူး။

ဘာရသုတ္တန် တရားတော်ကြီး

အပြစ်မြင်မှု လေးမှန်းသိသည်

ဒါပေမဲ့ အိုမင်းမစွမ်းဖြစ်လို့ ကိုယ်သွားချင်တိုင်းလဲ မသွားနိုင်၊ ကိုယ်စားချင်တိုင်းလဲ မစားနိုင်၊ ကိုယ်အလိုရှိတိုင်းလဲ မအိပ်နိုင်၊ ကိုယ့်အလိုအတိုင်းလဲ မပြီးတဲ့အခါမျိုး ကျဘော့ ဒီခန္ဓာဝန်ကြီး လေးတယ်ဆိုတာ အတော်အတန် ရိပ်မိပြီး သဘောပေါက်လာတတ်ပါတယ်။ မကျန်းမမာ ရောဂါဝေဒနာ အကြီးအကျယ် ဖြစ်တဲ့အခါလဲ သဘော ပေါက်တတ်ပါတယ်။ မိမိကိုယ်တိုင်ရော မိမိနဲ့စပ်တဲ့ သူတွေရော ဘေးရန်အန္တရာယ် တွေနဲ့ တွေ့ရတဲ့အခါမှာလဲ ခန္ဓာဝန်ကြီး လေးတယ် ဆိုတာ သဘောပေါက် တတ်တယ်။

ရဟန္တာမှာတော့ နှစ်သက် သာယာတတ်တဲ့ တဏှာကလုံးဝ မရှိတော့ဘူး၊ ဒါကြောင့် ဒီခန္ဓာဝန်လေးပုံကို အထူးမဆင်ခြင်ရတော့ဘဲ သူ့သဘော အတိုင်းပင် ကောင်းကောင်းကြီး မြင်နေပါဘယ်။ ဥပမာအားဖြင့် ခုနက ပြောခဲ့တဲ့ ဥပမာထဲက လူဟာ အခြားတပါးသော ယောကျ်ားနှင့် မိမိမယား ဖောက်ပြန်နေတာကို ကိုယ်တိုင်တွေ့ပြီး မိမိအသက်ကိုပါ အန္တရာယ်ပြုနိုင်မည့် အခြေအနေကို တွေ့ရယင်တော့ အဲဒီမယားအပေါ်မှာ မည်သူကမျှ မပြောရဘဲ သူ့ဟာသူပင် ကောင်းကောင်း အပြစ်မြင်နေသလိုပါဘဲ။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်က ဆင်းရဲလှာ့ဲ ဒီခန္ဓာဝန်ထုပ်ကြီးကို ဘယ်လောက် ကြာအောင် ထမ်းဆောင်နေရမှာပါလိမ့်မလဲ-လို့ ဆင်ခြင်ပါတယ်။

ယခုလောကမှာ လေးပါတယ်ဆိုတဲ့ ဝန်ထုပ်တွေကတော့ ခေတ္တခဏမျှသာ ထမ်းဆောင် ကြရပါတယ်၊ မကြာခင်ဘဲ ပခုံးပေါ်မှ ပစ်ချလိုက်ရတာဘဲ၊ အဲဒီလိုပစ်ချလိုက်တော့ တခါတည်း ပေါ့သွားပါတယ်၊ ဒီခန္ဓာဝန်ကတော့ အဲဒီလို တခဏကလေး ထမ်းဆောင်ရတာ မဟုတ်ဘူး၊ ခုနက ပြောခဲ့တဲ့ အတိုင်း ကမ္ဘာအသခ်ေၢနဲ့တောင် မရေတွက်နိုင်တဲ့ သံသရာကာလ တလျှောက်လုံး အမြဲမပြတ် ထမ်းဆောင်လာခဲ့ကြရတယ်၊ ယခုလဲ ထမ်းဆောင်နေရတုန်းဘဲ၊ ကိုလေသာကင်းလို့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတဲ့အခါကျမှ ချရမှာ။ ဒါကြောင့် အလေးတကာ့ အလေးဆုံး ဝန်ထုပ်ကြီး ဖြစ်ပါတယ်။ အဲဒီလို အလေးဆုံးဖြစ်တဲ့အတွက် မြတ်စွာဘုရားက—

ငလေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲလို့ မေးလျှင် (ပဉ္စုပါဒါနက္ခန္ဓာတိသ ဝစနီယံ) ဥပါဒါနက္ခန္ဓာငါးပါးဘဲ-လို့ ဖြေဆိုပါတဲ့။ ကဲ အဲဒါ ပိုပြီး ထင်ရှားသွားအောင် ဆိုလိုက်ကြဦးစို့။

ငလေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။
ငါ, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါး တရားဘဲ။

ဝန်ထုပ်ကို ထမ်းဆောင်နေသူ

ဝန်ထုပ်အကြောင်းကတော့ သဘောပေါက် လောက်ပါပြီ၊ ယခုဝန်ထုပ် ထမ်းသမားအကြောင်းကို ဟောရမယ်၊ အဲဒါကို မြတ်စွာဘုရားက ဒီလိုမေးခွန်းထုတ်ပြီး ဖော်ပြထားပါတယ်။

ကတမော စ ဘိက္ခဝေ ဘာရဟာရော။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာရဟာရော၊ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်သောသူသည်၊ ကတမော စ၊ အဘယ်သူပါနည်း။ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်နေတယ်ဆိုတာက ဘယ်သူလဲလို့ ဆိုယင်—

ပုဂ္ဂလောတိဿ ဝစနီယံ၊ ယ္ဒါယံ အာယသ္မာ ဧवံ နာမော ဧवံ ဂေါတ္တော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရဟာရော။

ပုဂ္ဂလောတိ၊ ပုဂ္ဂိုလ်ပင်ဟူ၍။ ဝစနီယံ၊ ဖြေဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ယ္ဒါယံ အာယသ္မာ၊ အကြင်အရှင်သည်။ ဧवံ နာမော၊ တိဿ ဒတ္တ-စသည်ဖြင့် ဤသို့သော အမည်ရှိ၏။ ဧवံ ဂေါတ္တော၊ ကဏ္ဍာယန ဝစ္ဆာယန-စသည်ဖြင့် ဤသို့သော အနွယ်ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ တိဿ ဒတ္တ-စသည် အမည်ရှိသော ကဏ္ဍာယန ဝစ္ဆာယန-စသည် အနွယ်ရှိသော ဤပုဂ္ဂိုလ်ကို။ ဘာရဟာရော၊ ဝန်ထုပ်ဝန်ပိုး ထမ်းဆောင်သူ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါတယ်-တဲ့။

ဝန်ထုပ်ဝန်ပိုး ထမ်းနေတဲ့သူဆိုတာ တခြားမဟုတ်ပါဘူး၊ တိဿ ဒတ္တ-စသည်ဖြင့် ခေါ်ဝေါ်ရတဲ့ပုဂ္ဂိုလ်ပါဘဲတဲ့၊ အနွယ်နဲ့ ပြောရမယ်ဆိုယင် ကဏ္ဍာယနမျိုး ဝစ္ဆာယနမျိုးလို့ ပြောရတဲ့ ပုဂ္ဂိုလ်ပါဘဲဘဲ့။ ဗမာအနေနဲ့ ပြောရ ယင်တော့ မောင်ဖြူ မဖြူ မောင်စိန် မစိန် စသည်ဖြင့် ခေါ်နေရတဲ့ ပုဂ္ဂိုလ်ပါဘဲ။ ဘုရားလက်ထက်တော် ကာလတုန်းက ကဏ္ဍာယန အမျိုး အနွယ် ဝစ္ဆာယန အမျိုးအနွယ် စသည်ဖြင့် အမျိုးအနွယ်နဲ့လဲ

ခေါ်လေ့ ရှိကြတယ်။ အရှင်မဟာကဿပ အရှင်ကစ္စာယနနဲ့ အရှင်ကောဏ္ဍည အစရှိတဲ့ အမည်တွေဟာ အနှယ်နဲ့ခေါ်တဲ့ အမည်တွေဘဲ။ ဗမာပြည်မှာတော့ အဲဒီလို အနှယ်နဲ့ ခေါ်တဲ့ အမည်ရယ်လို့ မထင်ရှားဘူး။

အဲဒီဒေသနာစကားထဲမှာ အာယသ္မာ အရှင် ဆိုတဲ့စကားပါတယ်၊ အဲဒီ စကားအရအားဖြင့် ရဟန်းများနဲ့သာ ဆိုင်တယ်၊ လူဝတ်ကြောင်များနဲ့ မဆိုင်ဘူးလို့ ဒီလိုဝေဘာ့ မဆိုရဘူး။ ဘာကြောင့်လဲဆိုယင် ရဟန်းများသာမဟုတ်ဘဲ လူဝတ်ကြောင်တွေရော ဒီပြင်သတ္တဝါတွေရော အကုန်လုံးပင် ခန္ဓာဝန်ကို ထမ်းဆောင် နေရတဲ့သူခုံ့ည်း ဖြစ်ကြောင်း ထင်ရှားနေလို့ပါဘဲ။ ဒါကြောင့် လောကဝေါဟာရအားဖြင့် ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ရတဲ့သူတွေဟူသမျှဟာ မိမိတို့၏ ခန္ဓာဝန်ကို ထမ်းဆောင်နေကြရတဲ့ သူချည်းပါဘဲ။

ဒီနေရာမှာ ခန္ဓာငါးပါးကို ဘာရ-ဝန်ထုပ် ခေါ်တယ်၊ ပုဂ္ဂိုလ်ကို ဝန်ထမ်းသူခေါ်တယ်လို့ ဆိုထားတဲ့အတွက် ခန္ဓာကတခြား+ပုဂ္ဂိုလ်ကတခြားလား၊ ခန္ဓာမှ အလွတ်ဖြစ်တဲ့ ပုဂ္ဂိုလ် ဆိုတာ အသီးအခြား ရှိပါသလားလို့ မေးစရာ ရှိပါတယ်။ ယခုကာလမှာ အတွေ့စဲ့ ရှိတဲ့သူတွေကတော့ ဒီလို ဒေသနာစကားမျိုးကို ရှာဖွေပြီး ပုဂ္ဂိုလ် သတ္တဝါ အတွေ့ဆိုတာကို ဘုရားက မပယ်ကြောင်း၊ ခန္ဓာမှ အလွတ် ပုဂ္ဂိုလ်သတ္တဝါ အတွေ့ဆိုတာ ရှိကြောင်း ပြောဆို ရေးသားတတ် ကြတယ်။ အဲဒါကတော့ သူတို့ရဲ့ စွမ်းရည်သတ္တိကို ဖေါ်ပြရုံမျှ ရှိတာပါဘဲ၊ မြတ်စွာ

ဘုရားဟောတဲ့ တရားတော်က အနတ္တတရား ဖြစ်ကြောင်း အင်မတန် ထင်ရှားနေပါတယ်- သာသနာ့ အပြင်အပက ပုဂ္ဂိုလ်တွေ ကြံစည်ယူဆထားတဲ့ အတ္တကို လုံးလုံးလျားလျား ပယ်ဘဲ့ တရားတော် ဖြစ်ပါတယ်။ အကယ်၍ အဲဒီအတ္တကို မပယ်ဘူးဆိုယင် ဘုရားဟောတဲ့ တရားဟာ အဲဒီသာသနာပ ပုဂ္ဂိုလ်တွေရဲ့ဝါဒနဲ့ တူနေမှာပေါ့၊ ဒီလိုဆိုယင် ဘုရားပဋ္ဌာန်ဘို့ တောင် မလိုပါဘူး။ အမှန်ကတော့ သာသနာပ ပုဂ္ဂိုလ်တွေရဲ့ ဝါဒက ခန္ဓာငါးပါးကိုပင် အတ္တလို့ ဆိုတာလဲရှိတယ်၊ ခန္ဓာ ငါးပါးက အဘွဲ့မဟုတ်ဘူး၊ အတ္တက သီးခြား အထည်ဒြပ်တခုလို့ ဆိုဟာလဲ ရှိတယ်၊ မြော်စ္ဓာဘုရား ' တရားတော်ကတော့ ခန္ဓာ ငါးပါးလဲ အတ္တမဟုတ်ဘူး၊ ခန္ဓာငါးပါးမှ အလွတ် သီးခြား အတ္တရယ်လို့ ဆိုတာလဲ ရှိကိုမရှိဘူးလို့ ပြတ်ပြတ်သားသား ဟော ထားတဲ့ဘရား ဖြစ်ပါတယ်။ ဒါပေမဲ့ လောကဝေါဟာရအတိုင်း ဟောသင့်တဲ့ အရာမှာတော့ ပြောရိုးဆိုစဉ်အရ အားဖြင့် ပုဂ္ဂိုလ် သတ္တဝါလို့ ဟောပါသေးတယ်၊ အဲဒါကတော့ ဒီခန္ဓာငါးပါး ကိုဘဲ ခေါ်ဝေါ်ရုံမျှအနေနဲ့ ဟောတာပါဘဲ။ နောက်ပြီးတော့ မိမိနှင့် သူတပါး ခွဲခြားပြီး ဟောဘဲ့နေရာတွေမှာလဲ အခြား သူတွေကို ပရ- သူတပါးလို့ ဟောပြီး မိမိကိုတော့ အတ္တလို့ ဟော တာလဲရှိပါတယ်။ ဘယ်လိုလဲ ဆိုတော့ကာ—

လောကဝေါဟာရ အတ္တ

အဘ္ဘာ ဟိ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ အားကိုးရာပေတည်း။ ပရော၊ မိမိမှ တပါးသော။ နာထော၊

မိမိ၏ အားကိုးရာသည်။ ကော ဟိ၊ ဘယ်သူ ဖြစ်အုံ့ ရှိအုံ့နည်း-လို့ ဒီလိုလဲ ဟောတာရှိပါတယ်။ ဒီဒေသနာမှာ ပရော— သူတပါး မဟုတ်တာကို အတ္တာ-မိမိလို့ ဟောထားပါတယ်၊ သူတပါးကိုတော့ အတ္တာ-လို့ မဟောပါဘူး၊ အဲဒါဟာ လောကမှာ ပြောဆိုရိုးအတိုင်း သူတပါး မဟုတ်တာကို လောကဝေါဟာရအတိုင်း အတ္တ—မိမိလို့ ပြောခြင်းမျှသာ ဖြင့်ပါတယ်၊ သာသနာပ ပုဂ္ဂိုလ်တွေ ယူဆထားတဲ့ အသက်ကောင် အတ္တကို ဆိုလိုတာ မ့ဟုတ်ပါဘူး။ နောက်ပြီးတော့—

အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ သူတပါးကို မသွန်သင် မဆုံးမမီ ရှေးဦးစွာ။ ပဋိရူပေ၊ သင့်လျော်သော ဂုဏ်အဆင့်၌။ နိဝေသယေ၊ ပုံသွင်း ပြုပြင်ထားလင့်ရာ၏။ အထ၊ ထိုသို့ ပုံသွင်း ပြုပြင်ထားပြီးသည်မှ နောက်ကာလ၌။ အညံ၊ မိမိမှတပါး အခြားသူကို။ အနုသာသေယျ၊ သွန်သင်ညွှန်ပြ ဆုံးမရာ၏—လို့ ဒီလိုလဲ ဟောတာရှိပါတယ်။ ဒီဒေသနာမှာလဲ အည— အခြားသူမဟုတ်တာကို အတ္တ—မိမိလို့ ပြောရိုးဆိုစဉ် အတိုင်း ဟောထားခြင်းမျှဖြစ်ကြောင်း အလွန်ထင်ရှားပါတယ်။ နောက်ပြီးတော့—

ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဒီပါ၊ မိမိကိုယ်လျှင် မှီရာကျွန်း-မြေ ကုန်းမြေ ရှိကြကုန်သည်ဖြစ်၍။ အတ္တသရဏာ၊ မိမိကိုယ်လျှင် အားကိုးရာရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊နေကုန်လော့။ အနညသရဏာ၊ မိမိမှတပါး အခြားကို အားမကိုးမူ၍ နေကြကုန်လော့။ ဓမ္မဒီပါ၊ သတိပဋ္ဌာန်စသော တရားလျှင် မှီရာကျွန်းမြေ ကုန်းမြေ ရှိကြကုန်သည်ဖြစ်၍။ ဓမ္မသရဏာ၊ တရားလျှင် အား

ကိုးရာ ရှိကြကုန်သည်ဖြစ်၍။ ဝိဟာရထ၊ နေကုန်လော့။ အနည်သရဏာ၊ တရားမှတပါး အခြားကို အားမကိုးမူ၍ နေကုန်လော့ လို့ ဒီလို ဟောတာလဲရှိပါတယ်။ အဲဒီမှာလဲ အတ္တ-မိမိဆိုတာ အည-သူတပါး မဟုတ်တာကို ဆိုလိုပါတယ်၊ ဘာကိုထောက်ပြီး သိရသလဲဆိုယင် အနည်သရဏာ- မိမိမှတပါး အခြားကို အားမကိုးကြနဲ့ ဆိုတဲ့စကားကို ထောက်ဆပြီး သိရပါတယ်။ မိမိမှတပါးဆိုတာ မိဘတို့ လင်မယား သားသမီးတို့ ဆွေမျိုးမိတ်ဆွေ ဆရာတို့ နတ် သိကြား ဗြဟ္မာ ဘုရားသခင်တို့ ဒီလိုဟာတွေကို ဆိုလိုပါတယ်။ နောက်ပြီးတော့ အဲဒီ အတ္တ—မိမိဆိုတာကလဲ မိမိသန္တာန်မှာ ဖြစ်ပွားစေအပ်တဲ့ သတိပဋ္ဌာန်အစရှိသော ဗောဓိပက္ခိယတရားတွေကို ဆိုလိုပါတယ်၊ ဒါကြောင့် ဓမ္မဒီပါ ဓမ္မသရဏာ- တရားလျှင် အားကိုးရာရှိပြီးနေကြ-လို့လဲ ထပ်ပြီး ဖော်ပြထားပါတယ်။ ဒါကြောင့် အဲဒီ ဒေသနာအရအားဖြင့်လဲ အတ္တဆိုတာ သူတပါးမဟုတ်တဲ့ မိမိကိုယ်ကို ဆိုတယ်၊ အဲဒီ မိမိကိုယ် ဆိုတာကလဲ မိမိသန္တာန်မှာ ဖြစ်ပွားစေအပ်တဲ့ သတိပဋ္ဌာန် အစရှိသော ဗောဓိပက္ခိယ တရားတွေကိုသာ ဆိုလိုတယ်၊ သာသနာပဋိဂ္ဂုလ်တို့ ယူဆစွဲလမ်းထားတဲ့ အသက်ကောင် အတ္တကို မဆိုလိုဘူးဆိုတာ အင်မတန် ထင်ရှားပါတယ်။ နောက်ပြီးတော့—

ပါပံ၊ မကောင်းမှုကို။ အတ္တနာ ကတံ၊ မိမိကိုယ်တိုင် ပြုအပ်သည်ဖြစ်ငြားအံ့။ အတ္တနာ၊ မိမိကိုယ်တိုင်။ သံကိလိသတိ၊ အပါယ်ဆင်းရဲ စသည်ဖြင့် ညှဉ်းဆဲမိ ပင်ပန်းရ၏။ ပါပံ၊

မကောင်းမှုကို။ အတ္တနာ အကတံ၊ မိမိကိုယ်တိုင် မပြုအပ်ငြားအုံ့။ အတ္တနာဝ၀၊ မိမိကိုယ်တိုင်ပင်လျှင်။ ဝိသုဒ္ဓတိ၊ လူ့ချမ်းသာ နတ်ချမ်းသာ စသည်ဖြင့် စင်ကြယ်ရ ချမ်းသာရ၏။ အညော၊ မိမိမှတပါးသောသူသည်။ အညံ၊ တပါးသောသူကို။ နဝိသော ဓယေ၊ မစင်ကြယ်စေ– မချမ်းသာစေနိုင်–လို့ ဒီလို ဟောတာလဲ ရှိပါတယ်။ အဲဒီမှာလဲ သူတပါး မဟုတ်တာကို အတ္တ–မိမိလို့ ဆိုလိုပါတယ်။ ဒါကြောင့် အခြားသူက အခြားသူကို မစင်ကြယ်စေနိုင်ဘူး= မချမ်းသာစေနိုင်ဘူးလို့လဲ ပြောင်းပြန် ပြန်ပြီး ပြဆိုထားပါတယ်။ နောက်ပြီးတော့--

လောကဝေါဟာရ ပုဂ္ဂိုလ် သတ္တဝါ

ဘိက္ခဝေ၊ ရဟန်းတို့။ စဘ္ဘာရော၊ ၄-ပါး ၄-မျိုးကုန်သော။ ဣမေပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ လောကသ္မိံ၊ လောကဌ။ သန္ဓော သံဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်၏-- စသည်ဖြင့် ပုဂ္ဂိုလ် ၄-မျိုး ရှိကြောင်း ဟောထားတာလဲ ရှိပါတယ်။ အဲဒီမှာလဲ လောကဝေါဟာရ– ပြောရိုး ပြောစဉ် အားဖြင့် မိမိအကျိုး ကျင့်တဲ့သူ, သူတပါးအကျိုး ကျင့်တဲ့သူ, နှစ်ပါးလုံးအတွက် မကျင့်တဲ့သူ, ကျင့်တဲ့သူဆိုတဲ့ ဒီ ၄-မျိုး ပြလို့၍ ဟောခြင်းဖြစ်ပါတယ်၊ သတ္တဝါ အတ္တကောင်ဆိုတဲ့ ပုဂ္ဂိုလ် ရှိတဲ့အကြောင်း ပြလို့၍ ဟောခြင်းမဟုတ်ပါဘူး။ ဒါကြောင့် အဲဒီလိုစကားကို ဘဲ အခိုင်အမာပြုပြီး လွဲမှားတဲ့ မိစ္ဆာအယူကို ကထာ၀တ္ထု ပါဠိတော်မှာ–

သဘ္ဘာ၊ အဘ္ဘကောင်ဆိုတဲ့ ပုဂ္ဂိုလ်ဆိုတာ မှန်သောသဘော မြတ်သော သဘောအားဖြင့် ရနိုင်ပါသလား ရှိပါသလား စသည်ဖြင့် မေးခွန်းထုတ်ပြီး ပယ်ထားပါတယ်။ နောက်ပြီးတော့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အနုရာဇသုတ် (နှာ-၉၇) မှာလဲ ဒီလိုဝိစစ်ပြီး အတ္တပုဂ္ဂိုလ်ဆိုတဲ့သတ္တဝါကောင်ဆိုတာ စင်စစ်အားဖြင့် မရှိကြောင်း ရှင်းလင်းပြီး ဟောကြားထားပါတယ်။

အနုရာဓ... ထိုအရာကို ဘယ်လိုထင်သလဲ၊ ရူပ်ကို (တထာဂတ) သတ္တဝါဟု ထင်ပါသလား။ မထင်ပါ အရှင်ဘုရား။ ဝေဒနာကို သညာကို သင်္ခါရတို့ကို ဝိညာဏ်ကို သတ္တဝါဟု ထင်ပါသလား။ မထင်ပါ အရှင်ဘုရား။ (ဒီအမေးအဖြေများဖြင့် ခန္ဓာငါးပါးဟာ စင်စစ်အားဖြင့် သတ္တဝါ ပုဂ္ဂိုလ်မဟုတ်ကြောင်း ပြပါတယ်။

အနုရာဓ....ထိုအရာကို ဘယ်လို ထင်သလဲ၊ ရူပ်၌ သတ္တဝါရှိသည်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ ရူပ်မှတပါး သတ္တဝါရှိသည်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ ဝေဒနာ၌၊ သညာ၌၊ သင်္ခါရတို့၌၊ ဝိညာဏ်၌ သတ္တဝါရှိသည်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ ဝိညာဏ်မှတပါး သတ္တဝါရှိသည်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ (ဒီအမေး အဖြေများဖြင့် ခန္ဓာငါးပါးနှင့် စပ်သော သို့မဟုတ် ခန္ဓာငါးပါးမှ အလွတ်ဖြစ်သော သတ္တဝါ ပုဂ္ဂိုလ်ဟူ၍ စင်စစ်အားဖြင့် မရှိကြောင်းကို ပြပါတယ်။)

အဲဒီသုတ်မှာ ရဟန္တာ ဖြစ်ပြီးသော အရှင်အနုရာဝ၏ အဖြေမျှားကို မြတ်စွာဘုရားက သာဓု ခေါ်တော်မူပြီးတော့ "အနုရာဝ....ငါဘုရားသည် ရှေးကရော ယခုရော ဒုက္ခနှင့် ဒုက္ခ၏ ငြိမ်းခြင်းကိုသာလျှင် ပညတ်ဟောကြား"သည်ဟူ၍လဲ နိဂုံးချုပ်အားဖြင့် ဟောကြားတော်မူပါတယ်။

ဒီနိဂုံးချုပ်စကားဖြင့် ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခနှင့် အဲဒီဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုသာ ဟောတယ်၊ အဲဒီ ခန္ဓာဒုက္ခနှင့် ချုပ်ငြိမ်းရာမှာပါ၊ အမြဲတမ်း တည်နေတဲ့ မူဂ္ဂိုလ် သတ္တဝါ အတ္တကောင် ဆိုတာကို မဟောဘူးလို့ သိစေပါတယ်။

မာရ်နတ်အမေး ဝဇီရာအဖြေ

ဒါကြောင့် "သတ္တဝါကို ဘယ်သူက ဖန်ဆင်းသလဲ၊ ဖန်ဆင်းတဲ့သူ ဘယ်မှာရှိသလဲ၊ သတ္တဝါဟာ ဘယ်မှာဖြစ်ပေါ်လာခဲ့သလဲ၊ ဘယ်မှာ ချုပ်ပျောက် သွားမည်လဲ"ဆိုတဲ့ မာရ်နတ်၏ မေးခွန်းကို ဝဇီရာဆိုတဲ့ ရဟန္တာထေရီမက ဒီလိုပြန်ကြားလိုက်ပါတယ်။

> ကိုံ နု သတ္တောတိ ပစ္စေသိ၊ မရ ဒိဋ္ဌိဂတံ နု တေ။
> သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

မာရ၊ ဟဲ့ မာရ်နတ်။ တုံ့၊ သင်သည်။ ကိုံ၊ ဘယ်အရာကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္စေသိ နု၊ ပဋိကြည်ထင်မှတ်ပါသနည်း။ တေ၊ သင်၏။ တံ၊ ထိုထင်မှတ်ခြင်းသည်။ ဒိဋ္ဌိ-ဂတံ နု၊ အယူမှား မဟုတ်ပါလော။ အယံ၊ အမှားက

သတ္တဝါဟု ထင်မှတ်နေသော ဤအရာသည်။ သုဒ္ဓသင်္ခါရ-ပုဒ္ဓေ၊ သင်္ခါရတရားအစုအပုံ သက်သက်မျှ သာတည်း။ ဣမ၊ ဤသင်္ခါရတရားအစု၌။ သတ္တော၊ သတ္တဝါကို။ နိ ဥပလဗ္ဘတိ၊ မရအပ်သည်သာတည်း။ ဝါ၊ စင်စစ်အားဖြင့် သတ္တဝါဟူ၍ မရှိသည်သာတည်း။

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧवं ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

ဟိ၊ ဥပမာဖြင့် ထင်စွာပြအံ့။ အင်္ဂသမ္ဘာရာ၊ ဘီး ဝင်ရိုး အစရှိသော အစိတ်အပိုင်းတို့၏ ပေါင်းစုမိခြင်းကြောင့်။ ဝါ၊ ပေါင်းစုမိလတ်သော်။ ရထောဣတိ သဒ္ဒေါ၊ ရထားဟူသော သဒ္ဒါအမည်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧवံ၊ ဤဥပမာအတူပင်လျှင်။ ခန္ဓေသု၊ ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ ရှိကုန်လတ်သော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟူသော အမည်ပညတ်သည်။ ဟောတိ၊ ဖြစ်လေတော့သည်။

ဒုက္ခံမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဧတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ဟိ၊ စင်စစ်အားဖြင့် သတ္တဝါဟူ၍ မရှိ, သင်္ခါရတရားအစုံ ခန္ဓာငါးပါးမျှသာ ရှိသည်ဟုဆိုသော ထိုစကား မှန်ပေ၏။ ဒုက္ခမေဝ၊ ခန္ဓာငါးပါး ဆင်းရဲ တရားမျှသည် သာလျှင်။ သမ္ဘောတိ၊ ဖြစ်ပေါ်၏။ ဒုက္ခံ၊ ဆင်းရဲတရားမျှသည်သာလျှင်။

တိဋ္ဌတိ၊ အဆက်ဆက်ပြစ်လျက် တည်လည်းတည်နေ၏၊ ဝေဒိ စ၊ ပျောက်လည်း ပျောက်ကွယ် ပျက်စီး၏။ အညြတ္ တ ဒုက္ခာ၊ ဆင်းရဲတရားကို ကြဉ်၍။ ဝ ါ၊ ဆင်းရဲမှုတပါး။ နု သမ္ဘောတိ၊ ဖြစ်သည်မဟုတ်။ ဒုက္ခာ အညံ၊ ဆင်းရဲမှုအခြားတပါးသော အရာ သည်။ နု နိရုစ္ဈတိ၊ ချုပ်ပျက်သည်လည်း မဟုတ်ပါ-လို့ ပြန်ကြား ဖြေရှင်းလိုက်ပါတယ်။

အဲဒီမှာ "ဖြစ်တယ်ဆိုတာလဲ ခန္ဓာငါးပါး ဆင်းရဲမှု ဖြစ်ပေါ် လာတာဘဲ၊ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ပေါ် လာတာမဟုတ်၊ တည်နေတယ်ဆိုတာလဲ ခန္ဓာငါးပါး ဆင်းရဲမှုသာ အဆက်ဆက် ဖြစ်ပြီး တည်နေတာဘဲ၊ ပုဂ္ဂိုလ်သတ္တဝါအကောင်လိုက် တကြို့ တည်း တည်နေတာမဟုတ်၊ ပျောက်ပျက် သွားတယ်ဆိုတာလဲ ခန္ဓာငါးပါး ဆင်းရဲမှုသာ ပျောက်ကွယ် ပျက်စီးသွားတာဘဲ၊ ပုဂ္ဂိုလ်သတ္တဝါ အကောင်လိုက် သေပျက်သွားတာ မဟုတ်"လို့ ဆိုတဲ့စကားဟာ အင်မတန် ပြတ်သား ရှင်းလင်းနေပါတယ်။

ဒါကြောင့် ဒီဘာရသုတ်မှာ "ခန္ဓာဝန်ကို ထမ်းဆောင်သူက ပုဂ္ဂိုလ်ဘဲလို့ ဆိုတာဟာ လောကဝေါဟာရအားဖြင့် ပြောဆိုတဲ့ စကားပါဘဲ၊ ခန္ဓာငါးပါး အပေါင်းကိုဘဲ လောကမှာ ပုဂ္ဂိုလ်လို့ ပြောဆိုနေကြပါတယ်၊ အဲဒီလို ပြောဆိုနေကြတဲ့ ပြောရိုး ဆိုစဉ်အရအားဖြင့် ခန္ဓာငါးပါးကိုဘဲ ပုဂ္ဂိုလ်လို့ဆိုလို့ ပါတယ်၊ ခန္ဓာငါးပါးမှ အလွတ် ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်က တခြားတပါး ရှိသေးဘယ်လို့တော့ မဆိုလိုပါဘူး။ လောကမှာ ပြောဆိုနေကြတဲ့ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာ

တော့ဟာ ခန္ဓာငါးပါးကိုစွဲပြီး ပြောဆိုရတဲ့ အမည်ပညတ်မျှ ချည်းပါဘဲ။ ဒါကြောင့် ဒီနေရာမှာ အဋ္ဌကထာက —

ပုဂ္ဂိုလ်ဆိုတာ အမည်ပညတ်မျှ ဖြစ်သည်

ဣတိ၊ ဝန်ထုပ်ကို ထမ်းဆောင်သူက ဘယ်ဟာလဲဆိုလျှင် တိသ ဒတ္တ-စသည်ဖြင့် ခေါ်အပ်သော ပုဂ္ဂိုလ်ဘဲဟု ဖြေဆိုရမည်ဟူသော ဤစကားဖြင့်။ ဝေါဟာရမတ္တသိဒ္ဓံ၊ လောကဝေါဟာရမျှဖြင့် ပြီးစီးထင်ရှားသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဘာရဟာရောတိ ကတ္တာ၊ ဝန်ထုပ်ကို ထမ်းဆောင်သူဟု ပြု၍။ ဒသေတိ၊ မြတ်စွာဘုရားက ပြတော်မူပါတယ်-လို့ ရှင်းလင်းဖော်ပြထားပါတယ်။

အဲဒီစကားဖြင့် ပုဂ္ဂိုလ်ဆိုတာ ခေါ်ဝေါ်ရုံမျှဘဲ။ အမည်ပညတ်မျှဘဲ၊ အထည်ဒြဗ် တရားကိုယ် အသီးအခြား မရှိဘူး၊ ခန္ဓာငါးပါးကိုဘဲ ပုဂ္ဂိုလ်လို့ခေါ်တယ်ဆိုတဲ့အကြောင်း ပြဆိုပါတယ်။

ဒါဖြင့် ပုဂ္ဂိုလ်ရယ်လို့ အသီးအခြား မရှိပါဘဲနဲ့ ဘာကြောင့် ဒီလို ဟောရပါသလဲလို့ မေးစရာလဲ ရှိပါတယ်။ လောကမှာ လူအများက ပုဂ္ဂိုလ်လို့ အသိအမှတ်ပြုပြီး ပုဂ္ဂိုလ်လို့ ပြောဆို နေကြတဲ့အတွက် ဒီလို ဟောမှာဘဲ အများက နားလည်ကြမယ်၊ ဒီလို မဟောဘဲ ခန္ဓာဝန်ကို ခန္ဓာတွေက ဆောင်နေတယ်လို့ ဟောယင် နားလည်ကြမှာ မဟုတ်ဘူး။

ဒါကြောင့် လောက ဝေါဟာရအတိုင်းဘဲ ဟောတော်မူခြင်း ဖြစ်ပါတယ်။

ဒေသနာတော် ၂-မျိုး

မြတ်စွာဘုရား ဟောတဲ့ တရားဒေသနာတော်က ပညတ်ဒေသနာ ပရမတ်ဒေသနာ အားဖြင့် ၂-မျိုးရှိပါတယ်။ ပုဂ္ဂိုလ်သတ္တဝါမိန်းမ ယောကျ်ား မင်း ပုဏ္ဏား နတ် လူ- စသည်ဖြင့် ဟောတဲ့ တရားမျိုးကို သမ္မုတိဒေသနာ- ပညတ်ဒေသနာ ခေါ်ပါတယ်။ အနိစ္စ ဒုက္ခ အနတ္တာ ခန္ဓာ အာယတန ဓာတ် သစ္စာ သတိပဋ္ဌာန်-စသည်ဖြင့် ဟောတဲ့ တရားမျိုးကိုတော့ ပရမတ္ထဒေသနာ- ပရမတ်ဒေသနာ ခေါ်ပါတယ်။ ထိုနှစ်မျိုးထဲက ပညာနဲ့ ဟောမှ တရားထူးကို ရနိုင်မည့် ပုဂ္ဂိုလ်များအတွက် ပညတ်ဒေသနာကို ဟောတော်မူပါတယ်။ ပရမတ်နဲ့ ဟောမှ တရားထူးကို ရနိုင်မည့် ပုဂ္ဂိုလ်များအတွက် ပရမတ်ဒေသနာကို ဟောတော်မူပါတယ်။ ဥပမာအားဖြင့် ဘာသာစကား အမျိုးမျိုးကို တတ်တဲ့ ပါမောက္ခဆရာကြီးဟာ အင်္ဂလိပ်လိုပြောမှ နားလည်မည့်ဘပည့်များကို အင်္ဂလိပ်ဘာသာနဲ့ ပြောတယ်၊ ကုလားလိုပြောမှ နားလည်မည့် တပည့်များကို ကုလားလိုပြောတယ်၊ ဗမာလိုပြောမှ နားလည်မည့်တပည့်များကို ဗမာလိုပြောတယ်၊ အဲဒါလိုပါပဲ။

ပုဂ္ဂိုလ်ပညတ်ဟောခြင်း အကြောင်းရှစ်ပါး

နောက်ပြီးတော့ မြတ်စွာဘုရားဟာ ရှစ်ပါးသောအကြောင်းတို့ဖြင့်လဲ ပုဂ္ဂိုလ် ပညတ်တရားကို ဟောတော် မူပါတယ်။

(၁)ဟိရိသြတ္တပ္ပကို ပြဘို့လဲ ဟောတော်မူတယ်၊ (၂)ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ် ဆိုတဲ့အကြောင်းကို ပြဘို့လဲ ဟောတော်မူတယ်၊ (၃) ပုဂ္ဂိုလ်အသီးအသီး၏ ပြုလုပ်ဆောင်ရွက်မှုစွမ်းရည်ကို ပြဘို့လဲ ဟောတော်မူပါတယ်၊ (၄) အာနန္တရိယကံကို ပြဘို့လဲ ဟောတော်မူပါတယ်၊ (၅) ဗြဟ္မဝိဟာရကို ပြဘို့လဲ ဟောတော်မူပါတယ်၊ (၆)ပုဗ္ဗေနိဝါသကို ပြဘို့လဲ ဟောတော်မူပါကယ်၊ (၇) ဒက္ခိဏာဝိသုဒ္ဓိကိုပြဘို့လဲ ဟောတော်မူပါတယ်၊ (၈) လောကဝေါဟာရကို မပယ်ဘို့ရာလဲ ဟောတော်မူပါတယ်။

(၁) ခန္ဓာတွေက ရှက်တယ် ကြောက်တယ်လို့ ပြောလျှင် နားမလည်နိုင်ဘူး၊ အမျိုးသမီးက ရှက်တယ် ကြောက်တယ်၊ အမျိုးသားက၊ သူငယ်က သူငယ်မက ရှက်တယ် ကြောက်တယ် ဒီလိုပြောမှ နားလည်နိုင်တယ်။ ဒါကြောင့် မကောင်းမှုအကုသိုလ်မှ ရှက်ခြင်း ကြောက်ခြင်း သဘောတို့ကို ပြလိုတဲ့အခါမှာ မြတ်စွာဘုရားက ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၂) ခန္ဓာတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်လို့ ပြောလျှင် နားမလည်နိုင်ဘူး၊ ပုဂ္ဂိုလ် သတ္တဝါတွေဟာ မိမိတို့ကိုယ်တိုင် ပြုထားတဲ့ ကောင်းမှုကံ မကောင်းမှုကံ သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်၊ ကောင်းမှုကံရှိလျှင် ကောင်းကျိုးကို ခံစားကြရတယ်၊ မကောင်းမှုကံရှိလျှင် မကောင်းကျိုးကို ခံစားကြရတယ် စသည်ဖြင့် ဒီလို ပြောမှ နားလည်နိုင်တယ်။ ဒါကြောင့် ကံနှင့် ကံ၏အကျိုးကို ဝေဘန်ပြီး ကံသာလျှင်

«ကိုယ်ပိုင်ဥစ္စာ ရှိတယ်ဆိုတဲ့အကြောင်းကို ပြလိုတဲ့ အခါမှာလဲ ·ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၃) ခန္ဓာတွေက ကျောင်းဆောက်တယ်၊ အိမ်ဆောက်တယ် စသည်ဖြင့် ပြောလျှင် နားမလည်နိုင်ဘူး၊ ရာဇဂြိုဟ်သူဌေးက ကျောင်းပေါင်း ၆၀-ကို ဆောက်တယ်၊ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်တယ်၊ စသည်ဖြင့် ပြောမှ နားလည်နိုင်တယ်။ ဒါကြောင့် ပုဂ္ဂိုလ်အသီးအသီး၏ လုံ့လစွမ်းရည်ဖြင့် ပြုလုပ်ဆောင်ရွက်ပုံကို ပြလိုတဲ့ အခါမှာလဲ ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၄) ခန္ဓာတွေက အမိကို သတ်ဘယ်၊ အဖကို သတ်တယ် စသည်ဖြင့် ပြောလျှင် နားမလည်နိုင်ဘူး၊ သားဖြစ်သူက အမိကို သတ်ဘယ်၊ အဇာတသတ်က ခမည်းတော် ဗိမ္ဗိသာရကို သတ်ဘယ် စသည်ဖြင့် ပြောမှ အမိ အဖတို့ကို သတ်လျှင် သားဖြစ်သူမှာ အာနန္တရိယကံ ထိုက်ဘယ်၊ သေသည်၏ အခြားမဲ့၌ ငရဲသို့ ကေန်ရောက်စေတာ်တဲ့ ကံကြီးထိုက်တယ်၊ အဇာတသတ်မင်းဟာ ခမည်းတော်ကို သတ်မိလို့ အာနန္တရိယ ကံကြီးထိုက်တယ်၊ ဒါကြောင့် မြတ်စွာဘုရားဟောတဲ့ တရားတော်ကို နာရပါလျက် တရားထူးလဲမရဘူး၊ မဂ္ဂန္တရာယ်လဲ ဖြစ်တယ်၊ သေသည်၏ အခြားမဲ့မှာ လောဟကုမ္ဘီခေါ်တဲ့ ငရဲအိုးထဲကိုလဲ ကျရောက်ရတယ်၊ သဂ္ဂန္တရာယ်လဲ ဖြစ်သွားတယ်၊ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်တဲ့ ကုသိုလ်တွေကလဲ အဲဒီဘဝက သေသည်၏ အခြားမဲ့မှာ နတ်ရွာ သုဂတိရောက်အောင် မပို့နိုင် မကယ်နိုင်

တော့ဘုံ စသည်ဖြင့် နှားလည်နိုင်တယ်၊ ဒါကြောင့် အာနန္ဒာ ရိယက် အကြောင်းကို ပြလိုတဲ့အခါမှာလဲ ပုဂ္ဂိုလ်အနေနဲ့ ဟော တော်မူပါတယ်။

(၅) ခန္ဓာတွေက ခန္ဓာတွေကို ချမ်းသာကြပါစေလို့ မေတ္တာ ပို့ကြတယ်၊ ဆင်းရဲမှု လွတ်ကြပါစေလို့ ကရုဏာပွားကြတယ် စသည်ဖြင့် ပြောလျှင် နှားမလည်နိုင်ဘူး၊ ရဟန်းပုဂ္ဂိုလ်က၊ ဥပါသကာက၊ ဥပါသိကာမက သတ္တဝါတွေကို ချမ်းသာကြ ပါစေလို့ မေတ္တာပို့တယ်၊ သတ္တဝါတွေ ဆင်းရဲမှု လွတ်ကြပါ စေလို့ ကရုဏာပွားတယ် စသည်ဖြင့် ပြောမှ နှားလည်နိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားဟာ ဗြဟ္မဝိဟာရခေါ်တဲ့ ဗြဟ္မစိုရ် တရား ပွားပုံကို ပြလိုတဲ့အခါမှာ ဗြဟ္မစိုရ်တရား ပွားတဲ့ ကတ္တား ပုဂ္ဂိုလ်ကိုရော အပွားခံရတဲ့ ကံပုဂ္ဂိုလ်ကိုရော ပုဂ္ဂိုလ်အနေနဲ့သာ ဟောတော်မူပါတယ်။ ဒီနေရာမှာ ဒေသနာနည်းကို မသိ နှား မလည်တဲ့သူအချို့က ပရမတ်နဲ့က ပိုကောင်းတယ် ထင်ပြီးတော့ ရုပ်နာမ်ခန္ဓာတွေ ချမ်းသာကြပါစေလို့ ဒီလို မေတ္တာပို့နေတာလဲ ကြားရဘူးဘယ်။ အဲဒီလိုတော့ မေတ္တာမပို့ရဘူး၊ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့သာ ပို့ရပါတယ်၊ ဒါကြောင့် သဗ္ဗေ သတ္တာ စသည်ဖြင့် သာမည အနေနဲ့ရော၊ သဗ္ဗာ ဣတ္ထိယော- စသည်ဖြင့် ဝိသေသ အနေနဲ့ရော မေတ္တာပို့ပုံကို ပညတ်ဖြင့်သာ ဟောထား ပါတယ်၊ နောက်ပြီးတော့ မေတ္တာ အစရှိသော ဒီ ဗြဟ္မစိုရ် ကမ္မဋ္ဌာန်းက သတ္တဝါပညတ်ကိုသာ အာရုံပြုပါတယ်၊ ရုပ်နာမ် ခန္ဓာပရမတ်ကို အာရုံပြုရိုး မရှိပါဘူး၊ အဲဒါဟာ စဉ်းစားကြည့်

ရုံနဲ့လဲ သဘောပေါက်နိုင်ပါတယ်၊ ရုပ်နာမ် ခန္ဓာ ပရမတ် သဘော်တရားမျှအနေနဲ့ ထင်နေလျှင် မြေကြီးခဲ ကျောက်ခဲမျှား လိုဘဲ ထင်နေရမှာပေါ့၊ မြေကြီးခဲ ကျောက်ခဲတွေနဲ့ စပ်ပြီး ချမ်းသာပါစေလို့ မေတ္တာ ပွါးသင့်ပါမည်လား၊ ကရုဏာဖြင့် သနားသင့်ပါမည်လား၊ မုဒိတာဖြင့် ဝမ်းမြောက် သင့်ပါမည် လား၊ မေတ္တာ ကရုဏာ မုဒိတာ မပွါးသင့်ကြောင်း ထင်ရှား ပါတယ်၊ ဘာကြောင့်လဲ အသက်ဝိညာဉ် မရှိတဲ့ ဓာတ်သဘော မျှ ဖြစ်နေလို့ပါဘဲ၊ အဲဒီ မြေကြီးခဲ ကျောက်ခဲတွေမှာလိုပင် ပရမတ်သဘော တရားတွေမှာ မေတ္တာ ကရုဏာ မုဒိတာပွါးဘို့ အခွင့်မရှိကြောင်း ထင်ရှားပါတယ်၊ ဒါကြောင့် မေတ္တာ အစရှိတဲ့ ဗြဟ္မစိုရ်တရားကို ပွါးယင် ပုဂ္ဂိုလ်သတ္တဝါအနေနဲ့သာ ပွါးရတယ် ဆိုတာ တသစ်ချမှတ်ထားကြရမယ်။

(၆) နောက်ပြီးဟော့ ခန္ဓာတွေက ရှေးဘဝဟောင်းတွေ ကို ပြန်ပြီး အောက်မေ့ဆင်ခြင်တယ် စသည်ဖြင့် ပြောယင် နား မလည်နိုင်ဘူး၊ မြတ်စွာဘုရားက အောက်မေ့ ဆင်ခြင်တော် မူတယ်။ ရဟန္တာအရှင်မြတ်က အောက်မေ့ဆင်ခြင်တော်မူတယ်၊ စသည်ဖြင့် ပုဂ္ဂိုလ်အနေနဲ့ပြောမှ နားလည်နိုင်တယ်၊ ဒါကြောင့် ရှေးဘဝဟောင်းတွေ အောက်မေ့ ဆင်ခြင်ပုံကို ပြလိုတဲ့အခါ မှာလဲ ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၇) နောက်ပြီးတော့ ခန္ဓာတွေကဆွမ်းကိုလှူတယ်၊ သင်္ကန်း ကိုလှူတယ်၊ ရုပ်ခန္ဓာတွေကို လှူတယ်၊ ခန္ဓာတွေက အလှူခံကြ တယ် စသည်ဖြင့် ပြောလျှင် နားမလည်နိုင်ဘူး၊ ဘယ်လို ခန္ဓာ

တွေက လူတာလဲ၊ ဘယ်လို ဟာတွေကို လူတာလဲ၊ ဘယ်လို ခန္ဓာတွေက အလှူခံကြတာလဲ၊ ဘယ်လို ခန္ဓာတွေက အလှူခံလို့ အကျိုးကြီးတာလဲ၊ အသုံးမကျတဲ့ ရုပ်ခန္ဓာတွေကို လှူယင်လဲ အကျိုးကြီးပါမည်လား၊ ရုပ်ခန္ဓာကိုဖြစ်စေ အကုသိုလ် ခန္ဓာတွေကိုဖြစ်စေ အာရုံပြုပြီး လှူယင်လဲ အကျိုးကြီးပါမည်လား စသည်ဖြင့် စောဒနာဘွယ်တွေ ရှိနေပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အလှူပေး ပုဂ္ဂိုလ်ရော အလှူခံပုဂ္ဂိုလ်ရော ပုဂ္ဂိုလ်ပညတ် အနေနဲ့သာ ဟောတော်မူပါတယ်၊ ဟောပုံကတော့—

ဒကွိဏာဝိသုဒ္ဓိ ၄-ပါး

(က) သီလရှိတဲ့ ပုဂ္ဂိုလ်က သီလမဲ့ပုဂ္ဂိုလ်အား လှူလျှင် ဒါယကာ ဘက်ကသာ စင်ကြယ်တဲ့ အလှူဖြစ်တယ်၊ ဒါယကာ ဘက်က သီလစင်ကြယ်တဲ့အတွက် အကျိုးပေးနိုင်တယ်။

(ခ) သီလမဲ့ ပုဂ္ဂိုလ်က သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား လှူလျှင်, အလှူခံ ပုဂ္ဂိုလ်ဘက်က စင်ကြယ်တဲ့ အလှူဖြစ်တယ်၊ အလှူခံဘက်က စင်ကြယ်တဲ့အတွက် ကြီးမားသော အကျိုးကို ပေးနိုင်တယ်။

(ဂ) ပေးလှူသောသူရော အလှူခံ ပုဂ္ဂိုလ်ရော သီလမရှိလျှင် နှစ်ဖက်လုံးမှ မစင်ကြယ်တဲ့အလှူ ဖြစ်တယ်၊ ကြီးမားသော အကျိုးကို မပေးနိုင်ဘူး၊ ထိုသို့သော အလှူ၏ အဖိုကို အမျှပေးဝေသော်လည်း ပြိတ္တာတို့မှာ နတ်စည်းစိမ်အကျိုးကို မရနိုင်ဘူး၊ ဒါကြောင့် ကွယ်လွန်လေသော ဆွေမျိုး မိတ်ဆွေတို့ကို

ရည်စူး၍ ကျေးမွေးလှူဒါန်းရာ၌ သီလနှင့်ပြည့်စုံသော အလှူခံ ပုဂ္ဂိုလ်ကို အထူးရွေးချယ်၍ ကျေးမွေး လှူဒါန်းရတယ်။

(ဃ) အလှူပေးသူရော အလှူခံ ပုဂ္ဂိုလ်ရော သီလနှင့် ပြည့်စုံလျှင် နှစ်ဖက်လုံးမှ စင်ကြယ်သော အလှူဖြစ်တယ်၊ အကျိုးအကြီးဆုံး အလှူဖြစ်တယ်။ အလှူခံပုဂ္ဂိုလ်မှာ သီလ စသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံလေလေ အကျိုးကြီးလေလေဖြစ်တယ်၊ အဲဒီမှာ ပုဂ္ဂလိကအလှူကို ၁၄-ပါး, သံဃိက အလှူကို ၇-ပါး ခွဲပြီး ဟောထားပါတယ်။

ပုဂ္ဂလိကအလှူ ၁၄-ပါး

(၁) မြတ်စွာဘုရားအား လှူတာက ပဌမ၊ (၂) ပစ္စေက ဗုဒ္ဓါအား လှူတာက ဒုတိယ၊ (၃)ရဟန္တာအား လှူတာက တတိယ (၄) ရဟန္တာဖြစ်အောင် အားထုတ်ဆဲ ပုဂ္ဂိုလ်အား လှူတာက စတုတ္ထ၊ ရဟန္တာဖြစ်အောင် အားထုတ်ဆဲဆိုတာ အားထုတ်ဆဲ အနာဂါမ်နှင့် အရဟတ္တမဂ္ဂဌာန် ပုဂ္ဂိုလ်ကို ဆိုလိုပါတယ်။ (၅) အနာဂါမ်အား လှူတာကပဉ္စမ၊ (၆) အနာဂါမ် ဖြစ်အောင် အားထုတ်ဆဲပုဂ္ဂိုလ်အား လှူတာက ဆဋ္ဌမ၊ (၇) သကဒါဂါမ်အား လှူတာက သတ္တမ၊ (၈) သကဒါဂါမ် ဖြစ်အောင် အားထုတ်ဆဲ ပုဂ္ဂိုလ်အား လှူတာက အဋ္ဌမ၊ (၉) သောတာပန်အား လှူတာက နဝမ၊ (၁၀) သောတာပန်ဖြစ်အောင်အားထုတ်ဆဲပုဂ္ဂိုလ်အား လှူတာက ဒသမ၊ သောတာပန်ဖြစ်အောင်အားထုတ်ဆဲဆိုတာ သရဏဂုံကည်သူမှစ၍ သောတာ-

ပဋ္ဌိမဂ္ဂဋ္ဌာန်တိုင်အောင် ပုဂ္ဂိုလ်များကို ယူရမယ်လို့ အဋ္ဌကထာ မှာ ဖွင့်ပြထားပါတယ်။ ဒါကြောင့် ဗုဒ္ဓသာသနာဝင်ပုထုဇဉ် ပုဂ္ဂိုလ်အားလုံးနှင့် သောတာပတ္တိမဂ်သို့ ရောက်ဆဲ ပုဂ္ဂိုလ်ကို သောတာပန်ဖြစ်အောင် အားထုတ်ဆဲပုဂ္ဂိုလ်လို့ ယူရပါတယ်။ (၁၁) သာသနာပမှာ စျာန်အဘိညာဉ်ရ ပုဂ္ဂိုလ်အားလုံးတာက ဇကာဒသမ၊ (၁၂) သာသနာပမှာ သီလရှိတဲ့ ပုဂ္ဂိုလ်အား လုံးတာက ဒွါဒသမ၊ (၁၃) ဒုဿီလ(သီလမဲ့) အား လုံးတာက တေရသမ၊ (၁၄) တိရစ္ဆာန်အားလုံးတာက စုဒ္ဒသမတဲ့။ ဒီလို (ပုဂ္ဂလိက အလုံးကို) ၁၄-ပါး ခွဲပြထားပါတယ်။ အဲဒီအလုံး ၁၄-ပါးရဲ့ အကျိုးကိုလဲ ဒီလို အသီးအသီး ဖော်ပြထား ပါတယ်။

ပုဂ္ဂလိကအလုံး ၁၄-ပါး၏ အကျိုးများ

(၁) တိရစ္ဆာန်အားလုံးလျှင် အဆတရာ အကျိုးရပါတယ် တဲ့၊ တိရစ္ဆာန်တကောင်အား စောဘနာသန့်သန့်နှင့် ဝအောင် ကျေးမွေးလျှင်ဘဝတရာ ကောင်းကျိုးပေးတယ်လို့ အဋ္ဌကထာက ဖွင့်ပြတယ်။ အဲဒါကို ဘုန်းကြီးက တိရစ္ဆာန်လူက၊ အကျိုးရ၊ အဆဘရာဆို-လို့ ဆောင်ပုဒ်စီထားပါတယ်။ ဂဲ အဲဒါကလေး ဆိုကြရမယ်။

တိရစ္ဆာန်လူက၊ အကျိုးရ၊ အဆတရာဆို။

အဲဒီမှာ အဆတရာလို့ ဆိုတာကတော့ သဘာဂုဏာဆိုတဲ့ ပါဠိကို အဘိအက္ခ ဘာသာပြန်ထားတာပါ။ ;အဋ္ဌကထာက

ဖွင့်ပြတဲ့အတိုင်း ဆိုချင်ယင်တော့ အဆတရာအစား ဘဝတရာလို့ ပြင်ပြီး ဆိုရုံပါဘဲ။ (၂) သီလမရှိတဲ့ ဒုဿီလ ပုဂ္ဂိုလ်အား လ္ဟလျှင် အဆတထောင် ဘဝတထောင် အကျိုးရပါတယ်တဲ့။ (၃) သာသနာပမှာ သီလရှိတဲ့သူအား လ္ဟလျှင် အဆတသိန်း ဘဝတသိန်း အကျိုး ရပါတယ်တဲ့။ အဲဒါကိုလဲ သီလမဲ့လ္ဟ၊ တထောင်ဟူ၊ သီ-ဖြူ တသိန်းဆို-လို့ ဆောင်ပုဒ် စီထားပါတယ်။ အဲဒီမှာ သီ-ဖြူ ဆိုတာ သီလဖြူစင် ပြည့်စုံတဲ့ သူအားလ္ဟလျှင်လို့ ဆိုလိုပါတယ်။ အဲဒါကိုလဲ ဆိုကြရမယ်။

သီလမဲ့လ္ဟ၊ တထောင်ဟူ၊ သီ-ဖြူတသိန်းဆို။

(၄) နောက်ပြီးတော့ သာသနာပမှာ ဗျာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်အား လ္ဟလျှင် အဆပေါင်း ဘဝပေါင်း ကုဋ္ဌေတသိန်း အကျိုးရပါတယ်တဲ့။ အဲဒါကိုလဲ ဗျာန်ရလ္ဟလေ၊ အကျိုးတွေ၊ ကုဋ္ဌေတသိန်းဆိုလို့ ဆောင်ပုဒ် စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ဗျာန်ရလ္ဟလေ၊ အကျိုးတွေ၊ ကုဋ္ဌေတသိန်းဆို။

(၅) သာသနာတော်တွင်းမှာတော့ သရဏဂုံတည်တဲ့သူက စပြီး သောတာပတ္တိမဂ်ကို ရောက်ဆဲပုဂ္ဂိုလ်အထိ သောတာပန် ဖြစ်အောင် အားထုတ်ဆဲပုဂ္ဂိုလ် မည်ပါတယ်၊ သောတာပန်လောင်းလို့ ဆိုရမှာပေါ့။ အဲဒီသောတာပန်လောင်း ပုဂ္ဂိုလ်အား လ္ဟလျှင် အသခ်ေ့ယျ အပ္ပမေယျ မရေတွက်နိုင် မနှိုင်း

ယှဉ်လောက်အောင် မျှားစ္ဆာသော အကျိုးကို ရပါတယ်တဲ့။ သရဏကုံတည်ကာမျှ လူအား လှူယင်တောင် အကျိုးအသင်္ခေ်ရနိုင်ပါတယ်၊ ထိုထက် သရဏကုံတည်ပြီး ငါးပါးသီလနှင့် ပြည့်စုံတဲ့လူအား လှူလျှင် သာပြီး အကျိုးများ ပါတယ်၊ အဲဒါထက် ရှစ်ပါးသီလ ဆယ်ပါးသီလတို့နှင့် ပြည့်စုံတဲ့လူအား လှူလျှင် သာပြီး အကျိုးကြီးတယ်၊ အဲဒါထက်သမထဘာဝနာကို ပွားများ နေတဲ့လူအား လှူလျှင် သာပြီး အကျိုးကြီးတယ်၊ အဲဒါထက် ဝိပဿနာရှုနေတဲ့လူအား လှူလျှင် သာပြီး အကျိုးကြီးတယ်။ နောက်ပြီးတော့ သီလနှင့်ပြည့်စုံတဲ့လူအား လှူတာထက် သီလနှင့်ပြည့်စုံတဲ့ ရှင်သာမဏေအား လှူဒါက သာပြီး အကျိုးကြီးတယ်၊ အဲဒါထက် သီလနှင့်ပြည့်စုံတဲ့ ရဟန်းအား လှူတာက သာပြီး အကျိုးကြီးတယ်၊ အဲဒါထက် သမထ ဝိပဿနာ ဘာဝနာအလုပ်ကို နည်းလမ်းမှန်ဖြင့် အားထုတ်နေတဲ့ ရဟန်းအား လှူတာက သာပြီး အကျိုးကြီးတယ်။ ဝိပဿနာမှာလဲ အထက်အထက် ဉာဏ်တွေရောက်တဲ့ပုဂ္ဂိုလ်အား လှူတာက သာပြီး အကျိုးကြီးတယ်၊ သောတာပန်ဖြစ်အောင်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ သောတာပတ္တိမဂ်ကို ရောက်ဆဲ ပုဂ္ဂိုလ်ဟာ အမြတ်ဆုံးဘဲ၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ကာလက စိတ်တကြိမ်မျှဘဲ ရှိတဲ့အတွက် အဲဒီမဂ်ပုဂ္ဂိုလ်အား လှူဘို့ဆိုတာကတော့ ဖြစ်နိုင်ဘူယ် မရှိပါဘူး၊ ဒါကြောင့် ခေါင်ထိပ် သခ်ါရပေကွာဉာဏ် ရောက်နေတဲ့ကလျာဏပုထုဇဉ်အားလှူလျှင်သောတာပန်လောင်းအား လှူတဲ့ဒါနထဲမှာ အမြတ်ဆုံးဒါန အကျိုးအကြီးဆုံးဒါနလို့ ဆိုဘူယ်ရှိပါတယ်။

(၆-၁၄) သောတာပန် အစစ်အား လှူတဲ့ဒါနမှ စပြီး အထက် အထက် ပုဂ္ဂိုလ်မြတ်တွေ လှူတဲ့ ဒါနတွေကိုတော့ အကျိုးများတယ်လို့ ပြောနေဘို့ မလိုတော့ပါဘူး၊ တဆင့်ထက် တဆင့် သာ သာပြီးအကျိုးများ သွားတော့တာချည်းပါဘဲတဲ့။ ဒါကြောင့် အဲဒီ သောတာပန်လောင်းနဲ့ သောဘာပန်အစရှိတဲ့ အရိယာ အရှင်မြတ်တို့အား လှူတဲ့ ဒါန အကျိုးကြီးပုံတွေကို ဒီလို ဆောင်ပုဒ် စီထားပါတယ်။

သောတာလောင်းပင်၊ လှူလေလျှင်၊
များဖြင် အသခ်ျေဆို။
နောက် ကိုးပါးဝယ်၊ ကျိုးများတယ်၊
ပြောဘွယ် မရှိ ဆို။

သောတာပန်ဖြစ်အောင် ကျင့်ကြံ အားထုတ်နေတဲ့ ပုဂ္ဂိုလ်အား လှူတာတောင်မှ အဆပေါင်း အသခ်ျေ ဘဝပေါင်း အသခ်ျေ အကျိုးများကိုရတယ်၊ သောတာပန်အား လှူလျှင်တော့ အကျိုးများတယ်လို့ ဆိုဘွယ်မရှိ၊ သကဒါဂါမ်ဖြစ်အောင် ကျင့်နေဆဲပုဂ္ဂိုလ်အား လှူလျှင်လဲ၊သကဒါဂါမ်အား လှူလျှင်လဲ၊ အနာဂါမ်ဖြစ်အောင် ကျင့်နေဆဲ ပုဂ္ဂိုလ်အား လှူလျှင်လဲ၊ အနာဂါမ်အား လှူလျှင်လဲ၊ ရဟန္တာဖြစ်အောင် ကျင့်နေဆဲ ပုဂ္ဂိုလ်အား လှူလျှင်လဲ၊ ရဟန္တာအား လှူလျှင်လဲ၊ ပစ္စေကဗုဒ္ဓါအား လှူလျှင်လဲ၊ ဘုရားအား လှူလျှင်လဲ အကျိုးများတယ်လို့ ဆိုဘွယ်မရှိ၊ တဆင့်ထက် တဆင့် သာ၍ သာ၍ အကျိုးများတယ်လို့ ဆိုလိုပါတယ်။ အဲဒီ ဆောင်ပုဒ်များကို ဆိုရမယ်။

သောတာလောင်းပင်၊ လှုလေလျှင်၊
များဖြင့် အသခ်ေ့ ဆို။
နောက် ကိုးပါးဝယ်၊ ကျိုးများတယ်၊
ပြောဘွယ် မရှိ ဆို။

အဲဒါက ပုဂ္ဂိုလ်အားလှုတဲ့ ပုဂ္ဂလိကဒါန ၁၄-ပါး၏ အကျိုးများကို ဝေဖန်ပြထားတဲ့ စကားတွေပါဘဲ။ အဲဒီ ပုဂ္ဂလိကဒါနထက် သံဃာအားလှူတဲ့ သံဃိကဒါနက အကျိုးကြီးတဲ့ အကြောင်းကိုလဲ ခုနစ်မျိုး ခွဲခြားပြီး ဟောတော်မူပါတယ်။

သံဃိကအလှူ (၇) ပါး

(၁) ဘုရားအမှူးရှိသော သံဃာအား လှူတဲ့ဒါနက ပဌမ၊ မြတ်စွာဘုရားနှင့်တကွ ရဟန်းယောကျ်ား သံဃာရော ရဟန်းမိန်းမသံဃာရော အကုန်လုံးအား ကျေးမွေးလှူဒါန်းတဲ့ ဒါနလို့ ဆိုလိုပါတယ်။ ဒီ သံဃိက ဒါနကတော့ အကျိုး အကြီးဆုံး ပါဘဲ။

(၂) ဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက် ဘုရားမပါဘဲ ရဟန်းသံဃာ ရဟန်း မိန်းမ သံဃာ အကုန်လုံးအား လှူတဲ့ ဒါနက ဒုတိယ၊ အဲဒီမှာ အကုန်လုံးဆိုတာက ပင့်ထားလို့ ဖြစ်စေ, မပင့်ဘဲဖြစ်စေ လှူရာဌာနသို့ ကြွလာသမျှ သံဃာအကုန်လုံးကို ဆိုလိုပါတယ်။ အဲဒါက ကျား-မ သံဃာ နှစ်ပါးလုံးအား လှူတဲ့အတွက် ဥာဘတောသံဃိကဒါန ခေါ်ပါတယ်။

(၃) ရဟန်းသံဃာ သက်သက်အား လှူတဲ့ ဒါနက တတိယ၊ ဃခုကာလမှာ သံဃာကုန်ပင့်ပြီး လှူတဲ့ ဒါနမျိုးပါဘဲ။

(၄) ရဟန်း မိန်းမ သံဃာအားသာ လှူတဲ့ဒါနက စတုတ္ထ၊ ယခုနေ အခါမှာတော့ ရဟန်းမိန်းမများ မရှိတော့တဲ့အတွက် ဒီဒါနမျိုးကတော့ မဖြစ်နိုင်တော့ဘူး။

(၅) ရဟန်း သံဃာတော်ထံမှ သံဃာတော် ဘယ်နှစ်ပါး ကြွပါ၊ ရဟန်းမိန်းမ သံဃာတော်ထံမှ သံဃာတော် ဘယ် နှစ်ပါးကြွပါလို့ ပင့်ပြီး အဲဒီ နှစ်ဖက်သော သံဃာထံမှ ညွှန်ကြား စေလွှတ်လိုက်တဲ့ သံဃာအား လှူတာက ပဉ္စမ၊ ဒီဒါနမျိုးလဲ ယခုနေအခါမှာ မဖြစ်နိုင်တော့ဘူး။

(၆) ရဟန်း သံဃာတော်ထံမှ သံဃာတော် ဘယ်နှစ်ပါး ကြွပါလို့ပင့်ပြီး သံဃာထံမှ ညွှန်ကြားစေလွှတ်လိုက်တဲ့ သံဃာ အား လှူတာက ဆဋ္ဌမ၊ ယခုနေအခါမှာ တပည့်တော် အိမ် သံဃာတပါး ဆွမ်းအလှူခံ ကြွပါဘုရား၊ နှစ်ပါး ကြွပါစေဘုရား၊ သုံးပါး ကြွပါဘုရား၊ ဆယ်ပါး ကြွပါဘုရား စသည်ဖြင့် ပင့်ပြီး သံဃာထံက လွှတ်လိုက်လို့ ကြွလာတဲ့ ရဟန်းတော်များအား သံဃာအနေနဲ့ အာရုံပြုပြီး လှူဒါန်းတဲ့ ဒါနမျိုးပါဘဲ။ အဲဒီ ဒါနမှာ ပင့်စဉ်ကလဲ မည်သည့်ပုဂ္ဂိုလ်ကိုမျှ မရည်ရွယ်ဘဲ သံဃာ တော် သာမည်ကိုသာ အာရုံပြုဘို့ လိုပါကယ်၊ သံဃာတော် ဘက်ကလဲ တာဝန်ရှိတဲ့ပုဂ္ဂိုလ်က ထေရ်စဉ် ဝါစဉ် အရဖြစ်စေ မဲချရှိဖြစ်စေ ကျရာပုဂ္ဂိုလ်ကို စေလွှတ်ဖို့လိုပါတယ်၊ ကြွလာတဲ့ အခါမှာ ရှင်သာမဏေကလေးဘဲဖြစ်ဖြစ် ရဟန်းငယ် ကလေးဘဲ

ဖြစ်ဖြစ် ကြည်ညိုဘွယ်မရှိတဲ့ ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် သံဃာ၏ ကိုယ်စားလှယ် သံဃာတော်ဘဲလို့ အာရုံပြုပြီး ရိုရိုသေသေ လှူတတ်ဖို့ လိုပါတယ်။ ဥပမာအားဖြင့် ဆင်းတုတော်စေတီတော်များရှေ့မှာ ဆီမီးပန်းနံ့သာ စသည်ဖြင့် ပူဇော်တဲ့အခါမှာ ဆင်းတုဇတော်စေတီတော်များကတော့ အာရုံပြုရုံ လောက်ပါဘဲ၊ တကယ် ပူဇော်တာကတော့ ဘုရားအစစ်ကို ပူဇော်တာ ဖြစ်ပါတယ်၊ အဲဒါလိုပါဘဲ၊ ဒကာ့အိမ်ကြွလာတဲ့ ကိုယ်တော်ကတော့ သံဃာအနေနဲ့ အာရုံပြုဘို့ ကိုယ်စားပါဘဲ၊ တကယ်လှူတာကတော့ ဘုရားတပည့် သံဃာတော် အားလုံးကို လှူတာဖြစ်ပါတယ်။ ရဟန်းယောကျ်ား သံဃာ သက်သက်အား လှူတယ် စသည်ဖြင့် ဆိုရာမှာလဲ ဒီနည်းအတိုင်းပါဘဲ၊ မျက်မှောက်မှာရှိတဲ့ သံဃာကတော့ အာရုံပြုရုံမျှပါဘဲ၊ တကယ်လှူတာကတော့ မြတ်စွာဘုရား၏ တပည့်အပေါင်း သံဃာအားလုံးအား လှူခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် သံဃိကဒါနက အကျိုးကြီးတာ။ သို့သော် သုံးဆောင်ရာမှာ့တော့ မြတ်စွာဘုရား၏ ဝိနည်းပညတ်တော် အရအားဖြင့် အနီး မျက်မှောက်မှာရှိတဲ့ ရဟန်းများကသာ သုံးဆောင်ရပါတယ်။ ဥပမာ ဆွမ်းခံကြွနေတဲ့ ကိုယ်တော်အား သံဃိသဒေမိ= သံဃာအား လှူပါ၏-လို့ ဆိုပြီး ဆွမ်း မုံ့ ဟင်း စသည်ကို လှူလိုက်ယင် လှူတဲ့သူမှာ သံဃာအားလုံးအား လှူတဲ့ သံဃိကဒါနဖြစ်တယ်၊ သို့သော် အဲဒီ ဆွမ်းခံပုဂ္ဂိုလ်က (မယုံ ပါပုဏ္ဏာတိ) ဒီပစ္စည်းဟာ ငါ့အား ရောက်၏-လို့ ဆိုပြီး သိမ်းပိုက်လိုက်ယင် အဲဒီကိုယ်တော်တပါးတည်း အပိုင်ဖြစ်ပြီး သူ့သဘောအတိုင်း သုံးစွဲနိုင်ပါ၏တယ်။ အဲဒါဟာ "ဘုရား အစစ်ကို အာရုံ

ပြုပြီး ဆင်းတုတော်ရှေ့မှာ ဆီမီးပူဇော်ထားယင် ဘုရားအစစ်ကို ပူဇော်ခြင်းတော့ ဖြစ်ပါတယ်၊ ဒါပေမဲ့ မီးရောင်ကတော့ ဆင်းတုတော်အနီးမှာသာ လင်းတယ်" ဆိုတာနှင့် တူပါတယ်။ အဲဒီလို သံဃာအား လှူပါ၏-လို့ ဆိုပြီး လောင်းလှူလိုက်တဲ့ ဆွမ်းမုံ့ဟင်းမျိုးကို ငါ့အား ရောက်တယ်လို့ မသိမ်းပိုက်ပဲ ကျောင်းသို့ယူလာခဲ့လျှင်တော့ ကျောင်းရှိ သံဃာအားလုံးနဲ့ ဆိုင်တယ်၊ သံဃာအားလုံးဝေပြီး သုံးဆောင်ရတယ်၊ ဒါကြောင့် ဒကာဘက်ကရော အလှူခံ ပုဂ္ဂိုလ်ဘက်ကရော သံဃိကဒါန မြောက်အောင် လှူတတ်ဖို့ လက်ခံသိမ်းပိုက်တတ်ဖို့ အရေးကြီးပါတယ်၊ အထူး သတိပြုသင့်ပါတယ်။

(၇) ရဟန်းမိန်းမ သံဃာတော်ထံမှ သံဃာတော် ဘယ်နှစ်ပါး ကြွပါလို့ပင့်ပြီး သံဃာမှ ညွှန်ကြားစေလွှတ်လိုက်သော သံဃာအား လှူတာက သတ္တမ၊ ဒီသံဃိကဒါနမျိုးလဲ ယခုနေ့အခါမှာ မဖြစ်နိုင်တော့ဘူး၊ အဲဒါတွေဟာ သံဃိကဒါန (၇) မျိုးပါဘဲ။

အဲဒီ သံဃိကဒါန (၇)ပါးကို ခဲ့ခြမ်း ဝေဘန် ပြတော်မူပြီးတော့ အဲဒီသံဃိကဒါန အကျိုးကြီးပုံကိုလဲ မြတ်စွာဘုရားက ဒီလို ဟောတော်မူပါတယ်။

နတ္ထေ ဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ။

အာနန္ဒ၊ အာနန္ဒာ။ အဟံ၊ ငါသည်။ သံဃဂတာယ ဒက္ခိဏာယ၊ သံဃာ၌တည်သော သံဃိကဒါနထက်။ ပါဋိပုဂ္ဂလိကံ

ဒါနံ၊ ပုဂ္ဂိုလ်အားလျှော်သော ပုဂ္ဂလိကဒါနကို။ မဟပ္ဖလတရံ၊ သာ၍ အကျိုးကြီးသည်ဟူ၍။ ကေနစိ ပရိယာ ယေန၊ တစုံတခု သော နည်းပရိယာယ်ဖြင့်မျှ။ ဝါ၊ ဘယ်နည်းဖြင့်မျှ။ နု ဝဒါမိ၊ မဟောပါဘူးတဲ့။

အဲဒီမှာ သံဃိကဒါနထက် ပုဂ္ဂလိကဒါနက အကျိုးကြီးကြောင်း ဘယ်နည်းနဲ့မှ မဟောဘူးဆိုတာကို အထူး သတိပြုရမယ်။ ဘုရားတပည့်တော်အိမ်ကို သံဃာတပါး ဆွမ်းအလှူခံကြွပါ ဘုရားလို့ ပင့်ပြီး သံဃာထံမှ ဝိနည်းနှင့်အညီ ညွှန်ကြားစေလွှတ်လိုက်တဲ့ ပုထုဇဉ်ရဟန်းအား သံဃာအနေနဲ့ အာရုံပြုပြီး လှူနိုင်လျှင် အဲဒီသံဃိကဒါနဟာ ရဟန္တာအစစ်အား လှူတဲ့ ပုဂ္ဂလိကဒါနထက်တောင် မြတ်သေးတယ်လို့ အဋ္ဌကထာမှာလဲ ပြဆိုထားပါတယ်။ ဒါကြောင့် သံဃာအနေနဲ့ ကြည်ညိုပြီး လှူနိုင်ယင် သံဃိကဒါနဟာ အမြတ်ဆုံး အကျိုးအကြီးဆုံးဘဲ ဆိုတာကို မှတ်ထားကြရမယ်။

ယခု ပြောလာခဲ့တာဟာ အလှူဒါန မြင့်မြတ် စင်ကြယ်ပုံ အကျိုးကြီးပုံကို ပြလိုတဲ့အခါမှာ မြတ်စွာဘုရားက ပုဂ္ဂိုလ်ပညတ်နဲ့ ဟောတော်မူပုံကို ပြောလာခဲ့တာဘဲ။ အဲဒါဟာ ဒကၠိဏာ ဝိသုဒ္ဓိက ၄-ပါး၊ ပုဂ္ဂလိက ဒါနက ၁၄-ပါး၊ သံဃိက ဒါနက ၇-ပါး ဒါတွေပါဘဲ။ အဲဒီဒါနတွေကို ပြရာမှာ ရုပ်နာမ် ခန္ဓာ အာယတနဓာတ် အစရှိတဲ့ ပရမတ်အနေနဲ့ပြတာ တခုမျှ မပါဘူး၊ ပုဂ္ဂိုလ်ပညတ်အနေနဲ့ချည်း ပြထားပါတယ်။ အဲဒီလို ပြရာမှာလဲ သီလအစရှိသော ဂုဏ်ကောင်းကျေးဇူးအထူးရှိတဲ့ ပုဂ္ဂိုလ်

မြတ်တော့အား လှူလျှင်လဲ အဲဒီလို ဂုဏ်ထူးတွေနှင့် လုံးဝပြည့်စုံတဲ့ သံဃာအားလှူလျှင် အကျိုးကြီးကြောင်း ပြဆိုထားပါတယ်၊ အဲဒါဟာ အလှူပေးတဲ့ အလှူရှင်ရော, ပေးလှူရာမှာ သွန်သင်ညွှန်ကြားတဲ့ ရေစက်ချ ဆိုပေးတဲ့ ဆရာရော အထူး သတိပြုစရာ ကောင်းလှပါပေတယ်။

ဒါနထဲ ဝိပဿနာအတု သဘာဝမကျ

ဘာကြောင့် ဒီလိုခြားရသလဲဆိုလျှင် တချို့က ဝိပဿနာ အဘုအပရှုပြီး လှူလျှင် ပိုကောင်းတယ်လို့ ထင်မှတ်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ ရုပ်နာမ်ခန္ဓာမျှဖြစ်သော အကျွန်ုပ်တို့က အနိစ္စ ဒုက္ခ အနတ္တ ရုပ်နာမ်ခန္ဓာမျှ ဖြစ်သော အလှူခံပုဂ္ဂိုလ်တို့အား အနိစ္စ ဒုက္ခ အနတ္တ ရုပ်တရားမျှဖြစ်သော လှူဘွယ်တို့ကို လှူပါကုန်၏ ဆိုတဲ့ ဝေါဟာရမျိုးဖြင့် ရေစက်ချ လှူတာကို ကြားရဘူးတယ်။ အဲဒါဟာ "ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒကို့ဏာ ဝိသုဒ္ဓိ ဒီပနတ္ထံ၊ အလှူ၏စင်ကြယ်ခြင်း-အကျိုးကြီးခြင်းကို ပြခြင်းအကျိုးငှါ။ ပုဂ္ဂလကထံ၊ ပုဂ္ဂိုလ်အခန်းဖြင့် ပြောဆိုသောစကားကို။ ကထေတိ၊ ဟောတော်မူတယ်" ဆိုဘဲ့ ဒီအဋ္ဌကထာစကား (အံ၊ဌ၊ ၁-၇၅) နှင့် မညီဘူး၊ သေသေချာချာ စဉ်းစားကြည့်လျှင်လဲ သဘာဝ မကျဘူး။ ဘယ်လိုလဲ ဆိုလျှင် ပေးလှူတာဟာ ပေးလှူမှု၏ အကျိုးကို အလိုရှိလို့ဘဲ မဟုတ်လား၊ ဝိပဿနာရှုဘို့ လှူတာတော့ မဟုတ်ပေဘူး၊ ဝိပဿနာရှုဘို့ဆိုလျှင် ပစ္စည်းတွေ အကုန်ခံပြီး လှူဘို့တောင် မလိုပါဘူး၊ ဆိတ်ငြိမ်ရာမှာနေပြီး ရှုနေရုံနဲ့ ဝိပဿနာကုသိုလ်

တော့ အမျှားကြီးလဲ ဖြစ်နိုင်ပါတယ်၊ ထက်ထက်သန်သန်လဲ ဖြစ်နိုင်ပါဘယ်၊ အလှူရေစက်ချနေတုံ့နဲ့ တမိနစ်လောက် အချိန်ပိုင်းကလေး ရှုဘာနဲ့ဆိုလျှင် အမျှားကြီး ကွာခြားပါတယ်။ အမှန်စင်စစ်ကတော့ ပေးလှူတဲ့အခါမှာ ဒါနကုသိုလ် ထက်ထက်သန်သန်ဖြစ်ဖို့က လိုရင်းပါဘဲ၊ ဒါကြောင့် ပေးလှူတဲ့အခါမှာ အနုမောဒနာတရားကို ဟောနေကြရတာဘဲ။ ဒါနကုသိုလ် ထက်သန်စေချင်လျှင် အလှူခံ ပုဂ္ဂိုလ်တို့၏ မြင့်မြတ်တဲ့ သီလ အစရှိသော ဂုဏ်ကျေးဇူးတွေကို ဆင်ခြင်ဘို့လဲ လိုပါတယ်၊ မိမိတို့ လှူတဲ့ဝတ္ထုက ကောင်းမြတ်ပြီး အလှူခံပုဂ္ဂိုလ်တို့မှာ အသုံးကျပုံ ကျေးဇူးမျှားပုံကို ဆင်ခြင်ဘို့လဲ လိုပါတယ်၊ အဲဒီလို ဆင်ခြင်ပါမှ ဝမ်းနေမြောက် ဝမ်းသာဖြစ်ပြီး ထက်သန်တဲ့ ကုသိုလ်တွေ မျှားစွာ ဖြစ်ပွားနိုင်ပါတယ်။ အကယ်၍ အလှူခံပုဂ္ဂိုလ်တွေ ဘာရုပ်နာမ်သဘောတရားမျှဘဲလို့လဲဆင်ခြင်မယ်၊ဆင်ခြင်တဲ့ အတိုင်းလဲ စိတ်ထဲ ဉာဏ်ထဲ ထင်နေမယ်ဆိုယင်တော့ သီလမဲ့ အလှူခံနှင့် သီလရှိ အလှူခံဟာ ထူးခြားဘွယ် မရှိတော့ပါဘူး၊ ဂုဏ်မဲ့အလှူခံနှင့် ဂုဏ်ရှိအလှူခံဟာလဲ ထူးခြားဘွယ် မရှိတော့ပါဘူး။ ဘာကြောင့်လဲဆိုလျှင် သီလမဲ့ရော သီလရှိရော၊ ဂုဏ်မဲ့ရော ဂုဏ်ရှိရော ရုပ်နာမ် သဘောဘရားမျှချည်း ဖြစ်တဲ့အတွက် ကြောင့် ပါဘဲ။ နောက်ပြီးတော့ လှူဘွယ်ဝတ္ထုကို ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်ဘရားမျှဘဲလို့ ဆင်ခြင်တဲ့အဘိုင်း တကယ် ထင်နေလျှင်လဲ အသုံးမကျ အဖိုးမတန်တဲ့ ကျောက်ခဲ သဲ အမှိုက်တွေနဲ့ အပ်တူတူ ဖြစ်နေတော့မှာဘဲ။ ဒါကြောင့် ပေးလှူရမှုနှင့် စပ်ပြီး ဘဝမျှ ဝမ်းမြောက်ဖွယ် ရှိမည်မဟုတ်တော့ဘူး၊ ဝမ်း

ပြောက်ဘွယ်မရှိတော့ ဒါနကုသိုလ်ဟာလဲ ထက်ထက် သန်သန် ဖြစ်ဖို့ မရှိတော့ဘူး။

ဒီနေရာမှာ တချို့က ဒီလို ချေပကြတယ်၊ ဒါနထက် ဝိပဿနာက သာပြီး မြတ်ဘဲ့အတွက် အကျိုးကြီးပါတယ်လို့ ချေပကြပါတယ်။ အဲဒီလိုဆိုယင် မလှူဘဲနဲ့ သက်သက် ဝိပဿနာ ရှုနေယင်ကော အကျိုးမကြီးပေဘူးလား၊ ပေးလှူဘို့ ကြောင့်ကြ စိုက်နေရတဲ့အတွက် ဝိပဿနာရှုဘို့ အချိန်တွေ့ လျော့သွားတယ်လို့ မဆိုသင့်ပေဘူးလားလို့ ဒီလိုလဲ စဉ်းစားကြည့်သင့်ပါတယ်၊ အမှန်ကတော့ ဒါနပြုတာဟာ ဝိပဿနာရှုဘို့ မဟုတ်ပါဘူး၊ ဒါန၏အကျိုးတွေကို အလိုရှိလို့ ပြုတာဘဲ ဖြစ်ပါတယ်၊ ဒါန၏အ ကျိုးကို အလိုရှိတဲ့အတွက် အဲဒီ ဒါနကုသိုလ် ထက်သန်အောင် နှလုံးသွင်း ဆင်ခြင်ဘို့သာ လိုပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အလှူဒါန၏ စင်ကြယ်ပုံ အကျိုးကြီးပုံကို ပြတဲ့ အခါမှာ ပုဂ္ဂိုလ်အနေနဲ့သာ ဟောတော်မူခဲ့ပါတယ်။

(၇) နောက်ဆုံးအချက်ကတော့ မြတ်စွာဘုရားမျှားဟာ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောတရားမျှသာ ရှိတယ်၊ ပုဂ္ဂိုလ်ရယ် သတ္တဝါရယ်လို့ အသီးအခြား မရှိဘူးဆိုတာကို အသိဆုံးလဲ ဖြစ်တော်မူကြပါတယ်၊ သိတဲ့အတိုင်း ဟောသင့်တဲ့ အရာမှာလဲ ဟောတော်မူကြပါတယ်၊ ဒါပေမဲ့ လောကလူအမျှား ပြောဆိုရိုးကိုတော့ မပယ်ကြပါဘူး၊ အမိ အဘ သား သမီး မိန်းမ ယောကျ်ား နတ် လူ ရဟန်းအစရှိတဲ့ ဝေါဟာရတွေကို လောကလူအမျှား ပြောဆိုတဲ့အတိုင်းဘဲ ပြောဟောတော်မူပါတယ်။

ဒါကြောင့် လောက ဝေါဟာရအတိုင်း ပြောသင့်ရာမျှားခ္ဍ် လောကဝေါဟာရကို မပယ်လိုတဲ့ အတွက်ကြောင့်လဲ ပုဂ္ဂိုလ် အနေနဲ့ ဟောတော်မူပါတယ်။

လောက ဝေါဟာရမပယ်လို၍ ပုဂ္ဂိုလ်ပညာ်နဲ့ ဟောသည်

လူတွေက ခန္ဓာငါးပါး အပေါင်းကိုဘဲ ပုဂ္ဂိုလ် သတ္တဝါ မိန်းမ ယောကျ်ား စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုနေကြပါတယ်၊ အဲဒါဟာ လူအများက သမုတ်ထားတဲ့အတိုင်း ဟုတ်မှန်တဲ့ အတွက် သမ္မုတိသစ္စာလို့လဲ ဆိုရပါတယ်၊ အဲဒီ သမ္မုတိသစ္စာ လောကဝေါဟာရအတိုင်း ပြောဆိုလျှင် မုသာဝါဒလဲ မဖြစ်ဘူး။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီ သမ္မုတိသစ္စာ လောက ဝေါဟာရကို မပယ်လိုတဲ့အတွက် ဒီဘာရသုတ်မှာလဲ အဲဒီ လောက ဝေါဟာရအတိုင်းဘဲ ဟောထားပါတယ်၊ ဝန်ထမ်း သမားဆိုတာ ဘယ်သူလဲ ဆိုယင် ပုဂ္ဂိုလ်ဘဲလို့ ဖြေပါ-တဲ့။ ကဲ အဲဒီ ဝန်ထမ်းသမားကို အခြေအမြစ်နှင့်တကွ မှတ်ရအောင် ဝန်ထုပ်ဆောင်ပုဒ်က စပြီး ဆိုကြရမယ်။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။
ငါ, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါး တရားဘဲ။
ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲ။
ခန္ဓာငါးပါး ရှိနေတဲ့ ပုဂ္ဂိုလ်ဘဲ။

အဲဒီမှာ ခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်လို့ ဆိုပေမဲ့ ခန္ဓာ ငါးပါးက တခြား ပုဂ္ဂိုလ်က တခြား ဒီလိုဘော့ ခွဲခြားယူလို့ မဖြစ်

ဘုး၊ ခန္ဓာငါးပါးအပေါင်းကိုပင် လောကဝေါဟာရအားဖြင့် ပုဂ္ဂိုလ်လို့ ခေါ်ဆိုတယ်လို့သာ မှတ်ယူရတယ်။ အဲဒါကို ခုနက အကျယ်ပြောခဲ့ပါပြီ။

ဒါပေမဲ့ ဝန်ထုပ်ဆိုတာလဲ ခန္ဓာငါးပါး၊ ဝန်ထမ်းသမား ဆိုတာလဲ ဒီ ခန္ဓာငါးပါးဘဲ ဆိုတာကို တခ္ခြိုက သဘောမကျ နိုင်ဘဲ ရှိချင်လဲ ရှိနေပေလိမ့်မယ်။ အဲဒီလို သဘောမကျတာ်ယင်တော့ ကောင်းစား ချမ်းသာ စေလိုအပ်တဲ့ ခန္ဓာတွေက ဝန်ထုပ်၊ ကောင်းစားချမ်းသာအောင် ပြုလုပ်ဆောင်ရွက်နေတဲ့ ခန္ဓာတွေက ဝန်ထမ်းသမား-လို့ ဒီလိုခဲ့ပြီး မှတ်ပေတော့။

အဲဒီတော့ ဝန်ထုပ်ဆိုဘာလဲ နားလည်ကြပြီ၊ အဲဒီ ဝန်ထုပ်တွေကို ထမ်းဆောင်နေရဘာဟာ အင်မတန် ဝန်လေးတယ် ဆိုတာလဲ နားလည်ကြပြီ၊ ပုဂ္ဂိုလ် သတ္တဝါတိုင်း ဒီ ခန္ဓာဝန်တွေကို ထမ်းဆောင်နေကြရတယ် ဆိုတာလဲ နားလည်ကြပြီ။

ဒီလို နားလည်ကြတဲ့ အတွက် ဒီခန္ဓာဝန်တွေကို ဘယ်ပုံ ဘယ်နည်းဖြင့် လက်ခံပြီး ထမ်းနေရတယ် ဆိုတာကို သိဘို့နှင့် ဘယ်လို ပစ်ချရမယ်ဆိုတာကို သိဘို့သာ လိုပါတော့ဘယ်။ အဲဒါတွေကိုလဲ ဒီဘာရသုဘွန်မှာ မြတ်စွာဘုရားက အပြည့်အစုံဘဲ ဟောထားပါတယ်။ ဒါပေမဲ့ အဲဒါတွေကိုတော့ နောက်သီတင်းကျမှ ဆက်ပြီးဟောရမယ်၊ ဒီကနေ့တော့ အချိန်ကကြာသွားပြီဖြစ်တဲ့အတွက် ဒီတွင်ဘဲရပ်ပြီး တရားပွဲသိမ်းကြဦးစို့။

ဘာရသုတ္တန် တရားတော်ကြီး

ဤ ဘာရသုတ္တန် တရားတော်ကြီးကို ရိုသေစွာ နာယူကြ ရသော ဓမ္မသဝန ဥက္ကဋ္ဌ ကုသိုလ်ကံ စေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးဟု ပြဆို ထားသော ခန္ဓာငါးပါး တရားတွေကို ကြောက်စရာ ရှုံ့မုန်း စက်ဆုပ်စရာ ငြီးငွေ့စရာ အနေ[redacted]ားဖြင့် ထင်မြင်ကြပြီးလျှင် ထိုခန္ဓာဝန်မှ လွတ်မြောက်ရေးအတွက် ဒုဒါရ ၆-ပါးမှ ဖြစ်တိုင်း သော ခန္ဓာတို့ကို ရှုမှတ်နိုင်ကြသဖြင့် ခန္ဓာဝန်ထုပ်ကြီးကို ပစ်ချ နိုင်ရာ နိဗ္ဗာန်ချမ်းသာကို လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

ဘာရသုတ္တန် တရားတော်ကြီး ပဌမပိုင်း ပြီး၏။

ဘာရသုတ္တန် တရားတော်ကြီး

၁၃၂၈-ခု၊ တန်ဆောင်မုန်းလကွယ်နေ့ ဟောသည်

ဒုတိယပိုင်း

ဝန်ထုပ်ကို ခံယူခြင်း

တန်ဆောင်မုန်းလပြည့်နေ့က ဘာရသုတ္တန်တရားကို ဟောခဲ့တာ တဝက်လောက်တော့ ပြီးသွားပါပြီ၊ ဘာရ=ဝန်ထုပ်ဝန်ပိုးဆိုတာ ဥပါဒါနက္ခန္ဓာငါးပါးဘဲ၊ သတ္တဝါတိုင်း မိမိတို့သန္တာန်မှာရှိနေတဲ့ ရူပ နာမ် မန္ဒာတွေပါဘဲ၊ ဘာရဟာရ=ဝန်ထုပ်ထမ်းတဲ့သူဆိုတာ အသီးအသီးသော ပုဂ္ဂိုလ် သတ္တဝါဘဲ၊ သတ္တဝါတိုင်းဟာ ဝန်ထမ်းသမားတွေဘဲ၊ ကိုယ့်ခန္ဓာ ဝန်ထုပ်ကြီးတွေကို အမြဲမပြတ် ထမ်းဆောင်နေကြရတယ်၊ နေ့စဉ်နေ့တိုင်း မျက်နှာသစ်ပေးရတယ်၊ ရေချိုးပေးရတယ်၊ အညစ်အကြေးတွေကို သုတ်သင်ပေးရတယ်၊ သင့်တော်တဲ့ အဝတ်အဆင်တန်းဆာနဲ့ ဝတ်ဆင်ပေးရတယ်၊ အစာကောင်းတွေကို ရှာကြံပြီးကျွေးရတယ်၊ ပျော်ရွှင်စရာအာရုံကို ရှာပေးရတယ်၊ ကျန်းမာအောင်လဲ ပြုပြင်ပေးရတယ်၊ သင့်တော်တဲ့အိပ်ရာမှာ သိပ်ပေးရတယ် စသည်ဖြင့် အမြဲမပြတ် ကြောင့်ကြစိုက်ပြီး ထမ်းဆောင်နေကြရတယ်၊ ဒါကြောင့် အင်မတန် ဝန်လေးတယ် ဆိုတာ သဘောပေါက်လောက်ပါပြီ။

ဒီတော့ ဒါလောက်ဝန်လေးတဲ့ ဝန်ထုပ်ကြီးကို ဘာကြောင့် လက်ခံပြီး ထမ်းဆောင်နေကြသလဲ၊ ဘယ်သူက အတင်းခိုင်းလို

ထမ်းနေကြရတာလဲ ဆိုတာ စဉ်းစား ကြည့်ကြရမယ်၊ အမှန်စင်စစ်ကတော့ ဘယ်သူကမှ ခိုင်းလို့ ထမ်းဆောင်နေကြရတာ မဟုတ်ပါဘူး။ ကိုယ့်ဟာကိုယ် ထမ်းချင်လို့ ထမ်းဆောင်နေကြရတာပါဘဲ၊ ဘုရားသခင်က ဖန်ဆင်းလို့ သတ္တဝါတွေ ဖြစ်နေကြရတယ်လို့ ယုံကြည်တဲ့သူတို့ အလိုအားဖြင့်တော့ ဘုရားသခင်က ပေးထားလို့ ထမ်းဆောင်နေကြရတယ်လို့ ဆိုရပေလိမ့်မယ်၊ အဲဒီလိုဆိုယင် စားဝတ်နေရေး ကျပ်တည်းနေတဲ့ သူတွေ၊ မျက်စိနားစသည် ကိုယ်အင်္ဂါ ချို့တဲ့နေတဲ့သူတွေ၊ ရောဂါဆိုးကြီးတွေ စဲ့ကပ်နေတဲ့သူတွေ၊ သူဘပါး၏ အနှိပ်စက်ခံနေရတဲ့သူတွေ၊ ဒီလို အဆင်မပြေတဲ့သူတွေ အနေနဲ့ဆိုယင် ဒီခန္ဓာဝန်ကြီးကို ပေးတဲ့သူ အပေါ်မှာ ကျေနပ်စရာ မရှိပေဘူး၊ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော် အရအားဖြင့်တော့ ဘယ်သူကမှ ပေးလို့ မဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ်ဘဲ ထမ်းချင်လို့ ထမ်းဆောင်နေကြရတာပါဘဲ၊ ဒါကြောင့် မြတ်စွာဘုရားက--

ကတမဋ္ဌ ဘိက္ခဝေ ဘာရာဒါနံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရာဒါနံ–လို့ ဟောထားပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာရာဒါနံ၊ လေးလံသော ဝန်ထုပ်ဝန်ပိုးကို ခံယူခြင်းသည်။ ကတမဋ္ဌ၊ အဘယ်ဟာပါနည်းဟူမူ။ ယာယံ တဏှာ၊ အကြင်နှစ်သက် သာယာ ဆာလောင် တောင့်တ

သော တဏှာသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤတဏှာကို။ ဘာရာ-ဒါနံ၊ ဝန်ထုပ်ကို ခံယူခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏ တဲ့။

တဏှာက အာရုံဆာတယ်

ဝန်ထုပ်ဝန်ပိုးကို ခံယူတာ လက်ခံတာ ဘယ်ဟာလဲ ဆိုယင် တဏှာပါဘဲ တဲ့၊ တဏှာဆိုတာ နှစ်သက် သာယာ တာဘဲ၊ ဆာလောင် တောင့်တတဲ့ သဘောပါဘဲ၊ ထမင်းဆာတာ ရေဆာတာမျိုးပါဘဲ။ သူက အာရုံတွေကို အလိုရှိပြီး ဆာနေပါတယ်၊ လှုပတင့်တယ်တဲ့ အဆင်းအာရုံကောင်းတွေကို အလိုရှိနေတယ်၊ ဆာနေတာပါဘဲ၊ အဲဒီလို အဆင်း အာရုံကောင်းတွေ ကြည့်ချင်တာတွေကို ကြည့်လို အားမရဘူး၊ ကြည့်ပြီးယင်း ကြည့်ချင်ယင်း ဖြစ်ပြီး ဆာနေတာဘဲ၊ ဝ-တယ်လို့ မရှိဘူး၊ ထို့အတူ အသံကောင်းတွေကိုလဲ နားထောင်ချင်တယ် ကြားချင်တယ်၊ အနံ့ကောင်းတွေကိုလဲ နမ်းရှူချင်တယ်၊ အရသာကောင်းတွေကိုလဲ စားချင်တယ်၊ အတွေ့အထိ ကောင်းတွေကိုလဲ တွေ့ထိချင်တယ်၊ စိတ်ကူး အာရုံကောင်းတွေကိုလဲ ကြံတွေးနေချင်တယ်၊ အဲဒီလို အာရုံကောင်းတွေကို ဘယ်လောက်ရရ အားရတယ်လို့ မရှိဘူး၊ ရချင် ခံစားချင်နေသေးတာဘဲ၊ ဒါကြောင့် တဿတိ၊ ဆာလောင်တတ်၏။ ပရိတဿတိ၊ ထက်ဝန်းကျင် အရာရာ အခါခပ်သိမ်း ဆာလောင်တတ်၏။ ဣတိ၊ ဤသို့ အခါခပ်သိမ်း ဆာလောင်တတ်သော သတ္တိကြောင့်။ တဏှာ၊ တဏှာ မည်တယ်-လို့ ဆိုထားပါတယ်။

ဆာလောင်တယ် ဆိုတာ နှစ်သက်လိုချင်တဲ့ သဘောဆိုတာ တောင့်တတဲ့သဘောပါ။ ဒါကြောင့် လှုပတင့်တယ်တဲ့ အဆင်းအာရုံကို မြင်ရတဲ့အခါ နှစ်သက်လိုချင်ယင် - တောင့်တမိယင် အဲဒါဟာ ခန္ဓာဝန်ကို လက်ခံပြီး ယူလိုက်တာပါ။ ဘယ်လိုလဲ ဆိုယင်? အဲဒီလို နှစ်သက် လိုချင်တဲ့ တဏှာ ဖြစ်ယင် အဲဒီ အာရုံကို စဲ့လမ်းတယ်၊ ဥပါဒါန်ပေါ့၊ စဲ့လမ်းတော့ ကိုယ့်အလို အတိုင်း ပြီးစီးပြည့်စုံအောင် ပြုလုပ်တယ်၊ အကုသိုလ်က် ကုသိုလ်ကံ ဖြစ်တာပေါ့၊ အဲဒီကံကြောင့် သေခါနီးမှာ ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံ ထင်ပေါ်တယ်၊ အဲဒီ ထင်ပေါ်နေတဲ့ အာရုံနိမိတ်ကို သာယာပြီး စဲ့လမ်းပြန်တယ်၊ အဲဒီလို စဲ့လမ်းနေယင်း သေသွားတဲ့အခါ ဘဝသစ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။ ဒါကြောင့် မြင်ရတဲ့ အဆင်းကို နှစ်သက်လိုချင်တဲ့ တဏှာဖြစ်ယင် ခန္ဓာဝန်ကို လက်ခံတယ် ယူတယ်လို့ ဆိုရတယ်။ မြင်ရတဲ့ အဆင်းမှာလိုဘဲ ကြားရတဲ့အသံကို နှစ်သက် လိုချင်ယင်လဲ ခန္ဓာဝန်ကို ယူသည်မည်တာပါ၊ နံရတဲ့အနံ့ စားရတဲ့အရသာ တွေ့ထိရတဲ့အတွေ့ ကြံသိရတဲ့စိတ်ကူး အာရုံတွေကို နှစ်သက် လိုချင်ယင်လဲ ခန္ဓာဝန်ကို ယူသည်မည်တာပါ။ နှစ်သက် လိုချင်တဲ့ တဏှာ တခုတခုက အကြောင်းညီညွတ်ယင် ဥပါဒါန် ကံဆိုတာ တွေဖြစ်ပြီး ဘဝသစ် ခန္ဓာဝန် တခု တခုကို ဖြင့်စေနိုင်တယ်။ ဒါကြောင့် ယာယံ တဏှာ၊ အကြင် နှစ်သက် သာယာ ဆာလောင်တောင့်တသော တဏှာသည်။ ပေါနောဘဝိကာ၊ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သည်လို့လဲ့ ဟောထားပါတယ်၊ အဲဒီ တဖန် ဘဝသစ် ဖြစ်စေပုံ အကျယ်ကိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ်

တရားတော်ကြီး ဒုတိယတွဲမှာ ပြထားပါတယ်၊ အကျယ်ကို သိချင်ယင် အဲဒီမှာဘဲ ကြည့်ကြပေတော့။

နောက်ပြီးတော့ ဒီတဏှာရဲ့ သဘောက နှစ်သက် တပ်စွဲတဲ့ သဘောဘဲ၊ ကောင်းတယ် ထင်ရတဲ့ အာရုံဆိုယင် သူက နှစ်သက်တာချည်းဘဲ၊ အဝတ်အထည်ကို ဆိုးတဲ့ ဆေးရည်မျိုးဟာ ထိရာထိရာကို စွဲစွဲသွားသလို ဒီတဏှာကလဲ ထိရာထိရာ အာရုံကို စွဲစွဲသွားတတ်တယ်။ ကိုယ်နဲ့ ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ ကိုယ့်အရာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သူက စွဲစွဲသွားတတ်တယ်၊ မြင်ရာကလဲ စွဲတာဘဲ၊ ကြားရာ နံရာ စားရာ ထိရာ ကြုံမိရာကလဲ စွဲတာဘဲ။ ဒါကြောင့် နန္ဒိရာဂ-သဟဂတာ၊ နှစ်သက်ခြင်း တပ်စွဲခြင်းနှင့် တကွဖြစ်သည်လို့လဲ ဟောထားပါတယ်။

တဏှာက ရောက်ရာမှာ ပျော်တယ်

နောက်ပြီးတော့ ဒီတဏှာက ရောက်ရာဌာန ရရာအာရုံမှာ နှစ်သက်ပြီး ပျော်နေတတ်တယ်။ သူက ပျင်းရိငြီးငွေ့ခြင်းမရှိဘူး၊ အထက်တန်းကျတဲ့ ဘဝအခြေအနေက နေပြီး ကြည့်မယ်ဆိုယင် အောက်တန်းကျတဲ့ ဘဝအခြေအနေကို အလိုမရှိဘူး၊ ပျင်းရိ ငြီးငွေ့စရာလို့ ထင်ရတယ်၊ ရှုံ့စရာ ကြောက်စရာလို့လဲ ထင်ရတတ်တယ်။ ဒါပေမဲ့ အဲဒီလိုယုတ်ညံ့တဲ့ အဆင့်အတန်း ဘဝအခြေအနေ ရောက်သွားတဲ့ အခါကျတော့ သူ့ဟာနဲ့သူ နေသာထိုင်သာ ပျော်စရာဖြစ်ပြီး ပျော်သွားတော့ တာဘဲ။ လူတွေအနေနဲ့ ကြည့်မယ်ဆိုယင် မြေရဲ့ကိုယ်ကြီးတွေ ပိုးကောင်

တေ့ခဲ့ ကိုယ်တေ့ဟာ သိပ် ရှုံစရာ ကြောက်စရာ ကောင်းတာဘဲ၊ အဲဒီ မြေကိုယ် ပိုးကောင်ကိုယ်ထဲမှာ ဝင်ဖြစ်နေမယ်ဆိုယင် သိပ် ရှုံစရာ ကြောက်စရာ ကောင်းတာဘဲ။ ဒါပေမဲ့ ကံအားလျော်စွာ အဲဒီဘဝမျိုး ရောက်သွားတော့ သူ့ဟာနဲ့သူ သာယာစရာဖြစ်ပြီး ပျော်မွေ့သွားတာဘဲ၊ အဲဒါဟာ တဏှာဆိုတဲ့ တရားက ရောက်ရာ ဌာန ရရာအာရုံမှာ နှစ်သက် ပျော်မွေ့တတ်တဲ့ သဘောရှိနေလို့ ပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီတဏှာကို တတြတတြာ ဘိနန္ဒိနီ၊ ယိုထိုရောက်ရာဘဝ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ ရှိတယ်လို့လဲ ဟောထားပါတယ်။ အဲဒါကို စမ္မေယျနဂါးမင်း ဝတ္ထု ဥပရိ မိဖုရား ဝတ္ထုတို့ဖြင့် ထင်ရှားသိနိုင်ပါတယ်။

စမ္မေယျနဂါးမင်းဝတ္ထု

ဘုန်းကြီးတို့၏ ဘုရားအလောင်းတော်ဟာ တခုသော ဘဝ တုန်းက စမ္မာမြစ်အနီးအရပ်၌ ဆင်းရဲသားတယောက်ဖြစ်ခဲ့တယ်၊ အဲဒီအခါတုန်းက အင်္ဂန်နှင့် မဂဓ နှစ်တိုင်းကို အုပ်စိုးတဲ့ မင်းက စမ္မာမြစ်မှာ ကြီးစိုးနေတဲ့ စမ္မေယျ နဂါးမင်းကို တနှစ်တကြိမ် တိုင်းသူပြည်သားများနှင့်တကွ အကြီးအကျယ် ပူဇော်ပဲ့ ပြုလုပ်တယ်၊ စမ္မေယျ နဂါးမင်းကလဲ လူ့အသွင် ဖန်ဆင်းထားတဲ့ နဂါးပရိသတ်နှင့်တကွ ထင်ရှားပြပြီး တခမ်းတနား အပူဇော် ခံသတဲ့။ အဲဒါဟာ ယခုခေတ် အချို့လူတွေ အနေနဲ့ဆိုယင်တော့ ယုတ္တိမရှိဘူးလို့ ဆိုချင်လဲ ဆိုပေလိမ့်မယ်။ ဒါပေမဲ့ ယခုခေတ် မှာဘဲ တချို့လူတွေဟာ ဥစ္စာစောင့်တွေနဲ့ တွေ့ကြုံရပုံကို ထောက် ဆကြည့်ယင်တော့ တရုံတခါ ဖြစ်နိုင်တယ်လို့ ဆိုဘွယ်ရာရှိပါ

တယ်။ ဘာကြောင့်လဲဆိုယင် ရှေးရှေးတုန်းက မဖြစ်ခဲ့ဘူးတဲ့ မီးရထား, မော်တော်ကား, လေယာဉ်ပျံ, ဒုံးပျံ, စသည်တွေ ဟာ ယခုခေတ်မှာ အထူးအဆန်း ဖြစ်ပေါ်လာကြသလို ဟိုရှေးခေတ်တုန်းကလဲ ယခုခေတ်မှာ မဖြစ်တာတွေ တရုံတခါ ထူးထူးဆန်းဆန်း ဖြစ်နိုင်တယ်လို့ ယူသင့်ပါတယ်။

အဲဒီ နဂါးမင်းပူဇော်ပွဲမှာ အခြေအရံတွေနှင့်တကွ စမ္ပေယျ နဂါးမင်းကို လူ့ပုံသဏ္ဌာန်နှင့် ခမ်းနားတင့်တယ်စွာ မြင်ရတဲ့ အတွက် ဘုရားအလောင်း ဆင်းရဲသားက ဒဲဒီ နဂါးမင်း၏ စည်းစိမ်ကို တောင့်တပြီးတော့ ပေးလှူတယ်၊ သီလစောင့်တယ်၊ ဒါကြောင့် ဘုရားအလောင်းဟာ အဲဒီဘဝက သေတဲ့အခါ စမ္ပေယျနဂါးမင်း၏ ပလ္လင်ပေါ်မှာ ဥပပါတ်နဂါးကြီး ဖြစ်သွားတယ်၊ နဂါးဆိုတာ စင်စစ်မှာတော့ မြွေဘဲ၊ လူစင်စစ်က မြွေကြီး ဖြစ်ရတယ်ဆိုတော့ ကြောက်စရာ ရှုံ့စရာကြီးပေါ့။ ဒါကြောင့် ဘုရားအလောင်းက နဂါးဖြစ်ခါစမှာ သူ့ကိုယ်သူ ကြည့်ပြီး ရှုံ့ရှာစက်ဆုပ်တယ်၊ ငါပြုခဲ့တဲ့ ဒါန- သီလ ကုသိုလ်ကံတွေဟာ စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတီ, ပရနိမ္မိတဝသဝတ္တီဆိုတဲ့ နတ်ပြည် ၆-ထပ် ရှိတဲ့ အနက်က ဘယ်ဘုံမှာမဆို ဖြစ်ခစနိုင်တယ်၊ ဒါပေမဲ့ ငါက ဒီ နဂါးမင်းစည်းစိမ်ကို တောင့်တမိလို့ ဒီ မြွေတိရစ္ဆာန် ဘဝမှာ ဖြစ်ရတယ်၊ ဒီ မြွေတိရစ္ဆာန်အဖြစ်နဲ့ အသက်ရှင်နေရကာထက် သေရတာက ကောင်းသေးတယ်လို့ သေဘို့ရာ ကြံစည်မိတယ်။

အဲဒီအခါ သုမနာဆိုတဲ့ နဂါးမကလေးက အခြား နဂါးမတွေကို ဖျောင်ဖြေဘို့ တိုက်တွန်း နှိုးဆော်လိုက်တယ်။ နဂါးမတွေက အကုန်လုံး လှုပတင့်တယ်တဲ့ နတ်သမီးအသွင် ဖန်ဆင်းပြီး တူရိယာအမျိုးမျိုး တီးမှုတ်ပြီး သီဆိုကခုန်လျက် ဖျောင်ဖြေကြတယ်၊ အဲဒီလို နတ်သမီးအသွင်နဲ့ တီးမှုတ်ကခုန်လျက် ဖျောင်ဖြေကြတာကို မြင်ရတော့ ဘုရားအလောင်း စမ္မေယျ နဂါးမင်း၏ စိတ်မှာ အဲဒီ နဂါးတို့၏ဌာနကို သိကြားမင်း၏ ဘုံဗိမာန်လိုထင်ပြီး ပျော်မွေ့သွားသတဲ့၊ အဲဒါနဲ့ သူလဲ နတ်အသွင်ဖြင့် ပြောင်းပြီး နဂါးမတွေနဲ့အတူ တပေါင်းတည်းဖြစ်ပြီး ပျော်သွားပါရောတဲ့။

ဒါပေမဲ့ ဘုရားအလောင်းဆိုတော့ သတိတရားက ရလွယ်ပါတယ်။ ဒါကြောင့် နောက်တချိန်မှာတော့ နဂါးဘဝမှ လွတ်မြောက်ပြီး လူ့ဘဝရောက်ရအောင်, လူ့ဘဝရောက်ပြီး ဒါနသီလ အစရှိသော ပါရမီတွေကို ဖြည့်ကျင့်နိုင်အောင် ရည်ရွယ်ပြီး လူ့လောက တောအရပ်မှာလာပြီး ဥပုသ်သီလကို စောင့်သုံးပါသေးတယ်။

ဒီ စမ္မေယျနဂါးမင်း ဝတ္ထုမှာ ပြောလိုရင်းကတော့ လူ့အမြင်နဲ့ ကြည့်ယင် မြွေနဂါးကိုယ်ကြီးဟာ ကြောက်စရာလဲကောင်းတယ်, ရွံစရာလဲကောင်းတယ်၊ ဘုရားအလောင်းလဲ နဂါးဖြစ်ခါစမှာ အဲဒီ နဂါးဘဝကို ရွံရှာစက်ဆုပ်တယ်၊ ဒါပေမဲ့ နောက်မကြာခင်ဘဲ နဂါးမတွေ ဖျောင်ဖြေတာကို မြင်ရတော့ အဲဒီ ဖြစ်ရာဘဝမှာ နတ်ဘဝလိုဘဲ ပျော်မွေ့သွားတယ် ဆိုတာကို

ပြောလိုရင်းပါဘဲ။ အဲဒီလို ရောက်ရာဘဝမှာ ပျော်မွေ့သွားတာဟာလဲ တခြားကြောင့် မဟုတ်ဘူး၊ ထိုထိုဘဝ ထိုထိုအာရုံမှာ နှစ်သက်ပျော်မွေ့တတ်တယ်ဆိုတဲ့ ဟဏ္ဍာကြောင့်ဘဲ၊ နောက်ပြီးတော့ ဘုရားအလောင်းဟာ ဆင်းရဲသားဘဝတုန်းက စမ္မေယျနဂါးမင်းစည်းစိမ်ကို နှစ်သက်လိုချင်ခဲ့တယ်၊ အဲဒီ နှစ်သက်လိုချင်မှုကြောင့် နဂါးဘဝ ခန္ဓာဝန်ကို ရတာဘဲ။ ဒါကြောင့် နှစ်သက်လိုချင်တဲ့ တဏှာဖြစ်ယင် ဘဝသစ်ခန္ဓာဝန်ကို ခံယူသည်မည်တယ်ဆိုတာကိုလဲ ဒီဝတ္ထုမှ အထူး ကောက်နှုတ်ပြီး မှတ်ထားကြရမယ်။

ဥပရိမိဖုရားဝတ္ထု

ဥပရိမိဖုရားဝတ္ထုကဘော့ ရှေးက ကာသီတိုင်း ပါဠလိမြို့မှာ အာ့သကဆိုတဲ့ မင်းက စိုးစံနေခဲ့တယ်၊ အဲဒီ အာ့သကမင်းရဲ့ အဂ္ဂမဟေသီမိဖုရားကြီးက ဥပရိ အမည်ရှိတယ်၊ ရုပ်ရေ ရူပကာယ အင်မတန် လှုပတင့်တယ်တယ်လို့ ဆိုပါတယ်။ ရှေးက ဘုရင်မင်းများဟာ တိုင်းပြည်မှာ အလှဆုံးအမျိုးသမီးကို ရွေးကောက်ပြီး မိဖုရား မြှောက်တတ်ကြပါတယ်၊ ဒါကြောင့် မိဖုရား ဆိုယင် အရုပ်အဆင်း လှုပတင့်တယ်တာကဘဲ မျှားပါတယ်။ ဒီ ဥပရိမိဖုရားကတော့ အထူးသဖြင့် လှုပတင့်တယ်တယ်လို့ ဆိုပါတယ်။ ဘုရင်မင်းမြတ်က လှုပတဲ့အတွက် အလှန်ဘဲ ချစ်မြတ်နိုးနေပါသတဲ့။ အဲဒီလို အလှန် လှုပတင့်တယ်ပြီး ဘုရင်ကလဲ အလှန် ချစ်မြတ်နိုးနေတဲ့ ဥပရိမိဖုရားဟာ လှုပတင့်တယ် အရှယ်ကောင်း

တုန်း နတ်ရှာစံသွားရှာသတဲ့။ နတ်ရှာစံတယ် ဆိုတာကတော့ မင်းတို့ မိဖုရားတို့သေယင် ပြောဆိုရတဲ့ ဗမာ့ယဉ်ကျေးမှု စကားလုံးမျှပါဘဲ၊ ရဟန်းတော်များသေတော့ ပျံတော်မူတယ်လို့ ပြောရတယ်။ ယဉ်ကျေးမှု ဝေါဟာရမျှပါဘဲ၊ သေတဲ့သူကတော့ သူကံအားလျော်စွာ ဘဝသစ်မှာ ဖြစ်ရတာပါဘဲ။ ဒီဥပရိမိဖုရားဆိုယင် ယဉ်ကျေးမှုအရ နတ်ရှာစံတယ်လို့ ဆိုရပေမဲ့ တကယ်စံတာကတော့ နတ်ရှာမဟုတ်ပါဘူး၊ နွားချေးပိုးရှာ ဖြစ်နေပါတယ်။

အဲဒီလို အလွန် ချစ်မြတ်နိုးတဲ့ မိဖုရား နတ်ရှာစံသွားတော့ အဃကဘုရင် မင်းကြီးမှာ အလွန်အမင်း သောက ပရိဒေဝ မီးတွေ တောက်လောင်နေပါတယ်၊ မိဖုရားရဲ့အလောင်းကို မှန်ခေါင်းထဲမှာ ဆီနဲ့စိမ်ပြီး သူ့ခုတင်အောက်မှာ ထားစေတယ်၊ ထမင်းတောင် မစားနိုင်ဘဲ လွမ်းဆွတ်ပူဆွေး ငိုကြွေးတမ်းတပြီး အဲဒီ ခုဘင်အပေါ်မှာဘဲ လျောင်းစက်ပြီး အိပ်နေသတဲ့။ မိဘတွေ ဆွေမျိုးတွေ ပညာရှိအမတ်တွေက သခ်ါရသဘော အနိစ္စသဘောကို ဘယ်လိုပင်ဟောသော်လဲ သတိတရားမရနိုင်ဘဲ ရှိနေသတဲ့။ ခေါင်းထဲက အလောင်းက ဆီစိမ်ထားတယ် ဆိုတော့ မပုပ်မပျက်ပဲ ရှိနေဟန်တူပါတယ်၊ ယခုကာလမှာ ဆေးရည်စိမ်ထားတဲ့ အလောင်းများလိုနေမှာပေါ့၊ အဲဒီတော့ ခေါင်းထဲမှာ လျောင်းအိပ်နေတာလို ထင်ရပေလိမ့်မယ်၊ အဲဒီ အလောင်းကို ကြည့်လိုက် ငိုကြွေးမြည်တမ်းလိုက်နဲ့ သောက ပရိဒေဝ မီးတွေ တောက်လောင်နေတာ ခုနစ်ရက်တောင် ရှိသွားပါသတဲ့။

အဲဒီအခါမှာ ဘုရားအလောင်းဘော်က ဟိမဝန္တာ တောအရပ်မှာ စျာန်အဘိညာဉ်ရတဲ့ ရသေ့ကြီး ဖြစ်နေပါတယ်။ အဲဒီ ဘုရားအလောင်း ရသေ့ကြီးက လောကကို ကြည့်လိုက်ဘဲ့အခါ ဒီအဿကမင်း အတိဒုက္ခ ရောက်နေတာကိုလဲ မြင်ရတယ်၊ မိမိမှ တပါး မည်သူမျှ ဒီမင်းကို မကယ်နိုင်ဘူး ဆိုတာကိုလဲ သိရတယ်။ ဒါကြောင့် ဘုရားအလောင်း ရသေ့ကြီးဟာ စျာန်အဘိညာဉ်ဖြင့် အဿကမင်း၏ ဥယျာဉ်သို့ ကြွလာတယ်။ အဲဒီအခါ ပါဠလိမြို့ထဲက ပုဏ္ဏားလုလင်တယောက် ဘုရားအလောင်း ရသေ့ကြီးထံ ရောက်လာတာနဲ့ ရသေ့ကြီးက အဿကမင်းအကြောင်း ကိုမေးတယ်၊ ပုဏ္ဏားလုလင်က အဿကမင်း သောကပရိဒေဝမီး အကြီးအကျယ်တောက်လောင်နေပုံကိုပြောပြပြီးတော့ အဿကမင်းအား ဟောပြော ကယ်တင်ဘို့ရန် ပြောပါတယ်။ အဲဒီတော့ ရသေ့ကြီးက အဿကမင်းကို ငါတို့က မသိဘူး၊ အကယ်၍ ငါတို့ထံလာပြီး မေးလျှင်တော့ သူ့မိဖုရားကြီး ဖြစ်ရာဘဝကို ပြောနိုင်ပါတယ်လို့ ပြောလိုက်တယ်။ အဲဒီအခါ ပုဏ္ဏားလုလင်က မင်းကြီးထံသွားပြီး ''အရှင်မင်းကြီး ဥယျာဉ်တော်မှာ အကြားအမြင်ပေါက်ဘဲ့ ဒီဗွစက္ခု ရှင်ရဏသေ့ကြီးတပါး ရောက်နေတယ်၊ ဥပရိ မိဖုရားကြီး ဖြစ်ရာဘဝကိုလဲ သိပါသတဲ့၊ ပြလဲ ပြနိုင်ပါသတဲ့၊ အဲဒီ ရှင်ရဏသေ့ကြီးထံ သွားဘို့ကောင်းပါတယ်'' လို့ မင်းကြီးအား ပြောကြားတယ်။

ဥပရိမိဖုရားကြီးကို ပြနိုင်သတဲ့-လို့ ကြားရတော့ အဿကမင်းကြီးဟာ အားရဝမ်းသာဖြစ်ပြီးတော့ ရထားစီးပြီး ဘုရား

အလောင်းရှိရာ ဥယျာဉ်တော်သို့ လာတယ်၊ ရိုသေစွာ ရှိခိုးပြီး အရှင်ရသေ့ကြီး ဥပရိမိဖုရား ဖြစ်ရာဘဝကို သိတယ် ဆိုတာ ဟုတ်ပါသလား၊ လို့ မေးတယ်။ ဟုတ်ကြောင်း ရသေ့ကြီးက ပြန်ပြောတယ်။ ဘယ်မှာဖြစ်ပါသလဲ၊ လို့ မေးပြန်ပါတယ်။ ဒီတော့ ရှင်ရသေ့ကြီးက—

မင်းကြီး....သင်၏ မိဖုရားကြီး ဥပရိဟာ အရုပ်အဆင်းကိုသာ နှစ်သက်သာယာပြီး မာန်ယစ်နေတယ်၊ အရုပ်အဆင်း လှုပဘို့သာ တသသနှင့် ဂရုစိုက် ပြုပြင်နေတယ်၊ ဒါနဲ့ သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုကို ပြုဘို့ရာ မေ့လျော့နေတယ်၊ အဲဒီလို ကုသိုလ်ကောင်းမှု အလုပ်မှာ မေ့လျော့ပြီး မာန်ယစ်နေတဲ့ အတွက် သေသည့်နောက်မှာ ယုတ်ညံ့ကဲ့ဘဝ . ရောက်သွားရရှာတယ်၊ ဒီဥယျာဉ်တော်ထဲမှာ နွားခြေးပုံးမ ဖြစ်နေရရှာတယ်လို့ ရှင်ရသေ့ကြီးက အမှန်အတိုင်း ထုတ်ဖော်ပြီးပြောတယ်။

ပစ္စည်းဥစ္စာဖြစ်စေ ဆွေမျိုးဖြစ်စေ ပညာဖြစ်စေ ရာထူးဖြစ်စေ အရုပ်အဆင်းဖြစ်စေ သူများထက် ထူးချွန်ယင် အဲဒါကို အကြောင်းပြုပြီး မာန် မာန ကြီးတတ်တယ်၊ မာန် မာနကြီးပြီး ကုသိုလ်ကောင်းမှုပြုဘို့ မေ့နေတတ်တယ်၊ သူတပါးကို ရိုသေကိုင်းရှိုင်းရမှန်း မသိဘဲ ဖြစ်နေတတ်တယ်။ အဲဒီလို မာနကြီးတဲ့ သူဟာ ယုတ်ညံ့တဲ့ဘဝကို ရောက်တတ်ကြောင်း စူဠကမ္မဝိဘင်္ဂ သုတ်မှာလဲ မြတ်စွာဘုရားက ဟောထားပါတယ်။ အဲဒါကို ဘုန်းကြီးက "မာနကြီးက၊ မျိုးညံ့ရ နှိမ်ချ မျိုးမြတ်သည်" လို့ ဆောင်ပုဒ် စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

မာနကြီးက၊ မျိုးညံ့ရ၊ နှိမ်ခ၊ မျိုးမြတ်သည်။

မာနကြီးပြီး ရိုသေထိုက်တဲ့သူကို မရိုမသေပြုလျှင် အမျိုးညံ့မှာ ဖြစ်တတ်တယ်၊ မာန်မာန-နှိမ်ခပြီး ရိုသေထိုက်တဲ့သူကို ရိုသေလျှင် အမျိုးမြတ်မှာ ဖြစ်တတ်တယ်လို့ ဆိုလိုပါတယ်။ မရိုမသေ၊ မျိုးယုတ်ခေ၊ ရိုသေမျိုးမြတ်သည်—လို့ ဒီလိုလဲ ဆိုနိုင်ပါတယ်။ ယခုပြောနေတဲ့ ဥပရိမိဖုရားကြီးမှာ အရုပ်အဆင်းကလဲ လှပပြီး အဆင့်အတန်းကလဲ အဂ္ဂမဟေသီ မိဖုရားကြီးဆိုတော့ မာန်ယစ်ပြီး ရိုသေထိုက်တဲ့ သူတွေကို မရိုမသေပြုတဲ့ အကုသိုလ်ကြောင့် ယုတ်ညံ့တဲ့ နွားချေးပိုး ဖြစ်ရရှာတယ်လို့ ယူဘွယ်ရာရှိပါတယ်။

အဲဒီလို နွားချေးပိုးမ ဖြစ်ရတဲ့အကြောင်းကို ကြားရတော့ အဿကမင်းကြီးက နာဟံ သဒ္ဓဟာမိ=ကျွန်ုပ် မယုံပါ—လို့ ငြင်းပယ်ပါတယ်။

ဒါဖြင့် ပိုးမကိုပြပြီး စကားပြောစေမယ်လို့ ရသေ့ကြီးက ခြောဘယ်။

ကောင်းပါပြီ ခြောပါ၊စလို့ မင်းကြီးကဆိုဘယ်။

အဲဒီအခါ ဘုရားအလောင်းရသေ့ကြီးက ပိုးဖိုနှင့် ပိုးမနှစ်ဦးလုံး အဿကမင်း၏ ရှေ့သို့ ထွက်လာကြစေလို့ အာဘိညာဉ်ဖြင့် အဓိဋ္ဌာန်ပြုလိုက်ပါတယ်။ ပိုးဖိုနှင့် ပိုးမ နွားချေးပုံထဲကထွက်ပြီး မင်းကြီးရှေ့ ရောက်လာတဲ့အခါ ရသေ့ကြီးက—

မဟာရာဇ၊ မင်းကြီး။ အယံ၊ နောက်မှလိုက်လာသော ဤ ပိုးမသည်။ ဘေ၊ သင်၏။ ဥပရိဒေဝီ၊ ဥပရိမည်သော မိဖုရားကြီး ပေတည်း။ တံ ဇဟိတ္ဝာ၊ သင်မင်းကြီးကိုစွန့်၍။ ဂဂါမယပါဒေ ကဿ၊ နွားချေးပိုးဖို၏။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ ဂစ္ဆတိ၊ လိုက်သွားနေ၏။ နံ၊ ထိုဥပရိ မိဖုရားကြီးမှ ဖြစ်လာသော ပိုးမကို။ ပဿ၊ သေသေချာချာ ကြည့်ပါလော့-လို့ ပြောပြပါတယ်။

ဒီတော့ မင်းကြီးက အရှင်ဘုရား အင်မတန် လိမ္မာရေးခြားရှိနေတဲ့ ဥပရိမိဖုရား စင်စစ်က ဒီလို နွားချေးပိုးမ ဖြစ်တယ်ဆိုတာ ကျွန်ုပ် မယုံကြည်နိုင်ပါဘူးလို့ ငြင်းဆိုပြန်တယ်။ ဟုတ်တယ် ကံ ကံ၏ အကျိုးပေးပုံကို ကောင်းကောင်းမယုံကြည်တဲ့သူ, ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်သွယ်ပုံကိုသဘောမပေါက်တဲ့သူ အဲဒီလို ပုဂ္ဂိုလ်အဖို့မှာ ဆိုယင် လူစင်စစ်က ဒီလို ပိုးကောင် ဖြစ်သွားတယ်ဆိုတာ ယုံကြည်ဘို့ ခက်ပေလိမ့်မယ်၊ ယခုခေတ် ဗုဒ္ဓတရားတော်တွေ အင်မတန် ထင်ရှားနေကဲ့ ခေတ်ထဲမှာတောင် လူသေယင် လူထက် ယုတ်ညံ့တဲ့ဘဝ မဖြစ်နိုင်တော့ဘူးလို့ ယုံကြည်ယူဆတဲ့သူတွေ ရှိနေသေးတာဘဲ၊ ဘုရား တရားတော်ကို မကြားမနာရတဲ့ အဲဒီ သာသနာပ အခါကာလမှာဆိုတော့ မယုံကြည်နိုင်ဘဲလဲ ရှိပေမှာဘဲ။ ဒါပေမဲ့ ဗုဒ္ဓမြတ်စွာဘုရား ဟောထားတဲ့ တရားတော် အရဆိုယင်တော့ အရိယာအဖြစ် မရောက်သေးတဲ့သူဟာ လူ့ဘဝမှလဲ အပါယ်လေးဘုံကို ရောက်နိုင်တာဘဲ၊ နတ်ဘဝ နတ်မင်းကြီးဘဝမှလဲ အပါယ်၄-ဘုံကို ရောက်

နိုင်တာဘဲ၊ အကုသိုလ်ကံနဲ့ သေခါနီး နှလုံးသွင်းမှုအားလျော်စွာ အပါယ် သတ္တဝါမျိုးထဲမှာ ဖြစ်သွားနိုင်တာဘဲ၊ ကုသိုလ်ကံနဲ့ သေခါနီးမှာ နှလုံးသွင်းကောင်းယင်တော့ ဘယ်လို ယုတ်ညံ့တဲ့ ဘဝက ပေမဲ့ လူဘဝ နတ်ဘဝ မြင့်မြတ်တဲ့ဘဝတွေကို ရောက်သွားနိုင်တာဘဲ။ ဒီနေရာမှာ အရှင်တဿ ဆိုတဲ့ ရဟန်းတော်က သေခါနီးမှာ သက်နှုံးကိုစဲလမ်းပြီး သေသွားလို့ အဲဒီသက်နှုံးမှာဘဲ သန်းဖြစ်ရတယ်၊ မြတ်စွာဘုရား၏ တရားတော်ကို နာနေယင်း သေသွားတဲ့ ဖားသတ္တဝါက တာဝတိံသာမှာ နတ်သားဖြစ်ရတယ် ဆိုဘားတွေဟာ သက်ဓသသာဓကတွေပါဘဲ။ ဒါပေမဲ့ အဲဒီမင်းကြီးက ဒီလိုတရားတွေကို ကြားနာရဘူးတာ မဟုတ်တဲ့ အတွက် မယုံနိုင်ဘူးလို့ ငြင်းနေပါတယ်။

ဒီတော့ ရှင်ရဇေကြီးက ကဲ ဒါဖြင့် ဒီပိုးမကို စကားပြောစေမယ်လို့ ပြောပါတယ်။ ပြောပါစေလို့ မင်းကြီးက ဆိုပါတယ်။

အဲဒီအခါ ရှင်ရဇေကြီးက မိမိပြောတဲ့စကားကို ပိုးမနားလည်အောင်, ပိုးမက ပြန်ပြောတဲ့စကားကိုလဲ မင်းကြီးနှင့်တကွ ပရိသတ်ပါ ကြားပြီး နားလည်အောင် အဘိညာဉ် တန်ခိုးဖြင့် အဓိဋ္ဌာန်ပြုပြီး—

ဟဲ့ ပိုးမ သင်ဟာ ရှေးဘဝတုန်းက ဘယ်သူ ဖြစ်သလဲလို့ မေးလိုက်ပါတယ်။

အဿကမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီး ဥပရိဖြစ်ခဲ့ပါတယ် ဘုရားလို့ ပိုးမက ပြန်ပြောတယ်။

ဘယ်နှယ်လဲ သင်ဟာ ယခုအဿကမင်းကြီးကိုဘဲချစ်သလား၊ သို့မဟုတ် နွားချေးပိုးဖိုကိုဘဲ ချစ်သလားလို့ ရှင်ရသေ့က မေးပါတယ်။

ဒီဇတော့ နွားချေးပိုးမက အရှင်ဘုရား ဟို အဿကမင်းဆိုတာ ကဇောတ္တ တပည့်တော်မရဲ့ ရှေးဘဝက ခင်ပွန်းလင် ဖြစ်ခဲ့ပါတယ်၊ အဲဒီ အခါတုန်းကတော့ ဒီဥယျာဉ်တော်ထဲမှာ တပည့်တော်မဟာ အဿကမင်းနှင့် တူနှစ်ကိုယ် ယှဉ်တွဲပြီး ရူပါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ကာမဂုဏ် အာရုံတွေခံစားကာ လှည့်လည်ခဲ့ဘူးလှပါပြီ။ သို့သော်လဲ ယခုအခါမှာတော့ ဘဝအသစ်ရောက်နေတဲ့အတွက် အဲဒီ အဿက မင်းဟာ တပည့်တော်မနှင့် ဘာမှ မစပ်မဆိုင်တော့ပါဘူးလို့ ပြန်ပြောပါသတဲ့။ နောက်ပြီးတော့ အဲဒီ အဌကသာက ဒီလိုတောင် ပြောတယ်လို့ ဆိုထားပါသေးတယ်၊ ဆိုပုံကတော့ သူ့မှုရင်းအတိုင်း ပါဠိနှင့်အနက် ရှတ်ပြရမယ်။

အဟံ၊ တပည့်တော်မသည်။ ဣဒါနိ၊ ယခုအခါ၌၊ အဿ-ကရာဇာနံ မာရေတွာ၊ အဿကမင်းကိုသတ်၍။ တသ္မာ ဂလ-လောဟိတေန၊ ထိုမင်း၏ လည်ချောင်းသွေးဖြင့်။ မယှံ သာမိ ကဿ၊ တပည့်တော်မ၏ ယခုဘဝ ချစ်လင်ဖြစ်သော။ ဂေါမယ ပါဏကဿ၊ နွားချေးပိုးဖို၏။ ပါ့ဒေ၊ ခြေတို့ကို။ မကွေယျံ၊

လိမ်းသုတ်ပေးချင်ပါသေးတယ် အရှင်ဘုရားလို့တောင် ရင့်ရင့်သီးသီး ဖွင့်ပြောလိုက်ပါသေးသတဲ့။

အဲဒီလို ပြောတယ်ဆိုတာကတော့ ရင့်သီးလွန်းအားကြီးတယ်လို့ ထင်စရာဘဲ၊ ဒါပေမဲ့ သူ့မောင်တော်လင် ပိုးဖိုရှေ့ပြောရတာဆိုတော့ အဲဒီပိုးဖို သဘောကျအောင်လို့ ပြောရတာလဲ ဖြစ်နိုင်ပါတယ်၊ နောက်ပြီးတော့ သတ္တဝါတွေဟာ ဘဝဟောင်း ဘဝသစ်ခြားတာကို ထားဦးတော့ တဘဝထဲမှာတောင် အဆင်မပြေလို့ ကွဲကွာပြီး အိမ်ထောင်အသစ် ဖြစ်နေကြတယ်ဆိုယင် အလျင်က အဟောင်းဖြစ်တဲ့ လင်အပေါ် မယားအပေါ်မှာ ငဲ့ကွက်ခြင်းမရှိဘဲ အသစ်အပေါ်မှာသာ အလေးပြုလေ့ ရှိကြတယ်ဆိုတာ သက်သေသာဓကတွေ အများကြီး ရှိနေတာဘဲ၊ ဒါကြောင့် အဲဒီအဋ္ဌကထာစကားလဲ အသင့်ယူတွေ့ရှိပါတယ်၊ ဇာတ်ပါဠိတော်မှာတော့ ပိုးမ ပြောပုံကို ဒီလို ဆိုထားပါတယ်။

အယမသ္မကရာဇေန၊ ဒေသော ဝိစရိတော မယာ။
အနုကာမာယ ကာမေန၊ ပိယေန ပတိနာ သဟ။

ဘဏ္ဍေ၊ အရှင် ရသေ့ကြီးဘုရား။ အယံ ဒေသော၊ ဤဥယျာဉ်တော်အရပ်ဒေသကို။ အနုကာမာယ၊ အသကမင်းကို ချစ်မြတ်နိုးသော။ မယာ၊ အကျွန်ုပ်သည်။ ကာမေန၊ အကျွန်ုပ်ကို ချစ်မြတ်နိုးသော။ ပိယေန ပတိနာ၊ ထိုစဉ်အခါက ချစ်လင်ဖြစ်သော။ အသကရာဇေန သဟ၊ အသကမင်းနှင့် အတူတကွ။

ဝိစရိတော၊ အကြိမ်များစွာ လှည့်လည်ကာ ပျော်ပွဲခံခဲ့ဘူးလှ ပါပြီ။

နဝေန သုခဒုက္ခေန၊ ပေါရာဏံ အင်ဓိယတိ။
တဿာ အသကရညာဝ၊ ကိဠော ပိယတရော မမ။

နဝေန၊ အသစ်ဖြစ်သော။ သုခဒုက္ခေန၊ ချမ်းသာ နှင့် ဆင်းရဲက။ ပေါရာဏံ၊ ဘဝဟောင်းကို။ ဝါ၊ ချမ်းသာ ဆင်းရဲ အဟောင်းကို။ အပိဓိယတိ၊ ပိတ်ဖုံးအပ်ပ၊ သည် ဘုရား။ တဿ၊ ထိုသို့ ချမ်းသာဆင်းရဲအသစ်က ချမ်းသာဆင်းရဲဟောင်းတွေကို ဖုံးကွယ်သွားသောကြောင့်။ ကိဠောဝေ၊ လက်ရှိလင်ဖြစ်သော ပုံးဖုံကုသာလျှင်။ အသကရညာ၊ အသကမင်းထက်။ မမ၊ အကျွန်ုပ်သည်။ ပိယတရော၊ သာ၍ ချစ်အပ်ပါတော့သည် အရှင်ဘုရားလို့ ပိုးမကပြန်ပြီး ဖြေကြားလိုက်ပါသတဲ့။

ဒီမှာလဲ အဋ္ဌကထာက ပိယတရော=သာ၍ ချစ်အပ်ပါသည် လို့ ဆိုရာမှာ သတဂုဏေန သဟဿဂုဏေန=အဆတရာ အဆ တထောင် သာ့ပြီးချစ်တယ်ဆိုတဲ့အကြောင်း အချစ်ဒီဂရီသာနေ ပုံကို အတိုင်းအဆနဲ့ ဖွင့်ပြထားပါသေးတယ်။

အဲဒီလို နှားချေးပိုးမက ရက်ရက်စက်စက် ရင့်ရင့်သီးသီး ပြောလိုက်ဘာကို ကြားရတော့ အသကမင်းကြီးမှာ စိတ်နှလုံး မသာ ဖြစ်သွားတယ်၊ ငါကတော့ သူ့ကို ချစ်မြတ်နိုးလွန်းလို့ အလောင်းကိုတောင် မစွန့်ရက်ပဲ ရှိနေတယ်၊ သူကတော့ ငါ့ အပေါ်မှာ တယ် စိမ်းကားပါကလားလို့ ဘွေးတောပြီး ဥပရိ

မိဖုရားကြီး အပေါ်မှာ စိတ်အပျက်ကြီး ပျက်သွားတယ်၊ ဒါကြောင့် အဲဒီနေရာမှာ ထိုင်နေယင်းဘဲ ဟော....ဟိုကောင်မ အလောင်းကိုထုတ်ပြီး ပစ်လိုက်ကြတော့လို့ အမိန့်ပေးပြီး ရေမိုးချိုးကာ နန်းတော်သို့ ပြန်သွားတယ်၊ အခြား အမျိုးသမီး တယောက်ကို မိဖုရားကြီးမြှောက်ပြီး တိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်သွားပါသတဲ့၊ ဘုရားအလောင်း ရသေ့ကြီးလဲ မင်းကို ဆုံးမပြီး ဟိမဝန္တာသို့ ပြန်ကြွသွားပါသတဲ့။

ဒီ ဝတ္ထုထဲမှာ ပြောလိုယင်းကတော့ ဥပရိမိဖုရားဟာ လူ့ဘဝတုန်းကတော့ အဲဒီဘဝ အဲဒီအဖြစ်ကိုဘဲ နှစ်သက်သာယာနေခဲ့တယ်၊ နွားချေးပိုးမကိုယ်ထဲမှာ ဝင်ဖြစ်ဖို့ဆိုတာကတော့ စိတ်ကူးလို့တောင် ရမှာမဟုတ်ဘူး၊ ဒါပေမဲ့ သူ့ကံအားလျော်စွာ နွားချေးပိုးဘဝ ရောက်သွားတဲ့ အခါကျတော့ အဲဒီဘဝနဲ့ အဲဒီ ခန္ဓာကိုယ်ကို နှစ်သက် သာယာနေတယ်၊ နွားချေးပိုးဖို့ရဲ့ ကိုယ်ခန္ဓာကို အဿကမင်းကြီးရဲ့ကိုယ်ထက်တောင် အဆပေါင်း ရာထောင်မကပိုပြီး အထင်ကြီးနေတယ်၊ ချစ်မြတ်နိုးနေတယ် ဆိုဘာကို ပြောလိုယင်းပါဘဲ၊ ဒါကြောင့် တတြတတြာဘိ-နန္ဒိနီ၊ ထိုထိုရောက်ရာဘဝ ရရာအာရုံ၌ နှစ်သက် ပျော်မွေ့လေ့ရှိသည်လို့ ဟောထားတာဘဲ။

ခွေးဖြစ်သွားယင် ခွေးဘဝမှာ ပျော်တယ်၊ ဝက်ဖြစ်ယင် ဝက်ဘဝမှာ ပျော်တယ်၊ ကြက်ဖြစ်ယင် ကြက်ဘဝမှာ ပျော်တယ်၊ ပိုးမွှားဖြစ်ယင် အဲဒီဖြစ်ရာဘဝမှာ ပျော်တယ်။ လူ့

တဘဝထဲမှာတောင် တချို့မှာ အထက်တန်းကျတဲ့ လူချမ်းသာရဲ့ သားသမီးဖြစ်နေရာက အကြောင်းအားလျော်စွာ အောက်တန်းကျတဲ့ ဆင်းရဲတဲ့ အခြေအနေမျိုး ရောက်နေတာရှိတယ်၊ အဲဒီလို လူကလဲ သူရောက်နေရာ ဘဝအခြေအနေနဲ့ ပျော်နေတာဘဲ၊ တချို့မျိုး မိဘတွေက ပြန်ခေါ်လိုတောင် မရဘူး၊ သူ့ဘဝနဲ့သူ ပျော်နေတော့တာဘဲ။ အဲဒါတွေဟာ ရောက်ရာဘဝ ရရာအာရုံ၌ ပျော်မွေ့တယ်ဆိုတဲ့ ဒီတဏှာကြောင့်ပါဘဲ။

တဏှာသုံးပါး

သေယျထိဒံ၊ ဣတိတဏှာက အဘယ်နည်းဟူမူ။ ကာမတဏှာ၊ ကာမအာရုံ၌ဖြစ်သော နှစ်သက်သာယာမှု တဏှာက တပါး။ ဘဝတဏှာ၊ ဘဝ၌ဖြစ်သော နှစ်သက်သာယာမှုတဏှာက တပါး။ ဝိဘဝတဏှာ၊ ဘဝကင်းပြတ်ခြင်း၌ဖြစ်သော နှစ်သက်သာယာမှု တဏှာက တပါး။ အယံ၊ ဣတိတဏှာသုံးပါးကို။ ဘာရာဒါနံ၊ ခန္ဓာဝန်ကို ခံယူခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါတယ်တဲ့။

တဖန် ဘဝသစ်ကို ဖြစ်စေတတ်တယ် နှစ်သက်တပ်စွဲခြင်းသဘောရှိတယ် ရရာအာရုံ၌ နှစ်သက် ပျော်မွေ့တတ်တယ် ဆိုတဲ့ တဏှာက အမျိုးအစားအားဖြင့် ဘယ်နှစ်မျိုး ရှိသလဲဆိုယင် သုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုးက ဘယ်ဟာတွေလဲဆိုယင် ကာမတဏှာက တမျိုး၊ ဘဝတဏှာက တမျိုး၊ ဝိဘဝတဏှာက တမျိုး ဒီ သုံးမျိုးပါဘဲ။

ကာမတဏှာ

အဲဒီ သုံးမျိုးထဲက ကာမတဏှာဆိုတာ နှစ်သက်လိုချင်ဘွယ် ဖြစ်တဲ့ အာရုံဝတ္ထုတွေကို နှစ်သက်လိုချင်တဲ့ သဘောပါဘဲ။ မိမိသန္တာန်က အာရုံဖြစ်စေ၊ သူတပါးသန္တာန်က အာရုံဖြစ်စေ နှစ်သက်လိုချင်စရာ အာရုံကို နှစ်သက်လိုချင်ယင် အဲဒါဟာ ကာမတဏှာဘဲ။ လှပတင့်တယ်တဲ့ အဆင်းအာရုံကို မြင်ရလို့ နှစ်သက်လိုချင်ယင် ကာမတဏှာဘဲ။ အဆင်း အာရုံဆိုပေမဲ့ အဆင်းသက်သက်တွင်တော့ မဟုတ်ဘူး၊ အဆင်း၏ တည်ရာ ဖြစ်တဲ့ မိန်းမ ယောကျ်ား ပုဂ္ဂိုလ်တယောက်လုံး အင်္ဂါ လုံချည် အစရှိတဲ့ အထည်ဝတ္ထု တခုလုံးကိုသိမ်းကျုံးပြီး နှစ်သက်လိုချင်မှု ဖြစ်တယ်။ ထိုအတူ နားဝင်ချိုတဲ့ အသံ အာရုံ ဝတ္ထုတွေ၊ နမ်းရှူလို့ကောင်းတဲ့ အနံ့ အာရုံ ဝတ္ထုတွေ၊ စားလို့ကောင်းတဲ့ အရသာ အာရုံ ဝတ္ထုတွေ၊ စားစရာ သုံးဆောင်စရာ ပြုပြင်ပေးတဲ့ လူပုဂ္ဂိုလ်တွေ၊ အတွေ့အထိကောင်းတဲ့ အာရုံဝတ္ထုတွေ၊ သုံးဆောင်ဘွယ် အမျိုးမျိုးတွေ ဒီလိုဟာတွေကို နှစ်သက်လိုချင်ယင်လဲ ကာမတဏှာဘဲ၊ အချုပ်အားဖြင့်တော့ နှစ်သက်လိုချင်စရာတွေကို နှစ်သက်လိုချင်တာ ဟူသမျှဟာ ကာမတဏှာချည်းပါဘဲ။ လူဖြစ်ဖို့ နတ်ဖြစ်ဖို့ ယောကျ်ားဖြစ်ဖို့ မိန်းမဖြစ်ဖို့၊ လူဖြစ်ပြီး ကာမဂုဏ် အာရုံတွေကို ခံစားဖို့၊ နတ်ဖြစ်ပြီး ကာမဂုဏ် အာရုံတွေ ခံစားဖို့၊ ယောကျ်ား မိန်းမဖြစ်ပြီး ကာမဂုဏ် အာရုံတွေခံစားဖို့ လိုလားနှစ်သက်နေတာတွေဟာ ကာမတဏှာချည်းဘဲ။ ဒါကြောင့် ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု-လို့ ဆောင်ပုဒ် စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု။ (ဆို)

မြင်ရလို့ ဖြစ်စေ၊ ကြားရလို့ ဖြစ်စေ၊ နံရ စားရလို့ ဖြစ်စေ၊ တွေ့ထိရလို့ ဖြစ်စေ ကောင်းတယ်ထင်ယင် သာယာနှစ်သက်မှုက ဖြစ်တော့တာဘဲ၊ အဲဒီမှာ ကောင်းတယ် ထင်တာက အဝိဇ္ဇာဘဲ၊ အဝိဇ္ဇာဆိုတာ အာရုံ၏ သဘောမှန်ကို ဖုံးကွယ်ပြီး အလွဲအမှားကို သိနေတဲ့သဘောဘဲ။ မမြဲတာကို သူက မြဲတယ်လို့ ထင်တယ်၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ ဆင်းရဲသဘောတွေကို ချမ်းသာလို့ ထင်တယ်၊ အတ္တကောင် အသက်ခကောင် မဟုတ်တဲ့ ရုပ်နာမ် သဘောတရားမျှကို အတ္တကောင် အသက်ကောင်လို့ ထင်တယ်၊ မဘင်တယ်တဲ့ ကိုယ်ကိုယ် သ ကိုယ်တေကို တင်တယ်တယ်လို့ ထင်တယ်၊ အဲဒါတွေဟာ ကောင်းတယ်လို့ ထင်တာတွေချည်းပါဘဲ။ အဲဒီလို ကောင်းတယ်ထင်တော့ နှစ်သက်လိုချင်တဲ့ ကာမဘဏှာ ဖြစ်တယ်၊ အဲဒီလို နှစ်သက်လိုချင်ယင် စဲလမ်းတဲ့ ဥပါဒါန်ဖြစ်ဘယ်၊ စဲလမ်းတော့ ကိုယ့်အလိုအတိုင်း ပြီးစီးပြည့်စုံအောင် အားထုတ်တယ်၊ ကံနှင့် သင်္ခါရတွေပါဘဲ။ အဲဒီ ကံ သင်္ခါရတွေကြောင့် ဘဝသစ် ရုပ်နာမ်ခန္ဓာတွေ ဖြစ်ရတယ်။ ဒါကြောင့် နှစ်သက်လိုချင်မှု ဖြစ်တိုင်းဖြစ်တိုင်း ဘဝသစ်ခန္ဓာဝန်ကို ခံယူနေတယ်လို့ ဆိုရပါတယ်။

လိုချင်တာကိုချည်း ရသည် မဟုတ်

နှစ်သက်လိုချင်တာကတော့ အကောင်းကိုချည်း နှစ်သက်လိုချင်ပါဘယ်၊ ဒါပေမဲ့ ရတဲ့အခါမှာတော့ ကိုယ်လိုချင်တဲ့

အတိုင်း ဟုတ်ချင်မှ ဟုတ်မယ်။ ကိုယ်က လူ့ခန္ဓာ နတ်ခန္ဓာကို လိုချင်ပေမဲ့ ငရဲခန္ဓာကို ရချင်လဲ ရနေမယ်၊ ပြိတ္တာခန္ဓာကို ရချင်လဲ ရနေမယ်၊ တိရစ္ဆာန်ခန္ဓာကို ရချင်လဲ ရနေမယ်၊ တိရစ္ဆာန်အမျိုးမျိုးတွေထဲက ကျွဲကို နွားတို၊ ကြက်တို၊ ဝက်တို ဒီလိုဟာတွေလဲ ဖြစ်ချင် ဖြစ်နေမယ်၊ ပိုးမွှားဆိုတဲ့ အယုတ်အညံ့တွေ ဖြစ်ချင်လဲ ဖြစ်နေမယ်။ ထင်ရှားတဲ့ ဥပမာနဲ့ ပြောရယင် ထီထိုးထားတဲ့သူမှာ ရည်ရွယ်ချက်အတိုင်း မဖြစ်တာနဲ့ တူပါတယ်။ သိန်းထီထိုးတဲ့ သူကတော့ အကြီးဆုံး သိန်းဆုကို ရယင် လိုချင်တာဘဲ၊ ဒါပေမဲ့ ကံကောင်းလှတဲ့ သူသာ အဲဒီ လိုချင်တဲ့ဆုကို ရပါတယ်၊ တချို့မှာ ကံ အတော်အသင့် ကောင်းတဲ့အတွက် သောင်းဆု, ထောင်ဆုကို ရတယ်၊ တချို့မှာဘော့ အောက်ဆုံး ရာဆုလောက်ပဲ ရတယ်၊ ကံအကြောင်း မညီညွတ်ဘဲသူတွေ အများမှာတော့ ဘလာဆု ကျနေတယ်။ အဲဒါလိုပါဘဲ ကံကောင်းတဲ့ သူတွေမှာ မိမိတို့ နှစ်သက်လိုချင်တဲ့ လူဘဝ, နတ်ဘဝကို ရကြတယ်၊ ကံကောင်းဆိုဘာကလဲ တခြားမဟုတ်ဘူး၊ ဒါန, သီလ, ဘာဝနာ ကုသိုလ်တွေကို ပြည့်ပြည့်စုံစုံ ပြုလုပ် အားထုတ်မိဘာကိုဘဲ ဆိုလိုပါတယ်။ အဲဒီလို ကုသိုလ်ကို အားမထုတ်တဲ့ သူတွေမှာတော့ သူတို့အလိုရှိတဲ့ လူဘဝ, နတ်ဘဝတွေကို မရနိုင်ဘူး၊ သူတို့ ကိုယ်တိုင် ပြုထားတဲ့ အကုသိုလ်ကံအားလျှော့ပွား ငရဲဘဝကို ရဘာလဲ ရှိတယ်၊ ပြိတ္တာဘဝကို ရတာလဲ ရှိတယ်၊ တိရစ္ဆာန်ဘဝကို ရဘာလဲ ရှိတယ်။ အဲဒီလို ဘာသစ်ခန္ဓာတွေကို ရတာဟာ ဘယ်က အကြောင်းအစလဲ ဆိုယင် နှစ်သက်လိုချင်တဲ့

တဏှာက အကြောင်း အစာ၊ နှစ်သက်လိုချင်တဲ့ တဏှာ-ကြောင့် စဲ့လမ်းတယ်၊ စဲ့လမ်းလို့ အားထုတ်တယ်၊ အားထုတ်လို့ ဘဝသစ် ဖြစ်ရတယ်။ ဒါကြောင့် ဣဒံ၊ ဤ နှစ်သက် သာယာသော တဏှာကို။ ဘာရာဒါနုံ၊ ခန္ဓာဝန်ကို ခံယူခြင်း ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏-လို့ ဟောထားတာပဲ။

အဲဒါဟာ လိုချင်နှစ်သက်စရာကို လိုချင် နှစ်သက်တိုင်း ခန္ဓာဝန်ကို လက်ခံနေသည် မည်တာပဲ။ လေးလံတဲ့ ဝန်ထုပ်ကြီးတွေကို ကောက်ကောက်ပြီး ထမ်းတာနဲ့ တူပါတယ်။ အာရုံတခုတခုကို နှစ်သက် သာယာတဲ့အတွက် လူ့ခန္ဓာဝန်ကြီးကို ရပြီး နှစ်ပေါင်း လေးငါးခြောက်ဆယ် တရာပတ်လုံး ဆင်းရဲ ပင်ပန်းစွာနှင့် ရှာကြံကျွေးမွေး ပြုစု နေရမယ်လို့ သေသေချာချာသိယင် ဒီနှစ်သက်သာယာမှုကို အင်မတန်ကြောက်ကြမှာပဲ၊ အဲဒါထက် တိရစ္ဆာန် ခန္ဓာဝန်ကြီးကိုရပြီး ဒုက္ခရောက်သွားရမယ်ဆိုယင် အဲဒီနှစ်သက်မှုကို သာပြီး ကြောက်ကြလိမ့်မယ်၊ အဲဒါထက် ပြိတ္တာခန္ဓာဝန်ကြီးကိုရပြီး ဒုက္ခရောက်သွားရမယ် ဆိုတာကို သိရယင် သာပြီး ကြောက်ကြလိမ့်မယ်၊ ပဌမ ပိုင်းတုန်းက ပြောခဲ့တဲ့ ပြိတ္တာတွေဟာ လူ့ဘဝတုန်းက သူတို့ အကြိုက်ကလေးတွေကို နှစ်သက်ပြီး မကောင်းမှု ဒုစရိုက်တွေကို ကျူးလွန်ခဲ့ကြတဲ့အတွက် ပြိတ္တာခန္ဓာကြီးတွေကိုရပြီး ဒုက္ခ အကြီးအကျယ် ရောက်နေရှာကြတာပဲ။ အဲဒါထက် ငရဲခန္ဓာဝန်ကြီးကို ရပြီး ဒုက္ခရောက်သွားရမယ် ဆိုတာကို စောစောက သိရယင် သာပြီး ကြောက်ကြပေလိမ့်မယ်။ အမျိုးသိနေကြတဲ့ အစော-

တသတ်မင်း ဆိုတာဟာ ထီးနန်းစည်းစိမ်ကို နှစ်သက်သာယာတဲ့ တဏှာကြောင့် ခမည်းတော် မင်းကြီးကို သတ်မိလို့ လောဟကုမ္ဘီခေါ်တဲ့ ငရဲအိုးကြီးထဲမှာ ကျရောက်ပြီး အတိုးကို ရောက်နေရတယ်။ ဒု-သ-နု-သော- ဆိုတဲ့ ငရဲသားလေးယောဂ်ဟာလဲ သူတပါး၏ သား-မယား အာရုံကို တပ်မက်တဲ့ တဏှာကြောင့် ကာမေသု မိစ္ဆာစာရကံကို ကျူးလွန်ခဲ့တဲ့အတွက် ငရဲခန္ဓာတွေကို ရပြီး ဒုက္ခရောက်နေကြရတယ်၊ အဲဒီ ငရဲသား လေးယောက်ဟာ လူ့ဘဝတုန်းက သူ့ဌေးသားတွေ ဖြစ်ခဲ့ကြတယ်၊ မိမိတို့ ခန္ဓာကိုယ်ကို အကောင်းဆုံး အချမ်းသာဆုံးနည်းနဲ့ မွေးမြူပြုစု ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ငွေနဲ့ဖြားယောင်းပြီးတော့ သူတပါးတို့၏ သား-မယားတွေကို ကျူးလွန်လာခဲ့ကြတယ်။ အဲဒီ အကုသိုလ်ကံကြောင့် လောဟကုမ္ဘီ ငရဲအိုးထဲမှာ ကျရောက်နေကြရတယ်၊ ငရဲအိုး၏ နှုတ်ခမ်းဝမှ အောက်စအထိ ကျဆင်းနေတာက အနှစ်သုံးသောင်း၊ အဲဒီ အောက်စက အထက်နှုတ်ခမ်းဝ အထိ ပြန်တက်နေတာက အနှစ်သုံးသောင်း ၂-ရပ်ပေါင်း အနှစ်ခြောက်သောင်းရှိနေပြီတဲ့၊ အဲဒီအခါမှာ လေးယောက်လုံး ငရဲအိုးနှုတ်ခမ်းဝမှာ ဆုံမိကြလို့ အချင်းချင်းကိုယ့်အကြောင်းတွေကို ရင်ဖွင့်ပြောကြတာတဲ့။

ဒု-လို့ ပြောတဲ့သူက ဒုဇ္ဇီဝိဘမဇီဝိမှ—စသည်ဖြင့် တဂါထာ ရှုတ်ပြောဘို့ အားထုတ်စဉ်မှာ သံရည်ပူက်ထဲ ပြန်မြုပ်သွားလို့ အကွေ့ရောတလုံးသာ ရှုတ်ဆိုနိုင်တာတဲ့၊ သူဆိုလိုတဲ့ အနက်အဓိပ္ပါယ်ကတော့ ငါတို့မှာ လူ့ဘဝတုန်းက လှူဘွယ်ပစ္စည်းတွေ အသင့်

ရှိနေပါလျက်နဲ့ မပေးမလှူခဲ့ကြဘူး၊ မကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေးခဲ့ကြတယ်၊ မိမိတို့၏ ထောက်တည်ရာ ကုသိုလ်အကိုမ်ကို မပြုခဲ့မိကြဘူး၊ ဒါကြောင့် ဒီလို ဒုက္ခရောက်နေကြရတယ် မောင်တို့-လို့ ဆိုလိုပါတယ်။

သ–လို့ ပြောတဲ့သူကတော့ ငါတို့ သံရည်ပွက်ငရဲအိုးထဲ ခံနေကြရတာဟာ အနှစ် ခြောက်သောင်းတောင် ရှိသွားပြီ မောင်တို့၊ ဘယ်တော့မှ ပြီးဆုံးပါမည်လဲ–လို့ ဆိုလိုပါသတဲ့။

နာ–လို့ ပြောတဲ့သူကတော့ ငါတို့ရဲ့ ငရဲဆင်းရဲ၏ အပြီးအဆုံးဆိုတာ မရှိတော့ဘူး၊ အပြီးအဆုံးကို မြော်မှန်းရှု မမြင်မတွေ့နိုင်ဘူး၊ အကြောင်းကတော့ ဟို လူဖြစ်စဉ်တုန်းက ငါရောသင်တို့ရော မဂဏာင်းမှုကို ပြုခဲ့ကြတဲ့ အတွက်ကြောင့်ပါဘဲ မောင်တို့–လို့ ဆိုလိုပါသတဲ့။

သော–လို့ ပြောတဲ့သူကတော့ ငါဟာ ဒီငရဲမှ လွတ်ပြီး လူ့ဘဝ ရလို့ရှိယင် အလှူခံပုဂ္ဂိုလ်တို့၏ အလိုနှင့် စကားကို သိနားလည်သောအားဖြင့် ပေးလှူပြီး ကိုယ်ကျင့်သီလနှင့်လဲ ပြည့်စုံလျက် ကုသိုလ်ကို အမျှားကြီးပြုလုပ်မယ်လို့ ဆိုလိုပါသတဲ့။

အဲဒီစကားတွေကတော့ အချိန်လွန်မှ နောင်တရပုံကို ဖော်ပြကြတဲ့ စကားတွေပါဘဲ၊ အဲဒီလိုအချိန်လွန်မှ နောင်တရတာမျိုးကတော့ အကျိုးမမျှားတော့ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက အချိန်မီ သတိဘရားရဘို့ရာ ဒီလို သတိပေး ဆုံးမတော်မူပါတယ်။

နောင်တကင်းရေး သတိပေးသည်

ဗျာယဃ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝো အမှာကံ အနုသာသနီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဗျာယဃ၊ ရှုကြကုန်လော့၊ နှလုံးသွင်း အားထုတ်ကြကုန်လော့။ မာ ပမာဒတ္ထ၊ မမေ့ကြလင့်၊ မေ့မနေကြလင့်၊ ဒီနေရာမှာ မေ့နေတယ်ဆိုတာက စားဝတ်နေရေး ကာမဂုဏ်အားရေးတွေနဲ့ ပျော်မွေ့နေဘာကို မေ့နေတယ်လို့ ဆိုလို ပါတယ်၊ ဒါကြောင့် ကာမဂုဏ်အာရုံတွေကို စိတ်ကူးကြံစည်ပြီး မေ့မနေကြနဲ့လို့ ပြောလိုရင်းပါဘဲ။ ပစ္ဆာ၊ အချိန်လွန်ပြီးသော နောက်ကာလကျ။ ဝိပ္ပဋိသာရိနော၊ ဟိုတုန်းက ကုသိုလ်မပြုမိ အားမထုတ်မိသည်မှာ မှားလေစွဟု နှလုံးမသာကာ နောင်တ ပူပန်ကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြစေလင့်၊ အိုပင်းပစ္စမ်း ဖြစ်တဲ့အခါ၊ သေရေးသေ့ ညောင်စောင်း လျောင်းနေရတဲ့အခါ၊ ငရဲဘုံ ပြိတ္တာဘုံ စသည်ကို ရောက်နေတဲ့အခါဆိုတဲ့ နောက်အခါ မျှားကျတော့ ငယ်ရွယ် ကျန်းမာစဉ်တုန်းက တရားအားပထုတ် ခဲ့မိတာ မှားလေစွ၊ လူဖြဲစဉ်တုန်းက ကုသိုလ်ကို မပြုခဲ့မိတာ မှားလေစွ–လို့ နောင်တရပြီး ပူပန်ရတတ်တယ်၊ အဲဒီလို နောင်တ ပူပန်မှု မဖြစ်ရအောင် အခွင့်ကောင်း ရနေတုန်းမှာ သပထ ဝိပဿနာ ဘာဝနာအလုပ် ကုသိုလ်အလုပ်ကို အားထုတ်ကြ-လို့ ဆုံးမလိုရင်း ဖြစ်ပါတယ်။ အယံ၊ ရှုကြ အားထုတ်ကြ၊ မမေ့ ကြလင့်၊ အချိန်လွန်မှ နောင်တပူပန်ခြင်း မဖြစ်ကြစေလင့်-

ဟူသော ဤစကားသည်။ ဝေါ၊ သင်တို့အား။ အမှာကံ၊ ငါ ဘုရားတို့၏။ အနုသာသနီ၊ အဖန်ဖန်အထပ်ထပ် ပေးတော်မူအပ်သော အဆုံးအမတော်ပါပေတည်း-တဲ့။

ဒီ အဆုံးအမ စကားတော်ကို လူတိုင်း ရှင်တိုင်း ရဟန်းတိုင်း အထူး အလေးအနက် ဆင်ခြင်ပြီး လိုက်နာစရာ ကောင်းပါတယ်။ ဘ၀ကြောင့်လဲ ဆိုလျှင် ယခု လူ့ဘ၀မှာ ချမ်းသာစွာ ခံစားသုံးဆောင်နေရတယ် ဆိုတာဟာ ဘာမျှ မကြာပါဘူး၊ ငယ်ရွယ်တဲ့အပိုင်း အိုမင်းကြီးရင့်တဲ့ အပိုင်းတွေကို နှုတ်ပယ်လိုက်ယင် မျှားလှပါမှ အနှစ် လေးငါးဆယ်လောက်ပဲ ရှိပါတယ်။ ဒီ အနှစ် လေးငါးဆယ်လောက် အတွင်းမှာ မိမိခန္ဓာကိုယ်ကို အလိုလိုက်ပြီး မေ့မြှုပ်စုနေပယ် ဆိုယင် အားကိုးစရာ ကုသိုလ် မရှိဘဲ အကုသိုလ်တွေ ပွားသွားနိုင်တယ်၊ အဲဒီလို အကုသိုလ်တွေ ပွားသွားယင် အပါယ်လေးပါးလဲ ကျသွားနိုင်တယ်၊ ယခု ပြောခဲ့တဲ့ ဒု–သ–နှ–သော–ဆိုတဲ့ သူတွေလို ငရဲမှာ တဘ၀လောက် ဖြစ်ရတယ် ဆိုယင်ဘဲ နှစ်ပေါင်းထောင်သောင်းမျှားစွာ ဒုက္ခရောက်သွားနိုင်တယ်၊ အလျင်နေ့က ပြောခဲ့တဲ့ ပြိတ္တာတွေလိုလဲ ဒုက္ခရောက်သွားနိုင်တယ်။ အဲဒါဟာလဲ အထူးအဆန်းတော့ မဟုတ်ပါဘူး၊ ရှေးရှေး ဘ၀တွေကလဲ ဒီလိုဆင်းရဲတွေကို တွေ့ခဲ့ရဘူးလှပြီ၊ ယခု အပါယ်လေးဘုံမှာ ဒုက္ခရောက်နေကြတဲ့ သူတွေဟာ ဒါနဲ့ သီလ ဘာ၀နာ ကုသိုလ်မှုကိုမေ့ပြီး မိမိတို့ ခန္ဓာကိုယ်ကို အလိုလိုက်လာခဲ့ကြလို့ ဒုက္ခရောက်နေကြရ ရှာတာဘဲ၊ အကယ်၍ ယခုဘ၀မှာ အရိယ

"မင်ဖိုလ်ကိုရအောင် အားမထုတ်ပဲ မိမိကိုယ့်ကို အလိုလိုက်နေမယ် ဆိုယင် နောင်တချိန်ချိန်မှာ အပါယ်လေးပါး ကျသွားနိုင်တယ်၊ အဲဒီလို မကျစေရပါဘူးလို့ ဘယ်သူကမျှ တာဝန်မခံနိုင်ဘူး။ ဒါကြောင့် ယခုလို အချိန်ကောင်း အခါကောင်း အဆုံးအမ ကောင်းကို ရနေတဲ့အခါမှာ မိမိ၏ ထောက်တည်ရာဖြစ်တဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်တွေကို အင်တိုက် အားတိုက် ပြုစု ပွါး မျှားသင့်ပါတယ်၊ အထူးအားဖြင့် အရိယမင်ဖိုလ်ကို လက်ငင်း ရစေနိုင်တဲ့ ဝိပဿနာ ဘာဝနာအလုပ်ကို သက်စွန့်ကြိုးပမ်း ပွါးမျှား အားထုတ်သင့်လှပါပေတယ်။ ဒါကြောင့် ရှေးဆရာ ဘော်ဘုရားကြီး တပါးက ဒီလို အားပေး ဂါထာတပုဒ်ကို ရေးထားပါတယ်။

နာဟံ ဒါသော ဘဒ္ဒော ဘုယ္ယံ၊ နာဟံ ပေါသေမိ ဒါနိ တံ။
တုဒမဝ ပေါသခန္ဓာ ဒုက္ခံ၊ ပတ္တာ ဝဒ္ဓေ အနပ္ပကံ-တဲ့။

ဘော အတ္တဘာဝ၊ အို ခန္ဓာကိုယ် အတ္တဘောကြီး။ အဟံ၊ ငါသည်။ တုယ္ယံ၊ သင် အတ္တဘောကြီး၏။ နာ ဒါသော၊ အပိုင်ကျွန်လဲ မဟုတ်ပေ။ ရှေးတုန်းက အရှင်သခင်နဲ့ ကျွန်ဆိုတာ ရှိခဲ့ဘယ်၊ အဲဒီကျွန်ဟာ အရှင်သခင်က ခိုင်းသမျှကို လုပ်ရတယ်၊ ထားရာမှာ နေရဘယ်။ ငါဟာ အဲဒီလို သင်ခန္ဓာဝန်ခဲ့ အပိုင် ကျွန်လဲ မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ တုယ္ယံ၊ သင်၏။ နာ ဘဒ္ဒော၊ နေ့စား လစား လုပ်ကိုင်နေသော အခစား အလုပ်သမားလဲ မဟုတ်။ သင် ခန္ဓာကိုယ်ကြီးထံမှ တနေ့လျှင် တကျပ် နှစ်ကျပ်

စသည်ယူပြီး အသက်မွေး လုပ်ကိုင်နေရတဲ့ အခစား အလုပ် သမားလဲ မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ ဣဒါနိ၊ မြတ်စွာဘုရား၏ အဆုံးအမကို ကျကျနန ကောင်းစွာရနေသော ယခုအခါ ကာလ၌။ တံ၊ သင် ခန္ဓာဝန် အတွေ့ဘောကြီးကို။ နေ ပေါသေမိ၊ အလိုလိုက်လျက် အကြိုက်ပေးကာ မမေ့မြိုနိုင်တော့ပါ။

ရှေးကာလကတော့ မြတ်စွာဘုရား၏ အဆုံးအမကို မရ သေးလို့ သင် ခန္ဓာဝန်ကြီးကို အလိုလိုက်ပြီး ကြိုက်တာတွေကို ရှာကြံကျေးမွေး ပြုစုလာခဲ့တယ်၊ ယခုတော့ မြတ်စွာဘုရား၏ အဆုံးအမကို ငါ ရထားတယ်၊ ဘယ်လို ရထားသလဲ ဆိုယင် ခန္ဓာငါးပါး တရားတွေဟာ အင်မတန် လေးလံတဲ့ ဝန်ထုပ် ဝန်ပိုးကြီးဘဲလို့လဲ အဆုံးအမ ရထားတယ်၊ ဒီ ခန္ဓာဝန်ကြီးကို ဘယ်လိုဘဲ မွေးမြူပြုစုပြီး ထမ်းဆောင် နေစေကာမူ မမြဲတဲ့ သဘောတရားတွေမျှဘဲ၊ ဘာမျှအားမကိုးရဘူး၊ ဒီခန္ဓာကိုယ်ကို အလိုလိုက်ပြီး ကျေးမွေးပြုစုနေယင် အပါယ်ဆင်းရဲ သံသရာ ဝဋ္ဌဆင်းရဲတွေနဲ့ ဒုက္ခရောက်နေရမယ်၊ ဒီ ခန္ဓာငါးပါး၏ အနိစ္စ ဒုက္ခ အနတ္တ-သဘောကို သိမြင်အောင်ရှုပါမှ အပါယ်ဆင်းရဲ သံသရာ ဝဋ္ဌဆင်းရဲမှ လွတ်မြောက်မယ်လို့လဲ အဆုံးအမကို ရထားတယ်။ ဒီလို မြတ်စွာဘုရား၏ အဆုံးအမကို ရနေတဲ့ ယခု အခါမှာ သင် ခန္ဓာဝန်ကြီးကို အလိုလိုက်ပြီး မမွေးမြူ မပြုစုနိုင် ဟော့ဘူး။ ဘုရား အဆုံးအမတော် အတိုင်းသာ တင်းတင်း ရင်းရင်း အားထုတ်သွားမယ်လို့ ဆိုလိုတာပါဘဲ၊ ဘာကြောင့် မိမိခန္ဓာကိုယ်ကို မပြုစုနိုင်ရပါသလဲလို့ ဆိုတော့—

တံ့ ၈၀၊ ခန္ဓာဝန်ထုပ် သင့်:ကိုယ်ယုတ်ကိုသာလျှင်။ ပေါ-သေန္ဓော၊ အလိုလိုက်လျက် အကြိုက်ပေးကာ မွေးမြူခဲ့မိပါသောကြောင့်။ ဝန္ဒေ၊ သံသရာဝဋ္ဌထဲ၌။ အနပ္ပကံ ဒုက္ခံ၊ မျှားစွာသော ဆင်းရဲသို့။ ပတ္တောဿ၊ ရောက်ခဲ့ရလှလေပြီ။

သင်ခန္ဓာကိုယ်ရဲ့ အလိုလိုက်ပြီးတော့ သွားချင်တယ်၊ သွားလိုက်ပါဦးဆိုယင်လဲ သွားရတယ်၊ ပြောလိုက်ဦးဆိုယင်လဲ ပြောရတယ်၊ ရှာလိုက်ဦးဆိုယင် ရှာရတယ်၊ ဒီနည်းဖြင့် သင် ခန္ဓာကိုယ်ရဲ့ အလိုလိုက်ပြီး ပြုလုပ် ဆောင်ရွက်ခဲ့ရတယ်။ အဲဒီလို ပြုလုပ်ရာမှာ တရားသဖြင့် ပြုလုပ်ရတာတွေလဲ ရှိပါတယ်၊ အဲဒါတွေကတော့ လောလောဆယ် ပင်ပန်းရုံမျှမို့ တော်ပါသေးရဲ့။ မတော်တရားကတော့ မဘရားသဖြင့် ပြုလုပ်ရ ရှာမှီးရတာတွေပါဘဲ၊ ဘယ်လိုဟာတွေလဲဆိုယင် သူတပါးကို ညှဉ်းဆဲခြင်း သတ်ဖြတ်ခြင်း၊ သူတပါးဥစ္စာကို ခိုးခြင်း လုယက်ခြင်း၊ မတော်မတရားပြုခြင်း၊ သူတပါးအား အကျိုးမဲ့ဖြစ်အောင် လိမ်လည်ခြင်း၊ သူတပါးတွေ သဘောကျကုန်အောင် ဂုံးတိုက်ခြင်း၊ မဟုတ်မဟတ် ဝါဒဖြန့်ခြင်း အစရှိတဲ့ အကုသိုလ် အမှုတွေပါဘဲ။ အဲဒီလို အကုသိုလ် အမှုတွေကိုပြုပြီး မိမိ၏ ခန္ဓာဝန်ကို မွေးမြူပြုစုမိတဲ့အတွက် သံသရာဝဋ္ဌထဲမှာ ငရဲ တိရစ္ဆာန် ပြိတ္တာတွေဖြစ်ပြီး အတိဒုက္ခ ရောက်ခဲ့ရတဲ့ ဘဝတွေလဲ မရေမတွက်နိုင်အောင် မျှားခဲ့ပြီ၊ လူ နတ် ဖြစ်ရပြန်လဲ လူဆင်းရဲ နတ်ဆင်းရဲ ဖြစ်ခဲ့ရတာတွေ မျှားလှပြီ။ အဲဒီလို ဒုက္ခရောက်ခဲ့တာတွေကို

ရည်ပြီးတော့ တူမေဝ ပေါသေန္ဓော ဒုက္ခ၊ ပတ္တော ဝန္ရေ အနုပ္ပကံ--သို့ ဆိုထားပါတယ်။

တံ့ ဇဝ၊ ခန္ဓာဝန်ထုပ် သင် ကိုယ်ယူတ်ကိုသာလျှင်။ ပေါ-သေန္ဓော၊ အလိုလိုက်လျက် အကြိုက်ပေးကာ မေ့မြုံ့ခဲ့မိပါသော ကြောင့်။ ဝန္ရေ၊ သံသရာဝဋ္ဌထဲ၌။ အနုပ္ပကံ ဒုက္ခ၊ မပွားစ့ဘသော ဆင်းရဲသို့။ ပတ္တော၊ ရောက်ခဲ့ရလှလေပြီ—တဲ့။

ပညာရှိအမြင် ယောဂီအမြင်နဲ့ ဆိုယင်တော့

ယခုပြောခဲ့တာက သာမန်ပုဂ္ဂိုလ်တို့၏ အမြင်နဲ့ တွေ့ရတဲ့ ဆင်းရဲတွေသာ ရှိသေးတယ်။ ပညာရှိပုဂ္ဂိုလ် ယောဂီပုဂ္ဂိုလ်တို့၏ အမြင်နဲ့ ဆိုယင်တော့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာတွေ ဖြစ်နေရတာလဲ ဆင်းရဲတွေပါဘဲ။ လူ့ဘဝမှာဆိုယင် ချမ်းသာတယ် ဆိုပေမဲ့ ကိုယ့်ခန္ဓာဝန်အတွက် ပြုပြင်စောင့်ရှောက်ရမှု ကျေးမွေး သုတ်သင်ရမှုတွေက အများကြီး ရှိနေတာဘဲ၊ နေမကောင်းတဲ့အခါမှ သာပြီး ထင်ရှားပါတယ်၊ ကိုယ်နဲ့ ဘာမျှ မစပ်ဆိုင်တဲ့ လူတယောက်ကို ဒီလို နေ့စဉ်နေ့တိုင်း စောင့်ရှောက် ပြုစုရမယ်ဆိုယင် တာဝန် ယူနိုင်ကြမှာ မဟုတ်ဘူး၊ တနေ့ ငွေ တဆယ်. ပေးမယ်ဆိုတောင် စောင့်ရှောက် ပြုစုရမ်ည်သူ ရှိမှာ မဟုတ်ဘူး၊ ရောဂါဖြစ်နေတဲ့သူ အတွက်ဆိုယင်တော့ တနေ့ ငါးဆယ် တရာ ပေးမယ်ဆိုတောင် အမြဲတမ်း စောင့်ရှောက် ပြုစုဘို့ဆိုယင် တာဝန်ယူနိုင်ကြမယ် မဟုတ်ပါဘူး။ ဒါကြောင့် လူ့ခန္ဓာဝန်ကို ဆောင်ရွက်နေရတာ ဝန်လေးကြောင်း ထင်ရှား

ပါ့ါတယ်။ နတ်ဆိုတာကတော့ မမြင်ရလို့ သူတို့ရဲ့ အခြေအနေကို, တိတိကျကျပြောဘို့ မလွယ်ဘူး။ ဒါပေမဲ့ နတ်တွေမှာလဲ သူတို့ကိုယ်ကို အလိုလိုက်ပြီး ကာမဂုဏ် အာရုံတွေနဲ့ ပြုစုနေရတာဟာ သက်သာလှမယ် မဟုတ်ပါဘူး။ စဉ်းစားကြည့်ပါ၊ တချို့ နတ်မင်းကြီးတွေမှာ အလုပ်အကျွေး နတ်သမီးတွေက ရာနဲ့ ထောင်နဲ့ သိန်းသန်းနဲ့ချီပြီး ရှိနေတယ်လို့ ဆိုပါတယ်၊ အဲဒီမှာ အလိုမပြည့်တဲ့ နတ်သမီးတွေ အများကြီးရှိပါလိမ့်မယ်။ ကာမဂုဏ် အာရုံတွေ ပြည့်စုံနေပါတယ် ဆိုရတဲ့ နတ်သားကြီးတွေမှာလဲ တဏှာက အလိုမပြည့်တဲ့အတွက် အားမရနိုင်ဘဲ ဆင်းရဲဒုက္ခ ရောက်နေကြမှာဘဲ ဆိုတာကို လူချမ်းသာတွေရဲ့ အခြေအနေနဲ့ နှိုင်းဆပြီး သိနိုင်ပါတယ်။ နောက်ပြီးတော့ ဗြဟ္မာတွေ ဆိုတာကတော့ ကာမဂုဏ်နဲ့စပ်ပြီး အရှုပ်အထွေး မရှိဘူး၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မရှိဘူး၊ သက်သာတယ်လို့ ဆိုရမှာဘဲ။ ဒါပေမဲ့ ဒီဗြဟ္မာတွေမှာ စိတ်ကူးကြံစည်မှုဆိုတဲ့ သဒ်္ဓါရ ဒုက္ခကတော့ ရှိနေတာဘဲ၊ ဒါကြောင့် စိတ်ကူး ကြံစည်ပြီး အချိန်ကုန်အောင်ခန္ဓာဝန်ကို ရွက်ဆောင်နေရတာဟာ ပညာရှိတွေအမြင် ယောဂီရဲ့အမြင်နဲ့ ကြည့်လိုက်ယင် မသက်သာဘူး၊ ဆင်းရဲပင်ပန်းတဲ့ အနေနဲ့ဘဲ ထင်ရပါတယ်။ ဥပမာအားဖြင့် ဘာအလုပ်မှ မလုပ်ရဘဲ တယောက်ထည်း တရက်ပတ်လုံး ထိုင်နေရမယ်ဆိုယင် တလပတ်လုံး ထိုင်နေရမယ်ဆိုယင် ဆင်းရဲတဲ့ အနေအားဖြင့် ထင်ရသလိုပါဘဲ၊ အဲဒါထက် တနှစ်ပတ်လုံး တယောက်တည်း နေရမယ်၊ အနှစ် တရာ တထောင် စသည်ပတ်လုံး တယောက်ထည်း နေရမယ်ဆိုယင် ပျင်းစရာ ငြီးငွေ့စရာ ဆင်းရဲ အနေအားဖြင့်

သာပြီး ထင်ပါလိမ့်မယ်။ ဗြဟ္မာဘဝက နှစ်ပေါင်း ကုဋေလေ၊ မကဘူး၊ ကမ္ဘာနဲ့ချီပြီး အကြာကြီး စိတ်ကူးကြံစည်မှုတွေနဲ့ တယောက်တည်း နေရတာ၊ အဲဒီတော့ သာမန် ပုဂ္ဂိုလ်အနေနဲ့ တောင် ပျင်းရိငြီးငွေ့စရာ အနေနဲ့ ထင်နိုင်ပါတယ်။ အဲဒါဟာ သင်္ခါရဒုက္ခတွေဘဲ။ နောက်ပြီးတော့ အဲဒီဗြဟ္မာဟာ သူ့အသက် တမ်းကုန်ဘော့ အဲဒီဘဝမှ စုတေရတယ်၊ လူ့ဘဝ နတ်ဘဝကို ရောက်ရပြန်တယ်၊ အဲဒီကျတော့ ခုနကပြောခဲ့တဲ့အတိုင်း လူ့ လောက နှာ်လောကနဲ့ ဆိုင်တဲ့ ဆင်းရဲတွေနဲ့ တွေ့ရပြန်တယ်။ အဲဒီ လူ့ဘဝ နတ်ဘဝမှ သေတဲ့အခါ ကံမကောင်း အကြောင်း မညီညွတ်ယင် ငရဲလဲ ကျနိုင်သေးတယ်၊ ပြိတ္တာလဲ ဖြစ်နိုင်သေး တယ်၊ တိရစ္ဆာန်လဲ ဖြစ်နိုင်သေးတယ်။ ဒါကြောင့် ဗြဟ္မာ့ခန္ဓာ ဝန်ကို ထမ်းဆောင်နေရတာလဲ မသက်သာပါဘူး၊ ပညာရှိတွေ အမြင် ယောဂီပုဂ္ဂိုလ်တို့၏ အမြင်နဲ့ဆိုယင် ဆင်းရဲပင်ပန်းနေတာ ပါဘဲ၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်များက ပရိနိဗ္ဗာန် စံခါနီး အာယုသင်္ခါရကို ဆင်ခြင်တဲ့အခါမှာ—

အယံ ဒုက္ခဘာရော၊ ဆင်းရဲလှစ္စာသော ဣခန္ဓာဝန်ကြီးကို။ ကိုဝ စိရံ၊ အဘယ်မျှလောက် ကြာအောင်။ ဝဟိတဗ္ဗော နု ခေါ၊ ဆောင်နေရဦး မှာပါလိမ့်မည်လဲ-လို့ ဆင်ခြင်တော် မူကြပါ တယ်။

ယခုပြောလာခဲ့ဘာဟာ ကာမဘဝကျာ၊ ကောင်းနိုးရာ၊ သာ ယာနှစ်သက်မှု-ဆိုတဲ့ ကာမဘဝကျာဖြစ်ပြီး ခန္ဓာဝန်ကို ခံယူပုံကို ပြောယင်း ခန္ဓာဝန်လေးပုံကိုပါ ပြောလာခဲ့တယ်။ အဲဒီ ကာမ

တဏှာဖြစ်ပြီး ခန္ဓာဝန်ယူပုံကတော့ တော်တော် သဘောပေါက် လောက်ပါပြီ။ ယခု ဘဝတဏှာနဲ့ ဝိဘဝတဏှာ အကြောင်းကို ပြောရမယ်။

ဘဝတဏှာဖြင့် ခန္ဓာဝန်ကိုယူပုံ

ဘဝတဏှာ ဆိုတာ သဿတဒိဋ္ဌိနဲ့ တွဲပြီး ဖြစ်တဲ့ နှစ်သက်သာယာမှုဘဲ။ ဒိဋ္ဌိက သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိလို့ ဒီလိုနှစ်မျိုး ရှိတယ်၊ ပုထုဇဉ်သတ္တဝါတွေမှာ ဒီဒိဋ္ဌိနှစ်မျိုးက ရှိနေတာဘဲ၊ အားကြီးတာနဲ့ အားနည်းတာ လောက်သာ ကွာခြားပါတယ်။ အဲဒီ ဒိဋ္ဌိနှစ်မျိုးထဲက သဿတဒိဋ္ဌိ ဆိုတာ "အသက်ရှင်နေတဲ့ သတ္တဝါကောင်ဟာ သေခြင်း ပျက်ခြင်း မရှိဘူး၊ ရုပ်ကိုယ်ကြမ်းကြီးက ပျက်စီးသွားပေမဲ့ အဲဒီ သတ္တဝါကောင် အသက်ကောင်ကတော့ မပျက်ဘူး၊ တခြားခန္ဓာကိုယ် အသစ်မှာဝင်ပြီး တည်ရှိနေတာဘဲ၊ ကမ္ဘာပျက်သော်လဲ သူကတော့ မပျက်ဘူး၊ ဘယ်တော့မှ မပျက်ဘူး၊ အမြဲတမ်း တည်ရှိနေတယ်"လို့ ထင်မြင်တဲ့ အယူပါဘဲ။ ဗုဒ္ဓသာသနာ အပြင်ဘက်က အယူဝါဒတွေဟာ မျှားသောအားဖြင့် ဒီသဿတအယူဘဲ ဖြစ်နေပါတယ်။ အဲဒီ အယူတွေထဲမှာ တချို့ကတော့ "လူသေသွားယင် ဘုရားသခင် အလိုအတိုင်း ကောင်းကင်ဘုံ ရောက်ပြီး အမြဲတမ်း တည်ရှိတယ်၊ သို့မဟုတ် ထာဝရ ငရဲရောက်ပြီး ဒုက္ခခံနေရတယ်"လို့ ဒီလို အယူလဲရှိတယ်။ တချို့ကတော့ "ကံအားလျော်စွာ ဒီဘဝမှ ဟိုဘဝ၊ ဟိုဘဝမှ တခြား ဘဝ စသည်ဖြင့် ပြောင်းရွှေ့ပြီး ဖြစ်နေတယ်၊ တည်နေတယ်"လို့ ယူကြတယ်။ တချို့ကတော့ "ကိန်း

သေ သတ်မှတ်ထားတဲ့ ဖြစ်စဉ်အတိုင်းပြောင်းလဲပြီး ဖြစ်နေတယ် တည်နေတယ်''လို့ ယူကြတယ်။ အချုပ်အားဖြင့်တော့ ''အသက်ကောင် သတ္တဝါကောင်ဟာ အကောင်လိုက် မပျက်ပဲ ပြောင်းရွှေ့ပြီး တည်ရှိနေတယ်''လို့ ယူဆတာ ဟူသမျှကို သဿတဒိဋ္ဌိလို့ ခေါ်ပါတယ်။ ဥပမာအားဖြင့် သစ်ပင်ပေါ်မှာ နားနေတဲ့ ငှက်ဟာ အဲဒီသစ်ပင်က လဲကျသွားယင် အခြားသစ်ပင်ကို ရွှေ့သွားတယ်၊ အဲဒီသစ်ပင်က လဲကျသွားပြန်ယင်လဲ အခြားတပင်သို့ ရွှေ့သွားတယ်၊ အဲဒါလိုဘဲ အသက်ကောင်က ရုပ်ကိုယ်တခု ပျက်စီးသွားယင် တခြား ရုပ်ကိုယ်သစ်ထဲသို့ ပြောင်းရွှေ့ ပြောင်းရွှေ့သွားတယ်၊ သူကတော့ ဘယ်တော့မှ မပျက်ဘူး၊ အမြဲတမ်း တည်ရှိနေတယ်လို့ ထင်မြင်တဲ့ အယူအဆပါဘဲ။

အဲဒီ သဿတဒိဋ္ဌိနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ တဏှာကို ဘဝတဏှာ ခေါ်တယ်၊ ဒီတဏှာက အတ္တကောင် အသက်ကောင် သတ္တဝါကောင် အမြဲတမ်းတည်ရှိနေတယ် ဆိုတာကိုလဲ နှစ်သက်သဘောကျတယ်၊ တည်မြဲ တည်ရှိနေတဲ့ ငါကဘဲ၊ ယခုလဲ ခံစားရတယ်၊ နောင်လဲ ခံစားသွားရမယ်လို့ ယုံကြည် ယူဆပြီးတော့ မြင်ရကြားရ တွေ့ရ သိရတဲ့ အာရုံတွေကိုလဲ နှစ်သက် လိုချင်တယ်၊ နောင်အခါမှ ရမယ်လို့ ထင်ရတာတွေလဲ နှစ်သက်လိုချင်တယ်၊ အမြဲတမ်း တည်ရှိနေမည့် မိမိကိုယ်အတွက် မိမိ၏ ဘဝအတွက်လဲ ကောင်းစား ချမ်းသာစေချင်တယ်၊ ဘဝကောင်းတွေ ဖြစ်ချင်တယ်၊ နောက်ဘဝတွေမှာ လူချမ်းသာချည်း ဖြစ်သွားချင်တယ်၊ နတ်ချမ်းသာချည်း ဖြစ်သွားချင်တယ်၊ တချို့ကယောကျ်ား

ဘဝချည်း ဖြစ်သွားချင်တယ်၊ တချို့က မိန်းမဘဝချည်း ဖြစ်သွားချင်တယ်၊ အဲဒါတွေဟာ ဘဝ တဏှာတွေ့ချည်းပါဘဲ၊ ဒီဘဝတဏှာဖြင့် လက်ရှိအာရုံတွေကို နှစ်သက်လိုချင်တိုင်း, ဖြစ်ဆဲဘဝကို နှစ်သက် သာယာတိုင်း, ဖြစ်ရမည့် ဘဝတွေကို မြော်လင့် တောင့်တတိုင်း ခန္ဓာဝန်အသစ်တွေကို ခံယူနေသည်မည်ပါတယ်၊ အဲဒီ ဘဝတဏှာကို ဘဝတဏှာ၊ သဿတာ၊ ထင်ကာ နှစ်သက်မှု-လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဘဝတဏှာ၊ သဿတာ၊ ထင်ကာနှစ်သက်မှု။ (ဆို)

အတ္တကောင် အသက်ကောင် ငါကောင်ဟာ (သဿတ) အမြဲတမ်း တည်ရှိနေတယ်၊ ဘယ်တော့မှ မပျက်စီးဘူးလို့ ထင်မြင်ယူဆပြီး နှစ်သက်လိုချင်တဲ့ တဏှာကို ဘဝတဏှာ ခေါ်တယ်လို့ ဆိုလိုပါတယ်။

ဝိဘဝတဏှာဖြင့် ခန္ဓာဝန်ကိုယူပုံ

ဥစ္ဆေဒဒိဋ္ဌိဆိုတာကတော့ သတ္တဝါဟာ သေပြီးယင် ဘာမျှ မရှိတော့ဘူး၊ လုံးဝပျောက်ကွယ်ပြတ်စဲသွားတယ်လို့ ထင်မြင်တဲ့ အယူပါဘဲ၊ ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက တော့ ဒီအယူကို အဇိတ(ကေသကမ္ဗလ)ဆိုတဲ့ ဂိုဏ်းဆရာကြီးက ဟောပြောနေခဲ့ပါတယ်၊ သူဟောပုံကတော့—

အယံ ပုရိသော၊ ဣပုဂ္ဂိုလ်သတ္တဝါသည်။ (ဒီနေရာမှာ ပုရိသော-ပုဒ်က ပုဂ္ဂိုလ်သတ္တဝါ သာမညကို ဟောတယ်၊ မိန်းမ မဟုတ်ဘဲ ယောကျ်ားကိုသာ ဟောတယ်လို့ မယူရဘူး၊ အဲဒီလို ယူယင် ဒီဝါဒမှာ မိန်းမတွေမပါဘူးလို့ အပြစ်တင်စရာ ဖြစ်လိမ့်မယ်၊ ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါ သာမညအနက်ကိုသာ ယူရမယ်။) အယံ ပုရိသော၊ ဣပုဂ္ဂိုလ်သတ္တဝါသည်။ စာတု-မဟာဘူတိကော၊ မဟာဘူတ် ၄-ပါး အစုအဝေးမျှသာ ဖြစ်သည်။ ယဒါ ကာလံ ကရောတိ၊ အကြင်အခါ၌ သေ၏၊ ထိုအခါမှာ။ ပထဝီ၊ သက်ရှိရုပ်ကိုယ်မှ ပထဝီဓာတ်သည်။ ပထဝီကာယံ အနုပေတိ အနုပဂစ္ဆတိ၊ သက်မဲ့ အပြင်ပ ပထဝီဓာတ်အပေါင်းသို့ သက်ဝင်သွားလေတော့သည်။ (မသေမီက ကိုယ်ထဲမှာ ရှိနေတဲ့ ခက်မာ ကြမ်းတမ်းတဲ့ ပထဝီဓာတ်သဘောတွေဟာ သေတဲ့အခါ သက်မဲ့ ဗဟိဒ္ဓ အပြင်ပ ပထဝီဓာတ် ဖြစ်သွားတယ်၊ အသက်မဲ့ အလောင်းကောင်ထဲက ပထဝီရုပ် ဖြစ်သွားတယ်၊ အဲဒီကနောက် တဖြေးဖြေးချင်း မြေကြီးသြဇာ ပုထဝီရုပ် ဖြစ်သွားတယ်၊ အဲဒီ မြေကြီးသြဇာမှ တဖန် သစ်ပင် စသည် ပထဝီဓာတ်လဲ ဖြစ်သွားတယ်လို့ ဆိုလိုပါတယ်။) အာပေါ၊ သက်ရှိအာပေါဓာတ်သည်။ အာပေါကာယံ အနုပေတိ အနုပ-ဂစ္ဆတိ၊ သက်မဲ့ အာပေါဓာတ် ရေဓာတ်အပေါင်းသို့ သက်ဝင်သွားလေတော့သည်။ (သက်ရှိကိုယ်ထဲမှ အစိုဓာတ် အရေဓာတ်တွေဟာ သက်မဲ့ အစိုဓာတ် အရေဓာတ်တွေ ဖြစ်သွားတယ်လို့ ဆိုလိုပါတယ်။) တေဇော၊ သက်ရှိ အခိုးအငွေ့ တေဇောဓာတ်သည်။ တေဇောကာယံ အနုပေတိ အနုပဂစ္ဆတိ၊ သက်မဲ့ အပြင်ပ

ဒေတဇောဒေတ် အပေါင်းသို့ သက်ဝင် သွားလေတော့သည်။ ဝါယော၊ သက်ရှိ ဝါယောဒေတ် လေဓာတ်သည်။ ဝါယော-ကာယံ အနုပေတိ အနုပဂစ္ဆတိ၊ သက်မဲ့ အပြင်ပ လေဓာတ် အပေါင်းသို့ သက်ဝင်သွားလေတော့သည်။ ဣန္ဒြိယာနိ၊ မျက်စိ နား နှာ လျှာ ကိုယ်စိတ်နှလုံးဟူသော သိတတ်သော ဣန္ဒြေတို့သည်။အာကာသံ သက်မဲ့ကို၊ အာကာသဓာတ်သို့ ပြောင်းလဲသွားကုန်၏၊ (ဒီအယူရှိတဲ့သူက မြင်တဲ့စိတ် ကြားတဲ့စိတ် စသည်ဖြင့် သိတတ်တဲ့ စိတ်ဝိညာဏ် အသီးအခြား ရှိတယ်လို့ မယူဆဘူး၊ မျက်စိ နား အစရှိတဲ့ရုပ်ကဘဲ မြင်တယ် ကြားတယ် နံတယ် အရသာသိတယ် ထိသိဘယ်လို့ ယူဆတယ်၊ မနဆိုတဲ့ ဣန္ဒြေက ကြံသိတယ်လို့လဲ ယူဆတယ်၊ ဒါကြောင့် သိမှု ပြတ်စဲသွားပုံကို ဣန္ဒြေတွေနဲ့ပြောပါတယ်၊ အဲဒီ သိတတ်တဲ့ မျက်စိ နား အစရှိတဲ့ ဣန္ဒြေတွေဟာလဲ အာကာသဓာတ် ဖြစ်သွားတယ်၊ ကောင်းကင် ဟင်းလင်းပြင်ထဲမှာ ပျောက်သွားတယ်လို့ ဆိုလိုပါတယ်။)။ပ။ ဗာလေ စ၊ သူမိုက်တို့သည်ရင်း။ ပဏ္ဍိတေ စ၊ ပညာရှိတို့သည်ရင်း၊ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ် ပျက်ခြင်းကြောင့်။ ဝါ၊ ခန္ဓာကိုယ်ပျက်လတ်သော်။ ဥစ္ဆိဇ္ဇန္တိ၊ လုံးဝပြတ်စဲကုန်၏။ ဝိနဿန္တိ၊ ပျောက်ကွယ်သွားကုန်၏။ ပရံ မရဏာ၊ သေသည်မှ နောက်၌။ နု ဟောန္တိ၊ မရှိတော့ကုန်။ (လူမိုက်ဖြစ်စေ၊ သူတော်ကောင်းပညာရှိဖြစ်စေ သေပြီးတဲ့နောက်မှာ ဘာမျှ မရှိတော့ဘဲ လုံးဝ ပျောက်ကွယ်သွားတာချည်းဘဲ၊ လူမိုက်လဲ အကုသိုလ်ကံကြောင့် ဘဝသစ်ဖြစ်ပြီး ဆင်းရဲရတယ်လို့

မရှိဘူး၊ သေပြီးယင် လုံးဝပျောက်ကွယ် ပျက်စီးသွားတာချည်း ဘဲလို့ ဆိုလိုပါတယ်။)

အဲဒါဟာ ဥစ္ဆေဒအယူရှိတဲ့ အဇိတဆရာကြီး၏ ပြောဟောပုံ အချုပ်ပါဘဲ၊ အဇိတစ်ဇင်းလို့ ခေါ်ချင်ယင်လဲ ခေါ်နိုင်ပါတယ်၊ အကုသိုလ်ကို မရှောင်ချင်တဲ့သူ၊ ကုသိုလ်ကို မပြုချင်တဲ့သူတွေက အဲဒီအယူကို ကြိုက်ကြပေလိမ့်မယ်၊ အဲဒီမှာ သေပြီးယင် မရှိတော့ဘူးလို့ဆိုတော့ မသေခင်မှာတော့ ရှိနေတယ်လို့ ဝန်ခံရာ ရောက်ပါတယ်၊ အဲဒီ မသေခင်ရှိနေတာက ဘာလဲလို့ မေးယင် အသက်ရှင်နေတဲ့ ၊ါကောင် သတ္တဝါကောင်လို့ ဖြေရမှာဘဲ၊ ဒါကြောင့် စာတုမဟာဘူတိက ဓာတ် ၄-ပါး အစုအဝေးမျှဘဲလို့ ဆိုပေမဲ့ ၊ါဆိုတဲ့ အတ္တစ္ဓကတော့ ရှိနေတယ်လို့ ဆိုရမှာဘဲ၊ အဲဒီလို အတ္တစ္ဓရှိနေတဲ့ အတွက် အဲဒီအယူရှိတဲ့သူတွေက "မသေခင်မှာ အချိန်အခွင့် ရှိသလောက် ကာမဂုဏ်အာရုံကို ခံစားရမယ်၊ နောင်ဘဝအတွက် ကျင့်ကြံသောအားဖြင့် အချိန်အခွင့်တွေကို မဆုံးရှုံးစေရဘူး" လို့လဲ ဆိုကြပါစာယ်။

အဲဒီလို သေပြီးယင် ဘာမျှမရှိတော့ဘူး၊ လုံးဝပျောက်ကွယ်သွားတယ်လို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်ပြီးဖြစ်တဲ့ နှစ်သက်လိုချင်မှုကို ဝိဘဝတဏှာခေါ်တယ်၊ ဒီတဏှာက ဘာမျှမကျင့်ရဘဲနဲ့ သေပြီးတဲ့နောက် ဘာမျှမဖြစ်ရတော့ဘဲ ပြတ်စဲသွားတာကိုလဲ ကြိုက်တယ်၊ ဘာကြောင့်လဲဆိုယင် အဲဒီအယူရှိတဲ့သူက ကောင်းမှုကို မပြုချင်ဘူး၊ မကောင်းမှုကိုလဲ မရှောင်ချင်ဘူး၊ ပြုထားတဲ့ မကောင်းမှုတွေကလဲ မျှားစွာရှိနေတယ်၊

ဒီတော့ သေပြီးတဲ့နောက် ဘဝသစ် ဖြစ်နေဦးမယ်ဆိုယင် မကောင်းမှုတွေက မကောင်းကျိုးတွေကို ပေးနေဦးမယ်၊ အဲဒါကို သူက မလိုလားဘူး၊ သေပြီးတဲ့နောက် ဘာမျှ မဖြစ်ပါမှ သူမှာ သင်ပုန်းချေသလို ဖြစ်ပြီး အပြစ် ကင်းသွားမယ်၊ ဒါကြောင့် ဒီတဏှာက သေပြီးယင် ပြတ်စဲသွားတာကို နှစ်သက်သဘောကျတာပါဘဲ၊ နောက်ပြီးတော့ မသေခင်ဘဲ ခံစားရမယ်လို့ ယူဆထားတဲ့ အတွက် မသေခင်အတွင်း ရရသမျှကို ခံစားဘို့ရာလဲ ပြင်းပြင်းပျူပျူ နှစ်သက်မက်မောနေတယ်၊ ကောင်းတယ် ထင်တာ ဟူသမျှကို သူက နှစ်သက်ဘာ ချည်းဘဲ၊ ဘာကိုမျှ သူက ရှောင်ကြဉ်ခြင်းမရှိဘူး၊ နှစ်သက်သာယာမှု တဏှာတွေ အလွန်အကဲ ဖြစ်တတ်ပါတယ်၊ အဲဒီလို နောင်ဘဝ မရှိဘူးဆိုတဲ့ အယူဖြင့် ယခုလောလောဆယ် ခံစားဖို့ နှစ်သက်လိုချင်တိုင်း, မိမိ၏ လက်ရှိ ကိုယ်ကို ချမ်းသာစေလိုတိုင်း ဘဝသစ် ခန္ဓာဝန်ကို ခံယူနေသည် မည်ပါတယ်၊ ဘာကြောင့်လဲ ဆိုယင် အဲဒီ နှစ်သက်သာယာမှု တဏှာကြောင့် အမျှားအားဖြင့် အကုသိုလ်ကံတွေ ဖြစ်တယ်၊ သေမါနီးမှာ အဲဒီကံတွေနဲ့ မိမိကိုယ်ကို နှစ်သက်စဲ့လမ်းပြီး သေသွားတော့ အဲဒီကံတွေကြောင့် ဘဝသစ်ခန္ဓာဝန်တွေ ဖြစ်ပေါ်လာတယ်၊ ဒါကြောင့်ပါဘဲ။ မိမိက နောင်ဘဝမရှိဘူးလို့ ဟူဆထားပေမဲ့ နှစ်သက်လိုချင်တဲ့ တဏှာရှိနေယင် ဘဝသစ်က ဖြစ်တာဘဲ၊ ဘယ်လိုမှ ရှောင်လို့ မရနိုင်ဘူး၊ ဥပမာအားဖြင့် မကျန်းမာတဲ့သူကို မဘည့်တဲ့ အစာမစားဘို့ ဆေးဆရာက ညွှန်ကြားထားတယ် ဆိုပါတော့၊ အဲဒီလို ညွှန်ကြားထားရာမှာ လူမမာက ဆရာပြောတဲ့အတိုင်း

မဟုတ်နိုင်ပါဘူး၊ သင့်ကောင်းပါရဲ့လို့ ယူဆပြီး မတည့်တဲ့အစာကို စားမိယင် ရောဂါတိုးတတ်တယ်၊ သေသည်တိုင်အောင်လဲ ဒုက္ခပေးတတ်တယ်။ အဲဒါလိုပါဘဲ၊ သူက နှောင်ဘဝ မရှိဘူးလို့ ယူဆထားပေမဲ့ နှစ်သက်တယ်ဘာတဲ့ ဇောက ရှိနေတော့ ဘဝအသစ်က ဖြစ်ပေါ်တာဘဲ။ ဖြစ်ပေါ်တာမှ သူ့မှာ ယုတ်ညံ့ဆင်းရဲတဲ့ဘဝတွေဘဲ ဖြစ်ဖို့ရှိဘယ်။ ဘာကြောင့်လဲဆိုယင် သူက ဘဝကောင်းဖြစ်ဖို့ ကုသိုလ်ကံကို မပြုဘူး၊ ယုတ်ညံ့တဲ့ဘဝကို ဖြစ်စေတတ်တဲ့ အကုသိုလ်ကံကိုသာများစွာပြုတယ်၊ ဘယ်သူသေသေ ငတေမာပြီးရော ဆိုတာလိုဘဲ သူက မသေခင်အတွင်း အကောင်းဆုံး ခံစားသွားမယ်ဆိုတဲ့ အနေနဲ့ ဘယ်သူ့ကိုမျှ မငဲ့မညှာဘဲ သူအလိုရှိကာဘေးကို အကုန်ပြုလုပ်တယ်၊ အဲဒီလိုပြုလုပ်တဲ့အတွက် အကုသိုလ်ကံတွေသာ များများဖြစ်တယ်၊ ထက်ထက် သန်သန်ကြီးဖြစ်တယ်။ ဒါကြောင့် သူ့မှာ ယုတ်ညံ့တဲ့ဘဝ ဆင်းရဲတဲ့ဘဝတွေကိုရဘို့သာ ရှိနေပါတယ်။ အဲဒီမှာ အတိုချုပ်ကတော့ သေပြီးတဲ့နောက် ဘာမျှ မရှိတော့ဘူးလို့ ယူဆပြီး နှစ်သက်သာယာတဲ့ တဏှာဟူသမျှဟာ ဝိဘဝတဏှာချည်းပါဘဲ။ အဲဒါကို ဘုန်းကြီးက ဝိဘဝမှာ၊ ဥစ္ဆေဒါ၊ ထင်ကာ နှစ်သက်မှု-လို့ ဆောင်ပုဒ်စီထားပါတယ်။ သေယင်တခါတည်းပြတ်စဲသွားတယ်၊ ဘာမျှ မဖြစ်တော့ဘူး-လို့ ထင်မှတ်ပြီး နှစ်သက်သာယာမှုကို ဝိဘဝတဏှာ ခေါ်တယ်လို့ ဆိုလိုပါတယ်၊ အဲဒါကို ဆိုကြရမယ်။

ဝိဘဝမှာ၊ ဥစ္ဆေဒါ၊ ထင်ကာ နှစ်သက်မှု။ (ဆို)

တဏှာသုံးပါးဖြစ်တိုင်း ဝန်ထုပ်ကို ခံယူတာ၁ဘဲ

အဲဒီ တဏှာသုံးပါး ဖြစ်တိုင်းဖြစ်တိုင်း ဘဝသစ် ခန္ဓာဝန်ကို လက်ခံပြီး ယူနေသည် မည်ပါတယ်။ လေးလံတဲ့ ဝန်ထုပ်ကြီး မျှားကို ကောက်ကောက်ပြီး ထမ်းနေသလိုပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက—

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဆိုတဲ့ တဏှာသုံးပါးကို။ ဘာရုဒါနုံ၊ ခန္ဓာဝန်ကို ခံယူခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်တယ်လို့ ဟောထားပါတယ်။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုဘာ ဘယ်ဟာလဲလို့ ဆိုယင်ငါ, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါးတရားဘဲလို့ ပြောရမယ်။ ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲလို့ ဆိုယင် ခန္ဓာငါးပါး ရှိနေတဲ့ ပုဂ္ဂိုလ်ဘဲလို့ ပြောရမယ်။ ဝန်ထုပ်ဝန်ပိုးကို ခံယူတယ်ဆိုတာ ဘယ်ဟာလဲလို့ မေးယင် နှစ်သက်လိုချင်တဲ့ တဏှာဘဲလို့ ပြောရမယ်။ ဂဲ—အဲဒီဆောင်ပုဒ်တွေကို ဆိုကြရမယ်။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။
ငါ, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါး တရားဘဲ။
ဝန်ထမ်းသမားဆိုဘာ ဘယ်သူလဲ။
ခန္ဓာငါးပါး ရှိနေတဲ့ပုဂ္ဂိုလ်ဘဲ။
ဝန်ထုပ်ကို ခံယူတယ်ဆိုတာ ဘယ်ဟာလဲ။
နှစ်သက်လိုချင်တဲ့ တဏှာဘဲ။

ဝန်ထုပ်နှင့် ဝန်ထမ်းသမား အကြောင်းကိုတော့ တနေ့က သီတင်းပတ်မှာ ဟောခဲ့ပြီ၊ ဒီကနေ့ ဝန်ထုပ်ကို ခံယူခြင်း အကြောင်း ပြောပြီးပြီ။ ယခု ဝန်ထုပ်ကို ပစ်ချပုံ ဟောရမယ်၊ အဲဒါက အရေးအကြီးဆုံးဘဲ။ အဲဒါကို မြတ်စွာဘုရားက ဒီလို မေးပြီး ဖြေတော်မူပါတယ်။

ဝန်ထုပ်ကို ပစ်ချခြင်း

ကတမဉ္စ ဘိက္ခဝေ ဘာရဒိုက္ခေပနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာရဒိုက္ခေပနံ၊ ဝန်ထုပ် ဝန်ပိုးကို ပစ်ချခြင်းဟူသည်။ ကတမဉ္စ အဘယ်ပါနည်း။ ဝန်ထုပ်ဝန်ပိုးကို ပစ်ချတယ်ဆိုတာ ဘာလဲလို့ မေးခွန်းထုတ်ပြပါတယ်။

ယော တသာဒယော တဏှာယ အသေသဝိရာဂ
နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရဒိုက္ခေပနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ တသယော တဏှာယ၊ ထိုနှစ်သက်လိုချင်သော တဏှာ၏သာလျှင်။ ဝါ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟု ဆိုအပ်သော ထိုတဏှာ သုံးပါး၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြင် အကြင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းသည်။ ယော စာဂေါ၊ အကြင်ပယ်စွန့်ခြင်းသည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြင်ဝေးစွာ စွန့်ခြင်းသည်။ ယော မုတ္တိ၊ အကြင်ဆုပ်ကိုင်မထားဘဲ လွှတ်လိုက်ခြင်းသည်။ ယော အနာလယော၊ အကြင် တွယ်တာမှု ကင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။

-ဘိုက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတဏှာ၏ အကြွင်းမဲ့ ပျက်ပြယ်ခြင်း တဏှာကို ပယ်စွန့်ခြင်းစသည် ခေါ်ဆိုအပ်သော သဘောကို။ ဘာရနိုကျေပနံ၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟု ဆိုအပ်သော ဝန်ထုပ်ဝန်ပိုးကို ပစ်ချလိုက်ခြင်း ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏တဲ့။

ဝန်ထုပ် ဝန်ပိုးကို ပစ်ချတယ်ဆိုတာ ဝန်ထုပ် ဝန်ပိုးကို လက်ခံတဲ့ တဏှာကို ပယ်လိုက်တာပါဘဲ၊ တဏှာကို ပယ်တယ်ဆိုဘာကလဲ ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ်တို့၏ အစွမ်းကြောင့် အဲဒီ တဏှာဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းသွားတာကို ဆိုတာပါဘဲ။ နေရောင် အလင်းပေါ်လာတော့ အမှောင်တွေ အကုန်ပျောက်ကင်းသွားကြသလို အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာတဲ့ အခါမှာ နှစ်သက်လိုချင်မှု တဏှာဟာ ဖြစ်ခွင့်မရှိတော့ဘဲ လုံးဝ ချုပ်ငြိမ်းသွားဘယ်၊ အဲဒီလို တဏှာ ချုပ်ငြိမ်းသွားတဲ့အတွက် ဘဝသစ် ရုပ်နာမ်ခန္ဓာတွေဟာ မဖြစ်ပေါ်နိုင်တော့ဘဲ လုံးဝ ချုပ်ငြိမ်းသွားကယ်၊ ဒါကြောင့် နှစ်သက်လိုချင်တဲ့ တဏှာကို ပယ်ခြင်း=တဏှာမဖြစ်ခြင်းကို ဝန်ထုပ်ချခြင်းလို့ ခေါ်ဆိုသင့်ပါပေတယ်။ ဒါကြောင့် မြတ်စွာဘုရားက တဿာယော ဘဏှာယ၊ ဝန်ထုပ်ကို ခံယူတတ်သော ထိုတဏှာ၏သားလျှင်။ ယော အနေသသဝိရာဂနိုရောဓော၊ အကြွင် အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤတဏှာ၏ချုပ်ခြင်းကို။ ဘာရနိုကျေပနံ၊ ဝန်ထုပ်ကိုပစ်ချလိုက်ခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရတယ်လို့ ဟောထားပါတယ်။

အရဟတ္တမဂ်ဖြင့် တဏှာချုပ်ငြိမ်းတယ် ဆိုတာကတော့ အကြွင်းမဲ့ နောက်ဆုံး ချုပ်ငြိမ်းတာကို ဆိုတာပါ။ အဲဒီ အရဟတ္တမဂ်မရောက်မီ အနာဂါမိမဂ်ဖြင့်လဲ ကာမရာဂခေါ်တဲ့ တဏှာဟာ လုံးဝ ချုပ်ငြိမ်းသွားပါသေးတယ်။ အဲဒီ ကာမရာဂခေါ်တဲ့ တဏှာချုပ်ငြိမ်းသွားတဲ့အတွက် အနာဂါမ်ပုဂ္ဂိုလ်မှာ လူ့ဘဝ နတ်ဘဝဆိုတဲ့ ကာမဘဝခန္ဓာဝန်တွေ မဖြစ်နိုင်တော့ဘူး၊ အဲဒီ ကာမဘဝ ခန္ဓာဝန်တွေကို ပစ်ချပြီး ဖြစ်သွားပါတယ်။ နောက်ပြီးတော့ သကဒါဂါမိမဂ်ဖြင့်လဲ ရုန့်ရင်းတဲ့ ကာမရာဂတဏှာကို အကြွင်းမဲ့ပယ်ပါတယ်၊ ဒါကြောင့် သကဒါဂါမ်မှာ ရုန့်ရင်း ကြမ်းတမ်းတဲ့ ကာမတဏှာ မရှိတော့တဲ့ အဘွက် ၂-ဘဝထက် ပိုလွန်ပြီးဖြစ်မည့် ကာမဘဝခန္ဓာဝန်တွေကို ပစ်ချပြီး ဖြစ်သွားပါတယ်။ နောက်ပြီးတော့ သောတာပန်မဂ်ဖြင့်လဲ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် အဆင့်အတန်းတူတဲ့ တဏှာကို အကြွင်းမဲ့ပယ်ပါတယ်။ ဒါကြောင့် သောတာပန်ပုဂ္ဂိုလ်မှာ အပါယ်လေးပါး ဘဝခန္ဓာဝန်တွေကိုလဲ ပစ်ချပြီး ဖြစ်သွားတယ်၊ လူ့လောက နတ်လောကမှာ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်မည့် မရေမတွက်နိုင်သော ခန္ဓာဝန်တွေကိုလဲ ပစ်ချပြီးဖြစ်သွားတယ်။ ဒီတော့ သောတာပန်လောက်ဖြစ်ယင် ကိုယ်ခန္ဓာဝန်တွေ အပုံပေါ့သွားပါပြီ။

ဒါကြောင့် မြတ်စွာဘုရားက သောတာပန်မှာ သစ္စာ ၄-ပါး ကို သိရတဲ့အဘွက် ဘဝခန္ဓာ ဆင်းရဲတွေ ငြိမ်းသွားပုံကို ဒီလို ဥပမာပြုပြီးတော့ ဟောထားပါတယ်။ လက်သည်းခွံပေါ်မှာ

မြေမှုန့်အနည်းငယ်ကိုတင်ပြီး မြတ်စွာဘုရားက ရဟန်းများကို မေးတော်မူပါတယ်။ ရဟန်းတို့ ငါ၏ လက်သည်းပေါ်က မြေမှုန့်နှင့် မဟာပထဝီမြေကြီးထဲက မြေမှုန့် ဒီနှစ်မျိုးထဲမှာ ဘယ်မြေမှုန့်က သာပြီး များပါသလဲလို့ မေးတော်မူပါတယ်။ ဒီတော့ ရဟန်းများက မြတ်စွာဘုရား၏ လက်သည်းပေါ်က မြေမှုန့်ဟာ အလွန်နည်းပါတယ်၊ မပြောပ မရေတွက်လောက်ပါဘူး၊ မဟာပထဝီမြေကြီးထဲက မြေမှုန့်တွေသာလျှင် အတိုင်းမသိ အလွန်များလှပါတယ်လို့ လျှောက်ထားကြတယ်။ သစ္စာ ၄-ပါးကို သိမြင်ပြီးဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်မှာ ကုန်သွားတဲ့ ဘဝဆင်းရဲတွေက အဲဒီ မြေကြီးထဲက မြေမှုန့်တွေလောက်မက များတယ်၊ အလွန်ဆုံး ဖြစ်ရမည့် ခုနစ်ဘဝ အကြင်းအကျန်ကဘော့ လက်သည်းပေါ်က မြေမှုန့်လောက်ပဲရှိတယ်၊ ကျန်တဲ့ဆင်းရဲက မပြောပလောက်တော့ဘူး၊ အနည်းငယ်သာ ရှိတော့တယ်၊ ကုန်သွားတဲ့ ဆင်းရဲတွေက အတိုင်းမသိ အလွန်များတယ်-လို့ မြတ်စွာဘုရားက ဟောတော်မူပြီးတော့ သစ္စာ ၄-ပါးတရားကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်အောင် အားထုတ်ဖို့ တိုက်တွန်းဘော်မူပါတယ်။ (သံ ၃-၄၀၀)

ဝိပဿနာပြင့်လဲ ခန္ဓာဝန်တွေ ပစ်ချနိုင်တယ်

ယခု ပြောခဲ့တာတွေကတော့ အရိယမဂ် ၄-ပါးဖြင့် ခန္ဓာဝန်ကို ပစ်ချပုံတွေဘဲ။ အဲဒီ အရိယမဂ် ၄-ပါးဆိုတာကလဲ သူ့တို့သက်သက်နဲ့ ဖြစ်နိုင်တာ မဟုတ်ဘူး၊ ဝိပဿနာဉာဏ် ပြည့်စုံမှ ဖြစ်နိုင်တယ်၊ ဒါကြောင့် အရိယမဂ် ၄-ပါးဖြင့် ခန္ဓာဝန်ကို

ပစ်ချချင်ယင် ဝိပဿနာဉာဏ် ပြည့်စုံအောင် အားထုတ်ရတယ်။ အဲဒီလို အားထုတ်တဲ့အခါ ဝိပဿနာဉာဏ်ဖြင့်လဲ ခန္ဓာဝန်တွေကို ထိုက်ဘန်သလောက် ပစ်ချနိုင်ပါတယ်။

ပစ်ချနိုင်ပုံကတော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြုံသိတိုင်း မရှုမမှတ်လို့ရှိယင် အဲဒီ မြင်ရတဲ့ အာရုံ ကြားရတဲ့အာရုံ စသည်တွေကို အမှန်အတိုင်း မသိဘူး။ သိရိုး သိစဉ်အတိုင်း အလဲအမှားတွေကို သိသိနေတယ်။ မမြဲတာကို မြဲတယ်လို့ ထင်တယ်၊ ဆင်းရဲတွေ့ မကောင်းဟာတွေကို ချမ်း သာတွေ့ အကောင်းတွေ့လို့ ထင်တယ်၊ ငါကောင် မဟုတ်တဲ့ သဘောတရားတွေကို ငါကောင်လို့ ထင်တယ်။ အဲဒီလို အလဲ အမှားတွေကို ထင်တာ သိတာဟာ အဝိဇ္ဇာဘဲ။ အဲဒီလို အလဲ အမှားတွေ့ သိနေတဲ့အတွက် အဲဒီလို အာရုံတွေကို နှစ်သက်တယ် လိုချင်တယ်၊ မိမိကိုယ်ကိုလဲ နှစ်သက်တယ် သာယာတယ်။ အဲဒီလို နှစ်သက်လိုချင်တာ သာယာတာဟာ တဏှာဘဲ၊ ဒီ တဏှာဖြင့် နှစ်သက်လိုချင်တိုင်း သာယာတိုင်း ဘဝသစ်ခန္ဓာ တွေကို လက်ခံနေသည် မည်တာဘဲ။ ဘာကြောင့်လဲဆိုယင် အဲဒီ လို နှစ်သက်သာယာလျှင် စဲ့လမ်းတဲ့ ဥပါဒါန် ဖြင်လာတယ်၊ ကိုယ့်အလိုအတိုင်း ပြီးစီးပြည့်စုံအောင် ပြုလုပ်အားထုတ်တဲ့ ကံနှင့် သင်္ခါရတွေ ဖြစ်လာတယ်။ အဲဒီ ကံ သင်္ခါရကြောင့် ဘဝသစ်ခန္ဓာတွေ ဖြစ်ရတယ်: ဒါကြောင့်ပါဘဲ။

အဲဒီတော့ မရှုမိတဲ့ အာရုံတိုင်းနှင့်စပ်ပြီး တဏှာဖြစ်တယ်၊ အဲဒါဟာ မြင်ခိုက် ကြားခိုက် စသည်မှာ ချက်ခြင်းဖြစ်တာလဲ

ရှိတယ်၊ ချက်ခြင်းမဖြစ်သေးဘဲ နောင် အကြောင်းညီညွတ်တဲ့ အခါကျမှ ဖြစ်တာလဲရှိတယ်။ ဒါကြောင့် မြင်ခိုက် ကြားခိုက် စသည်မှာ မရှုမှတ်မိတိုင်း အဝိဇ္ဇာနှင့်တကွ တဏှာ ဖြစ်နေတယ်၊ ဘဝသစ် ခန္ဓာဝန်ကို လက်ခံယူနေတယ်လို့ ဆိုရတယ်။ ဒီတော့ ခန္ဓာဝန်ကို အလိုမရှိယင် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း အဝိဇ္ဇာနှင့် တဏှာ ဖြစ်ခွင့်မရအောင် ရှုမှတ်ရလိမ့်မယ်။ အဲဒီလို ရှုမှတ်ယင် သမာဓိဉာဏ် အားရှိလာတဲ့အခါမှာ မှတ်တိုင်း မှတ်တိုင်း ရုပ်နာမ်တို့၏ သဘောမှန်ကို သိရတယ်၊ မှတ်သိရတဲ့ ရုပ်ခန္ဓာက တခြား+မှတ်သိတဲ့ နာမ်ခန္ဓာကတခြား ခွဲခြားပြီးတော့လဲ သိရတယ်၊ အသစ် အသစ် ဖြစ်ပေါ်လာတာကိုလဲ သိရတယ်၊ တခဏချင်း ပျောက်ပျောက် သွားတာကိုလဲ သိရတယ်၊ တရိပ်ရိပ်နဲ့ ခဏမစဲ ဖြစ်ပျက်နေတာကိုချည်း တွေ့ရ သိရတယ်။ အဲဒီတော့ မှတ်တိုင်း မှတ်တိုင်း အနိစ္စ=မမြဲတဲ့ တရားတွေချည်းဘဲလို့လဲ အမှန်အတိုင်း သိရတယ်၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲတွေ့ မကောင်းတာတွေချည်းဘဲလို့လဲ အမှန်အတိုင်း သိရတယ်၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ အနတ္တသဘောတရားမျှ ချည်းဘဲလို့လဲ အမှန်အတိုင်းသိရတယ်။ အဲဒီလို ရုပ်နှင့် နာမ်မျှဘဲ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားမျှဘဲလို့ အမှန်အတိုင်း သိ သိ သွားတာက ဝိဇ္ဇာဉာဏ်တွေဘဲ။ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာတော့ အဝိဇ္ဇာ ဆိုတဲ့....မသိမှု သိမှားမှု ဟာ သူ့အလိုလိုကင်းပျောက်သွားတယ်၊ အလင်းရောင်ပေါ်လာယင် အမှောင် ပျောက်သွားသလိုပါဘဲ၊ အဲဒီလို ကင်းပျောက်သွားတာကို ဝိပဿနာ ဝိဇ္ဇာဉာဏ်က အဝိဇ္ဇာကို ပယ်တယ်လို့

ဆိုပါတယ်၊ နှစ်သက်ဖွယ် အနေအားဖြင့် ထင်မှား သိမှားမှု မရှိတော့ နှစ်သက်လိုချင်မှု တဏှာလဲ မဖြစ်နိုင်တော့ဘူး၊ မြင်ခိုက် ကြားခိုက် စသည်မှာ ချက်ခြင်း ရှုမှတ်လိုက်သည့်အတွက် မြင်ပြီးခါစ ကြားပြီးခါစ စသည်မှာလဲ နှစ်သက်လိုချင်မှု မဖြစ်နိုင်ဘူး၊ နောက်ကာလ ကျတော့လဲ ပြန်လည် စဉ်းစားသော အားဖြင့် မဖြစ်နိုင်ဘူး၊ ရှုမိတဲ့ အာရုံတိုင်းမှာ နှစ်သက်လိုချင်မှု တဏှာ ကင်းငြိမ်းနေတယ်၊ အဲဒီလို ကင်းငြိမ်းတာကို တဒင်္ဂပဟာန်ဖြင့် ပယ်တယ်လို့ ဆိုပါတယ်၊ ရှုမိတဲ့ အာရုံတိုင်းမှာ, ချက်ခြင်းဖြစ်စေ၊ နောင်ကာလကျမှ ဖြစ်စေ ဖြစ်ပေါ်လာနိုင်သည့် တဏှာတစိတ်ကို ဝိပဿနာ ကုသိုလ်တစိတ်ဖြင့် ပယ်တယ်လို့ ဆိုလိုပါဘယ်။

အဲဒီလို တဒင်္ဂပဟာန်ဖြင့် ရှုမှတ်ပြီး ပယ်တိုင်း ပယ်တိုင်း ဘဝသစ်ခန္ဓာဝန်ကို ပစ်ချသည် မည်ပါတယ်၊ မြင်တာကို ရှုမှတ်လို့ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောမှန်ကို သိယင် အဲဒီမြင်မှုနှင့် စပ်ပြီးဖြစ်မည့် တဏှာနှင့် ဘဝသစ်ခန္ဓာဝန်ကို ပစ်ချတာဘဲ၊ ထို့အတူ ကြားတာကို မှတ်သိယင် အဲဒီကြားမှုနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာဘဲ၊ နံတာကို မှတ်သိယင် အဲဒီနံမှုနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာဘဲ၊ စားသိတာကို မှတ်သိယင် အဲဒီစားသိမှုနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာဘဲ၊ တွေ့ထိတာကို မှတ်သိယင် အဲဒီတွေ့ထိမှုနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာဘဲ၊ ကြံသိတာကို မှတ်သိယင် အဲဒီကြံသိမှုနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာဘဲ၊ ဒုဂါရ

၆-ပါးက ပေါ်တိုင်း ပေါ်တိုင်းကို ရှုမှတ်ပြီး အမှန်အတိုင်း သိသိသာသာယင် သိတိုင်းသိတိုင်း အဲဒီ သိရတဲ့အာရုံနှင့် စပ်ပြီး ဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာဘဲ။

ဖောင်းတယ် ပိန်တယ် ထိုင်တယ် ကေ့းတယ် ဆန့်တယ် သွားတယ် ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့် ရှုမှတ်ရတာတွေဟာ ကိုယ်အတွေ့အထိထဲမှာ အတွင်းဝင်ပါတယ်၊ ဒါကြောင့် ဖောင်းတယ်လို့ ရှုမှတ်ပြီး တောင့်တင်းလှုပ်ရှားတဲ့ သဘောဓာတ်အဆင့်ဆင့် ဖြစ်ပျက်နေဟာကို အမှန်အတိုင်းသိယင် အဲဒီ ဖောင်းမှုနှင့်စပ်ပြီး နှစ်သက်သာယာမှု တဏှာဟာ မဖြစ်နိုင်တော့ဘူး၊ မရှုမမှတ်လို့ အဲဒီလို အမှန်အတိုင်း မသိယင်တော့ အဲဒီ ဝမ်းဗိုက်၏ ဖောင်းမှုနှင့်စပ်ပြီး ငါ့ဗိုက်ပဲ ငါဘဲလို့ ထင်တယ်၊ အဲဒီလို မထင်ပေဘူးလား၊ ထင်ပါတယ်၊ အဲဒီလိုထင်တာ အဝိဇ္ဇာဘဲ၊ အဲဒီလိုထင်တော့ ငါ, ငါ့ဗိုက်လို့ နှလုံးသွင်းပြီး နှစ်သက်သာယာတယ်၊ အဲဒီ ငါအတွက် အလိုရှိတဲ့ အကျိုးပြီးအောင် တစုံတခုကို ပြုလုပ်တယ်၊ ကံနှင့် သင်္ခါရဘဲ၊ အဲဒီကံနှင့် သင်္ခါရကြောင့် ဘဝသစ်ခန္ဓာတွေ ဖြစ်ပေါ်တယ်၊ အဲဒီ ဘဝသစ်ခန္ဓာဟာ ဘယ်ကလာသလဲဆိုယင် မရှုမမှတ်နိုင်တဲ့အတွက် ငါဘဲ ငါ့ဗိုက်ပဲလို့ ထင်ပြီး နှစ်သက်သာယာတဲ့ တဏှာက အရင်းခံ အစပြုပြီး ဖြစ်ပေါ်လာတာဘဲ၊ ဒါကြောင့် အဲဒီလို မရှုမမှတ်မိတိုင်း တဏှာဖြစ်ပြီး ဘဝသစ်ခန္ဓာဝန်ကို ခံယူနေသည် မည်ပါတယ်၊ ရှုမှတ်လို့ အမှန်အတိုင်းသိယင် သိတိုင်းသိတိုင်း အဲဒီခန္ဓာဝန်ကို ပစ်ချနေသည် မည်ပါတယ်၊ ဒါကြောင့် ဖောင်းတယ်လို့ တခါမှတ်

လိုက်ယင် ခန္ဓာဝန်ကို တကြိမ်ပစ်ချလိုက်တာဘဲ၊ ထိုအတူ ပိန်တယ်လို့ တခါမှတ်လိုက်ယင်လဲ ခန္ဓာဝန်ကို တကြိမ်ပစ်ချလိုက်တာဘဲ၊ ထိုင်တယ် ကွေးတယ် ဆန့်တယ် သွားတယ် ကြွတယ် လှမ်းတယ် စသည်ဖြင့် မှတ်တိုင်းမှတ်တိုင်းလဲ ခန္ဓာဝန်ကို တကြိမ် တကြိမ် ပစ်ချနေတာဘဲ။

ဖောင်းတယ် ပိန်တယ် မှတ်နေယင်း စိတ်ကူးစဉ်းစားမှု ဖြစ်ပေါ်လာယင် အဲဒီ စိတ်ကူးစဉ်းစားမှုကို စိတ်ကူးတယ် စဉ်းစားတယ် ကြံစည်တယ် လိုချင်တယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒီ စိတ်ကူးကြံစည်မှုကိုတော့ မရှုမမှတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ငါအနေနဲ့ အစဲ့လမ်းဆုံးပါဘဲ၊ ဒါကြောင့် မရှုမမှတ်တဲ့ သူတွေမှာ ငါလို့ ထင်ရတဲ့ အဲဒီစိတ်ကူး စဉ်းစားကြံစည်မှုကို နှစ်သက်သာယာတယ်၊ ကြံတဲ့အတိုင်း ဖြင်ချင်လဲဖြစ်, မဖြစ်ချင်လဲနေ စိတ်ကူးစဉ်းစားပြီး ကြံစည်နေရတာကိုတော့ နှစ်သက်သာယာ နေတာဘဲ၊ တရားအားထုတ်နေဆဲ ယောဂီတောင်မှ မစဉ်းစား မဆင်ခြင်ရဘူး၊ တမှတ်ထဲ မပြတ်မှတ်နေရမယ်ဆိုယင် တချို့က တယ်သဘောမကျဘဲ ရှိနေတတ်သေးတယ်။ ဒါကြောင့် မရှုမမှတ်မိတဲ့ စိတ်ကူးတွေကို ငါဘဲလို့ထင်ပြီး သာယာနေရုံက စဲ့လမ်းတယ်၊ အဲဒီစိတ်ကူး ငါကောင်းစားရေးအတွက် အားထုတ်တယ်၊ ကံနှင့် သင်္ခါရတွေပါဘဲ။ အဲဒီ ကံနှင့် သင်္ခါရကြောင့် ဘဝသစ် ခန္ဓာဝန်တွေ ဖြစ်ပေါ်လာတယ်။ ဒီတော့ မရှုမမှတ်မိတဲ့ စိတ်ကူးတိုင်း စိတ်ကူးတိုင်းမှာ နှစ်သက် သာယာတဲ့ တဏှာ ဖြစ်ပြီး ဘဝသစ်ခန္ဓာဝန်တွေကို လက်ခံနေသည် မည်ပါတယ်။

ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဒီစိတ်ကူးက အတွေ့ကောင် ငါကောင် မဟုတ်တဲ့ သဘာဝတရားမျှ ဖြစ်ကြောင်း အလွန် ထင်ရှားပါတယ်။ စိတ်ကူးတယ် စိတ်ကူးတယ်လို့ တချက် နှစ်ချက်လောက် မှတ်လိုက်ယင် အဲဒီစိတ်ကူးက မရှိတော့ဘူး၊ ပြတ်စဲသွားတယ်၊ ကြံတယ် ကြံတယ် စဉ်းစားတယ် ဆင်ခြင်တယ် နှစ်သက်တယ် လိုချင်တယ် စသည်ဖြင့် တချက် နှစ်ချက်လောက် မှတ်လိုက်ယင်လဲ အဲဒီ ကြံစည်တဲ့ စိတ်စသည်ဟာ မရှိတော့ဘူး ပြတ်စဲသွားတယ်။ အဲဒီတော့ ယောဂီက အဲဒီစိတ်တွေဟာ အစကမရှိသေးဘဲ ယခုမှ ဖြစ်ပေါ်လာတယ်၊ဖြစ်ပေါ်လာပြီးတော့ တခဏချင်းဘဲ ပျောက်ပျောက်သွားတယ် ဆိုတာကို မတွေး မကြံရဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သဘောပေါက်လာတယ်။ ဒါကြောင့် အဲဒီ ကြံတဲ့စိတ်ကို ငါကောင်အနေနဲ့ မစဲ့လမ်းတော့ဘူး၊ နှစ်သက်ဖွယ်လို့လဲ မထင်တော့ဘူး၊ အဲဒီလို နှစ်သက်ဖွယ် မထင်တဲ့အတွက် အဲဒီစိတ်မှာ နှစ်သက်သာယာခြင်း မဖြစ်တော့ဘူး၊ အဲဒါဟာ တဏှာချုပ်တဲ့ သဘောပါဘဲ၊ တဏှာချုပ်ယင် တဏှာမှ ဆက်သွယ်ပြီးဖြစ်မည့် ခန္ဓာဝန်တွေလဲ ဖြစ်ခွင့်မရှိတော့ဘဲ ချုပ်ငြိမ်း သွားကြတော့တာဘဲ။ ဒါကြောင့် စိတ်ကူး ကြံစည်မှုကို ရှုမှတ်မိတိုင်း ခန္ဓာဝန်ကို ပစ်ချနေသည် မည်ပါတယ်။ အဲဒီ ပစ်ချသည် မည်ပုံဟာ ဘဂ်ဉာဏ်စသည် ဖြစ်တဲ့အခါ သာပြီး ထင်ရှားပါတယ်။

ထင်ရှားပုံကတော့ ဘဂ်ဉာဏ် ရောက်နေတဲ့ ယောဂီဟာ ရှုမှတ်တိုင်း မှတ်သိရာဘဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော ရှေ့ဆင့်

နောက်ဆင့် တစုံတစုံ ပျက်ပျက်သွားတာကိုချည်း တွေ့ရတယ်။ ဥပမာ ဖောင်းတယ်လို့မှတ်ယင် ဖောင်းတာလဲ ပျောက်သွားတယ်၊ မှတ်သိတာလဲ ပျောက်သွားတယ်၊ ဖောင်းတာနဲ့ မှတ်သိတာ ဒီနှစ်ခုဟာ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ မြဲတည်နေတာကို မတွေ့ရဘူး, ပုံသဏ္ဌာန် နိမိတ်ကိုလဲ မတွေ့ရဘူး၊ ဒါကြောင့် ငါ့ကိုယ် ငါ့ဇိုက် ငါ့စိတ်ပဲ ငါဘဲလို့ စဲ့လမ်းစရာ မရှိဘူး၊ စဲ့လဲ မစဲ့လမ်းဘူး၊ မစဲ့လမ်းတော့ တဏှာ ဥပါဒါန် ကမ္မဘဝတွေ့ မဖြစ်ရဘဲ့အတွက် ဘဝသစ် ခန္ဓာတွေ့လဲ မဖြစ်ရတော့ဘူး။ ပိန်တယ် ကေ့းတယ် ဆန့်တယ် စသည်ဖြင့် မှတ်ရာမှာလဲ အဘူတူဘဲ၊ ပိန်တာနဲ့ မှတ်တာ၊ ဆန့်တာနဲ့ မှတ်တာ၊ လှုပ်တာနဲ့ မှတ်တာ စသည်ဖြင့်မှတ်သိရတဲ့ အာရုံနဲ့ မှတ်သိတဲ့စိတ် ဒီနှစ်ခုနှစ်ခုဟာ ရှေ့ဆင့်နောက်ဆင့် အတဲ့လိုက် အတဲ့လိုက် ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ ဗိုက်ပုံ သဏ္ဌာန်လက်ခြေ ပုံသဏ္ဌာန် ကိုယ်ပုံသဏ္ဌာန် စသည်ကိုလဲ မတွေ့ရဘူး၊ မြဲတည်နေတာကိုလဲ မတွေ့ရဘူး၊ ; တရိပ်ရိပ်နဲ့ ခဏမစဲ ပျောက်ပျောက် သွားတာကိုသာတွေ့ရတယ်။ ဒါကြောင့် ငါ့ဇိုက် ငါ့လက် ငါ့ခြေ ငါ့ကိုယ်ဘဲ ငါဘဲလို့ ထင်မှတ်ခြင်းမရှိဘူး၊ အဲဒီလို မထင်မှတ်တဲ့အတွက် နှစ်သက်သာယာမှု တဏှာဟာ ဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်း ချုပ်ငြိမ်းသွားတယ်၊ တဏှာချုပ်တဲ့ အတွက် ဥပါဒါနဲ့ ကံ သင်္ခါရတွေ့လဲ မဖြစ်ရတော့ဘူး၊ ဒါကြောင့် ဘဝသစ်ခန္ဓာတွေ့လဲ ဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်းသွားတယ်၊ အဲဒါဟာ ခန္ဓာဝန်ကို ပစ်ချတာပါဘဲ။

နောက်ပြီးတော့ ညောင်းမှု ပူမှု နာကျင်မှု အစရှိသော ဝေဒနာကို မှတ်ရာမှာလဲ မှတ်သိရတဲ့ ဝေဒနာရော မှတ်သိမှုရော တမှတ် တမှတ်မှာ တစုံ တစုံ အတွဲလိုက် အတွဲလိုက် ပျောက် ပျောက် သွားတာကို တွေ့ရတယ်။ ဥပမာ တနေရာရာက ပူတာကို စူးစိုက်ပြီး ပူတယ်ပူတယ်လို့ မှတ်နေယင် ပူဘာဂလေးတွေလဲ တပိုင်းစီ တပိုင်းစီ အပိုင်း အပိုင်း ပြတ်ပြတ်ပြီး ထင်တယ်၊ ပကတိပုဂ္ဂိုလ်တွေမှာလို အကြာကြီး တဆက်တည်း ပူနေတယ်လို့ မထင်ရဘူး၊ မှတ်သိတဲ့ စိတ်ကလဲ တယောက်တည်းက တဆက်တည်း မှတ်နေတယ်လို့ မထင်ရဘူး၊ သိပြီးယင်း ပျောက်သွားယင်း, သိပြီးယင်း ပျောက်သွားယင်းနဲ့ မှတ်ဘိုင်း မှတ်တိုင်း တပိုင်းစီ တပိုင်းစီ ပျောက်ပျောက်သွားတာကို တွေ့ရတယ်။

အဲဒီတော့ ပူတဲ့ဝေဒနာအပေါ်မှာလဲ ငါအနေနဲ့ ထင်မှတ်ပြီး ကောင်းစေချင်တဲ့ တဏှာမဖြစ်ရဘူး၊ မှတ်မိနေတဲ့ စိတ်ကိုလဲ ငါအနေနဲ့ ထင်မှတ်ပြီး နှစ်သက်သာယာမှု တဏှာ မဖြစ်ရဘူး၊ တဏှာ မဖြစ်ရတော့ ဥပါဒါန် ကံ သင်္ခါရ ဘဝသစ်ခန္ဓာတွေလဲ မဖြစ်ရတော့ဘူး၊ ဒါကြောင့် မှတ်တိုင်း မှတ်တိုင်း ခန္ဓာဝန်ကို ပစ်ချနေတယ်လို့ ဆိုရတယ်။ နာကျင်ခြင်း စိတ်ပျက်ခြင်း အစရှိသော အခြား ဒုက္ခဝေဒနာတွေ, ကိုယ်ထဲမှာ တွေ့ထိရလို့ ကောင်းခြင်း စိတ်ချမ်းသာခြင်း အစရှိသော သုခဝေဒနာတွေ, အလယ်အလတ် ဥပေက္ခာ ဝေဒနာတွေကို ရှုမှတ်ပြီး သိရာမှာလဲ နည်းတူဘဲ၊ မှတ်သိရတဲ့ အဆိုး အကောင်းရော မှတ်သိမှုရောဟာ တပိုင်းစီ ပြတ်ပြတ်ပြီးထင်တယ်၊ မြဲနေတဲ့ငါ, အနေဆိုးနေတဲ့

၊ ကောင်းနေတဲ့၊ စသည်ဖြင့် ထင်မှတ်ပြီး နှစ်သက် သာယာမှု တဏှာ မဖြစ်ရဘူး၊ တဏှာ မဖြစ်တော့ ဥပါဒါန် ကံသခ်ါရဲ့ ဘ၀သစ် ခန္ဓာ၀နန်တွေလဲ မဖြစ်ရတော့ဘူး၊ ဒါကြောင့် အဲဒီ ၀ေဒနာတွေကိုလဲ မှတ်တိုင်း မှတ်တိုင်း ခန္ဓာ၀နန်ကို ပစ်ချနေတယ်လို့ ဆိုရတယ်။ ခန္ဓာ၀နန်မရှိတော့ မအိုရ မနာရ မသေရဘူး။ အဲဒီလို ဖြစ်ပုံကို သေမင်းမမြင်ရအောင် ပုန်းကွယ်တယ်လို့လဲ ဆိုရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုလဲ ဟောထားပါတယ်။

ယထာ ပုဗ္ဗဏ္ဏကံ ပသော၊ ယထာ ပသော မရိစိကံ။
၀ေဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ-တဲ့။

ပုဗ္ဗဏ္ဏကံ၊ ရေပွက် ရေစည်ဖောင်းကို။ ပသော ယထာ၊ ပျက်လွယ်သည် အနှစ်သာရမရှိဟု ရှုမြင်သကဲ့သို့ဌင်း။ မရိစိကံ၊ တံလျှပ်ကို။ ပသော ယထာ၊ အနှစ်သာရမရှိဟု ရှုမြင်သကဲ့သို့ဌင်း။ ၀ေဝံ၊ ဤအတူ။ လောကံ၊ ခန္ဓာငါးပါးဟူသော လောကကို။ အ၀ေက္ခန္တံ၊ ခဏမစဲပျက်နေသည်, အနှစ်သာရ မရှိဟု ရှုမြင်သောသူကို။ မစ္စုရာဇာ၊ သေခြင်းတရားတည်းဟူသော သေမင်းသည်။ နပဿတိ၊ မတွေ့မမြင်နိုင်။

မိုးရွာတဲ့အခါ ရေမျက်နှာပြင်မှာ ဖြစ်ပေါ်လာတဲ့ ရေစည်ဖောင်း ရေပွက်ကလေးတွေဟာ ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ အင်မတန် အပျက်မြန်တယ်၊ နေပူတဲ့အခါ မြေကြီးထဲမှ ဂက်ဂဲ့ဂ-ခိုးအငွေ့ကတော့ဟာ နေရောင်ဟပ်မိယင် တရှရှနဲ့ ရေလိုဘဲ

ထင်ရတယ်၊ အဲဒါကို တံလျှပ်လို့ ခေါ်တယ်။ သွားကြည့်ယင် ရေလဲမဟုတ်ဘူး၊ ဘာမျှမတွေ့ရဘူး၊ အနှစ်သာရ လုံးဝမရှိဘူး၊ အဲဒါနှစ်မျိုးကို ပကတိ အသိဖြင့် သဘောပေါက် သိမြင်သလို ခန္ဓာငါးပါးကို ရှုမှတ်နေတဲ့ ယောဂီမှာ သမာဓိဉာဏ် ရင့်သန်တဲ့ အခါ ပေါ်လာတဲ့ အာရုံရော မှတ်သိနေတဲ့စိတ်ရော ခဏမစဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားဘာကို တွေ့ရတယ်။ အဲဒီလို တွေ့ရတဲ့အတွက် မမြဲဘူး၊ ငါကောင် မဟုတ်ဘူး၊ မြဲတဲ့အနှစ် ကောင်းတဲ့အနှစ် ငါကောင်လို့ ဆိုလောက်တဲ့အနှစ် မရှိဘူး၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ သဘောဘဝးမျှဘဲလို့ သိမြင်တယ်၊ အဲဒီ လို သိမြင်တဲ့ ယောဂီကို သေမင်းက မမြင်မတွေ့ နိုင်တော့ဘူး၊ သေမင်းက မတွေ့ရလို့ မသတ်နိုင်တော့ဘူး၊ မသေရတော့ဘူး၊ သေခြင်း ကင်းသွားတယ်လို့ ဆိုလိုပါတယ်။ အဲဒါဟာ ဝိပဿနာ ရှုခိုက်ဌာ် တင်အားဖြင့် သေခြင်းကင်းပုံနှင့် အရဟတ္တမဂ်ရောက်တဲ့ အခါ သမုစ္ဆေဒအားဖြင့် ထာဝရသေခြင်းကင်းပုံကိုပြတဲ့ စကား ပါဘဲ။

အဲဒီ ဒေသနာက "ဘဝသင်္ခန္ဓာ မဖြစ်ရလို့ သေမင်းမမြင် နိုင်ဘူး၊ သေခြင်းကင်းတယ်"ဆိုဘာနဲ့ ဒီ ဘာရသုတ်က "တဏှာ မဖြစ်ရလို့ဘဝသစ်ခန္ဓာဝန် မဖြစ်ရဘူး၊ ခန္ဓာဝန်ကို ပယ်ချတယ်" ဆိုတာဟာ သဘောအားဖြင့် အတူတူပါဘဲ၊ သံဃဝဂ္ဂာဏ် ဖြစ်အောင် သေခြင်းတရားကို သေမင်းကိုတင်စား၍ဟောတာနဲ့ ခန္ဓာငါးပါးကို လေးလံတဲ့ ဝန်ဂရုပ် ဝန်[illegible] တင်စား၍ ဟော တာလောက်သာ ထူးခြားပါတယ်။

ဒါကြောင့် ဝိပဿနာရှုနေတဲ့ ယောဂီဟာ ဘဂ်ဉာဏ်စသည် ဖြစ်ခိုက်မှာ ရှုတိုင်း မှတ်တိုင်း အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရတို့ကို တဒင်္ဂပဟာန်ဖြင့် စွန့်ပယ်နေတဲ့အတွက် ဘဝသစ် ခန္ဓာဝန်ကိုလဲ ပင်ချနေသည် မည်ပါတယ်။

သောတာပန်မှာ ပစ်ချပြီး ဝန်ထုပ်များ

အဲဒီဝိပဿနာဉာဏ်က အစဉ်အတိုင်း ရင့်သန်ပြီး ပြည့်စုံတဲ့ အခါမှာ ရူပ်နာမ်သင်္ခါရ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မျက်မှောက် တွေ့မြင်သွားတယ်၊ မှတ်သိနေရတဲ့ အာရုံသင်္ခါရတွေရော၊ မှတ်သိနေတဲ့ ဝိပဿနာ သင်္ခါရတွေရော အကုန်လုံး ချုပ်ငြိမ်း ကင်းဆိတ်သွားတာကို တွေ့မြင်ရတယ်၊ တွေ့မြင်ပုံကတော့ အဲဒီ ချုပ်ငြိမ်းတဲ့သဘောထဲကို ရောက်သွား သလိုဖြစ်ပြီး တွေ့မြင်တာပါဘဲ။ အဲဒီလို သောတာပတ္တိ မဂ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားယင် မြင်မှု ကြားမှု အစရှိသော ရူပ်နာမ်တွေကို ငါကောင် သတ္တဝါကောင်အနေနဲ့ ထင်မှတ်တဲ့ သက္ကာယဒိट्ठလဲ လုံးဝ ကင်းသွားတယ်။ အဲဒါကို ဘုန်းကြီးက ရူပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ--လို့ ဆောင်ပုဒ်စီထား တယ်။ အဲဒါကို ဆိုကြရမယ်။

ရူပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှု မရှိပါ။(ဆို)

မြင်ဘာလဲ ရူပ်နာမ်အစုဘဲ၊ ကြားတာလဲ ရူပ်နာမ်အစုဘဲ၊ နံဘာ စားသိတာ ထိသိတာလဲ ရူပ်နာမ်အစုဘဲ၊ ကြံသိတာလဲ ရူပ်နာမ်အစုဘဲ၊ ခေါ်ကား ဆန့်တာ လှုပ်ရှားတာလဲ ရူပ်နာမ်

အစုဘဲ၊ ပြူလုပ်တဲ့ ကိုယ်အမူအရာ ပြောဆိုတဲ့ နှုတ်အမူအရာ ကြံစည်တဲ့ စိတ်အမူအရာ ဟူသမျှတွေဟာလဲ ရူပ်နာမ်အစုချည်းဘဲ။ အဲဒီရူပ်နာမ် အစုတွေကို ရှေးတုန်းကဘေဘုအသက်ရှင်နေတဲ့ ငါဘဲ၊ ငါကဘဲ မြင်တယ် ကြားတယ် စသည်ဖြင့်ထင်မှတ်ခဲ့တယ်၊ အသက်ရှင်နေတဲ့ အကောင်ကလေး တကယ်ကို ရှိနေတယ်လို့ ထင်မှတ်ခဲ့တယ်။ ယခု ချုပ်ငြိမ်းဘဲ့သဘောကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် တွေ့မြင်ပြီးတဲ့.အခါမှာတော့ အဲဒီလို ငါကောင် အနေနဲ့ ထင်မှတ်မှု မရှိတော့ဘူးတဲ့၊ စဉ်းစားဆင်ခြင်ကြည့်လိုက်ယင် မြင်မှု ကြားမှု စသည်တွေဟာ ခဏမစဲ ဖြစ်ပျက်နေတဲ့ နှုပ်နာမ်သဘောတရားမျှ အနေနဲ့သာ အသိဉာဏ်ထဲမှာ ထင်ပေါ်လာတော့တယ်၊ အဲဒါဟာ သက္ကာယဒိट्ठि ကင်းတာပါဘဲ။

နောက်ပြီးဘော့ အဲဒီလို သိမြင်တဲ့ ပုဂ္ဂိုလ်မှာ ဘုရား တရား သံဃာနှင့် စပ်ပြီး ယုံမှားမှု၊ မိမိ၏ သီလ သမာဓိ ပညာ အကျင့်နှင့် စပ်ပြီး ယုံမှားမှုဆိုတဲ့ ဝိဝိကိစ္ဆာလဲ လုံးဝကင်းသွားတယ်။ အဲဒါကိုလဲ ဘုန်းကြီးက ဘုရား, တရား၊ သံဃာအား၊ ယုံမှား မရှိပါ–လို့ ဆောင်ပုဒ် စီသားတယ်။ အဲဒါကို ဆိုကြရမယ်။ .

ဘုရား, တရား၊ သံဃာအား၊ ယုံမှားမရှိပါ။ (ဆို)

ဒီဆောင်ပုဒ်ထဲမှာ အကျင့်သိက္ခာကိုတော့ မဇ္ဈိမလောက်လို့ ချန်ထားပါဘယ်၊ ဒါပေမဲ့ ဘုရား တရား သံဃာနှင့်စပ်ပြီး ယုံမှားကင်းယင် အကျင့်သိက္ခာနှင့် စပ်ပြီးတော့လဲ ယုံမှား မဖြစ်နိုင်တော့ပါဘူး၊ ဒါကြောင့် ပြဋ္ဌာန်းတဲ့ ယုံမှား ၃-ပါး ကင်း

ကြောင်းကို ပြလိုက်ခြင်းဖြင့် မပြဋ္ဌာန်းသော အကျင့် သိက္ခာ ယုံမှားကင်းကြောင်းကိုလဲ ပြုခြင်း ကိစ္စပြီးတယ်လို့ မှတ်ယူရပါတယ်။ ဘာကြောင့်လဲဆိုလျှင်— မိမိကျင့်နေတဲ့ သီလ သမာဓိ ပညာ အကျင့် သိက္ခာဆိုတာဟာ ဘုရားဟောထားတဲ့ အကျင့် သိက္ခာတွေဘဲ၊ မဂ်ဖိုလ်ဆိုတဲ့ တရားတော်တွေထဲမှာလဲ ဒီအကျင့် သိက္ခာ ၃-ပုံးက အရင်းခံတရားတွေဘဲ၊ သံယောတော်ဆိုတာလဲ ဒီအကျင့် သိက္ခာ ၃-ပါးကိုကျင့်နေတဲ့ ပုဂ္ဂိုလ်မြတ်အပေါင်းဘဲ။ ဒါကြောင့် ဘုရား တရား သံယောနှင့် စပ်ပြီး ယုံမှားကင်းယင် မိမိ၏အကျင့်သိက္ခာနှင့် စပ်ပြီးတော့လဲ ယုံမှားဘွယ် မရှိတော့ပါဘူး။

နောက်ပြီးတော့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် အဆင့်အတန်းဘူတဲ့ ကိလေသာတွေလဲ ကင်းသွားတယ်၊ ဘယ်လို ကိလေသာတွေလဲဆိုယင် အပါယ်လေးပါးကို ကျစေနိုင်တဲ့ လောဘ ဒေါသ မောဟ အစရှိသော ကိလေသာတွေ၊ လူ့ဘဝ နတ်ဘဝမှာလဲ ခုနှင့်ဘဝထက်ပိုလွန်ပြီး ဖြစ်စေနိုင်တဲ့ လောဘ ဒေါသ မောဟ အစရှိသော ကိလေသာတွေ၊ ဒီကိလေသာတွေ ပါဘဲ။ ကင်းပုံက ဘယ်လိုလဲဆိုလျှင်—

သတ္တဝါတဦးဟာ ဝိပဿနာမရှိလို့ ဖြစ်စေ၊ ရူပါသော်လဲ ပြည့်ဝုံအောင် မရှုလို့ ဖြစ်စေ၊ သောတာပတ္တိမဂ်ကို မရောက်သေးလျှင် နောင်အခါကာလမှာ မိမိ၏ ကံအားလျော်စွာ အပါယ်လေးပါးလဲ ကျနိုင်သေးတယ်၊ စူဠသောတာပန်ဖြစ်လို့ ဒုတိယဘဝမှာ အပါယ်မကျနိုင်သော်လဲ တတိယဘဝ စသည်မှာ ကံ

အားလျော်စွာ ကျနိုင်သေးတာဘဲ၊ နောက်ပြီးတော့ လူ့ဘဝ နတ်ဘဝတွေမှာလဲ အကန့်အသတ်မရှိ ဖြစ်သွားနိုင်သေးတာဘဲ။ ထူးတာကတော့ ဝိပဿနာ အလုပ်ကို ကောင်းကောင်း အားထုတ်ထားတဲ့သူဟာ ယခုဘဝမှာ မဂ်ဖိုလ်ကို မရောက်သေးသော်လဲ နောင်ဘာ အနည်းငယ် အတွင်းမှာ သူတော်ကောင်းတရားကို ကြားနာရခြင်း စသော အကြောင်း ညီညွတ်လျှင် မဂ်ဖိုလ်ကို ရသွားနိုင်တယ်၊ အဲဒီ အခါကျတော့ ဘဝ အကန့်အသတ်ရှိသွားမယ်၊ အဲဒါက ဝိပဿနာရှုသူမှာ မရှုတဲ့သူတွေထက် ထူးခြားချက်ပါဘဲ။ ဒါပေမဲ့ ပုထုဇဉ်အနေနဲ့ ဆိုယင်တော့ ဘာပေါင်း မည်မျှရှိမည်မျှသာ ဖြစ်ရတော့မယ်လို့ အကန့်အသတ် မရှိပါဘူး။ ဒါကြောင့် ရှေးကလဲ အစမထင်အောင် သံသရာ ရှည်လျားခဲ့ပြီ၊ ယခုဘဝမှာ မဂ်ဖိုလ်ကို မရသေးလျှင် နောင်လဲ ဘာပေါင်း မည်မျှရှိမည်မျှလို့ အကန့်အသတ် မရှိဘူး။ အဲဒီလို ဖြစ်နေရတာ့ဟာ ဘာကြောင့်လဲဆိုလျှင် အဝိဇ္ဇာက အပြစ်ကို ပုံးကွယ်ပေးပြီး တဏှာက တပ်မက်တွယ်တာနေလို့ပါဘဲ တဲ့။ ဒါကြောင့် မြတ်စွာဘုရားက—

အနုမဘဝဂ္ဂါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗော ကောဋိ နပညာယတိ အဝိဇ္ဇာနိဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ-လို့ ဟောထားပါတယ်။

ဘိက္ခဝေ၀၊ ရဟန်းတို့။ အယံ သံသာရော၊ သတ္တဝါ အသီးအသီး၏ ရုပ်နာမ်ခန္ဓာအစဉ် ဟူသော ဤသံသရာသည်။ အနုမ-

တရွေ့ါ၊ ဉာဏ်ဖြင့် အစဉ်လိုက်၍ ဆင်ခြင်ကြည့်လျှင် မသိအပ်သော အစရှိ၏။ (ယခုဘဝမှာ အကျိုးခန္ဓာတွေ ရှိနေတဲ့အတွက် ယခုဘဝ၏ အကြောင်းဖြစ်တဲ့ ရှေးဘဝ ရှိခဲ့တယ်၊ အဲဒီဘဝ၏ အကြောင်းဖြစ်တဲ့ ရှေးဘဝလဲ ရှိခဲ့တယ်၊ အဲဒီဘဝ၏ အကြောင်းဘဝလဲ ရှိခဲ့တယ် စသည်ဖြင့် အကျိုးခန္ဓာတွေ့ရဲ့ အကြောင်းဘဝတွေကို ဆင်ခြင်ကြည့်လျှင် အစကို ရှာမတွေ့နိုင်လောက်အောင် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်စဉ် သံသရာဟာ ရှည်လျားခဲ့လှပြီလို့ ဆိုလိုပါတယ်။) အဝိဇ္ဇာနိဝရဏာနံ၊ အဝိဇ္ဇာတည်းဟူသော အပိတ်အပင် အဆီး အတား ရှိကုန်သည်ဖြစ်၍။ တဏှာသံယောဇနာနံ၊ တပ်မက်တွယ်တာသော တဏှာတည်းဟူသော နှောင်ကြိုး ရှိကုန်သည်ဖြစ်၍။ သန္ဓာဝတံ သံသရတံ၊ တဘဝမှတဘဝသို့ ပြေးသွားကျင်လည် နေကြရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗာ ကောဋိ၊ ရှေးအစွန်းအစသည်။ န ပညာယတိ၊ မထင်ပေ–တဲ့။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်ခန္ဓာတွေကို သိရိုးသိစဉ်အတိုင်း သိနေတာဟာ အဝိဇ္ဇာဘဲ၊ အမြဲတည်ရှိနေဘယ်လို့လဲ ထင်တယ်၊ ချမ်းသာတယ် ကောင်းတယ် လပတင်တယ်တယ်လို့လဲ ထင်တယ်၊ ငါဘဲ သူဘဲ သတ္တဝါဘဲလို့လဲ ထင်တယ်၊ အဲဒါတွေဟာ ရုပ်နာမ်ခန္ဓာတွေရဲ့ သဘောမှန်ကို ဖုံးကွယ်ပေးတာတွေပါဘဲ။ အဲဒီလို အဝိဇ္ဇာက ဖုံးကွယ်ပြီး ကောင်းတဲ့အနေ သာယာဘွယ် အနေနဲ့ ထင်မှတ်ပေးလိုက်တော့ အဲဒီရုပ်နာမ်ခန္ဓာတွေကို နှစ်သက် သာယာတယ်၊

တပ်မက် တွယ်တာတယ်၊ အဲဒါက တဏှာဘဲ။ ဒီတဏှာက နှောင်ကြိုးနဲ့ တူပါတယ်၊ နှားတွေ ကျွဲတွေကို ကြိုးနဲ့ ချည်ထားယင် ကြိုးရှည်သလောက်သာ လှုပ်ရှားနိုင်ရှာကြတယ်၊ အဲဒီထက် ပိုပြီး ဘယ်ကိုမျှ မသွားနိုင်ရှာကြဘူး၊ ကြိုးစရှည်သလောက် အတွင်းမှာသာ လှည့်လည်ပြီး နေကြရတယ်၊ အဲဒီလိုပါဘဲ သတ္တဝါတွေမှာလဲ အဝိဇ္ဇာက အပြစ်ကို ဖုံးကွယ်ပေးထားတဲ့ ဘုံဘဝခန္ဓာတွေကို နှစ်သက် သာယာပြီး တွယ်နေကြတယ်၊ တဏှာနှောင်ကြိုးနဲ့ ချည်ထားတဲ့ သဘောပါဘဲ၊ အဲဒီတဏှာနဲ့ နှစ်သက်တွယ်ဘာ သာယာနေကြတဲ့အတွက် အဲဒီဘုံဘဝတွေ ထဲမှာသာ ထပ်ခါထပ်ခါ ဖြစ်နေကြရတယ်၊ ဘုံဘဝခန္ဓာတွေမှ လွတ်ရေကို မသွားနိုင်ကြဘူး၊ သွားဘို့ရာတောင် ပြတ်ပြတ်စဲစဲ မကြံနိုင်ကြဘူး၊ ဒါကြောင့် တဘဝပြီး တဘဝ ရုပ်နာမ်ခန္ဓာ အစဉ်တွေ အကြောင်း အကျိုးဆက်ပြီး ဖြစ်လာတာ ကြာလှပြီ၊ ကမ္ဘာ ကုဋေကိုပြင့်လဲ မရေတွက်နိုင်ဘူး၊ မည်သည့် အချိန်အခါ ကစပြီး ဖြစ်လာတယ်လို့တောင် မပြောနိုင်ဘူး၊ သောတာပတ္တိ မဂ်ကို မရဘဲ ရှိနေမယ်ဆိုယင် နောင်ကာလမှာလဲ ဘဝခန္ဓာ တွေဟာ အပိုင်းအခြား အကန့်အသတ်မရှိ ဖြစ်သွားမှာဘဲ၊ အဲဒီလို အကန့်အသတ်မရှိ ဖြစ်သွားမည့် ဘဝသစ်ခန္ဓာဝန်တွေ ထဲက ခုနစ်ဘဝထက် ပိုလွန်ပြီးဖြစ်မည့် ဘဝသစ်ခန္ဓာတွေဟာ သောတာ ပတ္တိမဂ်ရောက်ယင် ဖြစ်ခွင့်မရှိတော့ဘဲ အကုန်ငြိမ်း သွားတယ်၊ အဲဒါဟာ သောတာပတ္တိမဂ်ဖြင့် ခန္ဓာဝန်တွေကို ပစ်ချလိုက်တာပါဘဲ၊ အဲဒီလို ပစ်ချနိုင်ပုံကို နိဒ္ဒေသပါဠိတော်မှာ ဒီလိုပြဆိုထားပါတယ်။

သောတာပတ္တိမဂ္ဂညာဏေန၊ သောတာပတ္တိ မဂ်ညာဏ်ဖြင့်။ အဘိသင်္ခါရဝိညာဏဿ၊ အဘိသင်္ခါရဝိညာဏ် ခေါ်သော ကုသိုလ်ကံ အကုသိုလ်ကံ ဝိညာဏ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ သတ္တာဘဝေ၊ ခုနစ်ဘဝတို့ကို။ ဌပေတွာ၊ ချန်ထား၍။ အနုမတဂ္ဂေ၊ မသိနေ့ပ်သော အစွန်းအစရှိသော။ ဝါ၊ မသိအပ် မသိနိုင်သော အဆုံးအစွန်းရှိသော။ သံသာရေ၊ သံသရာ၌။ ယေ ဥပ္ပဇ္ဇေယျ၊ နာမဥ္စ ရူပဥ္စ တေ၊ သောတာပတ္တိ မဂ်ညာဏ်ကို မရောက်လျှင် ဖြစ်ပေါ်လာကြမည့် ရုပ်နာမ်ခန္ဓာ တို့သည်။ ဣဒေ၊ ဤသောဘာဝပတ္တိမဂ်၌။ ဝါ၊ သောတာပတ္တိမဂ်ကြောင့်။ နိရုဇ္ဈန္တိ၊ ချုပ်လေကုန်၏။ ဝူပသမ္မန္တိ၊ ငြိမ်းလေကုန်၏ တဲ့။

ဆေးမစားလျှင် ဖြစ်ပေါ်လာမည့် ရောဂါဟာ ဆေးစားလိုက်တဲ့အတွက် မဖြစ်ပေါ်လာဘဲ့ ပျောက်ငြိမ်းသွားသလို သောတာပတ္တိမဂ်ကို မရောက်သေးလျှင် ခုနစ်ဘဝထက် ပိုလွန်ပြီး ပရေမဘုက်နိုင်အောင် ဖြစ်သွားမည့် ဘဝတွေဟာ သောတာပတ္တိမဂ်ကို ရောက်တဲ့အခါ အကုန်လုံး ချုပ်ငြိမ်းသွားတယ်၊ အလွန်ဆုံး ခုနစ်ဘဝသာ ဖြစ်ဘို့ရှိတော့တယ်လို့ ဆိုလိုပါတယ်၊ အဲဒီဟာ သောတာပတ္တိမဂ်ညာဏ်ဖြင့် ဘဝသစ် ခန္ဓာဝန်တွေကို ပစ်ချလိုက်ပုံပါဘဲ။

အထက်မဂ်ပျားဖြင့် ပစ်ချသည့်ဝန်ထုပ်ပျား

သကဒါဂါမိပဂ်ညာဏ်ဖြင့် နှစ်ဘဝထက် ပိုလွန်ပြီး ဖြစ်မည့် ဘဝသစ်ခန္ဓာဝန်တွေကို ပစ်ချနိုင်ပါတယ်၊ အနာဂါမိမဂ်ညာဏ်

'ဖြင့် တဘဝထက် ပိုလွန်ပြီး ဖြစ်မည့် ခန္ဓာဝန်တွေကို ပစ်ချနိုင်ပါတယ်၊ ဒါကြောင့် အနာဂါမ်ပုဂ္ဂိုလ်မှာ ရူပဘဝဖြစ်စေ အရူပဘဝဖြစ်စေ တဘဝသာ ဖြစ်ဖို့ရှိပါတယ်၊ အဲဒီမှာ တဘဝ ဆိုပေမဲ့ ပဋိသန္ဓေတည်ကြိမ်မျိုးလို့တော့ မယူရဘူး၊ ရူပဘဝမှာဆိုယင် သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်း ငါးကြိမ်အထိ ဖြစ်နိုင်တယ်၊ အရူပဘဝမှာဆိုယင်လဲ အရူပ ၄-ဘုံ အစဉ်အတိုင်း ၄-ကြိမ် အထိ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ရူပဘဝနှင့် အရူပဘဝ မရောဘဲ တမျိုးတည်းသာ ဖြစ်တဲ့အတွက် တဘဝလို့သာ ဆိုရပါတယ်၊ သကဒါဂါမ်မှာ ၂-ဘဝ၊ သောတာပန်မှာ တဘဝ ဆိုရာများမှာလဲ အဲဒီနည်းအတိုင်းယူရမယ်၊ ပဋိသန္ဓေအကြိုင်ကို မယူရဘူးလို့ မူလဋီကာမှာ ပြဆိုထားပါတယ်၊ ဒါကတော့ ပါဠိပညာရှိများအတွက် ဆင်ခြင်ဘို့ပါဘဲ။

အရဟတ္တမဂ်ဉာဏ်ဖြင့် ဘဝသစ်ခန္ဓာ အကုန်လုံးကို ပစ်ချပါတယ်၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလမှာ ဘယ်ရုပ်နာမ်ခန္ဓာမျှ မဖြစ်ပေါ်လာတော့ဘူး၊ ခန္ဓာဝန်တွေ အကုန်လုံးချုပ်ငြိမ်းသွားတယ်၊ အဲဒါကို အနုပါဒိသေသ ပရိနိဗ္ဗာန်စံတယ်လို့ ဆိုပါတယ်၊ ခန္ဓာဝန် အကြွင်းအကျန် မရှိတော့ဘဲ လုံးဝ ငြိမ်းသွားတယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့်—

ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထိုနှစ်သက်လိုချင်သော တဏှာ၏သာလျှင်။ ဝါ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟု ဆိုအပ်သော ထို တဏှာသုံးပါး၏ သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြင် အကြွင်းမဲ့ ပျက်ပြယ်

ခြင်း ချုပ်ခြင်းသည်။ ယော စာဂေါ၊ အကြင်တဏှာကို ပယ်စွန့်ခြင်းသည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြင် ဝေးစွာစွန့်ခြင်းသည်။ ယာ မုတ္တိ၊ အကြင် လွတ်လိုက်ခြင်းသည်။ ယော အနာလယော၊ အကြင် တွယ်တာမှု ကင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ တဏှာကို ပယ်စွန့်ခြင်း စသည်ဖြင့် ခေါ်ဆိုအပ်သော ဤ တဏှာ၏အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကို။ ဘာရနိကျွေပနံ၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟု ဆိုအပ်သော ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏-လို မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ဒါကြောင့် ဝန်ထုပ်ဝန်ပိုးကို ပစ်ချတယ်ဆိုတာ ဝိပဿနာ ဉာဏ် မဂ်ဉာဏ်ဘို့ဖြင့် နှစ်သက်လိုချင်မှု တဏှာကို ပယ်စွန့်တာဘဲ။ အဲဒါကို "ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ၊ နှစ်သက်လိုချင်တဲ့ တဏှာကို ပယ်တာဘဲ"--လို ဆောင်ပုဒ် လုပ်ထားတယ်။ အဲဒါကို ဆိုကြရမယ်။

ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ။
နှစ်သက်လိုချင်တဲ့ တဏှာကို ပယ်တာဘဲ။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း ဒုဋ္ဌိရ ၆-ပါးက ပေါ်လာသမျှကို မရှုမမှတ်နိုင်ယင် မသိမှု အဝိဇ္ဇာနှင့် တဏှာ နှစ်သက်လိုချင်မှု တဏှာဖြစ်တယ်၊ ချက်ခြင်း ဖြစ်တာလဲ ရှိတယ်၊ နောင်မှ ပြန်လည်စဉ်းစားပြီး ဖြစ်တာလဲရှိတယ်။ အဲဒီလိုတဏှာ

ဖြစ်နိုင်ခွင့် ရှိနေတာဟာ ဘဝသစ် ခန္ဓာဝန်ထုပ်ကို ခံယူနေသည်မည်တာဘဲ။ ဒုါရ ၆-ပါးက ပေါ်လာသမျှကို ရှုမှတ်ပြီး အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောကို အမှန်အတိုင်း သိယင် သိတိုင်း သိတိုင်း အဲဒီတဏှာကို တဒင်္ဂပဟာန်အားဖြင့် ပယ်နေတာဘဲ။ ဒါကြောင့် ရှုမှတ်တိုင်း ခန္ဓာဝန်ကိုပင်ချနေသည်မည်တယ်။ အရိယမဂ်ဉာဏ် ၄-ပါး ဖြစ်ပေါ်တဲ့အခါမှာတော့ အဲဒီတဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်တယ်။ ဒါကြောင့် အဲဒီ မဂ်ဉာဏ် ၄-ပါးဖြင့် ခန္ဓာဝန်ကို ပစ်ချသည် မည်ကြောင်းတော့ အထူးပြောဘို့ မလိုပါဘူး။

ဒီတော့ ဝိပဿနာ မရှုယင် ခန္ဓာဝန်ကို လက်ခံနေတာဘဲ၊ ဝိပဿနာ ရှုယင် ခန္ဓာဝန်ကို ပစ်ချနေတာဘဲ။ အရိယမဂ်ကို ရောက်ယင် ခန္ဓာဝန်ကို လုံးဝပစ်ချပြီး ဖြစ်တော့တာဘဲ။ ဒါကြောင့် ခန္ဓာဝန်ကို ကြောက်ကြယင် မထမ်းချင်ကြယင် ဒုါရ ၆-ပါးက ဖြစ်ပေါ်လာသမျှကို ရှုမှတ်ပြီး ပစ်ချရမယ်။ အဲဒီလို ဝိပဿနာဖြင့် ပစ်ချလို့ အားပြည့်တဲ့အခါမှာ အရိယမဂ်ဉာဏ်များ ဖြစ်ပေါ်လာမယ်၊ အဲဒီအခါမှာ ခုနစ်ဘဝထက် ပိုလွန်ပြီး ထမ်းရမည့် ခန္ဓာဝန်တွေ၊ ၂-ဘဝထက် ပိုလွန်ပြီး ထမ်းရမည့် ခန္ဓာဝန်တွေ၊ တဘဝထက် ပိုလွန်ပြီး ထမ်းရမည့် ခန္ဓာဝန်တွေ၊ အလုံးစုံသော ခန္ဓာဝန်တွေကို အစဉ်အတိုင်း ပစ်ချပြီး ဖြင်သွားပါလိမ့်မည်၊ ဒါပါဘဲ။

ကဲ—ဝန်ထုပ်ကို ပစ်ချပုံ ပိုပြီးထင်ရှားအောင် ဝန်ထုပ်ခံယူပုံ ဆောင်ပုံနဲ့ တွဲပြီး ဆိုလိုက်ကြဦးစို့။

ဝန်ထုပ်ကို ခံယူတယ်ဆိုတာ ဘယ်ဟာလဲ။
နှစ်သက်လိုချင်တဲ့ တဏှာပဲ။
ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ။
နှစ်သက်လိုချင်တဲ့ တဏှာကို ပယ်တာပဲ။

ဘာရ-စသည်ကို သစ္စာ ၄-ပါးခွဲ သွင်းပြခြင်း

ဘာရသုတ္တန် တရားတော်ကြီးဟာ ယခုလောက် ဆိုယင် စူဠဿိယခေါ်တဲ့ စကားပြေ ဒေသနာတော်အရကတော့ ပြည့်စုံသွားပါပြီ။ ဘာရ=ဝန်ထုပ်ခေါ်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါး အကြောင်းလဲ ဟောပြီးပြီ၊ အဲဒါက သစ္စာဒေသနာ အရအားဖြင့် ဒုက္ခသစ္စာပဲ။ ဘာရဟာရ=ဝန်ထမ်းသမားခေါ်တဲ့ ပုဂ္ဂိုလ် အကြောင်းလဲ ဟောပြီးပြီ၊ အဲဒီ ပုဂ္ဂိုလ်ဆိုတာကတော့ လောက ဝေါဟာရ ပညတ်မျှပဲ၊ ပရမတ္ထအားဖြင့် ထင်ရှား မရှိဘူး၊ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်ဆိုတာကတော့ သစ္စာ ၄-ပါးမှ အလွတ်ပဲ။ ဘာရဒါန=ဝန်ထုပ်ကို ခံယူတယ် ဆိုတဲ့ တဏှာအကြောင်းကိုလဲ ဟောပြီးပြီ၊ အဲဒါကတော့ သမုဒယသစ္စာပဲ။ ဘာရ-နိက္ခေပန=ဝန်ထုပ်ကိုပစ်ချတယ်ဆိုတဲ့ တဏှာပယ်စွန့်ခြင်း-တဏှာချုပ်ခြင်း အကြောင်းကိုလဲ ဟောပြီးပြီ၊ အဲဒါကတော့ နိရောဓ သစ္စာပဲ။ တဏှာကို ပယ်စွန့်ကြောင်း အကျင့်ဖြင့်တဲ့ မဂ္ဂသစ္စာကိုတော့ ဒီသုတ်မှာ သရုပ်အားဖြင့် ထုတ်ပြမထားဘူး။ ဒါပေမဲ့ တဏှာ ပယ်စွန့်ခြင်း ဆိုတဲ့ နိရောဓသစ္စာကို ဟောလိုက်ယင် တဏှာကို ပယ်စွန့်ကြောင်း လုပ်ငန်းစဉ်အကျင့်ဆိုတဲ့ မဂ္ဂသစ္စာလဲ

အလိုလို ပါဝင်သွားပါတယ်။ ဒါကြောင့်ဘဲ ဘုန်းကြီးက အဲဒီ ဘာရနီဇော့ပန=ဝန်ထုပ်ကို ပင်ချခြင်း ဆိုတဲ့ နိရောသေစ္ဆာကို ဟောရာမှာ တဏှာကို ပယ်စွန့်ကြောင်း လုပ်ငန်းစဉ် အကျင့်ဖြစ်တဲ့ ဝိပဿနာနှင့် အရိယမဂ် ၄-ပါးကို ထုတ်ဖော်ထည့်သွင်းပြီး ပြန့်ပါတယ်။ ကဲ အဲဒီ သစ္စာ ၄-ပါးထဲ သွင်းပုံကိုလဲ ဆိုလိုက်ကြဦးစို့။

ဝန်ထုပ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာငါးပါးက ဒုက္ခသစ္စာ။
ဝန်ထုပ်ကို ခံယူတယ် ဆိုတဲ့ တဏှာက သမုဒယသစ္စာ။
ဝန်ထုပ်ကို ပယ်ချတယ် ဆိုတဲ့ တဏှာချုပ်ငြိမ်းတာက
နိဗ္ဗာန်သစ္စာ။
တဏှာချုပ်ငြိမ်းကြောင်း အကျင့်ဖြစ်တဲ့ ဝိပဿနာနှင့်
မဂ် ၄-ပါးက မဂ္ဂသစ္စာ။

ဆောင်ပုဒ်ပမာ ဂါထာတရား

မြတ်စွာဘုရားက အဲဒီ ဘာရသုတ္တန် စကားပြေကို ဟောတော်မူပြီးတဲ့နောက် အကျဉ်းချုပ်မှတ်ဖို့ ဆောင်ပုဒ်သဖွယ်ဖြစ်တဲ့ ဂါထာဒေသနာကိုလဲ ဟောတော်မူခဲ့ပါသေးတယ်။ ဒါကြောင့် ဒီသုတ်မှာ သံဂါယနာတင် မထေရ်မြတ်တို့က—

ဣဒံ၊ ဤ ဆိုခဲ့ပြီးသော ဘာရသုတ္တန် စကားပြေ တရားတော်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူခဲ့ပါသတည်း။ ဣဒံ၊ ဤ ဝကားပြေ တရားတော်ကို။ ဝဟ္ဘာနု၊

ဟောတော်မူပြီး၍။ သုဂတော၊ အကျိုးရှိ၍ ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆိုတော် မူတတ်သော။ သတ္ထာ၊ နတ်လူတို့၏ ဆရာသခင် ဘုရားရှင်သည်။ အထ၊ အခြားမဲ့၌။ အပရံ၊ တပါးသော။ တေ၊ ဤ ဆိုလတံ့သော ဂါထာ ၂-ပုဒ်၊ အပေါင်းတရားတော်ကို။ အဝေါစ၊ အကျဉ်းမျှဖြင့် တဖန်ဆင့်၍ ကျူးရင့် ဟောကြားတော် မူပြန်ပါသတည်း-လို့ ပြဆိုတော် မူကြပါတယ်။ အဲဒီ ဂါထာ ၂-ပုဒ်ကိုလဲ ရှုတ်ဆိုပြီး အနက် အဓိပ္ပါယ် ဖော်ပြသွားမယ်။

ဘာရ ဟဝေ ပဇ္ဇကွန္ဓာ၊ ဘာရဟာရော စ ပုဂ္ဂလော။
ဘာရဒါနံ ဒုခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။

ပဇ္ဇကွန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ ဟဝေ၊ စင်စစ် အမှန်အားဖြင့်။ ဘာရ၊ လေးလံလှစွာသော ဝန်ထုပ် ဝန်ပိုးကြီးတို့ ပါပေတည်း။ ဘာရဟာရော စ၊ ဝန်ထုပ် ဝန်ပိုး ကိုထမ်းဆောင်သော သူသည်ကား။ ပုဂ္ဂလော၊ ခန္ဓာငါးပါး ရှိသော ပုဂ္ဂိုလ်ပါပေတည်း။ လောကေ၊ လောကဌ်။ ဘာရ-ဒါနံ၊ နှစ်သက်သာယာ တဏှာဖြစ်လျက် ဘဝသစ်ခန္ဓာဝန်ကို ခံယူခြင်းသည်။ ဒုခံ၊ ဆင်းရဲလှ၏။ ဘာရနိက္ခေပနံ၊ ဝိပဿနာ ဉာဏ် မဂ်ဉာဏ်ဖြင့် တဏှာကို ပယ်သောအားဖြင့် ငါးပါးသော ခန္ဓာဝန်ကို ပစ်ချလိုက်ခြင်းသည်။ သုခံ၊ ခွမ်းသာလှပါပေ၏။

ဘုန်းကြီးကလဲ ဒီနေရာမှာ မြန်မာဂါထာကလေး စီထားပါတယ်။

ဝန်ထုပ်ဆိုဘာ၊ ငါးခန္ဓာ၊ လွန်စွာ လေးလှသည်။
ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပုညတ်သာ ဖြစ်သည်။
ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချ ချမ်းသာသည် တဲ့။
ကဲ ဆိုကြရမယ်။

ဝန်ထုပ်ဆိုဘာ၊ ငါးခန္ဓာ၊ လွန်စွာ လေးလှသည်။ (ဆို)

ခန္ဓာငါးပါး ဆိုတဲ့ ဝန်ထုပ်ကြီးဟာ သေသေချာချာ စဉ်းစားကြည့်ယင် အလွန် ဝန်လေးပါတယ်။ နေ့စဉ် နေ့တိုင်း အမြဲမပြတ် ဒီခန္ဓာဝန်ကြီးကို အစာရှာကျေးခြင်း ရေမိုးချိုးပေးခြင်း စသည်ဖြင့် ထမ်းဆောင်နေရဘာဟာ အလွန် ဝံ့နဲ့လေးပါတယ်၊ကံအကျိုးပေးညံ့တဲ့သူတွေမှာ ဝန်လေးကြောင်း သာပြီး ထင်ရှားပါတယ်၊ ရောဂါဆိုး စွဲကပ်နေတဲ့သူတွေ အိုမင်းမစွမ်းဖြစ်နေတဲ့ သူတွေမှာလဲ ထင်ရှားပါတယ်။ ငရဲ ကျရောက်နေတဲ့ သူတွေ ပြိတ္တာဖြစ်နေတဲ့ သူတွေမှာတော့ သာပြီး ထင်ရှားပါသေးတယ်။ အဲဒီ ငရဲသားတွေ ပြိတ္တာတွေဟာ ခန္ဓာကိုယ်ကြီးရှိနေတဲ့အတွက် ငရဲဆင်းရဲ, ပြိတ္တာဆင်းရဲ အမျိုးမျိုးတွေကို အလူးအလဲ ခံနေကြရတယ်၊ ဘယ်မှ ပြေးလို့ မလွတ်နိုင်ဘူး။ အင်မတန် ကြောက်စရာ ကောင်းပါတယ်။ တိရစ္ဆာန် သတ္တဝါတွေမှာလဲ ခန္ဓာဝန် ထမ်းဆောင်ရတာ တာဝန်လေးကြောင်း အလွန်ထင်ရှားပါတယ်၊ တချို့ တိရစ္ဆာန်တွေမှာ ၁ားရေးအတွက် ဝန်လေးတယ်၊ တချို့ သတ္တဝါတွေမှာ ဘေးရန်ကင်းရေး, အသက်ရှင်ရေးအတွက် ဝန်လေးတယ်၊ ပုန်းနိုင်, ပြေးနိုင်မှ ဒုက္ခဘေးမှ လွတ်တယ်၊အမြဲတမ်း တထိတ်ထိတ်နဲ့ ကြောက်လန့်နေကြရကယ်၊

အဲဒီလို တထိတ်ထိတ်နဲ့ ကြောက်လန့်ပြီး ပုန်းကွယ်တိမ်းရှောင်နေတုန်းမှာဘဲ အားကြီးတဲ့ သတ္တဝါတွေရဲ့ခံတွင်းထဲမှာ သေသွားကြရတယ်။ ကြက်, ဝက်, ဘဲ, ဆိတ် အစရှိတဲ့ သတ္တဝါတွေဟာ သူတို့ကိုယ်ကို ဘေးရန်ကင်းအောင် ကြောင့်ကြစိုက်ပြီး စောင့်ရှောက်နေကြတယ်၊ ဒါပေမဲ့ နောက်ဆုံးတချိန်မှာ ပိုင်ရှင်ဖြစ်တဲ့ လူက သတ်လိုက်လို့ ဘာမှ အားကိုးစရာမရှိဘဲ သေသွားကြရတယ်။ နွားတွေ, ကျွဲတွေကမှ သာပြီး ဝမ်းနည်းစရာ ကောင်းတာ၊ သူတို့မှာ အင်အားရှိတဲ့အရွယ်ကစပြီး လူတွေရဲ့ တာဝန်ကို ထမ်းနေကြရှာတယ်၊ နေပူမရှောင်, မိုးရွာမရှောင် လူတွေ ခိုင်းတာကို မငြင်းပယ်ဘဲ လုပ်နေကြရရှာတယ်၊ အဲဒီလို ထမ်းဆောင်လုပ်ကိုင်နေရာက တနေ့ကျတော့ သားသတ်ရုံ ရောက်သွားကြရှာတယ်၊ အဲဒီအချိန်မှာ ဘယ်ကမှ လာပြီး ကြည့်ရှုမည့်သူ မရှိဘူး၊ ဘာအပြစ်မှ မရှိပါဘဲနဲ့ ရက်ရက်စက်စက် အသတ်ခံကြရရှာတယ်။ အဲဒါတွေဟာ ဒီခန္ဓာဝန်တွေ ရှိနေလို့ပါဘဲ။ ခန္ဓာဝန်မရှိယင် ဘယ်သူကမျှ ဖမ်းပြီးမခိုင်းနိုင်ဘူး၊ မနှိပ်စက် မသတ်ဖြတ်နိုင်ဘူး။ ဒါကြောင့် ဒီ ခန္ဓာဝန်တွေဟာ အလွန် လေးပါတယ်။ လူတွေထဲမှာတောင် တချို့လူတွေဟာ နိုင်ရာလူတွေရဲ့ နှိပ်စက်ညှဉ်းပန်းမှုကို ခံနေကြရတာ ရှိသေးတာဘဲ၊ အဲဒါလဲ ဒီ ခန္ဓာဝန်ကြီး ရှိနေလို့ပါဘဲ။ ဒါကြောင့် ဝန်ထုပ်ဆိုတာ၊ ငါးခန္ဓာ၊ လွန်စွာ ဝေးလှသည်—လို့ ဆိုထားပါတယ်။

နောက်ပြီးတော့ ဒုတိယအပိုဒ်က ဝန်ထမ်းခေါ်လတ်၊ပုဂ္ဂိုလ်မှတ်၊ ပညတ်သာ ဖြစ်သည်-တဲ့။ အဲဒါကတော့ ထင်ရှားပါတယ်။

ခန္ဓာငါးပါးကို အစဲ့ပြုပြီး ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ စသည်ဖြင့် ခေါ်ရတယ်၊ ခေါ်ဝေါ်ရုံ အမည်ပညတ်မျှပါဘဲ၊ ပရမတ္ထ သဘောတရား အားဖြင့်တော့ ပုဂ္ဂိုလ်ဆိုတာ အသီးအခြား ထင်ရှားမရှိပါဘူး၊ ဒါပေမဲ့ လောကဝေါဟာရအနေနဲ့တော့ ရှိတယ်လို့ဘဲ ဆိုရပါတယ်။ အဲဒီ ခန္ဓာငါးပါး ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဝန်ထုပ် ဝန်ပိုးကို ထမ်းဆောင်နေရတဲ့ ဝန်ထမ်းသမားပါဘဲ။ လူတိုင်း လူတိုင်း ပုဂ္ဂိုလ်သတ္တဝါတိုင်း ကိုယ့်ခန္ဓာဝန်ကို အသီးအသီး ထမ်းဆောင်နေကြရတယ်၊ ကျန်းမာအောင် ချမ်းသာအောင် အမြဲမပြတ်ကြောင့်ကြစိုက်ပြီး ပြုစုစောင့်ရှောက်နေကြရတယ်။ ဒါကြောင့် ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာ ဖြစ်သည်လို့ ဆိုထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ပညတ်သာဖြစ်သည်။ (ဆို)

နောက်ပြီးတော့ တတိယအပိုဒ်က ဝန်ကို ယူက၊ ဆင်းရဲစ့ဲ၊ ပစ်ချ ချမ်းသာသည်-တဲ့။ မြင်မှု-ကြားမှု စသည် ဖြစ်တိုင်း မရှုမမှတ်နိုင်ယင် အဲဒီ မြင်မှု-ကြားမှု စသည်တွေကို ကောင်းတယ် ထင်ပြီး နှစ်သက်သာယာတယ်, လိုချင် တောင့်တတယ်၊ အဲဒါဟာ တဏှာ ဖြစ်တာဘဲ၊ အဲဒီ မြင်ဆဲစသည်မှာ ချက်ခြင်း ဖြစ်တာ လဲရှိတယ်၊ နောင်ကာလကျမှ ပြန်လည် စဉ်းစားပြီး ဖြစ်တာလဲ ရှိတယ်၊ ဘယ်ပုံ ဘယ်နည်းနဲ့ဘဲ ဖြစ်ဖြစ် တဏှာ ဖြစ်ယင် ဥပါဒါန်, ကံ, သံခါရတွေဖြစ်ပြီး ဘဝသစ် ခန္ဓာဝန်တွေ ဖြစ်ပေါ်

လာတော့ဘာဘဲ။ အဲဒီခန္ဓာဝန်တွေ ဖြစ်ပေါ်လာတော့ ခုနက ပြောခဲ့တဲ့အတိုင်း ခန္ဓာဝန်တွေနဲ့စပ်ပြီး အကြီးအကျယ် ဆင်းရဲ ရတယ်။ ဒါကြောင့် နှစ်သက်လိုချင်မှု တဏှာဖြစ်ပြီး ခန္ဓာဝန်တွေ ကို လက်ခံယူဘာဟာ အလွန် ဆင်းရဲတယ်လို့ ဆိုရပါတယ်။ နောက်ပြီးတော့ မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားသိတိုင်း, တွေ့ထိတိုင်း, ကြံသိတိုင်း ရှုမှတ်ပြီး သဘောမှန်ကိုသိယင် သိတိုင်း သိတိုင်း အမှားသိ အဝိဇ္ဇာနှင့်တကွ အဲဒီ နှစ်သက် လိုချင်မှု တဏှာဟာ တဒင်္ဂအားဖြင့် ချုပ်ငြိမ်း ချုပ်ငြိမ်း သွားတယ်၊ အဲဒီလို ရှုမှတ်ခြင်းဖြင့် အရိယမဂ်ဖြစ်ပေါ်လာတဲ့အခါမှာတော့ သမုစ္ဆေဒအားဖြင့် ချုပ်ငြိမ်းသွားတယ်၊ အဲဒီလို တဏှာချုပ်ငြိမ်း သွားတော့ ဥပါဒါန် ကံ သင်္ခါရနှင့် ဘဝသစ် ခန္ဓာတွေလဲ ဖြစ် ပေါ်ခွင့်မရဘဲ အကုန်လုံး ချုပ်ငြိမ်းသွားကြတယ်။ ဒါကြောင့် မြင်ခိုက် စသည်မှာ ရှုမှတ်နေတာဟာ တဏှာနှင့်တကွ ခန္ဓာဝန်ကို ပစ်ချနေတာဘဲ။ အဲဒီလို ခန္ဓာဝန်ကို ပစ်ချလိုက်လို့ ခန္ဓာဝန်တွေ မရှိယင် ဆင်းရဲဟူသမျှ လုံးဝကင်းပြီး အမြဲတမ်း ချမ်းသာသွား တယ်။ ဒါကြောင့် တဏှာကိုပယ်ပြီး ခန္ဓာဝန် ပစ်ချတာကို ချမ်း သာတယ်လို့ ဆိုရတယ်။ ဆင်းရဲ ကင်းငြိမ်းတာကို ဆိုတာပါဘဲ။ အဲဒီ ခန္ဓာဝန်ယူတာနဲ့ ခန္ဓာဝန် ပစ်ချတာ ၂-မျိုးလုံးကို ပေါင်း ပြီးဘော့ ဝန်ကိုယူက၊ ဆင်းရဲစ့၊ ပစ်ချ ချမ်းသာသည်–လို့ ဆိုသားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ဝန်ကို ယူက၊ ဆင်းရဲစ့၊ ပစ်ချ ချ၁်းသာသည်။(ဆို)

ယခုပြောခဲ့တာဟာ ပဌမ ဂါထာရဲ့ အနက် အဓိပ္ပါယ်တွေ ပါဘဲ၊ အဲဒါ နားလည်လောက်ပါပြီ။ ယခု ဒုတိယ ဂါထာကို ပြောမယ်။

နိက္ခိပိတ္ဝာ ဂရုံ ဘာရံ၊ အညံ ဘာရံ အနာဒိယ။
သမူလံ တဏှမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

ဂရုံ၊ လေးလံလှစ္စာသော။ ဘာရံ၊ မျက်မှောက်အတ္တဘော တည်းဟူသော ခန္ဓာဝန်ထုပ်ကြီးကို။ နိက္ခိပိတ္ဝာ၊ ပရိနိဗ္ဗာန် စုတိ အနေအားဖြင့် ချထား စွန့်ပယ်လိုက်ပြီး၍။

ဒီဂါထာကတော့ ရဟန္တာပုဂ္ဂိုလ်ကို ရည်ပြီး ဟောထားပါတယ်။ ရဟန္တာ ပုဂ္ဂိုလ်မှာလဲ ပရိနိဗ္ဗာန် မပြုရသေးမီ အတွင်းမှာတော့ ခန္ဓာဝန်ကြီးကို ထမ်းဆောင်နေရသေးတာဘဲ၊ မျက်နှာသစ်ခြင်း ရေချိုးခြင်း အညစ်အကြေး သုတ်သင်ခြင်း ဆွမ်းခံကြွရခြင်း စသည်ဖြင့် ခန္ဓာဝန်ကြီးကို ပြုစုနေရသေးတာဘဲ၊ နောက်ဆုံး ပရိနိဗ္ဗာန် စုတိဖြင့် ပရိနိဗ္ဗာန် ပြုပြီးတဲ့ အခါကျမှ တာဝန်ကြီးအေးသွားတယ်။ ဒါကြောင့် ရှေးပုံင်းတုန်းက ပြောခဲ့တဲ့အတိုင်း ရဟန္တာ ပုဂ္ဂိုလ်မျိုးဟာ ပရိနိဗ္ဗာန် ပြုရမည့် အချိန်ကာလကို ဆင်ခြင်တော်မူတဲ့ အခါမှာ အယံ ဒုက္ခဘာရော၊ ဆင်းရဲလှစ္စာသော ဤခန္ဓာဝန်ကြီးကို။ ကိုယ်စိုး၊ အဘယ်မျှ လောက်ကြာအောင်။ ဟိတ္ဝေ ဗဟုဝေါ၊ ထမ်းဆောင်နေရဦး ပါလိမ့်မည်လဲ-လို့ ဆင်ခြင်တော် မူကြပါတယ်။ ဒါကြောင့် ရဟန္တာ ပုဂ္ဂိုလ်မျိုးမှာ ပရိနိဗ္ဗာန် ပြုရတားဟာ အင်မတာ

လေးလံတဲ့ ဓနွာ ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချလိုက်ရတဲ့ အနေနဲ့ မြင်ပါတယ်။ တဏှာ မကင်းသေးတဲ့သူတွေ အထူးအာဝေးဖြင့် ပုထုဇဉ်တွေ အနေနဲ့ဆိုတော့ မိမိနဲ့စပ်တဲ့ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန် စံသွားတာကို မလိုလားဘဲလဲ ရှိနေတတ်တယ်၊ အသေကြီး သေသွားတယ်လို့ ထင်မှတ်စဲ့လမ်းပြီး အကြီးအကျယ်လဲ ဝမ်းနည်းတတ်တယ်။

ဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးမှာ အရှင်အာနန္ဒာက ငိုနေခဲ့တယ်၊ ကုသိနာရုံ မြို့သူမြို့သားတွေကလဲ ငိုကြတယ်။ နောက်ပြီးတော့ မြတ်စွာဘုရား၏ မိဏ္ဍေးတော် ဖြစ်တဲ့ မဟာပဇာပတိ ဂေါတမီဆရီ ပရိနိဗ္ဗာန် ပြုခါနီးမှာလဲ အမျိုးသမီးတွေက ပရိနိဗ္ဗာန် မပြုဘို့ရန် ငိုပြီး တောင်းပန်ကြတယ်။ အဲဒီအခါမှာ မဟာပဇာပတိဂေါတမီ ထေရီမကြီးက "သမီးတို့ မငိုကြလင့်၊ ပရိနိဗ္ဗာန် ပြုရမည့် ယခုအခါသည် ငိုရမည့်အခါ မဟုတ်ဘူး၊ ဟာသကာလော၊ ဝမ်းမြောက် ပျော်ရွှင်ရမည့် အခါသာ ဖြစ်တယ်"လို့ အမျိုးသမီးများကို သတိပေးစကား ပြောကြားပါတယ်။ အဲဒါဟာ ရဟန္တာများအတွက်တော့ ပျော်ရွှင်သင့်တဲ့ အခါဖြစ်လို့ ပြောဆိုခြင်း ဖြစ်ပါဘယ်။ ဒါကြောင့်—

ဂရုံ၊ လေးလံလှစွာသော။ ဘာရံ၊ မျက်မှောက် အတ္တဘောတည်းဟူသော ခန္ဓာဝန်ထုပ်ကြီးကို။ နိက္ခိပိတ္ဝာ၊ ပရိနိဗ္ဗာန် စုတိအနေအားဖြင့် ချထား စွန့်ပယ်လိုက်ပြီး၍။ အညံ ဘာရံ၊ တပါးသော ဘဝသစ်ခန္ဓာဝန်ကို။ အနာဒိယ၊ မယူမူ၍။

ပုထုဇဉ် ပုဂ္ဂိုလ်ခေတ္တမှာဆိုယင် ပစ္စုပ္ပန်ဘဝက နောက်ဆုံး စုတိစိတ်ဖြင့် သေပြီး လက်ရှိခန္ဓာဝန် ကျသွားတဲ့အခါ သေခါနီးမှာ ထင်ပေါ်လာတဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံကို စဲ့လမ်းပြီး ဘဝသစ်ခန္ဓာဝန်တွေ ဖြစ်ပေါ်လာပြန်တယ်။ အဲဒါဟာ ခန္ဓာဝန်ဟောင်းကို ချပြီး ခန္ဓာဝန်သစ်ကို ယူတာဘဲ၊ အဲဒီဘဝက သေပြန်ယင်လဲ ဒီနည်းအတိုင်းဘဲ ခန္ဓာဝန်အသစ် ဖြစ်လာပြန်တယ်၊ ဒီ့ဒီနည်းဖြင့် တဘဝက သေယင် တဘဝဖြစ်၊ တဘဝက သေယင် တဘဝဖြစ်နဲ့ အဆက်မပြတ် ဖြစ်နေတာဘဲ၊ အဲဒါဟာ နှစ်သက်လိုချင်တဲ့ ဘဏ္ဍာက ရှိနေတဲ့အတွက် ခန္ဓာဝန်အသစ်အသစ်တွေကို ထပ်တလဲလဲ လက်ခံယူနေတာပါဘဲ၊ ဝန်ထုပ်တွေကို တခုပြီးတခု ထမ်းနေရတဲ့သူဟာ ဗယ်ဘက်ပခုံးက ဝန်ကို ချပြီးတာနဲ့ တပ်ဖြင်နက် ညာဘက်ပခုံးပေါ် အခြားဝန်ထုပ် တခုကို တင်လိုက်၊ တဖန် ညာဘက်မှ ချလိုက် ဗယ်ဘက်မှာ တင်လိုက်နဲ့ ဝန်ထုပ် တခုပြီး တခု အဆက်မပြတ် လဲကူခံပြီး ထမ်းနေရသလိုပါဘဲ၊ အဲဒီဥပမာကမှ ကြားထဲမှာ ပြတ်နေတဲ့ အချိန်ရှိနိုင်သေးတယ်၊ ပုထုဇဉ်မှာ ခန္ဓာဝန် အဟောင်းအသစ် ပြောင်းလဲပြီး ထမ်းဆောင် ရာဘဝကတော့ တစက္ကန့်လောက်တောင် အပြတ် အခြားမရှိဘူး၊ စိတ် တချက်ခန့်တောင် အပြတ်အခြား မရှိဘူး၊ ဘဝဟောင်းမှ စုတိစိတ်ဆုံးသည်နှင့် တပြိုင်နက် ဘဝသစ်မှာ ပဋိသန္ဓေစိတ်ဖြစ်ပြီး ခန္ဓာဝန်အသစ်ကို ထမ်းဆောင် ထမ်းဆောင်သွားရတော့ဘာဘဲ၊ ပုထုဇဉ်သာ မဟုတ်သေးဘူး၊ သောတာပန်လဲ တဏှာ မကင်းသေးတဲ့အတွက် အကြောင်းအာဃာတလျော်စွာ ခုနစ်ဘဝအထိ ထမ်းဆောင်ရတတ် သေးတယ်၊

သကဒါဂါမ်လဲ နှစ်ဘဝအထိ ထမ်းဆောင်ရကတ် သေးတယ်။ အနာဂါမ်လဲ ရူပဘဝဖြစ်စေ၊ အရူပဘဝဖြစ်စေ တဘဝ ထမ်းဆောင်ရသေးတယ်၊ ပဋိသန္ဓေအရ ဆိုယင်တော့ လေးငါးဘဝအထိ ထမ်းဆောင်ရတတ်သေးတယ်၊ ရဟန္တာမှာတော့ ခန္ဓာဝန်ကို နှစ်သက်သာယာတဲ့ တဏှာက မရှိတော့တဲ့အတွက် ပရိနိဗ္ဗာန်စုတိ၏ အခြားမဲ့မှာ ဘယ်လို ရုပ်နာမ်ခန္ဓာမှ မဖြစ်ပေါ်လာတော့ဘူး၊ ဒါကြောင့်....အညံ ဘာရံ အနာဒိယ၊ တပါးသော ဘဝသစ် ခန္ဓာဝန်ကို မယူမှု၍—လို့ ဆိုထားပါတယ်၊ အဲဒီလို ဘဝသစ်ခန္ဓာကို မယူတာကလဲ ခန္ဓာဝန်ကို နှစ်သက်သာယာတဲ့ တဏှာ မရှိတော့လို့ပါဘဲ။ ဒါကြောင့်—

သမ္မလံ၊ သဘောမှန်ကိုမသိဘဲ အလဲ့အမှားကို သိတတ်သော အဝိဇ္ဇာ တည်းဟူသော အမြစ်အရင်းနှင့် တကွသော။ တဏှာ၊ နှစ်သက်သာယာ ဆာလောင်တတ်သော တဏှာကို။ အဗျယ္ယ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖျက်နှုတ်ပယ်ပြီး၍။ နိစ္ဆာ-တော၊ နှစ်သက်ခုံမင် လိုချင်တောင့်တခြင်းဟူသော ဆာလောင်ခြင်းကင်းသည် ဖြစ်၍။ ပရိနိဗ္ဗုတော၊ ဆင်းရဲခပ်သိမ်း အေးငြိမ်းလေတော့သတည်း—လို့ ဟောထားပါတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ဆာလောင် တောင့်တတဲ့ တဏှာက ရှိနေဘယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ်တွေမှာလဲ အဲဒီတဏှာဟာ ရှိဘန်သေးလောက် ရှိနေသေးတယ်၊ ဒါကြောင့် အဲဒီ ပုထုဇဉ်အစရှိတဲ့ ပုဂ္ဂိုလ်တွေမှာ သေခါနီးဌ ကံ ကမ္မနိမိတ် ဂတိနိမိတ် ဆိုဘဲ့ အာရုံက ထင်ပေါ်လာတယ်၊ အဲဒီ ထင်ပေါ်

လာတဲ့အာရုံကိုလဲ သာယာပြီး စဲ့လမ်းတတ်တယ်၊ ထင်မြင်နေတဲ့ မိမိကိုယ်ကိုလဲ နှစ်သက်တ့ယ်တာပြီး စဲ့လမ်းတယ်၊ အဲ့ဒီလို စဲ့လမ်းပြီး သေသ့ားတဲ့အခါ ဘဝသစ် ခန္ဓာတ့ေ ဖြစ်ပေါ်လာပြန်တာဘဲ၊ အဲ့ဒါဟာ တဏှာရှိနေလို့ ဘဝသစ်ခန္ဓာဝန်ကို လက်ခံယူတာပါဘဲ။ ရဟန္တာမှာတော့ အဲ့ဒီတဏှာကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်နှုတ်ပြီးပြီ၊ ဒီတဏှာကို ပယ်နှုတ်ရတာကလဲ သူ့ချည်းသက်သက် ပယ်နှုတ်လို့ ဖြစ်ဘာမဟုတ်ဘူး၊ သစ်ပင်မျိုးကို နှုတ်ပယ်ရသလိုဘဲ အမြစ်ပါ နှုတ်ရတယ်။ သူ့အမြင်ကဘယ်ဟာလဲ ဆိုယင် သဘောမှန်ကိုမသိဘဲ သိရိုးသိစဉ်အတိုင်း အလဲ့အမှားတွေကို သိနေတဲ့ အဝိဇ္ဇာပါဘဲ။ မြင်ခိုက်, ကြားခိုက် စသည်မှာ မရှုမမှတ်နိုင်ယင် အဲ့ဒီ မြင်ရတဲ့ အာရုံနဲ့ မြင်သိမှု၊ ကြားရတဲ့အာရုံနဲ့ ကြားသိမှု စသည်တို့ကို အမြဲ တည်ရှိနေတဲ့ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမစသည်ဖြင့်လဲ ထင်မှတ်တယ်၊ အမြဲတည်နေတဲ့ အရာဝတ္ထုလို့လဲ ထင်မှတ်တယ်၊ လှပတင့်တယ်တယ် ကောင်းတယ် စသည်ဖြင့်လဲ ထင်မှတ်တယ်၊ အဲ့ဒီလို ထင်မှတ်တာဟာ အဝိဇ္ဇာဘဲ။ အဲ့ဒီလို မြဲတယ် လှတယ် ကောင်းတယ် ပုဂ္ဂိုလ်သတ္တဝါဘဲ မိန်းမဘဲ ယောကျ်ားဘဲ စသည်ဖြင့် ထင်မှတ်ယင် နှစ်သက်လိုချင်တဲ့ တဏှာက ဖြစ်တော့တာဘဲ။ ဒါကြောင့် အဝိဇ္ဇာက တဏှာပြစ်မှီ အမြစ်အရင်း ဖြစ်နေပါတယ်။ အဲ့ဒီ အဝိဇ္ဇာကို မပယ်ဘဲ တဏှာ သက်သက်ကိုသာ ပယ်လို့တော့ တဏှာက အမြစ်ပြတ် မပြိမ်းဘူး၊ အတန်ကြာအောင် မပြုပဲ ကင်းကွာနေပေမယ်လို့ အကြောင်း ညီညွတ်တဲ့အခါ ဖြစ်ပေါ်

လာပြန်တာဘဲ။ ဒါကြောင့် စျာန်အဘိညာဏ်ရတဲ့ အချိုပုဂ္ဂိုလ်တွေဟာ စျာန်လျှောကုန်ကြတာ။

မုဒုလက္ခဏာတော်မှာ ဘုရားအလောင်း ရဉ့ကြီးဟာ စျာန်အဘိညာဉ်တွေကို ရနေလို့ ကာမရာဂ ကင်းကွာနေ ပါတယ်။ ဒါပေမဲ့ အရိယမဂ်နဲ့ အမြစ်ပြတ် ပယ်ထားတာ မဟုတ်သေးတဲ့အတွက် မုဒုလက္ခဏာမိဖုရားကြီးရဲ့ တပ်မက်ဖွယ်ကိုယ်အင်္ဂါတွေကို မြင်ရတဲ့အခါမှာ တပ်မက်သာယာတဲ့ ကာမတဏှာ ဖြစ်ပေါ်လာတယ်။ အဲဒီတဏှာ ဖြစ်ပေါ်လာတာနဲ့ မူလက ရထားတဲ့ စျာန်တွေလဲ ပျောက်ကွယ်သွားတယ်၊ အဘိညာဉ်တန်ခိုးလဲ မရှိတော့ဘူး။ ဘုရင့်နန်းတော်ကို လာစဉ်တုန်းကတော့ အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်က ကြွလာခဲ့တယ်၊ မိဖုရားကြီး၏ ကိုယ်အင်္ဂါကိုမြင်ပြီး တပ်မက်တဲ့တဏှာကြောင့် စျာန်အဘိညာဉ်တွေ ပျက်သွားတဲ့အတွက် ဆွမ်းခံအပြန်ကျတော့ မြေပြင်ကဘဲ လမ်းလျှောက်ပြီး ပြန်ရတယ်။ ကျောင်းရောက်တဲ့ အခါကျတော့လဲ ယူလာခဲ့တဲ့ ဆွမ်းကိုတောင် မစားနိုင်ဘူး၊ မုဒုလက္ခဏာ မိဖုရားကြီး၏ကိုယ်အင်္ဂါတွေကို စိတ်ကူးနဲ့မြင်နေပြီး လိုချင်တောင့်တတဲ့ တဏှာတွေ ပွါးနေတယ်။ အဲဒါဟာ အရိယမဂ်ဖြင့် အမြစ်အရင်းဖြစ်တဲ့ အဝိဇ္ဇာကိုပါ မပယ်ဘဲ စျာန်ဖြင့် ကာမတဏှာကို သာလျှင် ခွါရုံမျှ ပယ်ထားတဲ့အတွက်ကြောင့် သူ့အာရုံနဲ့ ထင်ရှားတွေ့တဲ့အခါ တဏှာ ဖြစ်ပေါ်လာပြန်တာပါဘဲ။

နောက်ပြီးတော့ သီဟိုဠ်ကျွန်းမှာ ဒုဋ္ဌဂါမဏိမင်းလက်ထက် သာသနာတော်နှစ် လေးရာလောက်အတွင်းက စိတ္တလကောင်မှာ

ဈာန် အဘိညာဉ်မျှဖြင့် တဏှာကင်းပြီး ရဟန္တာဖြစ်ပြီလို့ အထင်ရှိနေတဲ့ မထေရ်ကြီးတပါး ရှိခဲ့တယ်။ တနေ့သော အခါမှာ ရဟန္တာဖြစ်တဲ့ မွေဒိန္နမထေရ်က အဲဒီ မထေရ်ကြီးထံ သွားပြီးတော့ မေးမြန်းတယ်။ အဲဒီ မထေရ်ကြီးက ရဟန္တာဖြစ်နေတာ အနှစ် ၆၀-လောက် ရှိတဲ့အကြောင်း ပြောကြားတယ်။ အဲဒီ အနှစ် ၆၀-လောက်အတွင်းမှာ ထင်ထင်ရှားရှား တဏှာဖြစ်တာကို မတွေ့ရတဲ့အတွက် ပြောဆိုခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ မွေဒိန္နမထေရ်ကတော့ အဲဒီလို ပြောတဲ့အတိုင်း မဟုတ်ကြောင်းကို သိတဲ့အတွက် အဘိညာဉ်တန်ခိုးကို အသုံးပြုပါသေးသလားလို့ မေးပါတယ်။ အသုံးပြုတဲ့အကြောင်းကို ကြားရတော့ ရေကန်ကြီးတခု ဖန်ဆင်းဘို့၊ အဲဒီရေကန်ထဲမှာ ပဒုမ္မာကြာရုံကြီး ဖန်ဆင်းဘို့၊ အဲဒီ ကြာရုံကြီးထဲမှာ ကြီးကျယ်တဲ့ ကြာပန်းကြီး ဖန်ဆင်းဘို့၊ အဲဒီကြာပန်းကြီးထဲမှာ အရုပ်အဆင်းလှပတဲ့ မိန်းမရုပ် ဖန်ဆင်းဘို့၊ အဲဒီ မိန်းမရုပ်ဟာ သီချင်းဆိုပြီး က,နေဟန် ဖန်ဆင်းဘို့ ခိုင်းပါဘယ်။ မထေရ်ကြီးကလဲ ခိုင်းတိုင်းကို ပန်ဆင်းလိုက်ပါတယ်။ အဲဒီအခါမှာ ဓမ္မဒိန္နမထေရ်က အရှင်ဘုရား သီချင်းဆိုပြီး က,နေတဲ့ ဒီမိန်းမရုပ်ကို ခဏလောက် စူးစိုက်ပြီး ကြည့်ရှုနေပါဦးဘုရားလို့ပြောပြီး အခန်းထဲဝင်သွားတယ်။ အဲဒီမထေရ်ကြီးဟာ သူ့ဟာသူဖန်ဆင်းထားတဲ့ မိန်းမရုပ်ကို ကြည့်နေရင်း ကာမတဏှာ ဖြစ်ပေါ်လာပါသတဲ့။ အဲဒီအခါမှာ ရဟန်းကိစ္စမပြီးသေးမှန်း သိပြီး ဓမ္မဒိန္နမထေရ်ထံမှ အဝိဇ္ဇာပါ ပယ်တဲ့ ဝိပဿနာ ရှုနည်းကို တောင်းပါတယ်၊ ဓမ္မဒိန္နမထေရ်က ပေးတဲ့

နည်းအတိုင်းအားထုတ်ပြီး အဝိဇ္ဇာအမြစ်အရင်းနှင့်တကွ တဏှာ ကိုပယ်နိုင်တဲ့ ရဟန္တာအဖြစ်သို့ ရောက်တော်မူပါသတဲ့။ ဒီဝတ္ထု မှာလဲ ပဌမက အမြစ်အရင်းပါ မပယ်ဘဲ စျာန်ဖြင့် တဏှာကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွာရုံမျှသာ ပယ်ခွာထားတဲ့အတွက် အဲဒီ မထေရ်ကြီးမှာ သူ့ဟာသူ ဖန်ဆင်းထားတဲ့ မိန်းမရုပ်ကို ကြည့်ရှု နေရင်း တပ်မက်သာယာတဲ့ တဏှာ ဖြစ်ပေါ်လာတာပါဘဲ။ အရဟတ္တမဂ်ဉာဏ်ဖြင့် အမြစ်အရင်း အဝိဇ္ဇာပါ အကြွင်းမဲ့ ပယ် နှုတ်ပြီး ဖြစ်ယင်တော့ အဲဒီလို ဖန်ဆင်းထားတဲ့ အရုပ်ကိုသာ မဟုတ်ဘူး၊ တကယ်အစစ်ဖြစ်တဲ့ လူမိန်းမ နတ်မိန်းမကိုလဲ တပ် မက်သာယာမှု ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့ဘူး၊ မိမိကိုယ် မိမိ ဘဝကိုလဲ တပ်မက်သာယာမှု လုံးဝမဖြစ်နိုင်တော့ဘူး။ အဲဒီလို သာယာမှု တဏှာ လုံးဝမရှိတဲ့အတွက် ဘဝသစ် ရုပ်နာမ်ခန္ဓာ တွေလဲ လုံးဝ မဖြစ်ပေါ်လာတော့ဘဲ ချုပ်ငြိမ်းသွားတယ်။ ဒါကြောင့်—

သမ္ဘလံ၊ သဘောမှန်ကို မသိဘဲ အလွဲအမှားကို သိတတ်သော အဝိဇ္ဇာတည်းဟူသော အမြစ်အရင်းနှင့် တကွသော။ တဏှာ၊ နှစ်သက်သာယာ ဆာလောင်တောင့်တတတ်သော တဏှာကို။ အဗ္ဘုယ္ယ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖျက် နှုတ်ပယ် ပြီး၍။ နိစ္ဆာတော၊ နှစ်သက်ခုံမင် လိုချင်တောင့်တခြင်းဟူသော ဆာလောင်ခြင်း ကင်းသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ဆင်းရဲခပ်သိမ်း အေးငြိမ်းလေတော့သတည်း-လို့ ဟောတော်မူပါတယ်။

ယခုပြန်ဆိုခဲ့တဲ့ အနက်ကတော့ ဂါထာမှာ ရှိရင်း ပုဒ်ပါဌ် အစဉ်အတိုင်း ပြန်ဆိုတဲ့ အနက်ပဲ။ အနက်အဓိပ္ပါယ် ချောအောင် ဆိုယင်တော့ ဒီလိုလဲ ပြန်နိုင်ပါတယ်။

သမ္ဘလံ၊ သဘောမှန်ကို မသိဘဲ အလဲအမှားကို သိဘတ်သည့် အဝိဇ္ဇာတည်းဟူသော အမြစ်အရင်းနှင့် တကွသော။ တဏှံ၊ နှစ်သက်သာယာ ဆာလောင် တောင့်တတတ်သော တဏှာကို။ အဗ္ဗုယှ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖျက် နှုတ်ပယ်ပြီး၍။ နိစ္ဆာတော၊ နှစ်သက်ခုံမင် လိုချင်တောင့်တခြင်းဟူသော ဆာလောင်ခြင်းကင်းသည် ရှိသော်။ ဝါ၊ ဆာလောင်ခြင်းကင်းသော ပုဂ္ဂိုလ်သည်။ ဂရုံ၊ လေးလံလှစွာသော။ ဘာရံ၊ မျက်မှောက် အတ္တဘောတည်းဟူသော ခန္ဓာ ဝန်ထုပ်ကြီးကို။ နိက္ခိပိတ္ဝာ၊ ပရိနိဗ္ဗာန် စုတိအနေအားဖြင့် ချထား စွန့်ပယ်လိုက်ပြီး၍။ အညံ ဘာရံ၊ တပါးသော ဘဝသစ်ခန္ဓာဝန်ကို။ အနာဒိယ၊ မယူမူ၍။ ပရိနိဗ္ဗုတော၊ ဆင်းရဲခပ်သိမ်း အေးငြိမ်းလေတော့ သတည်း-တဲ့။

ဒီ အနက်က ပိုပြီး ချောပါတယ်။ အတိုချုပ်အားဖြင့်ဆိုလျှင် အမြစ်အရင်း အဝိဇ္ဇာနှင့်တကွ တဏှာကို အရဟတ္တ မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်ပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်မှာ ဘယ်လို အာရုံ ဘယ်လို ဘဝကိုမျှ ဆာလောင်တောင့်တမှု လိုချင်နှစ်သက်မှု တဏှာ မရှိတော့ဘူး၊ ဒါကြောင့် မျက်မှောက်ဘဝ စုတိဆုံးသည်နှင့် တပြိုင်နက် ခန္ဓာဝန်ဟောင်းကိုလဲ စွန့်ပယ်ပြီး ချထားပြီးဖြစ်သွားတယ်၊ ခန္ဓာဝန်သစ် ဘဝသစ်လဲ မဖြစ်လာတော့ဘူး။

ဒါကြောင့် ဆင်းရဲခပ်သိမ်း အပြီးတိုင် အေးငြိမ်းသွားတယ်လို့ ဆိုလိုပါတယ်။ အဲဒါကို တိုတိုနှင့် မှတ်ရအောင် ဗမာလိုဆောင်ပုဒ်စီထားပါတယ်။

မြစ်ရင်းပါဖျက် တပ်မက်ပယ်လျှင်၊
ဆာလောင်တောင့်တ လုံးဝကင်းစင်။
ဝန်ဟောင်းစွန့်ပစ် ဝန်သစ် မတင်၊
ပူခပ်သိမ်း အေးငြိမ်း နိဗ္ဗာန်ဝင်-တဲ့။

အဝိဇ္ဇာဆိုတဲ့ အမြစ်အရင်းနှင့် တဏှာကို ပယ်ဖျက်လိုက်ယင် ဆာလောင်တောင့်တမှု လုံးဝ မရှိတော့ဘူး။ ဒါကြောင့် ပရိနိဗ္ဗာန်စုတိဖြင့် လက်ရှိ ခန္ဓာဝန်ဟောင်းကို စွန့်ပစ် ပယ်ချလိုက်တဲ့အခါ ဘဝသစ် ခန္ဓာဝန်ကိုလဲ မထမ်းဆောင်ရတော့ဘူး၊ ကိုလေသာဆင်းရဲ ရုပ်နာမ် ခန္ဓာဆင်းရဲဆိုတဲ့ အပူတွေ အကုန်ငြိမ်းအေးသွားတယ်၊ အနုပါဒိသေသ- နိဗ္ဗာန်ကို ဝင်စံသွားရုံတယ်လို့ ဆိုလိုပါတယ်။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

မြစ်ရင်းပါဖျက် တပ်မက်ပယ်လျှင်၊
ဆာလောင်တောင့်တ လုံးဝကင်းစင်၊
ဝန်ဟောင်းစွန့်ပစ် ဝန်သစ် မတင်၊
ပူခပ်သိမ်း အေးငြိမ်း နိဗ္ဗာန်ဝင်။

နိုဂုံးချုပ်

ဘာရသုတ္တန် တရားတော်ကတော့ ဒါလောက်ဆိုယင် တော်တော် ပြည့်စုံသွားပါပြီ၊ နိုဂုံးချုပ်ရုံလောက်ပဲ လိုပါတော့တယ်။ သတ္တဝါ အသီးအသီး သန္တာန်မှာ ရှိနေတဲ့ ခန္ဓာငါးပါးဟာ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်ကြောင်းလဲ နားလည်ကြပြီ၊ သတ္တဝါတွေဟာ မိမိတို့၏ ခန္ဓာဝန်ကြီးတွေကို အစမထင်အောင် ရှည်လျားစွာသော သံသရာ ကာလပတ်လုံး ထမ်းဆောင်နေကြရတယ် ဆိုတာလဲ နားလည်ကြပြီ၊ သစ္စာ ဒေသနာအရအားဖြင့် ဒီခန္ဓာဝန်တွေဟာ ဆင်းရဲအစစ်အမှန် ဒုက္ခသစ္စာဖြစ်ကြောင်းလဲ နားလည်ကြပြီ၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း ပေါ်လာသမျှ အတွင်းအပ အာရုံတွေကို နှစ်သက်သာယာလျှင် နှစ်သက်သာယာတိုင်း ဒုက္ခသစ္စာဖြစ်တဲ့ ဒီခန္ဓာဝန်ဆုပ်ကြီးတွေကို ကောက်ထမ်းရာရောက်တယ် လက်ခံရာရောက်တယ် ဆိုတာလဲ နားလည်ကြပြီ၊ နှစ်သက်သာယာတယ် ဆိုတာကလဲ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း မရှုမမှတ်လို အာမှန်အတိုင်း မသိလျှင် မသိတိုင်း မသိတိုင်း နှစ်သက်သာယာနေသည် မည်ကြောင်းလဲ နားလည်ကြပြီ၊ အဲဒီလို နှစ်သက်သာယာတိုင်း ဘဝသစ်ခန္ဓာဝန်ကို လက်ခံရာရောက်တဲ့အတွက် ဘေးဒုက္ခရောက်ဖို့ရာ စာချုပ်ကို လက်မှတ်ထိုးမိ သကဲ့သို့ပင် ကြောက်ဖွယ် ကောင်း၍ ဆင်းရဲလှကြောင်း-ဆင်းရဲကြောင်း သမုဒယသစ္စာ ဖြစ်ကြောင်းလဲ နားလည်ကြပြီ၊ အဲဒီ နှစ်သက်သာယာမှု တဏှာကို ပယ်လျှင် ဘဝသစ် ခန္ဓာဝန်ထုပ်ကို ပစ်ချသည်မည်၍ ချမ်းသာအစစ်

နိရောဓသစ္စာ ဖြစ်ကြောင်းလဲ နားလည်ကြပြီ၊ အဲဒီတဏှာကို ပယ်ရာမှာလဲ သူ့ချည်းသက်သက် ပယ်၍မဖြစ်၊ သူ၏ ကျေးထောက် နောက်ခံ အမြစ်အရင်းဖြစ်တဲ့ အဝိဇ္ဇာကိုပါ ပယ်ရကြောင်းလဲ နားလည်ကြပြီ၊ အဝိဇ္ဇာဆိုတာကလဲ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း မရှုမမှတ်မိတဲ့ အာရုံတွေမှာ ဖြစ်နေတဲ့ မသိမှု အလွဲသိမှု ဖြစ်ကြောင်းလဲ နားလည်ကြပြီ၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း ရှုမှတ်လျှင် သဘောမှန်ကိုသိသော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ကြောင်းလဲ နားလည်ကြပြီ၊ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်တိုင်း (အလင်းရောက်လာလျှင် အမှောင်ပျောက်သကဲ့သို့) အဝိဇ္ဇာအမှောင် ကင်းပျောက်ကြောင်းလဲ နားလည်ကြပြီ၊ မြဲတယ် ချမ်းသာတယ် ကောင်းတယ် ငါကောင်ဘဲလို့ ထင်မှတ်တဲ့ အဝိဇ္ဇာ မရှိလျှင် နှစ်သက်သာယာမှု တဏှာမဖြစ်နိုင်ကြောင်းလဲ နားလည်ကြပြီ၊ တဏှာမဖြစ်လျှင် ဘဝသစ် ခန္ဓာဝန်ကို ပစ်ချခြင်းဖြစ်ကြောင်း နားလည်ကြတာကိုတော့ ခုနကပင် ပြောခဲ့ပြီ။ ဒီတော့ ဘဝသစ် ခန္ဓာဝန်ကို အလိုမရှိလျှင်, ခန္ဓာဝန်ကို ပစ်ချခြင်းဆိုတဲ့ နိရောဓသစ္စာ နိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက် ဆိုက်ရောက်ချင်လျှင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြုံသိတိုင်း ပေါ်လာသမျှကို သဘောမှန်အတိုင်း မပြတ် ရှုမှတ်ကြရုံပါဘဲ။ အဲဒီလို ရှုမှတ်သွားလို့ ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ် ၄-ပါး ဖြစ်ပေါ်လာပြီးတော့ အမြစ်အရင်း အဝိဇ္ဇာနှင့်တကွ နှစ်သက်သာယာ ဆာလောင် ဘောင့်တမှု တဏှာဟူသမျှကို အကြွင်းမဲ့ ပယ်သွားပါလိမ့်မယ်။

အရိယမဂ်ဉာဏ် ၄-ပါး ရှိတဲ့အနက်က သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာယင် အပါယ် ၄-ပါး ခန္ဓာဝန်တွေနဲ့ ခုနစ်ဘဝထက်ကို လွန်ပြီး ဖြစ်မည့် သုဂတိဘဝ ခန္ဓာဝန်တွေကို အကုန်လုံး ပစ်ချသွားပါလိမ့်မယ်။ ဒါလောက်ဆိုယင် အပုံပေါ့သွားပါပြီ၊ ဒါလောက်တော့ ပြည့်စုံအောင် အားထုတ်မယ်လို့ လူတိုင်းရှင်တိုင်း အဓိဋ္ဌာန်ပြုပြီး ကြိုးစားအားထုတ်စရာ ကောင်းပါတယ်။ ဒါထက် တိုးတက်အောင် အားထုတ်ယင် ပါရမီအားလျော်စွာ သကဒါဂါမိမဂ်ဉာဏ်လဲ ရောက်နိုင်တယ်၊ အဲဒီအခါမှာ ၂-ဘဝထက် ပိုလွန်ပြီးဖြစ်မည့် ဘဝသစ် ခန္ဓာဝန်တွေကို အကုန်လုံး ပစ်ချသွားပါလိမ့်မယ်။ ပါရမီအားလျော်စွာ အနာဂါမိမဂ်ဉာဏ်လဲ ရောက်နိုင်တယ်၊ အဲဒီအခါမှာတော့ ရူပ, အရူပ တဘဝထက် ပိုလွန်ပြီးဖြစ်မည့် ခန္ဓာဝန်တွေကို အကုန်ပစ်ချသွားပါလိမ့်မယ်။ နောက်ဆုံး အရဟတ္တမဂ်ဉာဏ် ရောက်တဲ့အခါကျတော့ ဘဝသစ် ခန္ဓာဝန်ဘေ့ ဟူသမျှကို အကုန်လုံး အကြွင်းမဲ့ ပစ်ချသွားပါလိမ့်မယ်။ ဒါကြောင့် အဲဒီအခါမှာ—

သမ္မုလံ၊ သဘောမှန်ကို မသိဘဲ အလွဲအမှားကို သိတတ်သည့် အဝိဇ္ဇာတည်းဟူသော အဖြစ်အရင်းနှင့် တကွသော။ တဏှာ၊ နှစ်သက်သာယာ ဆာလောင် တောင့်တတတ်သော တဏှာကို။ အဗ္ဘုယ္ယ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖျက် နှုတ်ပယ်ပြီး၍။ နိစ္စာတော၊ နှင်းသက်ခုံမင် လိုချင် တောင့်တခြင်း တည်းဟူသော ဆာလောင်ခြင်း ကင်းသည် ရှိသော်။ ဝါ၊ ဆာလောင်ခြင်းကင်းသော ပုဂ္ဂိုလ်သည်။ ဝါ၊ ဆာလောင်ခြင်းကင်းသည် ဖြစ်၍။ ဂရုံ၊ လေးလံလှစွာသော။

ဘာရုံ၊ မျက်မှောက် အတ္တဘော တည်းဟူသော ခန္ဓာ ဝန်ထုပ်-ကြီးကို။ နိုက္ခိပ်တော်၊ ပရိနိဗ္ဗာန် စုတိအနေအားဖြင့် ချုထားစွန့်ပယ်လိုက်ပြီး၍။ အညံ ဘာရုံ။ တပါးသော ဘဝသစ်ခန္ဓာဝန်ကို။ အနာဒိယ၊ မယူမူ၍။ ပရိနိဗ္ဗုတော၊ ဆင်းရဲခပ်သိမ်းအေးငြိမ်း လေ့တော့သတည်း-လို့ ဟောတော်မူတဲ့အတိုင်း ခန္ဓာငါးပါး တည်းဟူသော ဝန်ထုပ်ဝန်ပိုး ဒုက္ခသစ္စာ ဆင်းရဲ အစစ်အမှန် တရားတော့ လုံးဝ ချုပ်ငြိမ်းသွားပါလိမ့်မယ်။ ဒါကြောင့် အဲဒီလို ဝန်ထုပ်ကို ပစ်ချရခြင်း-ဆင်းရဲ ကင်းငြိမ်းခြင်းကို အလို ရှိလျှင် ယခုပြောခဲ့တဲ့ ကျင့်စဉ်အတိုင်း ကျင့်ကြံ အားထုတ်ကြ ရုံပါဘဲ။ ဂဲ ဆောင်ပုဒ်တွေကိုဆိုပြီး တရားသိမ်းကြစို့။

ဝေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။
ငါ, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါး တရားဘဲ။
ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲ။
ခန္ဓာငါးပါး ရှိနေတဲ့ ပုဂ္ဂိုလ်ဘဲ။
ဝန်ထုပ်ကို ခံယူတယ်ဆိုတာ ဘယ်ဟာလဲ။
နှစ်သက် လိုချင်တဲ့ တဏှာဘဲ။
ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ။
နှစ်သက်လိုချင်တဲ့ တဏှာကို ပယ်ဘာဘဲ။
ဝန်ထုပ်ဆိုတာ၊ ငါးခန္ဓာ၊ လွန်စွာ ဝေးလှသည်။
ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာ ဖြစ်သည်။
ဝန်ကိုယူက၊ ဆင်းရဲစုံ ပစ်ချ ချမ်းသာသည်။
မြစ်ဝင်းပါဖက် တပ်မက်ပယ်လျှင်၊

ဆာလောင်တောင့်တ လုံးဝကင်းစင်၊
ဝန်ဟောင်းစွန့်ပစ် ဝန်သစ် မဘင်၊
ပူခပ်သိမ်း အေးငြိမ်း နိဗ္ဗာန်ဝင်။

ဤ ဘာရသုတ္တန် တရားတော်ကြီးကို ရိုသေစွာ နာယူကြရသော ဓမ္မသဝန ဥက္ကဋ္ဌ ကုသိုလ်ကံ စေတနာတို့၏ အဝှမ်း အာနုဘော်ကြောင့် မိမိတို့၏သန္တာန်၌ မပြတ် ဖြစ်ပျက်နေသော ခန္ဓာငါးပါးတရားကို လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးတွေ ပါတကား ဟူ၍ရင်း၊ မြင်မှု ကြားမှု စသည်နှင့် စပ်၍ နှစ်သက်သာယာသော တဏှာ ဖြစ်သောအားဖြင့် ဘဝသစ် ခန္ဓာဝန်လက်ခံမြင်းကို ဆင်းရဲကြောင်းပါတကား ဟူ၍ရင်း၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း ရှုမှတ်၍ အမြစ်အရင်း အဝိဇ္ဇာနှင့်တကွ နှစ်သက်သာယာမှု တဏှာကို ပယ်သောအားဖြင့် ဘဝသစ်ခန္ဓာဝန်ကို ပစ်ချခြင်းသာလျှင် ချမ်းသာအစစ်ပါဘကား ဟူ၍ရင်း သိမြင်သဘောပေါက်ကြပြီးလျှင် ခန္ဓာဝန်ကိုပစ်ချခြင်း ဟူသော ထိုချမ်းသာအစစ်ကို မျက်မှောက် တွေ့မြင်နိုင်ကြောင်း ဖြစ်သော ဝိပဿနာ အလုပ်ကို ပြည့်စုံစွာ အားထုတ်နိုင်ကြသည် ဖြစ်၍ ဝိပဿနာဉာဏ်အစဉ် မဂ်ဉာဏ်အစဉ်ဖြင့် ဝန်ထုပ်ပစ်ချရာ ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ကို လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါ စေကုန်သတည်း။

သာဓု သာဓု သာဓု။

ဒုတိယဝိုင်း ပြီး၏။

ဘာရသုတ္တန် တရားတော်ကြီး ပြီး၏။

၁၃၂၇-ခု၊ ဝါခေါင်လပြည့်နေ့တွင် မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အသံလွှင့်
ဟောကြားတော်မူသော

ဗြဟ္မစိုရ် တရားတော်ကြီး

(ပဌမပိုင်း)

ယခု ဘုန်းကြီးဟောမည့်တရားကတော့ ဗြဟ္မစိုရ် တရားတော် ဖြစ်ပါတယ်။ ဘုန်းကြီးက မျှားသောအားဖြင့် ဝိပဿနာတရားကိုသာ ဟောကြားလေ့ရှိပါတယ်။ ဝိပဿနာ ဆိုတာကတော့ လူတိုင်းလူတိုင်းလဲ မကျင့်နိုင်ဘူး၊ ပြီးတော့ ကျင့်တဲ့သူမှာသာ အကျိုးထူးကို ရနိုင်တဲ့အတွက် ပရဟိတနှင့် ပဆိုင်သလိုလိုလဲ ဖြစ်နေပါတယ်။ ဒါကြောင့် ဒီကနေ့တော့ လူတိုင်းလဲ ကျင့်နိုင်ပြီး ပရဟိတနှင့်လဲ ဆိုင်တဲ့ ဗြဟ္မစိုရ်တရားကို ဟောဘို့ စီစဉ်ထားပါတယ်

ဗြဟ္မစိုရ်တရားဆိုတာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဆိုတဲ့ ၄်တရား ၄-ပါးပါဘဲ။ ဒီ ၄-ပါးထဲက မေတ္တာဆိုတာ သူများတွေလဲ ကိုယ်လိုဘဲ ချမ်းသာချင်ကြပေလိမ့်မယ်လို့ ကိုယ်

ချင်းစာပြီးတော့ သူတပါးတွေကို ချမ်းသာစေလိုတဲ့ သဘောပါလဲ။ ကရုဏာဆိုတာ ကိုယ့်အောက်က လူတွေ ဒုက္ခရောက်နေရှာကြတဲ့ သူတွေကို ကိုယ်ချင်းစာ တရားနဲ့ သနားကြင်နာတဲ့ သဘောပါဘဲ။ မုဒိတာဆိုတာ ကိုယ့်အထက်ကလူတွေ ကိုယ့်ထက် ပြည့်စုံတဲ့ ချမ်းသာတဲ့လူတွေကို ချမ်းသာမြဲချမ်းသာကြပါစေလို့ ဝမ်းမြောက် ကြည်သာစွာနဲ့ နှလုံးသွင်းနိုင်တဲ့ သဘောပါဘဲ။ ဥပေက္ခာဆိုတာ သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံအားလျော်စွာ ဖြစ်နေကြရတာဘဲလို့ ဘက်မလိုက်ပဲ မျှမျှတတ နှလုံးသွင်းတဲ့ သဘောပါဘဲ။

ဒီတရား ၄-ပါးကို အဂိဓမ္မာ ဒေသနာမှာ အပ္ပမညာဆိုတဲ့ အမည်နဲ့ ဟောထားပါတယ်။ အားလုံးသော သတ္တဝါတွေ အပေါ်မှာ အကန့်အသတ်မရှိဘဲ ပွားချင်သလောက် ပွားများကောင်းတဲ့တရား ပွားများဘို့ နယ်ပယ်အကန့်အသတ် မရှိတဲ့ တရားလို့ ဆိုလိုပါတယ်။ သုတ္တန် ဒေသနာတွေမှာတော့ ဒီတရားတွေကို အမျှားအားဖြင့် ဗြဟ္မဝိဟာရလို့ အမည်ပေးထားပါတယ်၊ မြတ်သောနေထိုင်ရေး တရားလို့ ဆိုလိုပါတယ်။ မဟာဂေါဝိန္ဒသုတ်မှာတော့ ဗြဟ္မစရိယလို့ အမည်ပေးထားပါတယ်၊ ဒါကြောင့် ဗြဟ္မစိုရ်တရားလို့ ခေါ်ဝေါ်ပြောဆိုနေကြပါတယ်။ အနက် အဓိပ္ပါယ်အားဖြင့်တော့ မြတ်သော အကျင့်လို့ ဆိုလိုပါတယ်။

ဒီဗြဟ္မစိုရ်တရားဟာ လူမျိုးမရွေး ဘာသာမရွေး လူတိုင်းလူတိုင်း ကျင့်သုံးသင့်တဲ့ တရား ဖြစ်ပါတယ်။ စဉ်းစားကြည့်

ကြပါ၊ မိမိ၏အကျိုးကိစ္စ ပြီးမြောက်အောင် စေတနာဝန်ထမ်းသဘောဖြင့် ကူညီ ဆောင်ရွက်ပေးမယ်ဆိုလျှင် ဘယ်သူက လက်မခံဘဲ ငြင်းပယ်မှာလဲ၊ ဘယ်သူမှ ငြင်းပယ်မှာ မဟုတ်ပါဘူး၊ အားလုံး ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံကြမှာချည်းပါပဲ။ အဲဒါ ဘာသဘောထင်သလဲ၊ ချမ်းသာစေလိုတဲ့ မေတ္တာကို လူတိုင်းက လက်ခံနိုင်တဲ့အတွက် အဲဒီ မေတ္တာကို လူတိုင်း လူတိုင်း ကျင့်သင့်တယ်ဆိုဟာ ဖော်ပြနေတဲ့ သဘောပါပဲ။ လက်ဘွဲ့လဲ စမ်းကြည့်နိုင်ပါတယ်၊ လူတယောက်ကို ပြုံးရွှင်တဲ့ မျက်နှာနဲ့ကြည့်လျှင် အဲဒီလူကလဲ ပြုံးရွှင်တဲ့မျက်နှာနဲ့ပဲ ပြန်ပြီး ကြည့်ပါလိမ့်မယ်။ လူတယောက်ကို ချိုချိုသာသာနဲ့ နှုတ်ဆက်လျှင် အဲဒီလူကလဲ ချိုချိုသာသာနဲ့ပဲ ပြန်ပြီး နှုတ်ဆက်ပါလိမ့်မယ်။ လမ်းမသိတဲ့ သူကို လမ်းညွှန်ပြလျှင်ဖြစ်စေ၊ မီးရထား, သင်္ဘောစသည်ဖြင့် ခရီးသွားတဲ့အခါ နေရာမရတဲ့သူကို မိမိနေရာထဲက မျှပေးလျှင်ဖြစ်စေ၊ လေးလံတဲ့ ဝန်ထုပ် ဝန်ပိုး သယ်ဆောင်လာတဲ့လူကို ဖေးမကူညီပေးလျှင်ဖြစ်စေ၊ ဒီလို စေတနာ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးလျှင် တဖက်သားပုဂ္ဂိုလ်က ကျေးဇူးတင်မည့်ပြင် မိမိကိုယ်တိုင်လဲ လူ့ကျင့်ဝတ်ဘဏ္ဍာ ကျေ[illegible]နှိုးသည့်အတွက် ဝမ်းမြောက်ဝမ်းသာခြင်းအကျိုးကို ချက်ခြင်းဘဲ ရပါလိမ့်မယ်။ မိမိမှာ အဓက်အခဲရှိတဲ့အခါလဲ ကူညီမည့်သူများ ပေါ်လာတတ်ပါတယ်။ ဒီနည်းဖြင့် လူတိုင်းလူတိုင်းက လူ့ကျင့်ဝတ်ကို သိပြီး မေတ္တာတရားနဲ့ အချင်းချင်း တာဘ်စွမ်းနိုင်သမျှ ကူညီဆောင်ရွက်သွားကြမယ်ဆိုလျှင် လူ့လောကကြီးဟာ အစဉ်ထာဝရ သာသာယာယာနဲ့

ဖြစ်သွားဘို့ ရှိပါတယ်၊ ဒါကြောင့် မေတ္တာတရားကို လူတိုင်း လူတိုင်း ကျင့်သုံးသင့်ကြောင်း ထင်ရှားပါတယ်။

ထို့အတူဘဲ ဆင်းရဲဒုက္ခ ရောက်နေတဲ့ လူတွေကို ကရုဏာနဲ့ သနားပြီး ကူညီ စောင့်ရှောက်မယ်ဆိုလျှင် ငြင်းပယ်မည့်သူ ရှိပါမည်လား၊ မရှိနိုင်ပါဘူး၊ လက်ခံကြမှာချည်းပါဘဲ၊ ပြီးတော့ ရရှိထားတဲ့ စီးပွါးဥစ္စာနဲ့ ရာထူးဌာနန္တရ အလုပ်အကိုင်နဲ့ အခြေအရံ ဂုဏ်သိရ်ကြက်သရေတွေနဲ့ ခိုင်မြဲတည်တံ့ပြီး ချမ်းသာမြဲ ချမ်းသာနေအောင် မုဒိတာနဲ့ ဝမ်းမြောက်ကြည်သာစွာ ထောက်ခံအားပေးမည်ဆိုလျှင်ကော ငြင်းပယ်မည့်သူ ရှိပါမည်လား၊ မရှိနိုင်ပါဘူး၊ လက်ခံကြမှာချည်းပါဘဲ၊ ဒါကြောင့် ဒီ ကရုဏာနှင့် မုဒိတာကိုလဲ လူတိုင်းလူတိုင်း ကျင့်သုံးသင့်ကြောင်း ထင်ရှားပါတယ်။

ဥပေက္ခာဆိုတာလဲ မေတ္တာ ကရုဏာ မုဒိတာနဲ့ မဆောင်ရွက်နိုင်တဲ့နေရာမှာ ကျင့်သုံးသင့်တဲ့ တရားပါဘဲ၊ထင်ရှားတဲ့သာဓကနဲ့ ပြရလျှင် လူတယောက်မှာ ရာဇဝတ်မှု ရောက်နေတယ် ဆိုပါတော့၊ အဲဒီလူကို တတ်နိုင်တဲ့သူက မေတ္တာနဲ့ ကရုဏာနဲ့ အစုမ်းကုန် အကူအညီပေးသင့်ပါတယ်။ ဒါပေမဲ့ ပြစ်မှုထင်ရှားတယ်ဆိုပြီး နောက်ဆုံးအနေနဲ့ အပြစ်ဒဏ် ပေးလိုက်တဲ့အခါကျတော့ ကူညီနိုင်တဲ့ အခွင့်အရေးမရှိတော့ဘူး၊ အဲဒီ လိုအခါမှာ ဒီဥပေက္ခာနဲ့သာ အညီအမျှ နှလုံးသွင်းသင့်တော့တယ်၊ အပြစ်ဒဏ်ခံရတဲ့သူဘက်ကလိုက်ပြီး တခြားသူတွေကို အပြစ်တင်မနေသင့်တော့ဘူး၊ သူ့ကံအတိုင်းလို့သာ မျှတစွာ နှလုံးသွင်း သင့်

တော့တယ်၊ ယခု လောလောဆယ်မှာ အပြစ်မရှိဘူးလို့ ထင်ပေမဲ့ ရှေးကပြုလုပ်ထားတဲ့ အပြစ်ရှိလို့သာ ခံရတာဘဲလို့ ဒီလိုသာ တရားမျှတစွာ နှလုံးသွင်းသင့်တော့တယ်၊အဲဒါဟာ ဥပေက္ခာဘဲ။ ဒါကြောင့် ဒီဥပေက္ခာကိုလဲ အခါအားလျော်စွာ ကျင့်သုံးသင့်ပါတယ်။

ဒီတော့ ဗြဟ္မစိုရ်တရား ၄-ပါးကို လူတိုင်း ကျင့်သုံးသင့်တယ်ဆိုတာကတော့ ထင်ရှားပါပြီ။ ယခု ကျင့်သုံးပုံကို အကျဉ်းချုပ်ပြောမယ်။ ဒါပေမဲ့ ဒီကနေ့တော့ မေတ္တာတရားလောက်ဘဲ ပြောနိုင်မယ်။ မေတ္တာဆိုတာ ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာလို့ ဒီလို ၃-မျိုးရှိတယ်၊ ခုနက ပြောခဲ့တဲ့အတိုင်း ကိုယ်ချင်းစာတရားနဲ့ သူတပါးအား ချမ်းသာအောင်လို့ သူ့အကျိုးကို ကိုယ်ထိလက်ရောက် ကူညီဆောင်ရွက်ပေးတာဟာ မေတ္တာ ကာယကံပါဘဲ။ သူများနားချမ်းသာအောင် ပြောဆိုတာ ချမ်းသာပါစေလို့ ရွတ်ဆိုပြီး မေတ္တာပို့တာ သူ့အကျိုးကိစ္စပြီးမြောက်အောင် ညွှန်ကြားတာ နှုတ်နဲ့ စီမံဆောင်ရွက်ပေးတာ ဒါတွေဟာ ဝစီကံမေတ္တာပါဘဲ။ သူတပါးတွေကို ချမ်းသာကြပါစေလို့ စိတ်သက်သက်နဲ့ နှလုံးသွင်းနေတာဟာ မနောကံမေတ္တာပါဘဲ။ ဒီမနောကံမေတ္တာကိုတော့ အခါခပ်သိမ်း ပွါးများနိုင်ပါတယ်။

ဒီ မနောကံမေတ္တာကို ပွါးများတာကလဲ စျာန်ရအောင် ပွါးများတာရယ်၊ ဘေးကင်း ရန်ကင်း ပါရမီဖြစ် ကုသိုလ်ဖြစ် ပွါးများတာရယ်-ဒီလိုနှစ်မျိုး ရှိပါတယ်။ စျာန်ရအောင် ပွါး

မျှားနည်းကိုတော့ ယခုလို တိုတောင်းတဲ့ အချိန်ကလေးမှာ ပြည့်စုံအောင် မပြောနိုင်ပါဘူး၊ ဒါကြောင့် ယခု ဘေးကင်း ရန်ကင်း ပါရမီဖြစ် ကုသိုလ်ဖြစ် ပွါးမျှားပုံကိုဘဲပြောမယ်။

တွေ့မြင်ရသမျှလူတွေကို အာရုံပြုပြီး "ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ"လို့ ဒီလိုလဲ ပွါးမျှားနိုင်ပါတယ်။ အမိ အဘ ဆရာသမားစသည်ကို အာရုံပြုပြီးတော့ ချမ်းသာကြပါစေ ချမ်းသာကြပါစေလို့ ဒီလိုလဲ ပွါးမျှားနိုင်ပါတယ်၊ ကိုယ် မေတ္တာပို့ချင်တဲ့လူတွေကို အာရုံပြုပြီးတော့ တို့အိမ်က လူတွေ ချမ်းသာကြပါစေ၊ တို့အရပ်က လူတွေ ချမ်းသာကြပါစေ၊ တို့မြို့က၊ တို့ရွာက လူတွေ ချမ်းသာကြပါစေ စသည်ဖြင့်လဲ ပွါးမျှားနိုင်ပါတယ်။ တဦးတယောက်ကို ဖြစ်စေ၊ အမျှားကို ဖြစ်စေ၊ အာရုံပြုပြီး ဒီလို တကြိမ်နှလုံးသွင်းလျှင် ပါရမီကုသိုလ် တကြိမ်ဖြစ်တယ်၊ ဆယ်ကြိမ်နှလုံးသွင်းလျှင် ဆယ်ကြိမ်ဖြစ်တယ်၊ အကြိမ်တရာနှလုံးသွင်းလျှင် အကြိမ်တရာဖြစ်တယ်၊ သွားရင်း လာရင်းလဲ ဒီမေတ္တာကို ပွါးမျှားနိုင်ပါတယ်။

ဒါပေမဲ့ အထူးသတိပြုဘို့ကတော့ ချမ်းသာကြပါစေလို့စိတ် နဲ့သာ မေတ္တာပွါးပြီးတော့ သူတပါးတွေ နားမချမ်းသာအောင် ဆင်းရဲဒုက္ခရောက်အောင် ပြောဆိုပြုလုပ်နေလျှင်တော့ အဲဒါဟာ မေတ္တာအစစ်မဖြစ်ဘူး၊ စိတ်နဲ့ချမ်းသာပါစေလို့ မေတ္တာပို့တဲ့ အတိုင်း ကိုယ်နဲ့ နှုတ်နဲ့ရော သူတပါးချမ်းသာအောင် တတ်နိုင် သမျှ ဆောင်ရွက်နိုင်မှ မေတ္တာအစစ် အောင်အောင်မြင်မြင် ဖြစ်တယ်လို့လဲ မှတ်ရမယ်။

ယခု ထိုထက်ကျယ်ပြန့်တဲ့ ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေဘ္ဘာ ပိုပုံကို အတိုချုံးပြီး ပြောဦးမယ်။

သဗ္ဗေ သတ္တာ၊ အာဟာရုံသော သတ္တဝါတွေ။ အဝေရာ-ဟောန္တု၊ ရန်ကင်းကြပါစေ။ ဒီလိုနှလုံးသွင်းတာက မေတ္တာတပါး၊အဗျာပဇ္ဇော ဟောန္တု၊စိတ်ဆင်းရဲကင်းကြပါစေ-ဒါကလဲ မေတ္တာတပါး။ (စိတ်ဆင်းရဲဆိုတာ စိတ်ညစ်တာ စိတ်ပူတာ ဝမ်းနဲတာ ကြောက်လန့်တာ ချစ်တဲ့သူတွေနဲ့ ကွဲနေရလို့ စိုးရိမ်ပူဆွေးနေတာ စီးပွါးဥစ္စာတွေ ဆုံးရှုံးပျက်စီးလို့ စိတ်နှလုံးထိခိုက်နေတာ-ဒီလိုဟာတွေပါဘဲ၊ အဲဒီလိုစိတ်ဆင်းရဲတွေ ကင်းကြပါစေလို့ ဆိုလိုပါတယ်။ အနီဃာဟောန္တု၊ ကိုယ်ဆင်းရဲကင်းကြပါစေ- ဒါကလဲ မေတ္တာတပါး။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေ-ဒါကလဲ မေတ္တာတပါး။ (သတ္တဝါတွေမှာ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နေကြရတာဟာ. အင်မတန် ဝန်လေးပါတယ်၊ ဒီခန္ဓာဝန်အတွက် စားဝတ်နေရေး ကျန်းမာရေး ပြည့်စုံအောင် ရှာကြံနေကြရတာဟာ အင်မတန် ဆင်းရဲပါဘယ်။ အဲဒီ ဆင်းရဲဒုက္ခတွေမှ ကင်းဝေးပြီး ချမ်းချမ်းသာသာနဲ့ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေလို့ ဆိုလိုပါတယ်)။ အဲ ယခု ပြောခဲ့တာတွေဟာ သတ္တဝါအာဟာရုံကို အာရုံပြုပြီး မေဂ္ဂာ ပွားပုံ ၄-ပါးတဲ့။

ထို့အတူဘဲ သဗ္ဗေ ပါဏာ၊ အာဟာရုံ အသက်ရှိသူတွေ။ သဗ္ဗေ ဘူတာ၊ အာဟာရုံ ထင်ရှားဖြစ်သူတွေ။ သဗ္ဗေ ပုဂ္ဂလာ၊

အားလုံး ပုဂ္ဂိုလ်တွေ။ သဗ္ဗေ အတ္တာဘာဝပရိယာပန္နာ၊ အားလုံး ခန္ဓာကိုယ် အတ္တဘော ရှိသူတွေ - ဆိုတဲ့ ဒီ ၄-ပုဒ်နဲ့လဲ ခုနက မေတ္တာပွားပုံ ၄-ပါးကို အသီးအသီးတဲ့ပြီး မေတ္တာပို့ရပါတယ်၊ ဒါကြောင့် မူလပုဒ်ငါးခုကို ခုနက မေတ္တာလေးလီနဲ့ မြောက်လိုက်လျှင် မေတ္တာပေါင်း ၂၀- ရပါတယ်၊ အဲဒါတွေဟာ သတ္တဝါ အားလုံးကိုချည်း ရည်ညွှန်းတဲ့အတွက် အနောဓိသ မေတ္တာခေါ်တယ်၊ အပိုင်းအခြား အကန့်အသတ်မရှိတဲ့ မေတ္တာလို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ သဗ္ဗာဋ္ဌတ္ထိယော၊ အားလုံးသော အမျိုးသမီးတွေ စသည်ဖြင့် ၂-ပိုင်းစီ ခွဲပြီး ပို့တာက ၄-ပုဒ်၊ ၃-ပိုင်းခွဲပြီး ပို့တာက ၃-ပုဒ်၊ ပေါင်း ၇-ပုဒ်ရှိသေးတယ်၊ အဲဒီ ၇-ပုဒ်ကိုလဲ အဝေရာ ဟောန္တု၊ ရန်ကင်းကြပါစေ-အစရှိတဲ့ မေတ္တာပွားပုံ လေးလီနဲ့ မြောက်လိုက်တော့ ၂၈-ရတယ်၊ အဲဒီ ၂၈-ပါးကတော့ အမျိုးသမီးသန့်သန့် အမျိုးသားသန့်သန့် စသည်ဖြင့် ပိုင်းခြားကန့်သတ်ပြီး ပို့တဲ့အတွက် သြဓိသ မေတ္တာလို့ ခေါ်တယ်၊ အဲဒီ သြဓိသ ၂၈-ပါးနဲ့ ခုနက အနောဓိသ ၂၀–ကို ပေါင်းလိုက်လျှင် မေတ္တာ ၄၈-ပါးရတယ်။

ထို့အတူ အရှေအရပ်က အားလုံးသတ္တဝါတွေ ရန်ကင်းကြပါစေ-စသည်ဖြင့် ပို့တာကလဲ ၄၈-ပါး၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေတောင်အရပ်၊ အနောက်မြောက်အရပ်၊ အရှေမြောက်အရပ်၊ အနောက်တောင်အရပ်၊ အောက်အရပ်၊ အထက်အရပ်တွေကလဲ နည်းတူဘဲ ၄၈-ပါး

စီရတယ်၊ ဒါကြောင့် အရပ်ဆယ်မျက်နှာမှာမေတ္တာ ၄၀၀-ရပါတယ်၊ အဲဒါတွေက အရပ်မျက်နှာနဲ့ ပိုင်းခြားပြီး ဖြန့်တဲ့အတွက် ဒီသာဖရဏမေတ္တာလို့ ခေါ်တယ်၊ အဲဒီ ၄၀၀-ထဲမှာ ခုနက အနောဓိသ သြဓိသ မေတ္တာ ၄၀-ပါးကို ပေါင်းထည့်လိုက်လျှင် ၅ ၂၀-သွယ် မေတ္တာဖြစ်တယ်၊ အဲဒီ ၅ ၂၀-သွယ် မေတ္တာ အရ ဘုန်းကြီးက ယခု အသံလွှင့်ရုံကနေပြီး မေတ္တာပို့မယ်၊ တရားနာနေကြတဲ့ မြေမာမက ပုဂ္ဂိုလ်တွေ အားလုံးကလဲ စိတ်နဲ့ လိုက်ပြီး မေတ္တာပို့ကြပါ။

အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး အသက်ရှိသူတွေ ဘေးရန် ကင်းကြပါစေ..... ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး ထင်ရှားဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ..... ရွက်ဆောင်နိုင်ကြပါစေ။

အားလုံးပုဂ္ဂိုလ်တွေ ဘေးရန် ကင်းကြပါစေ..... ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး ခန္ဓာကိုယ် အတွေ့ဘောရှိသူတွေ ဘေးရန်ကင်းကြပါစေ.....ရွက်ဆောင်နိုင်ကြပါစေ။

အဲဒါတွေက အနောဓိသ မေတ္တာ ၂၀-တဲ့။

အားလုံးအမျိုးသမီးတွေ ဘေးရန် ကင်းကြပါစေ .. .. ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး အမျိုးသားတွေ ဘေးရန်ကင်းကြပါစေ..... ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး အရိယာပုဂ္ဂိုလ်တွေ ဘေးရန် ကင်းကြပါစေ..... ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ..... ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး နတ်ဗြဟ္မာတွေ ဘေးရန် ကင်းကြပါစေ..... ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး လူတွေ ဘေးရန်ကင်းကြပါစေ..... ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ဘေးရန်ကင်းကြပါစေ၊ စိုတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဒါဏ္ဍကာ သြဒိသမေတ္တာ ၂၇-ပါးတဲ့။

ယခု အရှင်မှုက်နှာ ၁၀-ပါးနဲ့ မေတ္တာပို့ပုံကို အတိုချုံးပြီးပြောမယ်။

အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ။ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။ ရှေးနည်းတူ ၄၈-ပါး အပြည့်အစုံပို့ရမယ်။

အနောက်အရပ်က အားလုံး သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ နည်းတူ ၄၈-ပါးဘဲ။

ထို့အတူ မြောက်အရပ်က၊ တောင်အရပ်က၊ အရှေ့တောင်အရပ်က၊ အနောက်မြောက်အရပ်က၊ အရှေ့မြောက်အရပ်က၊ အနောက်တောင်အရပ်က၊ အောက်အရပ်က၊ အထက်အရပ်က၊ ၄၈-စီချည်းဘဲ။ အားလုံးပေါင်း ၅၂၈-သွယ် မေတ္တာဖြစ်ပါတယ်၊ အချိန်မရှိလို့ နားလည်ရုံမျှ ချုံးပြီးပြောလိုက်ရတယ်။

ယခု မြန်မာပြည်သူ ပြည်သားတွေကို အထူးမေတ္တာပို့ပြီး တရားသိမ်းတော့မယ်။ အားလုံးစိတ်နဲ့လိုက်ပြီး မေတ္တာပို့ကြပါ။

ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံးဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဗြဟ္မစိုရ်တရားတော် ပဌမပိုင်း ပြီး၏။

၁၃၂၇-ခု ဒုတိယဝါဆို လပြည့်နေ့တွင် မြန်မာနိုင်ငံ
အသံလွှင့်ဌာနမှ
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ဗြဟ္မစိုရ်တရားတော် (ဒုတိယပိုင်း)

ဒီကနေ့ ဟောမည့်တရားကတော့ လွန်ခဲ့တဲ့ ၁၃၂၇-ခုနှစ် ဝါခေါင်လပြည့်နေ့က ဟောခဲ့တဲ့ ဗြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါဘဲ၊ အလျင်ဟောခဲ့တာက ပဌမပိုင်း၊ ယခုဟောတာက ဒုတိယပိုင်းပေါ့၊ ပဌမပိုင်းမှာ မေတ္တာပွားပုံကို ဟောခဲ့တယ်၊ ယခု ဒုတိယပိုင်းမှာ ကရုဏာပွားပုံကို ဟောရမယ်။

ကရုဏာဆိုတာ ကိုယ့်အောက်ကလူတွေ ဒုက္ခရောက်နေရှာကြတဲ့သူတွေကို ကိုယ်ချင်းစာတရားနဲ့ သနားကြင်နာတဲ့ သဘောဘဲ—ဆိုတာကို ပဌမပိုင်းမှာ ပြောခဲ့ပြီ၊ ပါဠိနည်းနဲ့ ပြောရယင်တော့ ဆင်းရဲဒုက္ခ ရောက်နေတဲ့သူကို မြင်တွေ့ရ ကြားသိရတဲ့ အခါမှာသူတော်ကောင်းတွေ့ခဲ့ စိတ်နှလုံးကို တုန်လှုပ်စေတတ်လို့ ကရုဏာ မည်ပါတယ်တဲ့၊ ဟုတ်တယ်၊ သူဘော်ကောင်းတွေမှာ ဆင်းရဲဒုက္ခ ရောက်နေတဲ့သူကို မြင်တွေ့ရယင် ကြားသိရယင် ကိုယ်တိုင် ခံစားနေရသလိုဘဲ စိတ်နှလုံးမှာ ထိခိုက်ပြီး တုန်လှုပ်

တတ်ပါ၏တယ်၊ နိုင်ရာနိုင်ရာ တိရစ္ဆာန်အချင်းချင်း ညှဉ်းဆဲ သတ်ဖြတ်နေတာဘဲ ဖြစ်ဖြစ်၊ လူတွေက စကားမပြောနိုင် မကာ ကွယ်နိုင်ရှာကြတဲ့ တိရစ္ဆာန်တွေကို ညှဉ်းဆဲသတ်ဖြတ်နေတာဘဲ ဖြစ်ဖြစ်၊ လူလူချင်း နိုင်ရာနိုင်ရာ ညှဉ်းဆဲနှိပ်စက်နေတာဘဲ ဖြစ် ဖြစ်၊ သူ့အလိုလို တနည်းနည်းနဲ့ အတိဒုက္ခရောက်နေတာဘဲ ဖြစ် ဖြစ်မြင်တွေ့ရ ကြားသိရဲ့ယင် စိတ်နှလုံးမှာ ထိခိုက်တုန်လှုပ်တတ် ပါ၏တယ်၊ ဒီလို စိတ်နှလုံးမှာ ထိခိုက်တုန်လှုပ်ယင်လဲ အဲဒီလူကို သူတော်ကောင်းဘဲလို့ ဆုံးဖြတ်နိုင်ပါ၏တယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် ကျမ်းမှာ—

ပရဒုက္ခေ၊ သူတပါး၏ ဆင်းရဲသည်။ သတိ၊ ရှိလတ်သော်။ သာဓုနံ၊ သူကောင်းကောင်းတို့၏။ ဟဒယ ကမ္မနံ၊ နှလုံး၏ တုန်လှုပ်ခြင်းကို။ ကရောတိ၊ ပြုတတ်သောကြောင့်။ ကရုဏာ၊ ကရုဏာမည်၏—လို့ ဒီလို ပြဆိုထားပါ၏တယ်။

ကရုဏာရဲ့ သဘောလက္ခဏာကတော့ သူတပါးမှာ တွေ့ကြုံ ခံစားနေရတဲ့ ဆင်းရဲကို ပယ်ဖျောက်ချင်တဲ့ သဘောပါဘဲ၊ တတ်နိုင်တဲ့ ကိစ္စဆိုယင် အဲဒီ သူတပါးဆင်းရဲကို ပျောက်ကင်း အောင်လဲ သူက ကြောင့်ကြစိုက်တတ်တယ်၊ မတတ်နိုင်တဲ့ကိစ္စ ဖြစ်နေတောင်မှ အဲဒီ သူတပါးဆင်းရဲကို ပျောက်စေချင်နေတာ ဘဲ၊ ဒါကြောင့်-ပရဒုက္ခာ ပနယနာ ကာရပ္ပဝတ္ထိ လက္ခဏာ-- သူတပါး၏ဆင်းရဲကို ပယ်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်း သဘောလက္ခဏာရှိတယ်လို့ ပြဆိုထားပါ၏တယ်၊ ဒါကြောင့် အတိ ဒုက္ခရောက်နေတဲ့ သူကို တွေ့ရတဲ့အခါ သနားကြင်နာတတ်တဲ့

သူမှာ ဖြစ်မှုဖြစ်ရလေခြင်းလို့ စုတ်တသတ်သတ်နဲ့ သနားတဲ့ အမူအရာတွေ ထင်ရှား ပေါ်လာတတ်ပါတယ်။

ဒီကရုဏာအရာမှာ မြတ်စွာဘုရားရဲ့ ကရုဏာတော်ကတော့ အကြီးမားဆုံးပါဘဲ၊ မိမိ၏အကျိုးမဲ့ကို ပြုရုံမျှမကဘဲ မိမိအား သေရာသေကြောင်း ကြံစည်အားထုတ်နေတဲ့ အရှင်ဒေဝဒတ်ကိုတောင်မှ သားတော် ရာဟုလာနဲ့ ညီတူညီမျှ သနားတော်မူပါတယ်၊ တလောကလုံးမှာ ရှိသမျှသတ္တဝါတွေ အားလုံးကိုဘဲ ယခုမျက်မှောက်ဆင်းရဲလောက်သာမဟုတ်ဘဲသံသရာတလျှောက်လုံးမှာ တွေ့ကြုံသွားရမဲ့ ဆင်းရဲတွေပါ မြော်မြင်ပြီးတော့လဲ သနားတော်မူပါတယ်။

သနားတော် မူပုံကတော့ အချိန်ကာလတိုင်း ခဏတိုင်း သေဘေးရာဆီသို့ နီးကပ် နီးကပ် သွားနေကြရှာတယ် ဆိုတာကို မြင်တော်မူတဲ့အတွက် သတ်မည့်နွားကို သားသတ်ရုံဆီ မောင်းပို့နေသလိုလဲ မြင်ပြီး သနားတော်မူပါတယ်၊ ရာဇဝတ်ပြစ်မှုကို အကြီးအကျယ် ကျူးလွန်ထားတဲ့သူဟာ ရာဇဝတ်အပြစ်ဒဏ်ကို အကြီးအကျယ် ခံရရှာတော့မယ် ဆိုတာကို မြင်သလိုဘဲ သတ္တဝါတွေဟာ ညှဉ်းဆဲသတ်ဖြတ်ခြင်း, လုယက် ခိုးယူခြင်း အစရှိတဲ့ ဒုစရိုက်တွေကို ကျူးလွန် ထားကြတဲ့အတွက် မကြာခင်ဘဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာတွေဖြစ်ပြီး အတိဒုက္ခ ရောက်ရှာကြတော့မယ် ဆိုတာကိုမြင်တော်မူပြီးတော့လဲ သနားတော်မူပါတယ်။ အိုခြင်း, နာခြင်း, သေခြင်း အစရှိတဲ့ သံသရာ့ဆင်းရဲတွေနဲ့ တင်းကျမ်း

အတိ ပြည့်နေတဲ့ သံသရာခရီးခဲထဲမှာ ဆုံးခန်းရယ်လို့ မရှိပဲ တသွားတည်း သွားနေရှာကြတယ်လို့ မြင်တော်မူပြီးတော့လဲ သနားတော် မူပါတယ်။ ကယ်မည့်သူလဲ မရှိ, လွတ်ရက် လွတ်ခွင့်လဲ မရှိတဲ့ သံသရာ့နှောင်အိမ်ထဲမှာ အတဒုက္ခရောက်နေရှာကြတယ်လို့ မြင်တော်မူပြီးတော့လဲ သနားတော်မူတယ်။ ငါဘုရားမှာ သံသရာဆင်းရဲမှု လွတ်မြောက်ခဲ့ပြီ၊ သတ္တဝါတွေမှာ မလွတ်မြောက် ရှာကြသေး၊ ငါဘုရားမှ တပါးလဲ ကယ်တင်မည့်သူ မရှိပုံပါတကားလို့ မြင်တော်မူပြီးတော့လဲ သနားတော်မူပါတယ်။ ဒီနည်းဖြင့် အရာအထောင်မကတဲ့ အကြောင်းခြင်းရာဘွဲ့နဲ့ မြင်တော်မူပြီးတော့လဲ အားလုံးသော သတ္တဝါတွေကို သနားတော်မူပါတယ်။

အဲဒါတွေကို ထောက်ဆပြီးတော့ ဘုရားတပည့် ဖြစ်ကြတဲ့ ရဟန်းရှင်လူ မှန်သမျှဟာ ဒီ ကရုဏာတရားကိုလဲ ပွားများဘို့ သင့်လျော်ပါတယ်။ ယခုလို အကျယ်ချဲ့ပြီး ပြောရတာက ဘာကြောင့်လဲဆိုယင် မေတ္တာကို ပွားများရတယ် ဆိုတာတော့ အများအားဖြင့် သိကြ နားလည်ကြပါတယ်၊ ပွားလဲ ပွားများကြပါတယ်၊ ဒါပေမဲ့ ကရုဏာကိုတော့ ပွားများရမှန်း တယ်မသိကြဘူး၊ သိပင် သိသော်လဲ မေတ္တာကို ကျကျနန ပွားများတဲ့သူက အလွန်နည်းနေပါတယ်၊ ဒါကြောင့် ကရုဏာကိုလဲ မေတ္တာလိုဘဲ လေးလေးနက်နက် ပွားများသင့်တယ်ဆိုတာ သဘောပေါက်အောင်လို့ ယခုလို အကျယ်ချဲ့ပြီး ပြောရခြင်း ဖြစ်ပါတယ်။

ပွားများပုံကတော့ ဒီကရုဏာမှာလဲ မေတ္တာလိုဘဲ ကာယကံ ဝစီကံ, မနောကံ အားဖြင့် ၃-မျိုး ရှိပါတယ်။ ဒါကြောင့် သူ့အလိုလိုဘဲ ဖြစ်ဖြစ် သူတပါးက နှိပ်စက်လို့ဘဲ ဖြစ်ဖြစ် ဆင်းရဲဒုက္ခ ရောက်နေတဲ့သူကို တွေ့လို့ရှိယင် တတ်နိုင်သမျှ အကူအညီပေးပါ၊ ဥပမာ—မတော်တဆ ခြေချော်ပြီး လဲကျသွားတဲ့သူကို၊ တွေ့ရယင် ဖေးမပြီး ထူပေးပါ၊ ဆေးရှိလျှင် လူးလိမ်းပေးပါ၊ မသွားနိုင်ပဲ ဖြစ်နေယင် ဖေးမပြီး လိုက်ပို့ပေးပါ၊ မကျန်းမမာ ဖြစ်နေတဲ့သူကို တွေ့ရယင်လဲ နည်းတူဘဲ တတ်နိုင်သမျှ အကူအညီပေးပါ၊ နိုင်ထက်စီးနင်း ပြုလုပ်နေတာကို တွေ့ရယင်လဲ တတ်နိုင်ယင် စောင့်ရှောက် ကာကွယ်ပေးပါ။ ဒီနည်းဖြင့် တတ်နိုင်သမျှ ကိုယ်နဲ့အကူအညီပေးတာကို ကာယကံ ကရုဏာ ပွားများတယ်လို့ ဆိုရပါတယ်။

ပြီးတော့ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို အဲဒီ ဆင်းရဲမှုလွတ်မြောက်အောင်, သို့မဟုတ် သက်သာရာ ရအောင် တတ်နိုင်သမျှ နှုတ်နဲ့လဲ အကူအညီပေးရမယ်။ အဲဒီလို နှုတ်နဲ့ပြောပြီး စောင့်ရှောက်ကူညီတာကတော့ ဝစီကံ ကရုဏာကို ပွားများတာတဲ့။ ဒီဝစီကံကရုဏာကတော့ ကိုယ့်လက်အောက်က လူတွေနဲ့စပ်ပြီး ကျင့်သုံးဘို့ရာ အလွန် အရေးကြီးပါတယ်။ ဘယ်လိုလဲဆိုယင် ဆင်းရဲဒုက္ခရောက်နေတဲ့လူက အကူအညီတောင်းလာယင် အသနားခံလာယင်တော်နိုင်သမျှစီမံညွှန်ကြားပေးရမယ်၊ ဘာမျှမတတ်နိုင်တဲ့ကိစ္စ ဖြစ်နေတောင်မှ ကရုဏာသက်တဲ့ စကားနဲ့ အားပေးပြောဆိုရမယ်၊ ဒါဟာ အင်မတန် အရေးကြီးပါတယ်၊ တချို

ကတော့ ဒီလို အသနားခံလာတဲ့သူကို, အကူအညီ တောင်းလာတဲ့သူကို ဟိန်းဟောက်ခေါက်ငန်းပြီး လွှတ်လိုက်တတ်တယ်၊ အဲဒါကတော့ ကရုဏာကင်းမဲ့ရုံတွင် မကပဲ မေတ္တာပါ ခန်းခြောက်နေတယ်ဆိုတာကို ဖော်ပြတဲ့ သဘောပါဘဲ။

ဒီနေရာမှာ ကရုဏာပွားပြီး သနားနေရာက ဒေါသဖြစ်မှုန်းမယ်ဖြစ်ပြီး ပါဏာတိပါဘက် အစရှိတဲ့ အပြစ်ကြီးများဖြစ်တတ်တယ်ဆိုတာကိုလဲ သတိပေး ပြောကြားချင်သေးတယ်။ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းပျက်စီးသွားလို့ဘဲ ဖြစ်ဖြစ်, ရောဂါဝေဒနာ အသည်းအသန် နှိပ်စက်လို့ဘဲဖြစ်ဖြစ် အတိဒုက္ခရောက်နေတဲ့သူကို တွေ့ရယင် သနားပြီးတော့ မြန်မြန်သေသွားတာက ကောင်းတယ်လို့ ထင်တတ်ကြတယ်၊ အဲဒီလိုထင်ဘဲ့အတိုင်း မြန်မြန်သေအောင် ညှဉ်ကြားတိုက်တွန်းလို့ဘဲ ဖြစ်စေ၊ ကိုယ်တိုင်ပြုလုပ်လို့ ဖြစ်စေ ရိုးရိုးသေချိန်ထက် စောပြီးသေသွားယင် ညှဉ်ကြားတိုက်တွန်းဘဲ့သူ ပြုလုပ်တဲ့သူမှာ ပါဏာတိပါတက် ထိုက်တယ်၊ အဲဒီလိုညှဉ်ကြားစေခိုင်းလို့ မိဘဖြစ်သူ သေသွားယင် ညှဉ်ကြားစေခိုင်းတဲ့ သားသမီးမှာ မာတုဃာတကကံ ပိတုဃာတကကံ ထိုက်တယ်၊ ရဟန်း၏ ညှဉ်ကြားချက်အရနဲ့ လူသားဖြစ်တဲ့ ပုဂ္ဂိုလ်သေသွားယင် အဲဒီရဟန်းမှာ ပါရာဇိကအာပတ်သင့်တယ်ဆိုတဲ့ အကြောင်း ဝိနည်းပါဠိတော်မှာ ထင်ရှားရှိတယ်၊ အဲဒါဟာ အင်မတန်သတိပြုဘို့ ကောင်းပါတယ်။

မနောကံ ကရုဏာပွားများပုံကတော့ စျာန်ရအောင် ပွားများတာလဲရှိတယ်၊ လောကဝတ္ထုရားအရ ပွားများတာလဲရှိတယ်,

ပါရမီဖြစ် ကုသိုလ်ဖြစ်ပွားမျှားတာလဲရှိတယ်၊ ဒီ ၃-မျိုးထဲမှာ စျာန်ရအောင် ပွားမျှားနည်းကိုတော့ ယခုလိုအချိန်အနည်းငယ် အတွင်းမှာ ပြောလို့ မပြည့်စုံနိုင်ပါဘူး၊ ဒါကြောင့် လောကဝတ္ထုရုးအရနဲ့ ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားမျှားပုံကိုပဲ ပြောပါမယ်။

လောကဝတ္ထုရုးအရကတော့ မိဘနဲ့ သားသမီး ဆရာနဲ့ တပည့်တို့ အချင်းချင်း အရေးအကြောင်းရှိတဲ့အခါ သနားကြင်နာစိတ် ဖြစ်ကြသလိုဘဲ ကိုယ့်လက်အောက်က လူတွေ အင်အားနဲ့တဲ့ သူတွေနဲ့စပ်ပြီး အဲဒီပုဂ္ဂိုလ်တွေမှာ တွေ့ကြုံနေရတဲ့ ဆင်းရဲတွေကြုံရမည့် ဆင်းရဲတွေမှ လွတ်မြောက်အောင် ဘယ်ပုံ ဘယ်နည်းစီမံပေးရမယ်၊ စသည်ဖြင့် ကြံစည်စဉ်းစားနေတာတွေ ဟာ လောကဝတ္ထုရုးနဲ့ စပ်ဆိုင်တဲ့ မနောကံကရုဏာတွေပါဘဲ။

ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားမျှားပုံကတော့ ရေဂါဝေဒနာ ဖြစ်ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့ သူကိုဘဲ ဖြစ်ဖြစ်၊ ဘေးရန် အန္တရာယ်ကြောင့် ဒုက္ခရောက်နေတဲ့သူကိုဘဲဖြစ်ဖြစ်၊ ချစ်ခင်တဲ့ သူတွေနဲ့ သေကဲ့ ရှင်ကဲ့ ကဲလို့ ဒုက္ခရောက်နေတဲ့သူကိုဘဲဖြစ်ဖြစ်။ ပစ္စည်းဥစ္စာတွေ ပျက်စီးလို့ ဒုက္ခရောက်နေတဲ့သူကိုဘဲ ဖြစ်ဖြစ်၊ စားရမဲ့ ဝတ်ရမဲ့ ဒုက္ခရောက်နေတဲ့သူကိုဘဲဖြစ်ဖြစ်၊ အဲဒီလို ဒုက္ခရောက်နေတဲ့သူကို အာရုံပြုပြီး သူ့မှာတွေ့ကြုံနေရတဲ့ ဆင်းရဲမှ လွတ်မြောက်ပါစေ ဆင်းရဲမှ လွတ်မြောက်ပါစေလို့ အဖန်ဖန် နှလုံးသွင်း ပွားမျှားနေရတယ်။ တမိနစ်လောက် နှလုံးသွင်း ပွား

မျှားနေယင် အဲဒီတမိနစ်အတွင်းမှာ ကရုဏာဘာဝနာ ကုသိုလ်တွေဖြစ်တယ်။ ဆယ်မိနစ်လောက် ပွားမျှားနေယင် ဆယ်မိနစ်ပတ်လုံး ကရုဏာကုသိုလ်တွေ ဖြစ်တယ်၊ အဲဒါဟာ ဆင်းရဲဒုက္ခရောက်နေတဲ့သူတွေကို အာရုံပြုပြီး သွားလာရင်း လုပ်ကိုင်ရင်းလဲ ဆင်းရဲမှု လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှု လွတ်မြောက်ကြပါစေလို့ ပွားမျှားနိုင်ပါတယ်။ ပိုက်ဆံတပြားတချပ်မှ ၊ မကုန်ဘဲနဲ့ ဘေးရန်အန္တရာယ် ကင်းကြောင်းကောင်းမှုကုသိုလ်တွေ ဖြစ်ပွားပါတယ်။ အင်မတန် ကောင်းတဲ့အလုပ်ပါဘဲ။

အဌကထာမှာတော့ ယခု လောလောဆယ်မှာ ချမ်းသာကောင်းစားနေတဲ့ သူကိုလဲ အကုသိုလ်ကံမျှားတဲ့သူဆိုယင် မကြာခင်ဘဲ လူ့ဘဝက သေပြီးတော့ ငရဲ တိရစ္ဆာန် ပြိတ္တာဘုံတွေကို ရောက်ပြီး အလွန်ကြီးကျယ် မျှားပြားတဲ့ ဆင်းရဲတွေကို ခံစားရဘော့မယ်ဆိုတာ မြော်တွေးပြီး ကရုဏာ ပွားနိုင်တယ်လို့လဲ ပြဆိုထားပါတယ်၊ ပြီးတော့ မြတ်စွာဘုရားရဲ့ မဟာကရုဏာ ပွားနည်းအရဆိုယင် သံသရာဆင်းရဲနဲ့ မကင်းသေးတဲ့ သတ္တဝါအားလုံးကိုလဲ အာရုံပြုပြီး ကရုဏာပွားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုယင် သံသရာထဲမှာ ကျင်လည်နေကြရတဲ့ သတ္တဝါဟူသမျှဟာ လုံးဝဆင်းရဲကင်းတဲ့လူရယ်လို့ မရှိပါဘူး၊ အနည်းနဲ့အမျှားအငယ်နဲ့ အကြီးလောက်သာ ကွာခြားပါတယ်၊ ဆင်းရဲတွေကတော့ ကိုယ်စီကိုယ်၌ အဲ့သီးအသီး ရှိနေကြတာချည်းဘဲ၊ ယခုလောလောဆယ်မှာ မရှိဘူးဆိုတောင်မှ နောင်အခါတွေ့ကြုံရမဲ့ ဆင်းရဲတွေကတော့ ရှိနေတာဘဲ။ ဒါကြောင့် အဲဒီလို ဆင်းရဲ

တွေကို အာရုံပြုပြီးတော့ ဆင်းရဲမှု လွတ်မြောက်ကြပါစေလို့ ဒီလိုလဲ ကရုဏာကို ပွားများနိုင်ပါတယ်။

ယခု ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြဆိုထားတဲ့နည်းအရ သဗ္ဗသတ္တာ ဒုက္ခာ မုစ္စန္တု-စသည်ဖြင့် အနောဓိသ ကရုဏာ သြဓိသကရုဏာ ပွားပုံတွေကို ဘုန်းကြီးက ရှင်းဆိုပြီး ကရုဏာပွားမယ်။ တရားနာနေကြတဲ့ ဓမ္မမာမက ပုဂ္ဂိုလ်တွေ အားလုံးကလဲ စိတ်နဲ့လိုက်ပြီး ကရုဏာပွားကြပါ။

အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။

အားလုံး အသက်ရှိသူတွေ .....
အားလုံး ထင်ရှားဖြစ်သူတွေ... .....
အားလုံး ပုဂ္ဂိုလ်တွေ.....
အားလုံး ခန္ဓာကိုယ်အတွင်းဘောရှိသူတွေ.....

ဒါက-အနောဓိသ ကရုဏာ ၅-ပါးတဲ့။

အားလုံး အမျိုးသမီးတွေ .....
အားလုံး အမျိုးသားတွေ.....
အားလုံး အ'ရိယာပုဂ္ဂိုလ်တွေ.....
အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ....
အားလုံး နတ်ဗြဟ္မာတွေ ....
အားလုံး လူသားတွေ ....

အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ....ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။ဒါက သြဓိသ ကရုဏာ ၇-ပါးတဲ့။ ခုနက ၅-ပါးနဲ့ပေါင်းလိုက်ယင် ကရုဏာ ၁၂-ပါးဖြစ်ပါတယ်။

ဒီနည်းအတိုင်းဘဲ အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ — စသည်ဖြင့် အရှေ့၊ အနောက်၊ မြောက်၊ တောင်၊ ထောင့်အရပ် ၄-ခု၊ အောက်အရပ် အထက်အရပ်ဆိုတဲ့ အရပ်ဆယ်မျက်နှာမှာလဲ ကရုဏာ ၁၂-ပါးစီ ဖြစ်ပါတယ်၊ အရပ်ဆယ်မျက်နှာမှာ ၁၂-ပါးစီဆိုတော့၊ ကရုဏာပေါင်း ၁၂၀-ဖြစ်ပါတယ်။ အဲဒီ ၁၂၀-ကတော့ အရပ်မျက်နှာနဲ့ ဖြစ်တာမို့ ဒီသာဖရုဏ ကရုဏာလို့ ခေါ်ပါတယ်။ ပဌမ ပွားခဲ့တဲ့ အနောဓိသ, သြဓိသကရုဏာ ၁၂-ပါးနဲ့ပေါင်းလိုက်ယင် ကရုဏာပေါင်း ၁၃၂-ပါးဖြစ်ပါတယ်။ အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြထားတဲ့ မေတ္တာပွားနည်းအရ ကရုဏာပွားပုံတွေပါဘဲ။ ယခု ပရိတ်ကြီးထဲမှာပါတဲ့ ဂါထာနဲ့ ရှုတ်ဆိုပြီး ကရုဏာ ပွားလိုက်ဦးမယ်၊ အားလုံးကလဲ စိတ်နဲ့လိုက်ပြီး ကရုဏာ ပွားကြပါ။

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ၊ ဆင်းရဲဒုက္ခ ရောက်၍ နေကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော စ၊ သတ္တဝါတို့သည်

လည်း နိဒ္ဒုက္ခာ၊ဆင်းရဲကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဘယပ္ပတ္တာ၊ ဘေးဒဏ်သင့်၍ နေကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော စ၊ သတ္တဝါတို့သည်လည်း။ နိဗ္ဗယာ၊ ဘေးဒဏ်ကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။သောကပ္ပတ္တာ၊ စိုးရိမ်ပူဆွေးခြင်းသို့ ရောက်၍ နေကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော စ၊ သတ္တဝါတို့သည်လည်း။ နိသောကာ၊ စိုးရိမ်ကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

ဗြဟ္မစိုရ်တရားတော် ဒုတိယပိုင်း ပြီး၏။

၁၃၂၉-ခု တော်သလင်းလပြည့်နေ့တွင် မြန်မာနိုင်ငံ
အသံလွှင့်ဌာနမှ
ကျေးဂူးရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ဗြဟ္မစိုရ်တရားတော် (တတိယပိုင်း)

ဒီကနေ့ ဟောမည့်တရားကတော့ လွန်ခဲ့တဲ့ ၁၃၂၈-ခုနှစ်။ ဒုတိယ ဝါဆိုလပြည့်နေ့က ဟောခဲ့တဲ့ ဗြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါဘဲ၊ အဲဒီနှစ်က ဟောခဲ့တာက ဒုတိယပိုင်း၊ ယခုနှစ် ဟောမှာက တတိယပိုင်းပေါ့၊ ဒုတိယပိုင်းမှာ ကရုဏာပွားပုံကို ဟောခဲ့တယ်၊ ယခု တတိယပိုင်းမှာ မုဒိတာပွားပုံကို ဟောရမယ်။

မုဒိတာဆိုတာ ကိုယ့်အထက်က လူတွေ ကိုယ့်ထက်ပြည့်စုံတဲ့ ချမ်းသာတဲ့လူတွေကို ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက်ဝမ်းသာနဲ့ နှလုံးသွင်းနိုင်တဲ့ သဘောဘဲဆိုတာကို ပဌမပိုင်းမှာ ပြောခဲ့ပါပြီ၊ အဲဒီမှာ ကိုယ့်ထက်သာတဲ့သူတွေကို ထုတ်ပြရတာကတော့ မေတ္တာ ကရုဏာတို့နှင့် နှိုင်းယှဉ်ပြီး မုဒိတာဖြစ်ပွားစေဘို့ လွယ်ကူတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ အထူးထုတ်ပြခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ဗြဟ္မစိုရ်တရားဆိုတာ ပုဂ္ဂိုလ်မရွေးပဲ

အားလုံးသော သတ္တဝါတွေမှာ ပွားများသင့်တဲ့တရား ဖြစ်ပါတယ်၊ ဒါကြောင့် ကိုယ်နဲ့တန်းတူတဲ့ ပုဂ္ဂိုလ်တွေရော ကိုယ့်အောက် ပုဂ္ဂိုလ်တွေရော အဲဒါတွေကို အာရုံပြုပြီး မုဒိတာကို ပွားနိုင်ပါတယ်၊ ဒါပေမဲ့ စစချင်းဆိုယင်တော့ ကိုယ့်အောက်က ပုဂ္ဂိုလ်တွေကို စဉ်းစား ကြည့်လိုက်ယင် ဝမ်းမြောက်ဘို့ထက် သနားဘို့က သာပြီးနီးစပ်နေပါတယ်၊တန်းတူပုဂ္ဂိုလ်တွေအတွက် ဆိုယင်လဲ မေတ္တာပွားဘို့က ပိုပြီးနီးစပ်နေပါတယ်။ ဒါကြောင့် ပဌမပိုင်းတုန်းက သရုပ်ခဲ့ပြခဲ့ရာမှာ ကိုယ့်ထက်သာတဲ့ သူတွေကို သာ မုဒိတာ ပွားစရာ ဝမ်းမြောက်စရာ ပုဂ္ဂိုလ်အဖြစ်နဲ့ ထုတ်ပြခဲ့ခြင်းဖြစ်ပါတယ်။

ဒါပေမဲ့ ကိုယ့်ထက်သာ မနာလိုဆိုတဲ့ စကားပုံအတိုင်းအများအားဖြင့် သတ္တဝါတွေမှာ ကိုယ့်ထက်သာတာကို မြင်ရ ကြားရသိရယင် မျက်မှန်းကျိုးမှု မနာလိုမှုက ဖြစ်တတ်တယ်၊ အဲဒီမနာလိုမှုဟာ မုဒိတာရဲ့ ဆန့်ကျင်ဘက်ရန်သူဘဲ၊ ဒီမနာလိုမှုဟာ ဘာမှအကျိုးမခံစားရဘဲနဲ့ သက်သက် အကုသိုလ်ပွားတဲ့သဘောပါဘဲ၊ သူက မျက်မှောက်ဘဝမှာလဲ မကောင်းကျိုးတွေကို ပေးတတ်တယ်၊နောင်တမလွန်မှာလဲ အပါယ်ဆင်းရဲ သံသရာဆင်းရဲတွေကို ပေးတတ်တယ်။ အဲဒါကို ပုံစံထုတ်ပြရယင်—

(၁) ရှေးတုန်းက ဘုရင်တပါးကို ရေချိုးပြီးခါစမှာ မောင်းမငယ်တယောက်က သူ့လက်ကို မီးအိုးကင်းမှာ ကင်ပြီးတော့ အဲဒီလက်နဲ့ ပုတ်တိုက်ဆုပ်နယ်ပြီး ပြုစုနေသတဲ့၊ အဲဒါကို မိဖုရားကြီးက မနာလိုတဲ့အတွက် အဲဒီ မောင်းမရဲ့ ကိုယ်ပေါ်မှာ

မီးအိုးကင်းထဲက မီးကျီးတွေနဲ့ လောင်းချလိုက်တယ်၊ အဲဒီ မကောင်းမှုကြောင့် အဲဒီ မိဖုရားကြီးဟာ ငရဲမှာကျရောက်ပြီး အနှစ်သိန်းပေါင်းများစွာ ဒုက္ခခံရပြီးတဲ့နောက် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကူဋ်တောင်မှာ ရဲရဲတောက်နေတဲ့မီးကျီးတွေနဲ့အလောင်ခံနေရတဲ့ ပြိတ္တာမကြီး ဖြစ်နေရရှာတယ်။

(၂) နောက်ပြီးတော့ ကဿပ မြတ်စွာဘုရား လက်ထက်တော်က ရဟန်းတပါးဟာလဲ ရဟန္တာတပါးကို မနာလို ပြစ်မှားခဲ့တဲ့ အကုသိုလ်ကံကြောင့် ငရဲမှာ ကျရောက်ပြီးတဲ့နောက် ယခုဂေါတမမြတ်စွာဘုရားလက်ထက်မှာ လောသကတိဿဆိုတဲ့ လူဖြစ်လာပြီး အကြီးအကျယ် ဒုက္ခရောက်ရရှာတယ်၊ အဲဒီ လောသ-ကတိဿ ပဋိသန္ဓေနေကတဲက သူ့မိဘတွေနဲ့တကွ တရွာလုံးဟာ မီးဘေး မင်းဘေး ငတ်မွတ်ခေါင်းပါးတဲ့ ဘေးတွေ သင့်ကြရတယ်၊ ဒါနဲ့ ရွာကို နှစ်ပိုင်းခွဲလိုက်တယ်၊ အဲဒီအခါ ကျတော့လဲ သူပါတဲ့အပိုင်းမှာ ဒုက္ခရောက်ကြရပြန်တယ်၊ဒါကြောင့်နောက်လဲ ထပ်ခါထပ်ခါ ရွာကိုခွဲကြရပြန်တယ်၊ ခွဲတိုင်း ခွဲတိုင်း သူပါတဲ့ အပိုင်းမှာ ဒုက္ခရောက်ရတာချည်းဘဲ၊ နောက်ဆုံးကျတော့ သူ့မိဘတအိမ်ထဲ တပိုင်းဖြစ်သွားတယ်၊ အဲဒီ အခါမှာလဲ သူတို့တအိမ်ထဲ ဒုက္ခရောက်ကြရတယ်။ ဒါကြောင့် လောသကတိဿ စကားပြောနိုင် သွားလာနိုင်တဲ့ အခါကျတော့ မိဘတွေကလဲ သူ့ကို စွန့်ပစ်ပြီး သင့်တော်ရာ အလုတ် ထွက်သွားကြတယ်၊ လောသကတိဿလဲ ခွက်ကလေးတခုနဲ့ ရောက်တတ်ရာရာ သွားပြီး တောင်းရမ်း စားနေရရှာတယ်၊ တနေ့မှ ဝဝလင်လင်

စားရဘယ်လို့ မရှိဘူးတဲ့။ နောက်တချိန်မှာ အရှင်သာရိပုတ္တြာက သူ့ကိုသနားလို့ ရှင်ရဟန်း ပြုပေးတားတယ်၊ ရှင်ရဟန်းဖြစ်တဲ့ အခါလဲ သူ့မှာ ဝဝလင်လင် စားသောက်လောက်အောင် ဆွမ်း မရရှာဘူးတဲ့၊ သူနဲ့ အတူတူ ဆွမ်းခံသွားယင် အခြားရဟန်းတော် တွေတောင် ဆွမ်း ကောင်းကောင်း မရကြဘူးဘဲ့၊ နောက်ဆုံး ပရိနိဗ္ဗာန်ပြုမည့် နေ့မှာတောင် အရှင်သာရိပုတ္တြာက သူ့ဆီ အပ်ုခိုင်းလိုက်တဲ့ ဆွမ်းဟာ သူ့ဆီ မရောက်ဘူး၊ သူ့ကို အမှတ် မရဘဲ လမ်းတွင် စားပစ်လိုက်တယ်၊ အရှင်သာရိပုတ္တြာက လာပြီး မေးမှ ဆွမ်းမစားရသေးမှန်း သိရတာနဲ့ သံဃာ ဂဖြစ်တော်မူ ရဘယ်၊ အချိန်ကလဲ နေမွန်းလွဲနေတာနဲ့ စတုမဟူဆွမ်းကို ခံယူ လာပြီး အရှင်လောသကတိဿကို ကျွေးရတယ်၊ ဒါတောင် သူ့လက်ထဲ ပေးလိုက်ယင် ကွယ်ပျောက်သွားမှာစိုးလို့ အရှင် သာရိပုတ္တြာ လက်ထဲကဘဲ ယူစားစေတယ်၊ သူ့တဘဝလုံးမှာ အဲဒီ တနေ့ဘဲ ဝဝလင်လင် ဘုဉ်းပေး သုံးဆောင်ရသတဲ့၊ အဲဒီ နေ့မှာဘဲ ပရိနိဗ္ဗာန် စံတော်မူရတယ်၊ ဣဿာ ဆိုတဲ့ မနာလိုမှု ဟာ ပရိနိဗ္ဗာန်စံမည့်နေ့ထိအောင် လိုက်ပြီး မကောင်းကျိုးပေး တယ်ဆိုတော့ အင်မတန်ကို ကြောက်စရာကောင်းပါတယ်။

(၃) ဘုရားလက်ထက်တော် ကာလက ကောသမ္မီပြည်မှာ ဃောသကဆိုတဲ့ ကျောင်းဒကာ သူဌေးတဦး ရှိခဲ့တယ်၊ ငယ်စဉ် တုန်းက သူ့ကို မွေးစားတဲ့ အဘသူဌေးကြီးက သားရင်းကလေး ရလာဘဲ့အခါ ဃောသက သူငယ်ကို မလိုလားဘာနဲ့ ဖ-ကြိမ် ဘိုင်တိုင် သေဘုဝေကြောင်း ကြံစည်ပြုလုပ်တယ်၊ ဒါပေမဲ့

သေကံမရောက် သက်မပျောက် ဆိုတာလိုဘဲ သူ့မှာ သေဘိုရာ ကံက မပါတဲ့အတွက် သေဘေးမှ လွတ်ခဲ့တယ်၊ အဲဒီဖ-ကြိမ်ထဲမှာ တကြိမ်ကတော့ အိုးဖုတ်တဲ့ ဖိုကြီးထဲမှာထည့်ပြီး မီးဖုတ်လိုက်ဖို့ အိုးထိန်းသည်ထံ ဃောသက သူငယ်ကို စေလွှတ်လိုက်တယ်၊ လမ်းခုလပ်မှာ သူ့ဌေးကြီးရဲ့သား အရင်းက ဂုံညင်းထိုးကစားရာမှာ ရှုံးနေလို့ သူ့အစ်ကို ဃောသကကို ကူညီပြီး ကစားပေးဘို့ တောင်းပန်တယ်၊ ဘခင်က အိုးထိန်းသည်ထံ စေလွှတ်လိုက်တဲ့အကြောင်း ပြောတော့ အဲဒီ သူဌေးသားအရင်းက ဂုံညင်းသာ နိုင်အောင်ထိုးရစ်ပါ၊ သူသွားပေးပါမယ်ဆိုပြီး အိုးထိန်းသည်ထံ သွားတယ်၊ အိုးထိန်းသည်ကလဲ အဲဒီ သူငယ်ကို ဃောသကဘဲလို့ထင်ပြီး သူဌေးကြီးရဲ့ အမိန့်အတိုင်း အိုးဖိုထဲထည့်ပြီး မီးဖုတ်လိုက်တယ်၊ အဲဒီအကြောင်းကို သူဌေးကြီး သိရတဲ့အခါ အလွန်အကဲ စိတ်ဆင်းရဲဒုက္ခ ရောက်ရရှာတယ်၊ စိတ်နှလုံးပူပန်ပြီး ရောဂါဝေဒနာ အကြီးအကျယ်စွဲကပ်ခံရတယ်၊ အဲဒီရောဂါနဲ့ဘဲ နောက်ဆုံးမှာ သေသွားရရှာတယ်၊ ဒါလဲ မနာလိုမှုရဲ့ မကောင်းကျိုးဘဲ။

ဒါကြောင့် "သူများမနာလို ကိုယ်အကျိုးမရှိ" လို့ ပြောစမှတ်ပြုကြတယ်၊ တခါကဘုန်းကြီးကျောင်းတခုမှာ ဘိုးသူတော်တပယောက်ရှိသတဲ့၊ အဲဒီ ဘိုးသူတော်က "သူများမနာလို ကိုယ်အကျိုးမရှိ" ဆိုတဲ့ ဒီစကားပုံကလေးကို မကြာခဏ ရွတ်ဆိုပြီး တရား နှလုံးသွင်းနေသတဲ့၊ အဲဒီကျောင်းမှာ ကိုးကွယ်ပြီး သွားလာဝင်ထွက်နေတဲ့ ဒကာမကြီးဘယောက်က ဘိုးသူတော်ရွတ်ဆို

နေတဲ့ စကားကို ခဏခဏ ကြားရတော့ သူ့စောင်းပြီး ရွတ်ဆိုနေတယ်လို့ထင်ပြီး ဘိုးသူတော်အပေါ်မှာ ရန်ငြိုးဖွဲ့သွားသတဲ့၊ ဒါနဲ့ ဒီဒကာမကြီးက မုံထဲမှာ အဆိပ်ထည့်ပြီး ဘိုးသူတော်ကို လှူသတဲ့၊ ဘိုးသူတော်ကလဲ မရစဖူး အထူးရတဲ့မုံဘဲလို့ အလေးအမြတ်ပြုပြီး ဘုရားမှာ ဆွမ်းတော်ကပ်လိုက်သတဲ့၊ မုံလှူတဲ့ ဒကာမကြီးရဲ့သားကလဲ အဲဒီကျောင်းမှာ ကျောင်းသားအဖြစ်နဲ့ နေတဲ့အတွက် အဲဒီ ကျောင်းသားက ဆွမ်းတော်တင်ထားတဲ့ အဲဒီမုံကို ကောက်ပြီး စားမိလို့ အဆိပ်သင့်ပြီး သေရှာသတဲ့၊ ဒီတော့ မုံလှူတဲ့ ဒကာမကြီးက ဘိုးသူတော်မသေဘဲ သူ့သားသေနေတာကို တွေ့ရတဲ့အတွက်(သူမျှားမနာလို့ကိုယ်အကျိုးမရှိ) ဆိုတဲ့ ဘိုးသူတော် ကမ္မဋ္ဌာန်းကို သဘောပေါက်ပြီး "ဦးသူတော် ကမ္မဋ္ဌာန်း၊ ငါ့ကိုရမ်း၊ ဗျန်းဗျန်းကွဲလေပြီ"လို့ မြည်တမ်းငိုကြွေးရှာသတဲ့။

ယခု ပြောခဲ့တာတွေဟာ မုဒိတာကို ပွားစေမည့် ပုဂ္ဂိုလ်မှာ မုဒိတာရဲ့ ဆန့်ကျင်ဘက် ရန်သူဖြစ်တဲ့ ဣဿာဆိုတဲ့ မနာလိုမှုကို အပြစ်မြင်ပြီး မုဒိတာကို ပွားစေနိုင်ဘို့ သာဓကတွေပါဘဲ။

သူတပါး ကြီးပွားချမ်းသာတာကို ဝမ်းမြောက် ကြည်သာနိုင်တဲ့ မုဒိတာ တရားကတော့ အင်မတန် အေးချမ်းပါတယ်၊ ဝမ်းမြောက် ကြည်သာနေတုန်းလဲ စိတ်ထဲမှာ ချမ်းသာပါတယ်၊ မည်သူ့မှာ စီးပွားဥစ္စာတွေ တိုးတက်နေသတဲ့၊ လုပ်ငန်းတွေ အောင်မြင်နေသတဲ့၊ စာမေးပွဲ အောင်သတဲ့၊ ဘွဲ့ထူးရသတဲ့၊

ရုထူးတိုးသတဲ့ စသည်ဖြင့် ကြားရ တွေ့ရ သိရယင် "ကောင်းပါပေတယ်၊ ကောင်းပါပေတယ်၊ ကြီးပွားမြဲ ကြီးပွားပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ၊ ရထားတဲ့ ရုထူးဌာနန္တရနဲ့ တည်မြဲပါစေ" စသည်ဖြင့် ဝမ်းမြောက်ကြည်သာ သဘောတူတာဟာ မုဒိတာဘဲ၊ အင်မတန် ကြည်လင်အေးမြပါတယ်၊ ပိုက်ဆံ တပြားတချပ်မှ မကုန်ရဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ တသွင်သွင် ဖြစ်ပွားနေပါတယ်၊ သိပ် နေရာကျတာဘဲ။

ဒီမုဒိတာကို ပွားစေတဲ့အတွက် ကောင်းကျိုး ချမ်းသာကို မျက်မှောက်ဘဝမှာလဲ ရဘတ်ပါတယ်၊ နောင် တမလွန်မှာလဲ ရတတ်ပါတယ်။

(၁) မျက်မှောက်မှာ အကျိုးရပုံကတော့— အသဒိသဒါန ဝတ္ထုဖြင့် ထင်ရှားပါတယ်။ ပသေနဒိ ကောသလမင်းကြီးက တနေ့တည်းနဲ့ ၁၄-ကုဋေအကုန်ခံပြီး အသဒိသအလှူတော်ကြီးကို ပေးလှူတယ်လို့ ဆိုပါတယ်၊ အဲဒါကို ကာဋ္ဌဆိုတဲ့ အမတ်ကြီးက ဘဏ္ဍာတော်ငွေတွေ ၁၄-ကုဋေ အလဟာသပျက်စီးသွားတယ်လို့ ကဲ့ရဲ့ဝေဖန်တယ်၊ ဇုဏ္ဏဆိုတဲ့ အမတ်ကြီးကတော့ ပြည့်ရှင်မင်းမို့သာ ဒီလိုအလှူကြီးကို ပေးလှူနိုင်တာဘဲ၊ ငါလဲ ဒီလိုအလှူကြီးကို ပေးလှူချင်ပါဘိတော့တယ်လို့ ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာပြုတယ်၊ အဲဒီအကြောင်းကို ဘုရင်မင်းမြတ်က ကြားသိရတဲ့အခါ ကဲ့ရဲ့တဲ့ ကာဋ္ဌအမတ်ကြီးကို ပြည်နှင်ဒဏ် ပေးတယ်၊ အနုမောဒနာပြုတဲ့ ဇုဏ္ဏအမတ်ကြီးကို ၇-ရက်ပတ်

လုံး မင်းအဖြစ်ပေးပြီး မိမိလိုဘဲ အသဒိသ အလှကြီးကို ပေးလှူ စေသတဲ့၊ အဲဒါဟာ မုဒိတာရဲ့အကျိုးကို မျက်မှောက်ဘဝမှာ ရပုံ သာဓကပါဘဲ။

(၂) နောင် တမလွန်မှာ အကျိုးရပုံတွေကတော့ အလွန်ဘဲ များပါတယ်၊ ဘုရားလက်ထက်တော်တုန်းက အ မျိုး သ မီး တယောက်ဟာ ဝိသာခါရဲ့ကျောင်းအလှကို ဝမ်းမြောက် ဝမ်း သာ အနုမောဒနာ ပြုရုံသက်သက်နဲ့ တာဝတိံသာ နတ်ပြည်မှာ အင်မတန် ကြီးကျယ်တဲ့ နတ်ဘုံဗိမာန် အခြေအရံတွေနဲ့တကွ ဂုဏ်သိရ်ကြီးတဲ့ နတ်သမီးဖြစ်နေတယ်၊ နောက်ပြီးတော့ တချို လူတွေဟာ ကုသိုလ်ကံမရှိတဲ့အတွက် ပြိတ္တာဘဝရောက်ပြီး စား ရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့နဲ့ အတိဒုက္ခ ရောက်နေရာမှာ ဆွေမျိုး ညာတိ မိတ်သင်္ဂဟများက ဒါနကုသိုလ်ပြုပြီး အမျှပေးဝေတဲ့ အခါ သာဓုအောနုမောဒနာ ပြုကြတဲ့အတွက် နတ်စည်းစိမ်ချမ်း သာတွေကို ချက်ခြင်းဘဲ ရသွားကြတယ်၊ ဒါတွေဟာ ဒီနေရာမှာ သက်သေသာဓကတွေပါဘဲ။

အဲဒီလို ကုသိုလ်ရေးမှာသာ မဟုတ်သေးပါဘူး၊ လောက ရေးရာတွေမှာလဲ သူများကြီးပွားချမ်းသာတာကို ဝမ်းမြောက် ကြည်သာနိုင်တဲ့အတွက် နတ်ရှာသုဂတိကို ရောက်ရဘဲ့အပြင် လူ့ဘဝရောက်လာတဲ့အခါမှာလဲ သူများထက်အခြေအရံ ပေါ များပြီး ကြီးပွား ချမ်းသာရကြောင်းကို စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက အထင်အရှားဟောထားပါတယ်။

ဒါကြောင့် ဒီ မုဒိတာဘရားဟာ ကုသိုလ်ရေးနဲ့ စပ်ပြီးတော့ ဖြစ်ဖြစ်၊ လောကရေးနဲ့ စပ်ပြီးတော့ ဖြစ်ဖြစ် ပဋ္ဌားမျှားသင့်ကြောင်း အင်မတန် ထင်ရှားနေပါတယ်။

ပဋ္ဌားမျှားပုံကတော့ ဒီမုဒိတာမှာလဲ မေတ္တာ ကရုဏာတို့လိုဘဲ ကာယကံ ဝစီကံ မနောကံအားဖြင့် ၃-မျိုးရှိပါတယ်၊ ဒါကြောင့် ကြီးပွားချမ်းသာနေတဲ့သူကို ကြီးပွားမြဲ ကြီးပွားချမ်းသာ နေနိုင်အောင် ကိုယ်နဲ့အကူအညီပေးစရာအခွင့်ပေါ်လာယင် ကိုယ်နဲ့ အကူအညီပေးပါ၊ အဲဒါက ကာယကံ မုဒိတာတဲ့၊ နှုတ်နဲ့ အကူအညီပေးစရာရှိယင် စွမ်းနိုင်သမျှ ပြောဆိုပြီး အကူအညီပေးပါ၊ ဥပမာ—လူတယောက်မှာ ရာထူးဂုဏ်သိရှိ စည်းစိမ်ဥစ္စာ တည်မြဲရေးအတွက် မိမိက ဝင်ရောက်ပြီး ကူညီပြောဆိုပေးမှ ဖြစ်မည့်ကိစ္စဆိုလျှင် ကူညီပြောဆိုပေးပါ၊ လူတယောက်ကို အကြောင်းမဲ့ ဂုဏ်သိက္ခာကျအောင် ပြောဆိုနေတာကို ကြားရလျှင် စွမ်းနိုင်ပါက အမှန်ကို ရှင်းလင်းထုတ်ဖော်ပြီး ထိုသူရဲ့ ဂုဏ်သိက္ခာကို ထောက်ခံပြောဆိုပါ၊ ဒါကတော့ ဝစီကံ မုဒိတာတဲ့။

မနောကံ မုဒိတာပဋ္ဌားပုံကတော့ စျာန်ရအောင် ပဋ္ဌားမျှားတာလဲရှိတယ်၊ ပါရမီဖြစ် ကုသိုလ်ဖြစ် ပဋ္ဌားမျှားတာလဲရှိတယ်။ ဒီနှစ်မျိုးထဲက စျာန်ရအောင် ပဋ္ဌားမျှားနည်းကိုကတော့ ယခုလို အချိန်အနည်းငယ် အတွင်းမှာ ပြောလို့ မပြည့်စုံနိုင်ဘူး၊ ဒါကြောင့် ပါရမီဖြစ် ကုသိုလ်ဖြစ် ပဋ္ဌားမျှားပုံကိုပဲပြောမယ်။

ကြီးပွားချမ်းသာတဲ့ သူတွေကို မြင်တွေ့ရတိုင်း ကြားသိရတိုင်း "ဆုဘ်ယုတ်ခြင်းမရှိဘဲ ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်

ကြပါစေ၊ ကြီးပွားမြဲ ကြီးပွားကြပါစေ။ ချမ်းသာမြဲ ချမ်းသာ ကြပါစေလို့ နှလုံးသွင်း ပွားများရမယ်၊ အဲဒီလို တမိနစ်လောက် နှလုံးသွင်း ပွားများနေယင် အဲဒီ တမိနစ်လောက်အဘွင်းမှာ မုဒိတာ ဘာဝနာကုသိုလ်တွေ ဖြစ်တယ်။ ဆယ်မိနစ်လောက် နှလုံးသွင်း ပွားများနေယင် ဆယ်မိနစ်လောက် မုဒိတာဘာဝနာ ကုသိုလ်တွေဖြစ်တယ်၊ အဲဒါဟာ သွားရင်းလာရင်းလဲ တွေ့မြင်ရ ကြားသိရတဲ့ သူတွေကို အာရုံပြုပြီး နှလုံးသွင်း ပွားများနိုင်တယ်၊ စရိတ်စက မကုန်ဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ ဖြစ်ပွားတယ်။ အဲဒီလို နှလုံးသွင်းနိုင်တာကို ပြန်လည်စဉ်းစား ကြည့်ယင်လဲ အင်မတန် ဝမ်းသာစရာ ကောင်းတယ်၊ တကယ့်ကို ကောင်းတဲ့အလုပ်ပါဘဲ။

ယခု ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်က မေတ္တာဘာဝနာအရာမှာ ပြထားတဲ့ အနောဓိသ ၅-ပါး၊ သြဒိသ ၇-ပါး၊ ဒိသာဖရဏာ ၁၂၀-ကို့အရုန့် ဘုန်းကြီးရွတ်ဆိုပြီး မုဒိတာပွားမယ်၊ တရား နာနေကြတဲ့ ဓမ္မမာမက ပုဂ္ဂိုလ်တွေလဲ စိတ်နဲ့လိုက်ပြီး မုဒိတာ ပွားကြပါ။

အားလုံး သတ္တဝါတွေ ဆုတ်ယုတ်ခြင်းမရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး အသက်ရှိသူတွေ.....

အားလုံး ထင်ရှားဖြစ်သူတွေ.....

အားလုံး ပုဂ္ဂိုလ်တွေ.....

အားလုံးခန္ဓာကိုယ် အတွင်ဘော ရှိသူတွေ..... ဒါက ၊အနောဓိသ မုဒိတာ ၅-ပါးတဲ့။

အားလုံး အမျိုးသမီးတွေ .....

အားလုံး အမျိုးသားတွေ .....

အားလုံး အရိယာပုဂ္ဂိုလ်တွေ.....

အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ .....

အားလုံးနတ်ပြဟ္မာတွေ .....

အားလုံး လူသားတွေ..... .....

အားလုံးအပါယ်ဘုံသူ အပါယ်ဘုံသားတွေ.....ဒါက သြခိသမုဒိတာ ၇-ပါးတဲ့။ ခုနက ၅-ပါးနဲ့ ပေါင်းလိုက်ယင် မုဒိတာ ၁၂-ပါးဖြစ်ပါတယ်။

ဒီနည်းအတိုင်းဘဲ အရှေ့အရပ်က အားလုံးသတ္တဝါတွေ ''ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွား ချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ''စသည်ဖြင့် အရပ်ဆယ်မျက်နှာထဲက တမျက်နှာ တမျက်နှာမှာ.....မုဒိတာ ၁၂-ပါးစီဖြစ်ပါတယ်၊ အရပ် ဆယ်မျက်နှာလုံးမှာဆိုတော့ မုဒိတာပေါင်း ၁၂၀-ဖြစ်ပါတယ်၊ အဲဒီ ၁၂၀-ကတော့ အရပ်ဆယ်မျက်နှာနဲ့ ဖြန့်တာမို့ ဒီသာဖရဏ မုဒိတာလို့ခေါ်ပါတယ်၊ ပဌမက ပွားခဲ့တဲ့ အနောဓိသ,သြခိသ မုဒိတာ ၁၂-ပါးနဲ့ ပေါင်းလိုက်ယင် မုဒိတာပေါင်း ၁၃၂-ပါးဖြစ်ပါတယ်။

အဲဒီ ၁၃၂-ပါးဟာ အမှန်စင်စစ်တော့ မုဒိတာ ကမ္မဋ္ဌာန်းနဲ့ ဈာန်ရပြီးတဲ့အခါ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်၊ ဈာန်မရပါဘဲနဲ့ ယခုပြောခဲ့တဲ့အတိုင်း ပွားတာကတော့ ပါရမီဖြစ် ကုသိုလ်ဖြစ်မျှပါဘဲ။

ကဲ—ယခု ဘုန်းကြီးက ပြည်တောင်စုမြန်မာနိုင်ငံသူနိုင်ငံသားတွေ အာဃာတကို အာရုံပြုပြီး မုဒိတာပွားလိုက်မယ်၊ စိတ်နဲ့ လိုက်ပြီး နှလုံးသွင်းပွားမျှားကြပါ။

အာဃာတမြန်မာနိုင်ငံသူ နိုင်ငံသားတွေ ဆုတ်ယုတ်ခြင်းမရှိပဲ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်ကြပါစေ။

ဗြဟ္မစိုရ်တရားတော် တတိယပိုင်း ပြီး၏။

၁၃၃၀-ခု၊ ၀ါခေါင်လဆုတ် ၁၄-ရက်နေ့တွင်
မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး
အသံလွှင့် ဟောကြားတော်မူသော

ဗြဟ္မစိုရ်တရားတော် (စတုတ္ထပိုင်း)

ဒီကနေ့ ဟောမည့် တရားကတော့ လွန်ခဲ့တဲ့ ၃-နှစ်က ဟော လာခဲ့တဲ့ ဗြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါဘဲ၊ အဲဒီ ၃-နှစ်က ဟောခဲ့တာဟာ ပဌမ ဒုတိယ တတိယ ၃-ပိုင်းရှိခဲ့ပြီ၊ ယခု ဟောမှာက စတုတ္ထပိုင်းပေါ့။ အလျင် ၃-ပိုင်းမှာ မေတ္တာ ကရုဏာ မုဒိတာ ပဉ္စားမျှားပုံကို ဟောခဲ့တယ်၊ ယခု စတုတ္ထပိုင်းမှာတော့ နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာပဉ္စားပုံကို ဟောရမယ်။

ဥပေက္ခာဆိုတာ ဘက်မလိုက်ပဲ အညီအမျှရှိတဲ့ သဘောပါ ဘဲ၊ ဒါကြောင့် ဥပပတ္တိတော ယုတ္တိတော၊ အသင့်အလျော် အညီ အမျှအားဖြင့်။ ဣက္ခတီတိ၊ ရှုတတ်သောကြောင့်။ ဥပေက္ခာ၊ ဥပေက္ခာမည်တယ်-လို့ ပြဆိုထားကြတယ်၊ အဲဒါကို လျှင်လျှ။ ရှုတယ်လို့လဲ မြန်မာပြန်ကြတယ်၊ လျှစ်လျှူရှုပုံကတော့ ၁၀-မျိုးတောင် ရှိပါတယ်၊ ဒါကြောင့် အဋ္ဌကထာမှာ ဒီဥပေက္ခာကို ၁၀-မျိုးခွဲပြီး ပြထားတယ်၊ အဲဒီ ၁၀-မျိုးက ဘာတွေလဲ ဆိုလျှင်—

(၁) ဆဋ္ဌဂုံပေကွာ၊(၂)ဗြဟ္မဝိဟာရပေကွာ၊ (၃)ဗောဇ္ဈင်ပေကွာ၊ (၄) ဝီရိယပေကွာ၊ (၅) သံခါရပေကွာ၊ (၆) ဝေဒနာပေကွာ၊ (၇) ဝိပဿနာပေကွာ၊ (၈) တတြမဇ္ဈတ္တပေကွာ၊ (၉) စျာနာပေကွာ၊ (၁၀) ပါရိသုဒ္ဓပေကွာဆိုတဲ့ ဒီ ၁၀-မျိုး ပါဘဲ။

ဒီ ၁၀-မျိုးထဲမှာ အမှတ် (၁) ဆဋ္ဌဂုံပေကွာ ဆိုတာ အာရုံ ၆-မျိုး အကောင်းနဲ့အဆိုးကို အညီအမျှ ရှုနိုင်တဲ့သဘောပါဘဲ၊ အဲဒါဟာ ရဟန္တာရဲ့ ဂုဏ်ထူးပါဘဲ၊ ဒါပေမဲ့ ဝိပဿနာယောဂီလဲ သံခါရပေကွာဉာဏ် ဖြစ်ခိုက်မှာ ဒီဆဋ္ဌဂုံပေကွာနဲ့ အညီအမျှ ရှုနေနိုင်ပုံကို ထင်ရှားစွာ တွေ့နိုင်ပါတယ်။

အမှတ် (၂) ဗြဟ္မဝိဟာရပေကွာ ဆိုတာကတော့ ယခုဟာ မည့် ဥပေကွာပါဘဲ၊ ဒါကြောင့် သူ့ကို တော်တော်ကြာမှ အကျယ်ခွဲပြီး ဟောရမယ်။

အမှတ် (၃) ဗောဇ္ဈင်ပေကွာ ဆိုတာကတော့ ဗောဇ္ဈင် ၇-ပါးထဲက နောက်ဆုံးဖြစ်တဲ့ ဥပေကွာသမ္မောဇ္ဈင်ပါဘဲ၊ တရား ကိုယ်အားဖြင့်တော့ တတြမဇ္ဈတ္တတာ စေတသိက်ပါဘဲ၊ သူက သူနဲ့ အတူတကွဖြစ်တဲ့ ယှဉ်ဘော် ယှဉ်ဘက် တရားတွေကို မယုတ် မလွန် ညီမျှစေတယ်၊ ဒါကြောင့် သူ့ကို သမဝါဟိတ လက္ခဏာ၊ ယှဉ်ဘက်တရားတွေကို အညီအမျှ ဖြစ်စေခြင်း လက္ခဏာရှိတယ်-လို့ အဘိဓမ္မာကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်၊ ဒါပေမဲ့ ဒီဥပေကွာဗောဇ္ဈင်ရဲ့ ဖြစ်ပုံကို သုတမယ စိန္တာမယ မျှနဲ့တော့ ကောင်းကောင်း သဘောပေါက်ဖို့ မလွယ်ပါဘူး၊ ဝိပဿနာ

ရှုကြည့်မှ ကိုယ်တွေ့အားဖြင့် ကောင်းကောင်း သဘောပေါက်တတ်ပါတယ်၊ ဝိပဿနာယောဂီဟာ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ညီမျှစေတဲ့ ဒီဥပေက္ခာခဲ့ သဘောကို (ရှည်းစုံကောင်းတဲ့ နွားလှည်း မောင်းနေရသလိုဘဲ) ထင်ရှား တွေ့ရပါတယ်။

အမှတ် (၄) ဝီရိယုပေက္ခာ ဆိုတာကဘော့ သမထဝိပဿနာ ဘာဝနာ အချိုးကျနေတဲ့ အခါမှာ မယုတ်မလွန် ညီမျှနေတဲ့ ဝီရိယပါဘဲ၊ ဒါကလဲ ဘာဝနာအလုပ်ကို ကျကျနန အားထုတ်ဘူးတဲ့သူမှာမှ ကောင်းကောင်း ထင်ရှားတတ်ပါတယ်။

အမှတ် (၅) သင်္ခါရုပေက္ခာ ဆိုတာကတော့ သင်္ခါရတရား တွေကို အညီအမျှရှုတဲ့ သဘောပါဘဲ။

အမှတ် (၆) ဝေဒနုပေက္ခာ ဆိုတာကတော့ ဝေဒနာ ၃-ပါးထဲက ဥပေက္ခာဝေဒနာပါဘဲ။

အမှတ် (၇) ဝိပဿနုပေက္ခာ ဆိုတာကတော့ ဝိပဿနာ ရှုနေတဲ့ ယောဂီမှာ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို ကောင်းကောင်း မြင်ပြီးတဲ့အခါ အဲဒါတွေကို မစူးစမ်း မဆင်ခြင်တော့ဘဲ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို သိရုံသိရုံ ကလေး အညီအမျှ ရှုသွားတဲ့ ဝိပဿနာဉာဏ်ပါဘဲ၊ ဒါကလဲ ဥဒယဗ္ဗယ ဉာဏ် ရောက်ဘူးတဲ့သူမှ ကိုယ်တွေ့အားဖြင့် ထင်ရှားသိနိုင်ပါတယ်။

အမှတ် (၈) တတြမဇ္ဈတ္တုပေက္ခာ ဆိုတာကဘော့ အမှတ် (၃) တုန်းက ဟောခဲ့တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါဘဲ။

သူက ဒါန သီလ စသော ကုသိုလ်အမှုတို့ကို ကြံတိုင်း ပြောတိုင်း ပြုတိုင်း ပါဝင်ပြီးဖြစ်နေပါတယ်။ ဒါပေမဲ့ သာမန် ကုသိုလ်စိတ်တွေ ဖြစ်ခိုက်မှာတော့ သူက မထင်ရှားဘူး၊ ထက်သန်တဲ့ ဘာဝနာကုသိုလ်စိတ် ဖြစ်ခိုက်မှာမှ သူကထင်ရှားတယ်။

အမှတ် (၉) စျာနုပေက္ခာ ဆိုတာကတော့ တတိယစျာန်နဲ့ ယှဉ်တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါဘဲ။

အမှတ် (၁၀) ပါရိသုဒ္ဓုပေက္ခာ ဆိုတာလဲ စတုတ္ထစျာန်နဲ့ ယှဉ်တဲ့ အဲဒီစေတသိက်ပါဘဲ။ စျာန်နဲ့ယှဉ်တဲ့ ဒီဥပေက္ခာ ၂-မျိုးကတော့ အဲဒီစျာန်တွေရတဲ့သူမှ ထင်ရှားသိနိုင်မယ်။ ဒါကြောင့် ဒါတွေကိုတော့ အကျယ်မပြောတော့ဘူး။

ယခုပြောခဲ့တဲ့ ဥပေက္ခာ ၁၀-မျိုးထဲမှာ ယနေ့ ဟောရမှာကတော့ အမှတ် (၂) မှာ ပြခဲ့တဲ့ ဗြဟ္မဝိဟာရုပေက္ခာပါဘဲ။ ဒီဥပေက္ခာရဲ့ သဘောကတော့ "သတ္တဝါတွေဟာ ကိုယ်တိုင် ပြုလုပ်ထားတဲ့ ကံအားလျော်စွာ ဖြစ်နေကြရတာဘဲ"လို့ ဘက်မလိုက်ပဲ မျှမျှတတ နှလုံးသွင်းတဲ့ သဘောဖြစ်ကြောင်းကို ပဌမပိုင်းတုန်းက ပြောခဲ့ပါပြီ။ ဒါကြောင့် သူ့ကိုပွားတဲ့ အခါမှာ မေတ္တာ ကရုဏာ မုဒိတာတို့လို သတ္တဝါတွေအား အကျိုးပြုတဲ့ အနေနဲ့ ပွားရတာမဟုတ်ဘဲ၊ သဗ္ဗေ သတ္တာ ကမ္မဿကာ-လို့ ဆိုတဲ့အတိုင်း "သတ္တဝါတွေဟာ သူတို့ကိုယ်တိုင် ပြုထားတဲ့ အမှု-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတာဘဲ၊ ကောင်းတဲ့အမှု-ကံကို ပြုတဲ့သူတွေဟာ ကောင်းစားချမ်းသာ ကြမှာဘဲ၊ ဆိုးတဲ့

အမှ-ကံကို ပြုတဲ့သူတွေဟာ ဆင်းရဲဒုက္ခ ရောက်ကြမှာဘဲ၊ သူ့ကံနဲ့သူ သူ့အမှုနဲ့သူဘဲ" လို့ ဒီလို လျစ်လျူရှုပြီး ပွားရပါတယ်။

ဒီလိုဆိုတော့ ဒီဥပေက္ခာက "ဘယ်သူသေသေ ငတေမာယင် ပြီးရော" ဆိုတာလို့ သူတပါး၏ အကျိုးစီးပွားကို ဆောင်ရွက်တဲ့သဘော မပါတဲ့အတွက် မကောင်းတဲ့တရား-စိမ်းကားတဲ့တရား-လို့ တချို့က အပြစ်တင်ချင်လဲ တင်ကြပေလိမ့်မယ်။ အမှန်ကတော့ ဒီလိုလဲ အပြစ် မတင်ထိုက်ပါဘူး၊ ဒီဥပေက္ခာက နေရာတိုင်းမှာ ပွားရတာ မဟုတ်ပါဘူး၊ အခြားနည်းနဲ့ မဖြစ်နိုင်တဲ့ သူ့နေ့ရာမှာသာ ပွားရတဲ့တရား ဖြစ်ပါတယ်။

ဘယ်နေရာမှာလဲဆိုယင် ပဌမပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း မေတ္တာ ကရုဏာ မုဒိတာတို့ဖြင့် မဆောင်ရွက်နိုင်တဲ့ နေရာမှာသာ ပွားရပါတယ်၊ ဘယ်လိုလဲ ဆိုယင် မေတ္တာ ကရုဏာ မုဒိတာတို့ကိုပွားပြီး တတိယစျာန်ကို ရပြီးဖြစ်တဲ့ သူဟာ စတုတ္ထစျာန်ကို တက်ချင်ယင် ဒီဥပေက္ခာကို ပွားမှသာ တက်နိုင်တယ်။ဒါကြောင့် သမထစျာန် လမ်းအရဆိုလျှင် ဒီနေရာမှာသာ ပွားရပါတယ်။

လောက ရေးရာဘက်က ဆိုယင်တော့ တတ်နိုင်လို့ရှိယင် အခြားသူတွေရဲ့ ချမ်းသာရေးအတွက် မေတ္တာ ကရုဏာ မုဒိတာနဲ့ အစွမ်းကုန် ကူညီ ဆောင်ရွက်ရပါတယ်၊ ဒါပေမဲ့ ဘယ်နည်းနဲ့မျှ ကူညီဆောင်ရွက်ခွင့် မရှိတော့တဲ့ အခြေအနေကျတော့ ဒီဥပေက္ခာနဲ့ဘဲ အသင့်အတင့် နှလုံးသွင်းရတယ်၊ ဒါမှ စိတ်သက်သာရာ ရနိုင်ပါတယ်၊ ဥပမာ-ဆွေမျိုး မိတ်ဆွေ ဖြင်တဲ့ လူတယောက် ရာဇဝတ်မှုနဲ့ အရေးယူခံနေရတယ် ဆိုပါတော့၊

အဲဒီကိစ္စမှာ တတ်နိုင်မယ်ဆိုယင် အဲဒီလူ လွတ်မြောက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရပါတယ်၊ ဒါပေမဲ့ တရားရုံးတော်က ပြစ်မှုထင်ရှားတယ်ဆိုပြီး အဆုံးသပ် စီရင်ချက် ချလိုက်တဲ့အခါ ကျတော့ မေတ္တာ ကရုဏာ မုဒိတာနဲ့ ဆောင်ရွက်ဖို့ အခွင့်အရေး မရှိတော့ဘူး၊ သူ့ကံနဲ့ သူဘဲလို့ နှလုံးသွင်းဘို့သာ ရှိတော့တယ်။ ယခု လောလောဆယ်မှာ အမှု အပြစ် မရှိဘူးလို့ ထင်ရပေမဲ့ သူ့မှာ ရှေးဘဝများက ပြုခဲ့တဲ့ မကောင်းမှုကံ ရှိနေလို့သာ ခံရတာဘဲ-လို့ ဒီလိုသာ နှလုံးသွင်းပြီး ဖြေရတယ်၊ ဒီလိုဖြေမှဘဲ စိတ် သက်သာရာ ရနိုင်မယ်။

ဒီနေရာမှာ သက်သေသာဓက တခုကို ထုတ်ပြချင်တယ်။ မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက သာဝတ္ထိပြည်မှာ မဟာကာလဆိုတဲ့ သောတာပန် ဥပါသကာ တယောက်ရှိတယ်၊ အဲဒီ ဥပါသကာဟာ ဇေတဝန်ကျောင်းတော်မှာ ဥပုသ်စောင့် ညအိပ်ပြီး တရားနာနေရာက နံနက်စောစောထပြီး ဇေတဝန်ကျောင်းတိုက်အဝက ရေကန်မှာ မျက်နှာသစ်နေတယ်၊ အဲဒီအချိန်မှာ သူခိုးလိုက်ဖမ်းကြတဲ့ လူတစုက မဟာကာလရဲ့အနီးမှာ သူခိုးက ပစ်ချခဲ့တဲ့ ခိုးရာပါပစ္စည်းနှင့်တကွ တွေ့ရတဲ့အတွက် သူ့ကို သူခိုးထင်ပြီး ဝိုင်းရိုက်ကြလို့ မဟာကာလ ဥပါသကာဟာ သေဆုံးသွားရရှာတယ်။

အဲဒီအခါမှာ ရဟန်းတော်များက မဟာကာလဟာ ဥပုသ်စောင့်ပြီး ကျောင်းမှာဘဲ ညအိပ် တရားနာနေတဲ့သူတော်ကောင်း

စင်စစ် ဖြစ်ပါလျက်နဲ့ သူခိုးလို အစ့ခံရ အသတ်ခံရတာဟာ မသင့်လျော်တဲ့အကြောင်း မြတ်စွာဘုရားကို လျှောက်ကြတယ်။

ဒီတော့ မြတ်စွာဘုရားက ပစ္စုပ္ပန်အခြေအနေအရ မသင့်လျော်သော်လဲ သူ၏ ရှေးကံအရ ဆိုလျှင်တော့ သင့်လျော်တဲ့အကြောင်း မိန့်တော်မူပါတယ်။

သင့်လျော်ပုံကတော့ ဒီလိုတဲ့- မဟာကာလဟာ တခုသော ဘဝတုန်းက လမ်းခေါ်ပြတဲ့ ပေါမျှားတဲ့ တောတခု၏ အဝမှာ တောစခန်းစောင့်အရာရှိ ဖြစ်ခဲ့တယ်၊ အဲဒီတော့ စခန်းဖြတ်သန်းသွားလိုတဲ့ ခရီးသည်တွေကို တဖက်မှ တဖက်အရောက် ဘေးရန်ကင်းအောင် သူက စောင့်ရှောက်ပြီး ပို့ဆောင်ပေးရတယ်၊ တနေ့သောအခါမှာ လူတယောက်ဟာ ရုပ်ရေအဆင်းလှပတဲ့ ဇနီးနှင့် တကွ လှည်းယဉ်ကလေးစီးပြီး အဲဒီ တောစခန်းဝကို ရောက်လာတယ်၊ တောစခန်းစောင့်က အဲဒီလူရဲ့ ဇနီးချောကလေးကို လိုချင်တာနဲ့ သူ့အိမ်မှာ တည်အိပ်စေပြီးတော့ နောက်တရက် ခရီးထွက်တဲ့အခါမှာ "ပတ္တမြားပျောက်တယ် မသင်္ကာဘူး" ဆိုပြီး အဲဒီလှည်းကို ရှာဖွေစစ်ဆေးတယ်၊ စောစောက သူ့ဟာသူ ထည့်ထားတဲ့ ပတ္တမြားကို တွေ့ရတဲ့အခါမှာ သူက အဲဒီ ခရီးသည်ကို ပတ္တမြားသူခိုးလို စွဲချက်တင်ပြီး သတ်ခဲ့တယ်။

အဲဒီ ပကောင်းမှုကံကြောင့် မဟာကာလအလောင်း တောစခန်းစောင့်ဟာ အဲဒီဘဝကသေတဲ့အခါ အဝီစိငရဲမှာ ကျရောက်

ပြီး ရှည်မြင့်စွာသော ကာလပတ်လုံး ငရဲဒုက္ခတို့ကို အကြီး အကျယ် ခံစားခဲ့ရတယ်၊ ငရဲမှလွတ်ပြန်တော့လဲ အဲဒီ ကံကြောင်း ကြောင့် ဘဝတရာတိုင်တိုင် ဒီပုံ ဒီနည်းဖြင့် သူခိုးလို့ အစဲ့ခံရပြီး အသတ်ခံခဲ့ရတယ်၊ ဒါကြောင့် ရှေးဘဝက ရက်ရက်စက်စက် ပြုခဲ့တဲ့ သူ့မကောင်းမှုကံအရ ဆိုလျှင်တော့ သူခိုးထင်ပြီး မဟာ ကာလ အသတ်ခံရတာဟာ သင့်လျော် ထိုက်တန်လှပါပေတယ်-လို့ မြတ်စွာဘုရားက ရှင်းလင်းဟောကြားတော်မူပါတယ်။

ဒါဟာ အပြစ်မရှိဘဲ ခံရဘယ်လို့ ထင်ရတဲ့ သူအတွက် သူ့ကံနဲ့သူဘဲလို့ နှလုံးသွင်းသင့်တယ်လို့ ဆိုရာမှာ သက်သေသာဓက ဘခုပါဘဲ၊ ဒီလို သာဓကဝတ္ထုတွေကတော့ အများကြီးရှိပါ တယ်။

ဒီလိုနေရာမှာ ယခုပြောခဲ့တဲ့အတိုင်း သူ့ကံနဲ့သူဘဲလို့အသင့် အတင့် နှလုံးမသွင်းဘဲ မျက်မြင်လောက်သာ ကြည့်ပြီး "မည်သူ မည်ဝါတွေက မတရားလုပ်တယ်၊ မတရားနှိပ်စက်တယ်၊ အနိုင် ကျင့်တယ်" စသည်ဖြင့် အပြစ်တင်နေမယ်ဆိုယင်တော့ သူတပါး ကို ပြစ်မှားတဲ့ ဒေါသ-အကုသိုလ်တွေလဲ ဖြစ်ပွားမယ်၊ စိတ် ထဲမှာ မခံသာတဲ့ စိတ်ဆင်းရဲတွေလဲ မျှားစွာဖြစ်မယ်၊ သူ့ကံနဲ့ သူဘဲလို့ ဥပေက္ခာဖြင့် လစ်လျှူရှုလိုက်ယင်တော့ အဲဒီအကုသိုလ် တွေ စိတ်ဆင်းရဲတွေဟာ အကုန်လုံးငြိမ်းပြီး စိတ်အေးချမ်းသာ ခြင်း သုခကို ရနိုင်ပါတယ်။

နောက်ပြီးတော့ ဒီဥပေက္ခာနဲ့ တရားမျှတစ္စာ နှလုံးသွင်းတာဟာ တရားသူကြီးများအတွက် ဆိုယင်လဲ အံကျကိုက်ပြီး အလွန်ပင် သင့်လျော်ပါတယ်၊ တရားသူကြီးများဟာ တရားလိုနဲ့ တရားခံ မည်သူ့ကိုမျှကွက်ပြီး မေတ္တာ ကရုဏာ မုဒိတာ ဖြင့် အခွင့်အရေး မပေးသင့်ဘူး၊ ဒီလူကို ချမ်းသာစေချင်တယ်၊ ဟိုလူကို သနားတယ်၊ ဟောဒီလူကိုတော့ ချမ်းသာမြဲ ချမ်းသာစေချင်တယ်-ဆိုပြီး တဖက်သတ် အခွင့်အရေးပေးလိုက်ယင် ဆန္ဒာဂတိနှင့် မောဟာဂတိ တခုခု ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် သူ့အမှုကံနဲ့ သူဘဲလို့ လျစ်လျူရှုပြီး အမှုမှန်အတိုင်း တရားမျှတစ္စာ ဖြစ်အောင်သာ ဘက်မလိုက်ပဲ စစ်ဆေး ဆောင်ရွက်သင့်ပါတယ်၊ ဒီလိုဘဲ ဆောင်ရွက်နေကြတယ်လို့လဲ ကြားသိရပါတယ်။ ဒါကြောင့် ဒီဥပေက္ခာဟာ တရားစီရင်ရာမှာလဲ အလွန်သင့်လျော်တယ်လို့ မှတ်ယူသင့်ပါတယ်။

အမှန်စင်စစ်ကတော့ ဥပေက္ခာ ဘာဝနာဆိုတာ မေတ္တာ ကရုဏာ မုဒိတာ-ဖြင့် တတိယစျာန်ကို ရပြီးမှ စတုတ္ထစျာန်ရဘို့ ပွားများရတဲ့တရားဖြစ်ပါတယ်။ ဒါပေမဲ့ ဥပေက္ခာကို ပွားယင် ခုနက ပြောခဲ့တဲ့အတိုင်း အပြစ်ကင်းပြီး စိတ်သက်သာရာလဲ ရနိုင်ပါတယ်၊ ပါရမီကုသိုလ်လဲ ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် (ကရုဏာ မုဒိတာ ပွားပုံကို ဟောတုန်းကလိုဘဲ)ဩဒိသ အနောဒိသ ဒိသာဖရဏ နည်းများဖြင့် ဥပေက္ခာကိုလဲ ပွားများလိုက်ကြဦးစို့။ ဘုန်းကြီးက အသံဆုတ် ရွတ်ဆိုပြီး ပွားများမယ်၊ တရားနာနေတဲ့ ဓမ္မမာမက ပုဂ္ဂိုလ်တွေ အားလုံးကလဲ စိတ်နဲ့ လိုက်ပြီး ဥပေက္ခာကို ပွားကြပါ။

အားလုံးသတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး အသက်ရှည်သူတွေ.....
အားလုံး ထင်ရှားဖြစ်သူတွေ.....
အားလုံး ပုဂ္ဂိုလ်တွေ.....
အားလုံး ခန္ဓာကိုယ်အတွင်းဘောရှိသူတွေ.....
ဒါက အနောဓိသ ဥပေက္ခာ ၅-ပါးတဲ့။.....

အားလုံး အမျိုးသမီးတွေ .....
အားလုံး အမျိုးသားတွေ .....
အားလုံး အရိယာပုဂ္ဂိုလ်တွေ ....
အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ.....
အားလုံး နတ်ဗြဟ္မာတွေ..... .....
အားလုံး လူသားတွေ.....
အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။ ဒါက သြဓိသ ဥပေက္ခာ ၇-ပါးတဲ့။ ခုနက ၅-ပါးနဲ့ ပေါင်းလိုက်ယင် ဥပေက္ခာ ၁၂-ပါးဖြစ်ပါတယ်။

ဒီနည်းအတိုင်းဘဲ "အရှေ့အရပ်က အားလုံး သတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား" စသည်ဖြင့် တူရူအရင်က ၄-မျက်နှာ၊ အထောင့်အရပ်က ၄-မျက်နှာ၊

အောက်အရပ်က တမျက်နှာ၊ အထက်အရပ်က တမျက်နှာဆိုတဲ့ အရပ်ဆယ်မျက်နှာမှာလဲ ဥပေက္ခာ ၁၂-ပါးစီ ပွားနိုင်ပါတယ်။ အဲဒါတွေက တဆယ် ၁၂-လီဆိုတော့ ဥပေက္ခာ ၁၂၀-ဖြစ်ပါတယ်။ အဲဒီ ၁၂၀-ကတော့ အရပ်မျက်နှာနဲ့ ဖြန့်တာမို့ ဒီသာဖရဏ ဥပေက္ခာလို့ ခေါ်တယ်။ ပဌမက ပွားခဲ့တဲ့ အနောဓိသ, သြဓိသ ဥပေက္ခာ ၁၂-ပါးနဲ့ ပေါင်းလိုက်ယင် ဥပေက္ခာ ပေါင်း ၁၃၂-ပါးဖြစ်ပါတယ်။ အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြထားတဲ့ မေတ္တာပွားပုံမှ နည်းမှီးပြီးပြတဲ့ ဥပေက္ခာ ပွားပုံတွေပါဘဲ။

ဒီဥပေက္ခာ ၁၃၂-ပါး ပွားပုံတွေဟာ အမှန်စင်စစ်ကတော့ ဒီဥပေက္ခာကမ္မဋ္ဌာန်းနဲ့ စတုတ္ထစျာန်ကို ရပြီးမှ စျာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်။ ဒါပေမဲ့ "သက္ကဝါတွေဟာ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်"- လို့ အဖန်ဖန် နှလုံးသွင်းနေယင် မကောင်းမှုကို ရှောင်ကြဉ်လိုတဲ့ စိတ်တွေလဲ ဖြစ်မယ်၊ ကောင်းမှုကို ပြုလိုတဲ့ စိတ်တွေလဲ ထက်သန်လာမယ်။ ဒါကြောင့် စျာန်မရဘဲနဲ့ ဒီဥပေက္ခာကို ပွားတာဟာလဲ အပြစ်ကင်းပြီး ကုသိုလ်တရား ပွားများခြင်း အကျိုးရှိပါတယ်။

နောက်ပြီးတော့ အားလုံး ကံတရားအတိုင်းဘဲလို့ နှလုံးသွင်းနေတဲ့အတွက် မရနိုင်တဲ့ အခွင့်အရေးကို ရှောင်လင့် တောင့်တခြင်းလဲ ကင်းမယ်၊ အဆင်မပြေတာရှိယင်လဲ ကံတရား အတိုင်း

ဘဲလို့ ဆင်ခြင်ပြီး စိတ်သက်သာရာရမယ်။ နောက်ပြီးတော့ နတ်သိကြား ဗြဟ္မာ ဂိုဏ်းဆရာ·စသော သူတပါးကို အားမကိုးဘဲ ကြီးပွား ချမ်းသာရန် နည်းလမ်းမှန်ဖြင့်တဲ့ အလုပ်အကိုင်ကိုသာ အားကိုးပြီးဘဲလဲ လုပ်ကိုင်မယ်။ ဒီလို လုပ်ကိုင်တဲ့အတွက် မျက်မှောက်မှာလဲ စီးပွားဥစ္စာတွေကို ရသွားနိုင်ပါတယ်။ ဒါကြောင့် အဘိဏှသုတ်မှာ ခြုတ်စ္စာဘုရားက ကိုယ့်ကိုယ်ကိုလဲ ဒီနည်းအတိုင်း ဆင်ခြင်ဘို့ ညွှန်ကြားတော် မူခဲ့ပါတယ်။

"ငါ့မှာ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိတယ်၊ကံ၏အမွေခံ ဖြစ်တယ်၊ ကံသာလျှင် ချမ်းသာဘို့ ဆင်းရဲဘို့အကြောင်း ရှိတယ်၊ ကံသာလျှင် ဆွေမျိုးအစစ်ရှိတယ်၊ ကံသာလျှင် အားကိုးရာရှိတယ်၊ ကောင်းမှုကံကို ပြုလျှင် ကောင်းကျိုးအမွေကို ခံစံရမယ်၊ မကောင်းမှုကံကို ပြုလျှင် မကောင်းကျိုး အမွေဆိုးကို ခံစားရမယ်"လို့ အဖန်တလဲလဲ ဆင်ခြင်ပါတဲ့။

ဒါကြောင့် ယခု မိမိကိုယ်တိုင်ပါ တလောကလုံးက သတ္တဝါတွေကို အာရုံပြုပြီး ဥပေက္ခာကို ပွားလိုက်ကြဦးစို့။

တလောကလုံးရှိ သတ္တဝါတွေ အားလုံးဟာ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။ ဒီဥပေက္ခာကို ပွားများခြင်းဖြင့် ကိုယ့်အမှုကံကိုသာ အားကိုးပြီး ကုသိုလ်ကံကို ပြုစုပွားများနိုင်ကြပါစေ။

စီးပွား ချမ်းသာဖြစ်ကြောင်း အလုပ်အကိုင်တို့ကိုလဲ ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြပါစေ။

ထိုသို့ ပြုလုပ်နိုင်ခြင်းကြောင့် မျက်မှောက် သံသရာ နှစ်ဖြာလုံးဌ အလိုရှိအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံ ကြပါစေ။

သာဓု သာဓု သာဓု

စတုတ္ထပိုင်း ပြီး၏။

မြဟ္မစိုရ်တရားဆရာ ပြီး၏။

မဟာဝစည် ဆရာတော် ဘုရား၏

ဓမ္မဒေသနာ ဆောင်ပုဒ်များ

၁၃၂၉-ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့မှစ၍ ဟောကြားတော်မူသော

၁။ ရာဟုလသုတ် ဆောင်ပုဒ်များ

၁။ အတူနေ ကြာလျှင်၊ ပညာရှင်၊ အထင်သေးတတ်သည်။
၂။ အတူနေ ကြာလဲ၊ မူမကွဲ၊ အမြဲရှိသေလေ။
၃။ ကာမဂုဏ် ပယ်ခွါ၊ တောထွက်လာ၊ သင့်မှာ ဆင်းရဲ
ဆုံးပါစေ။
၄။ မိုလေမိတ်ဟောင်း တောကျောင်းမှာနေ၊
စားဘွယ်ခ္ခဏ်လဲ သိမြဲတိုင်းရှေ့။
ပစ္စည်းလေးရပ် တွယ်ကပ်ပယ်လေ၊
လောကတွင်း ပြန်ခြင်းကင်းပါစေ။
၅။ သီ ဣန် နှစ်ဖြာ၊ စောင့်ရှောက်ကာ၊ ကောင်းစွာ လုံ
ပါစေ။
၆။ အမှတ် သတိ၊ ကိုယ်မှာ ရှိ၊ နိဗ္ဗိဒါ မျှားပါစေ။
(ကိုယ်မှာ မှတ်၍၊ ဉာဏ်မြင်တွေ့၊ ငြီးငွေ့ မျှားပါစေ။)
၇။ အာရုံတင့်တယ်၊ တပ်မက်ဖွယ်၊ ရှောင်ပယ် ပစ်ပါလေ။
၈။ မတင့်တယ်ဟု၊ ဆင်ခြင်ရှု၊ တည်မှု မြဲပါစေ။
၉။ မမြဲသိတာ၊ ပွားစေကာ၊ သုံးဖြာ မာန်ကင်းစေ။
၁၀။ မာန ကင်းက၊ မပူရ၊ မုချ ငြိမ်းအေးမည်။

၂။ အမွှလင်ဋ္ဌက ရာဟုလောဝါဒသုတ် ဆောင်ပုဒ်များ

၁။ လိမ်ရန်အတွက် မရှက်သူမှာ၊
ခွက်ထဲနည်းကျဉ်း ရေကြွင်းပမာ။
ကျင့်ကြံစောင့်ရေး အားသေးလှစွာ။
ရဟန်းဖြစ် စင်စစ် တူလှပါ။

၂။ လိမ်ရန်အတွက် မရှက်သူမှာ၊
ခွက်မှရေကြွင်း စွန့်ခြင်းပမာ။
ကျင့်ကြံအားသစ် စွန့်ပစ်မည်ကာ၊
ရဟန်းဖြစ် စင်စစ် တူလှပါ။

၃။ လိမ်ရန်အတွက် မရှက်သူမှာ၊
ရေခွက်ကိုမှောက် ရေခြောက်ပမာ။
အကျင့်ခန်းခြောက် ကွယ်ပျောက်လေကာ၊
ရဟန်းပြစ် စင်စစ် တူလှပါ။

၄။ လိမ်ရန်အတွက် မရှက်သူမှာ၊
ရေခွက်သီးတည်း ချည်းနှီးပမာ။
အကျင့်မမှီး ချည်းနှီးဖြစ်ကာ၊
ရဟန်းဖြစ် စင်စစ်ဘူလှပါ။

၅။ အပြစ်မရှိ၊ ဆင်ခြင်ဘိ၊ မှန်ကြည့်ဘူဘွာ ကျင့်လေပါ။

၆။ မပြုခင်လဲ ဆင်ခြင်ပါ၊ ပြုနေဆဲလဲ ဆင်ခြင်ပါ၊ ပြုပြီး
တော့လဲ ဆင်ခြင်ပါ။

၇။ မပြောခင်လဲ ဆင်ခြင်ပါ.....။
မကြံခင်လဲ ဆင်ခြင်ပါ....။

၈။ ရှေးကာလကလဲ ရဟန်းသူမြတ်တို့သည် ဆင်ခြင်၍ ဆင်ခြင်၍ ကံသုံးပါးကို စင်ကြယ်စေကြသည်။ နောက်ကာလ၌လဲ နည်းတူပင် စင်ကြယ်စေကြမည်။ ယခုကာလ၌လဲ နည်းတူပင် စင်ကြယ်စေကြသည်။ သို့ဖြစ်၍ ကံသုံးပါးကို ဆင်ခြင်ကာ ဆင်ခြင်ကာ စင်ကြယ်စေမည်ဟု ကျင့်ကြံအားထုတ်ရမည်။

၃။ မဟာရာဟုလောဝါဒသုတ် ဆောင်ပုဒ်မျှား

၁။ ကိုယ်ထဲ၌ရှိသော ဆံပင် မွေးညှင်း လက်သည်း ခြေသည်း, သွား အရေ၊ အသား အကြော အရိုး ခြင်ဆီ အညို၊ နှလုံး အသည်း အမှေး အဖျဉ်း အဆုတ်၊ အူမ အူသိမ် အစာသစ် အစာဟောင်း (ဦးနှောက်) တို့နှင့် ထိုပြင်လဲ ကိုယ်ထဲက ခက်မာ ကြမ်းတမ်းတာ ဟူသမျှကို ကိုယ်တွင်း ပထဝီဓာတ် ခေါ်သည်၊ ကိုယ်ထဲက ခက်မာ ကြမ်းတမ်းတာလဲ ပုထဝီဓာတ်ပင်၊ ကိုယ်ပ-က တုံး တိုင် ကျောက်ခဲ မြေကြီးခဲ အစရှိတဲ့ ခက်မာကြမ်းတမ်းတာ ဘေ့လဲ ပထဝီဓာတ်ပင်၊ ပုဂ္ဂိုလ် သတ္တဝါကောင်မဟုတ်၊ နှစ်သက် သာယာဘွယ်လဲ မဟုတ် ဂုဏ်ထူးမာန် တက်ဘွယ်လဲမဟုတ်၊ သဘောတရားမျှသာဖြစ်သည်။

၂။ ကိုယ်ထဲ၌ရှိသော သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်တို့နှင့် ထိုပြင်လဲ ကိုယ်ထဲက အရည်စိုဟူသမျှကို,

ကိုယ်တွင်း အာပေါခတ် ခေါ်သည်။ ကိုယ်ထဲက အရည်စိုလဲ အာပေါခတ်ပင်၊ ကိုယ်ပ-က ချောင်းရေ အစရှိတဲ့ အရည်စိုလဲ အာပေါခတ်ပင်၊ ပုဂ္ဂိုလ်သတ္တဝါ ကောင်မဟုတ်၊ သဘောတရားမျှသာ ဖြစ်သည်။

၃။ ကိုယ်ထဲမှာရှိသော အဖျားရှိန် အပူဓွေ့ အိုရင့်စေတတ်သော ကိုယ်ဓွေ့ အလွန်ပြင်းထန်သော အပူဓွေ့ အစာကြေစေတတ်သော ဝမ်းမီး အပူဓွေ့တို့နှင့် ထိုပြင်လဲ ကိုယ်ထဲ အပူဓွေ့ဟူသမျှကို ကိုယ်တွင်း တေဇောခတ် ခေါ်သည်။ ကိုယ်ထဲက အပူဓွေ့လဲ တေဇောခတ်ပင်၊ ကိုယ် ပ-က ထင်းမီးအစရှိတဲ့ အပူဓွေ့လဲ တေဇောခတ်ပင်၊ ပုဂ္ဂိုလ် သတ္တဝါကောင် မဟုတ်။

၄။ ကိုယ်ထဲ၌ရှိသော တက်လေ သက်လေ ဝမ်းတွင်းလေ အူတွင်းလေ လက် ခြေ ကိုယ်အင်္ဂါ လျှောက်လေ ရှူ ရှိုက်လေတို့နှင့် ထိုပြင်လဲ ကိုယ်ထဲက လေဟူသမျှကို ကိုယ်တွင်း ဝါယောခတ်ခေါ်သည်။ ကိုယ်ထဲကလေလဲ ဝါယောခတ်ပင်၊ ကိုယ်ပ-က တောင်လေ မြောက်လေ အစရှိတဲ့ လေလဲ ဝါယောခတ်ပင်၊ ပုဂ္ဂိုလ်သတ္တဝါ ကောင်မဟုတ်။

၅။ ကိုယ်ထဲ၌ရှိသော နားပေါက် နှာခေါင်းပေါက် ပါးစပ် ပေါက် လည်ချောင်းပေါက် အစာအိမ်ခေါင်းအူခေါင်း တို့နှင့် ထိုပြင်လဲ ကိုယ်ထဲက ဟင်းလင်း အရပ်ဟူသမျှကို ကိုယ်တွင်း အာကာသခတ် ခေါ်သည်။ ကိုယ်ထဲက

ဟင်းလင်းအရပ်လဲ အာကာသခေါတ်ပင်၊ ကိုယ် ပ-က တံခါးပေါက် အစရှိတဲ့ ဟင်းလင်းအရပ်လဲ အာကာသ ခေါတ်ပင်၊ ပုဂ္ဂိုလ် သတ္တဝါကောင်မဟုတ်၊ နှစ်သက် သာယာဘွယ်လဲ မဟုတ်၊ ဂုဏ်ယူ၍ မာန်တက်ဘွယ်လဲ မဟုတ်၊ သဘောတရားမျှသာ ဖြစ်သည်။

၆။ ကောင်း ဆိုး နှစ်ပါး၊ တွေ့သော်ငြား၊ မခြား မြေလို ကျင့်ရမည်။

(အကောင်းနှင့် တွေ့သည်ဖြစ်စေ၊ အဆိုးနှင့် တွေ့ သည်ဖြစ်စေ ထူးခြားခြင်း မရှိသော မြေကြီးနှင့် တူ အောင်ကျင့်ရမည်-ဟု ဆိုလို၏။)

၇။ ကောင်း ဆိုး နှစ်ပါး၊ တွေ့သော်ငြား၊ မခြား ရေလို ကျင့်ရမည်။
၈။ ကောင်း ဆိုး နှစ်ပါး၊ တွေ့သော်ငြား၊ မခြား မီးလို ကျင့်ရမည်။
၉။ ကောင်းဆိုးနှစ်ပါး၊ တွေ့သော်ငြား၊ မခြား လေလို ကျင့်ရမည်။
၁၀။ ဘယ်အရပ်မှာမျှ၊ မတည်ရ၊ အာကာသလို ကျင့်ရမည်။
၁၁။ မေတ္တာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလဲ ပွားရမည်။
၁၂။ ရုပ်ကိုယ်ကာယ၊ အသုဘ၊ အနိစ္စလဲ ရှုရမည်။
၁၃။ ရှုရှိုက်လေမှာ၊ ဆဲခြောက်ဖြာ၊ စုံစွာ ရှုရသည်။

၁၃၃၀-ခုနှစ်၊ ကဆုန်လဆုတ် ၁-၂-၃-ရက်နေ့ ညမျှားတွင် ကျားကူး ဓမ္မဗိမာန်တော်ကြီး၌ ဟောကြားသော ဗုဒ္ဓမြတ်စွာ၏ ဝါတော်စဉ် အကျဉ်းဆောင်ပုဒ်

ပ-ဗာ တိ-ရာ၊ ဝေ-မ-တာ-ဝယ်၊ တဝါစီ ရှု၊ ရှစ် သံသု-နှင့်၊ ကိုးခု စ-ကာ၊ ကော-ပါ-နာ-ဝေ၊ စာ-ဇေ-က-အာ၊ ရာ-စာ-စာ-၌၊ တဝါစီမျှ၊ ရာ-ဝီသတည့်၊ ထိုမှနောက်ဝယ်၊ ဝါနှစ်ဆယ်နှင့်၊ စွန်းကယ်လေးပြာ၊ သာဝတ်မှာ၊ ဆုံးဝါ ဝေဠုတည်း။

ရှင်းလင်းချက်

ပ-ဗာ=ပဌမဝါ ဗာရာဏသီပြည် မိဂဒါဝုန်။

တိ–ရာ=တိ--သုံးဝါ (ဒုတိယ တတိယ စတုတ္ထ ဝါ)ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း။

ဝေ– မ–တာ–ဝယ်၊ တဝါစီရှု=ဝေသာလီပြည် မဟာဝန်တော ကူဋာဂါရသာလာ၌ ပဉ္စမ ဝါ၊ မကုလတောင်၌ ဆဋ္ဌမ ဝါ၊ တာဝတိံသာ၌ သတ္တမ ဝါ၊ ဤသို့ ဤ ၃-ဌာနခု၌ တဝါစီ။

ရှစ် သံသု-နှင့်=ရှစ်ခုမြောက် ဝါ သံသုမာရဂိရိမြို့၌ သီတင်းသုံးသည်။

ကိုးခု စ–ကာ၊ ကော–ပါ–နာ–ဝေ၊ စာ–ဇေ–က–အာ၊ ရာ–စာ–စာ–ဌ၊ တဝါစီမျှ=ဟူရာဝယ် ကောသမ္မိပြည်ဌ ကိုးခုမြောက် ဝါ ဤသို့ စသည်ဖြင့် အတိုကောက် ဌာနအမည် တခုတခုဌ တဝါစီမျှ မှတ်ရန်ဖြစ်သည်၊ ထိုကြောင့် ကောသမ္မိပြည် ဃောသိတာရုံကျောင်းဌ နဝမ ဝါ၊ ပါလိလေယျက ခေါ် ပလလည်းတောဌ ဒသမ ဝါ၊ နာလာမည်သော ပုဏ္ဏားရွာဌ ကောဒသမ ဝါ၊ ဝေရဉ္ဇာပြည်ဌ ဒွါဒသမ ဝါ၊ စာလိယတောင်ဌ တေရသမ ဝါ၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ဌ စုဒ္ဒသမ ဝါ၊ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းဌ ပန္နရသမ ဝါ၊ အာဠဝီပြည်ဌ သောဠသမ ဝါ၊ ရာဇဂြိုဟ်ဌ သတ္တရသမ ဝါ၊ စာလိယတောင်ဌ အဋ္ဌာရသမ တဆဲ့ရှစ်ခုမြောက် ဝါနှင့် ကျေနပ်ဝိသတိမ–တဆဲ့ကိုးခုမြောက် ဝါ၊ ဤသို့ မှတ်ရမည်။

ရာ–ဝိသတည့်=ရာဇဂြိုဟ်ဌ ဝိသတိမ–နှစ်ဆယ်မြောက် ဝါ။

ထိုမှနောက် ၂၄-ဝါမှာ သာဝတ္ထိပြည်ဌ သီတင်းသုံးသည်၊ ထို ၂၄-ဝါတွင် ဇေတဝန်ဌ ၁၈-ဝါ၊ ပုဗ္ဗာရုံဌ ၆-ဝါ၊ ၎င်းတို့ဌ ၁၅-ခုမြောက်ဝါကို ထည့်လျှင် သာဝတ္ထိဌ ၂၅-ဝါ ဖြစ်သည်။

ဆုံး ဝါ ဝေဌုတည်း=၄၅-ဝါမြောက် နောက်ဆုံး ဝါမှာ ဝေသာလီမြို့အနီး ဝေဌုဝနရွာဌ သီတင်းသုံးကြောင်း မဟာပရိနိဗ္ဗာနသုတ်ဌ ပြဆိုထားသည်။

အကျယ်ဆောင်ပုဒ်များ

၁။ ပဌမဝါ၊ မိဂဒါ၊ သုံးဝါ ရုဇဂြိုဟ်။
၂။ ဝေ–မကုလ၊ ငါး-ခြောက် ကျ၊ တာဝ ခုနစ် ဆို။
၃။ သံသု–ကောသမ်၊ ရှစ်–ကိုးစံ၊ ဆယ်တန် ပါလိ ဆို။
၄။ နာလာ ဆဲ့တစ်၊ တဆဲ့နှစ်၊ မှတ်လစ် ဝေရဉ် ဆို။
၅။ စာ–ဇေ–ကပိ၊ အာဌဝိ၊ ကပ်၏ တစ်စီ ဆို။
၆။ ရုဇဂြိုဟ် တစ်၊ စာလီ နှစ်၊ ထပ်လစ်ရုဇဂြိုဟ်။
၇။ နှစ်ဆဲ့လေးခါ၊ သာဝတ်မှာ၊ ဆုံးဝါ ဝေဠု ဆို။
၈။ နှစ်ဆဲ့လေးဝါမှ၊ ခြောက်ပုဇ္ဇ၊ ဇေတ အကြွင်း ဆို။

(အင်္ဂုတ္တရ အဋ္ဌကထာ ဒုတိယ နှာ-၃၀၊ ဓမ္မပဒ အဋ္ဌကထာ ပဌမနှာ-၃)

၁၃၃၀-ခုနှစ်၊ နယုန်လပြည့်နေ့ ဟောကြားတော်မူသော-
အာနာပါနသတိကမ္မဋ္ဌာန်းဆောင်ပုဒ်များ

၁။ ရှု+ရှိုက်လေမှာ၊ ဆဲ့ခြောက်ဖြာ၊ စုံစွာရှုရှသည်။

၂။ အမှတ်ရလျက်သာ၊ ရှု+ရှိုက်ပါ၊ ညွှန်တာ အကျဉ်း-
မှတ်။

(အမှတ် ရလျက်သာ ရှုသင့်၏၊ အမှတ်ရ လျက်သာ
ရှုထုတ်၏- ဟူသောညွှန်ပြချက်ကို အကျဉ်းချုပ်ဟုမှတ်။)

၃။ အကျယ်ဖွင့်ပြ၊ စတုက္ကာ၊ လေးဝ ဆဲ့ခြောက်ရပ်။

(ထိုအကျဉ်းချုပ်ကိုပင် စတုက္ကာ ၄-ပါး၊ နည်း ၁၆ ပါး-
တို့ဖြင့် အကျယ်ဖွင့်ပြသည်ဟု ဆိုလို၏။)

၄။ ရှည်+တို သိလတ်၊ စဉ်တိုင်းမှတ်၊ ၂-ရပ် ပ+ဒု သာ။

(ရှည်သော ရှုရှိုက်လေကို သိတာက ပဌမနည်း၊ တိုသော
ရှုရှိုက်လေကို သိတာက ဒုတိယနည်း။)

၅။ လုံးစုံသိက၊ တတိယ၊ ငြိမ်းက စတုတ္ထာ။
(စ-လယ်-အဆုံး အကုန်လုံး သိတာက တတိယနည်း၊
ကြမ်းသော ရှုရှိုက်လေကို ငြိမ်းစေတာက စတုတ္ထနည်း)။

၆။ ပ-စတုက္ကာ၊ ၄-နည်းပြ၊ ကာယအနုပဿနာ။
(ပဌမ စတုက္ကာ ၄-နည်းဖြင့် ကာယာနုပဿနာကိုပြသည်။

၇။ ပိတိ+သုခ၊ သိပြန်က၊ ပဋ္ဌ ဆဌမာ။
(ပိတိကို သိသည်ဟု ပြတာက ပဋ္ဌမနည်း၊ သုခကို သိသည်ဟု ပြတာက ဆဌမနည်း။)

၈။ စိတ်သင်္ခါရ၊ သတ္တမ၊ အဋ္ဌ ငြိမ်းစေရာ။
(စိတ္တသင်္ခါရခေါ် ဝေဒနာ သညာကို သိတာက သတ္တမနည်း၊ ၎င်းတို့ကို ငြိမ်းစေတာက အဋ္ဌမနည်း။)

၉။ ဒု-စတုက္ကာ၊ ၄-နည်းပြ၊ ဝေဒအနုပဿနာ။
(ဒုတိယ စတုက္ကာ ၄-နည်းဖြင့် ဝေဒနာအနုပဿနာကို ပြသည်။)

၁၀။ စိတ်ကို သိက၊ နဝမ၊ တက်ကြွ ဒသမာ။
(စိတ်ကို သိသည်ဟု ပြတာက နဝမနည်း၊ စိတ်ကို ဝမ်းမြောက် တက်ကြွစေသည်ဟု ပြတာက ဒသမနည်း။)

၁၁။ စိတ်ကိုထားလစ်၊ တဆဲ့တစ်၊ ဆဲ့နှစ် လွတ်စေရာ၊
(စိတ်ကို တည်တံ့စွာ ထားတာက ကောဒသမနည်း၊ လွတ်မြောက်စေတာက ဒွါဒသမနည်း။

၁၂။ တ-စတုက္ကာ၊ ၄-နည်းပြ၊ စိတ္တ အနုပဿနာ။
(တတိယ စတုတ္ထ ၄-နည်းဖြင့် စိတ္တာနုပဿနာကို ပြသည်။)

၁၃။ အနိစ္စနှင့်၊ ဝိရာဂ၊ ရှုရ နိရောဓာ။

၁၄။ ပဋိနိဿဂ်၊ ရှုပြန်လျက်၊ လေးချက် နောက်ဆုံးပါ။

(အနိစ္စဟုရှုလျက်၊ ဝိရာဂကိုရှုလျက်၊ နိရောဓကိုရှုလျက်၊ ပဋိနိဿဂ္ဂအားဖြင့် ရှုလျက် ရှု+ရှိုက် သည်ဟု ပြသော ဤ ၄-ချက်သည် နောက်ဆုံး စတုက္ကဖြစ်သည်။)

၁၅။ စ-စတုက္က၊ ၄-နည်းပြ၊ ဓမ္မ အနုပဿနာ။

(စတုတ္ထ စတုက္က ၄-နည်းဖြင့် ဓမ္မာနုပဿနာကိုပြသည်။)

၁၆။ သို့ ရှုပါက၊ ကျိုးမျှားလှ၊ ဗုဒ္ဓဟောမိန့်မှာ။

၁၇။ သမထအရာ၊နှာသီးမှာ၊ ထင်ရှားရှိရသည်။

(သမထအရာဖြစ်လျှင် နှာသီးဖျားနှင့် အထက်နှုတ်ခမ်းခွံ ထိရာက ရှုရသည်။)

၁၈။ နေရာတိုင်းမှာ၊ ဝိပဿနာ၊ မှန်စွာရှုရသည်။

(ဝိပဿနာအရာ ဖြစ်လျှင် ရှုရှိုက်လေ ထိရာတိုင်းမှာ ရှုနိုင်သည်၊ ထိုကြောင့်ပင် စတုတ္ထ စတုက္ကအရာ၌ ခန္ဓာ ၈ါးပါး စသည်တို့ကိုဌင်း၊ ကေသာ လောမာ- စသည်တို့ကိုဌင်း၊ အနိစ္စ စသည်ဖြင့် ရှုရန် ပဋိသမ္ဘိဒါမဂ်၌ အကျယ်ဖွင့်ပြထားပေသည်။)

မဟာရုဟုလောဝါဒသုတ် အာနာပါန ကမ္မဋ္ဌာန်း
ပဌမ စတုက္ကနှင့်စပ်၍ ထည့်သွင်းဟောကြားသော
မဟာသတိပဋ္ဌာန် ကာယာနုပဿနာပိုင်းဆိုင်ရာ
ဆောင်ပုဒ်များ

၁။ သွားတာ ရပ်တာ၊ ထိုင်လျောင်းတာ၊ မှန်စွာ သိရဲ့မည်။
၂။ ရှေသွား နောက်ပြန်၊ ရှုကြည့်ဟန်၊ အမှန်သိရမည်။
၃။ ကွေးတာဆန့်တာ၊ ကိုင်ယူတာ၊ မှန်စွာသိရမည်။
၄။ စားတာ သောက်တာ၊ ခဲ-လျက်တာ၊ မှန်စွာ သိရမည်။
၅။ ကျင်ကြီးတဖြာ ကျင်ငယ်ပါ၊ စွန့်တာ သိရမည်။
၆။ ကိုယ်အမူအရာ၊ ပြုတိုင်းမှာ၊ မှန်စွာသိရမည်။

မဟာရုဟုလောဝါဒသုတ် အာနာပါန ကမ္မဋ္ဌာန်း
ဒုတိယ စတုက္ကနှင့် စပ်၍ ထည့်သွင်းဟောကြားသော
မဟာသတိပဋ္ဌာန်ဝေဒနာနုပဿနာဆိုင်ရာ
ဆောင်ပုဒ်များ

၁။ ကိုယ်ထဲစိတ်ထဲ၌ ချမ်းသာမှု ကောင်းမှုဖြစ်ပေါ်လာလျှင် ချမ်းသာသည် ကောင်းသည် ဝမ်းသာသည် စသည်ဖြင့် ရှုရမည်။

၂။ ကိုယ်ထဲ စိတ်ထဲ၌ ဆင်းရဲမှု မခံသာမှု ဖြစ်ပေါ်လာလျှင် ဆင်းရဲသည် အခံခက်သည် နာသည် ကျင်သည် စိတ်ညစ်သည် စသည်ဖြင့် ရှုရမည်။

၃။ မဆိုးမကောင်း အလယ်အလတ် ခံစားမှု ဖြစ်ပေါ်လာလျှင် မဆိုးလှဘူး မကောင်းလှဘူး နေသာသည် စသည်ဖြင့် ရှုရမည်။

၄။ (အိမ်သူ အိမ်သား စီးပွားဥစ္စာ စသော) ကာမဂုဏ်နှင့် စပ်၍ဖြစ်သော စိတ်ရှင်လန်း ဝမ်းသာမှုကို သာမိသသုခ (ကာမဂုဏ် အစာနှင့် စပ်သော ချမ်းသာမှု) ဟု ခေါ်သည်။

၅။ ဒါန သီလ ဘာဝနာ လောကုတ္တရာနှင့်စပ်၍ ဖြစ်သော စိတ်ရှင်လန်း ဝမ်းသာမှုကို နိရာမိသသုခ (ကာမဂုဏ် အစာနှင့်မစပ်သော ချမ်းသာ)ဟု ခေါ်သည်။ ဤ ချမ်းသာ ၂-မျိုးကိုလဲ ဖြစ်ပေါ်လာတိုင်း ရှုရမည်။

၆။ ကာမဂုဏ်နှင့်စပ်၍ဖြစ်သော စိတ်နှလုံးမသာမှုကို သာမိသ ဒုက္ခ (ကာမဂုဏ် အစာနှင့် စပ်သော ဆင်းရဲ) ဟု ခေါ်သည်။

၇။ ဒါန သီလ ဘာဝနာ လောကုတ္တရာနှင့်စပ်သော စိတ်ပင်ပန်းမှုကို နိရာမိသဒုက္ခ (ကာမဂုဏ်နှင့်မစပ်သောဆင်းရဲ) ဟု ခေါ်သည်။ ဤ ဆင်းရဲ ၂-မျိုးကိုလဲ ဖြစ်ပေါ် လာတိုင်း ရှုရမည်။

၈။ ကာမဂုဏ်နှင့်စပ်၍ ဖြစ်သော မဆိုးမကောင်း အလယ်အလတ် သဘောကို သာမိသဉ္ဇပေက္ခာ (ကာမဂုဏ်အစာနှင့်စပ်သော လျစ်လျူရှုမှု)ဟု ခေါ်လည်း။

၉။ ဒါန သီလ ဘာဝနာ လောကုတ္တရာနှင့်စပ်၍ ဖြစ်သော မဆိုးမကောင်း အလယ် အလတ် သဘောကို နိရာမိသဉ္ဇပေက္ခာ (ကာမဂုဏ်အစာနှင့် မစပ်သော လျှင်လျူရှုမှု) ဟုခေါ်သည်။ ဤ ဥပေက္ခာ ၂-မျိုးကိုလဲ ဖြစ်ပေါ်လာတိုင်း ရှုရမည်။

မဟာရာဟုလောဝါဒသုတ် အာနာပါန ကမ္မဋ္ဌာန်း တတိယ စတုက္ကနှင့် စပ်၍ ဆည်သွင်းဟောကြားသော မဟာသတိပဋ္ဌာန် စိတ္တာနုပဿနာဆိုင်ရာ

ဆောင်ပုဒ်များ

၁။ ရာဂ ရှိတာ၊ မရှိတာ၊ နှစ်ဖြာစိတ်ကို သိရမည်။

၂။ ဒေါသ ရှိတာ၊ မရှိတာ၊ နှစ်ဖြာ စိတ်ကို သိရမည်။

၃။ မောဟ ရှိတာ၊ မရှိတာ၊ နှစ်ဖြာ စိတ်ကို သိရမည်။

၄။ တုန့်ဆုတ် လျော့တာ၊ ပျံ့လွင့်တာ၊ နှစ်ဖြာ စိတ်ကို သိရမည်။

၅။ ဈာန်စိတ် ဟုတ်တာ၊ မဟုတ်တာ၊ နှစ်ဖြာ စိတ်ကို သိရမည်။

၆။ လွန်ကဲ ရှိတာ၊ မရှိတာ၊ နှစ်ဖြာ စိတ်ကို သိရမည်။ (အောက်တန်းကျတာ၊ လွန်မြတ်တာ၊ နှစ်ဖြာ စိတ်ကို သိရမည်။)

၇။ စူးစိုက် တည်တာ၊ မတည်တာ၊ နှစ်ဖြာ စိတ်ကို သိရမည်။

၈။ မလွတ်မြောက်တာ၊ လွတ်မြောက်တာ၊ နှစ်ဖြာစိတ်ကို သိရမည်။

ဓမ္မပဒပါဠိတော်လာ စိတ္တာနုပဿနာ ဆောင်ပုဒ်မျှား

၁။ နှိမ်နိုင်ခဲစ့ဲ၊ လျင်မြန်လှ၍၊ သူကျလိုရာ၊ ကျတတ်ပါ
သည့်၊ ဝိညာဏသွမ်း၊ စိတ်သရမ်းကို၊ စောင့်ဖမ်း ရှုရေး
ဆုံးမပေး၍၊ ယဉ်ကျေးလိမ္မာ၊ သူဖြစ်လာသော်၊ ချမ်းသာ
ဆောင်ပေး တတ်သတည်း။
(ဂါထာအမှတ် ၃၅)

၂။ မြင်နိုင်ခဲစ့ဲ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊
ဝိညာဏသွမ်း၊ စိတ်သရမ်းကို၊ စောင့်ဖမ်းရှုကာ၊ လုံခြုံ
ပါမူ၊ ချမ်းသာ ဆောင်ပေးတတ်သတည်း။

၁၃၃၀-ခုနှစ်၊ ဝါဆိုလပြည့်နေ့မှစ၍ ဟောကြားတော်မူသော စူဠဇာတုလောဝါဒသုတ် ဆောင်ပုဒ်များ

၁။ သဒ္ဓါ ဝိရိ၊ သတိ သမာ၊ မြတ်ပညာ၊ ငါးဖြာ ဣန္ဒြေ။
၂။ ဣန္ဒြေငါးပါး၊ မဲ့သူများ ရှောင်ရှား ဝေးစွာနေ။
၃။ ဣန္ဒြေငါးရပ်၊ ရှိသူမြတ်၊ ဆည်းကပ်မှီဝဲလေ။
၄။ ကြည်ညိုဘွယ် သုတွန်၊ သမ္မပ္ပဓာန်နှင့်၊ သတိပဋ္ဌာန်တဝ၊
ဝိမောက္ခစျာန်၊ နက်နဲဉာဏ်၊ သုတွန်ဆင်ခြင်လေ။
၅။ ရှောင်ခြင်းငါးလီ၊ မှီခြင်းငါးအင်၊ ဆင်ခြင်ငါးပါး၊
ဤဆဲငါး၊ မှတ်သားဝိမုတ် ရင့်ကြောင်းတော့။
၆။ ဣန္ဒြေရင့်ခါ၊ ကျင့်ကြားနာ၊ လျင်စွာ မဂ်ဖိုလ်ရောက်
တတ်ပေ။

သုတ်၏ ဘာသာပြန် အကျဉ်းချုပ်

၁။ မျက်စိသည် မြဲသလော မမြဲသလော၊ မမြဲပါ အရှင်
ဘုရား။
မမြဲသော တရားသည် ဆင်းရဲလော၊ ချမ်းသာလော။
ဆင်းရဲပါ အရှင်ဘုရား။
မမြဲ ဆင်းရဲ ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို—
ငါ့ဥစ္စာဟု သာယာသိမ်းပိုက်ထားရန် သင့်ပါမည်လော။
မသင့်ပါအရှင်ဘုရား။

ငါဘဲဟု ဂုဏ်ယူ၍ မာန်တက်ရန်ကော သင့်ပါမည်လော။ မသင့်ပါ အရှင်ဘုရား။

ငါ၏ အတွေ့ အထည်ကိုယ်ဟု ထင်မှတ်စဲ့လမ်းရန်ကော သင့်ပါမည်လော။ မသင့်ပါ အရှင်ဘုရား။

၂။ မြင်ရသည့်အဆင်းသည် မြဲသလော၊ မမြဲသလော မမြဲပါ အရှင်ဘုရား။

၃။ မြင်သိမှုသည်.... ၄။ မြင်တွေ့မှုသည်.... ၅။ မြင်တွေ့လို ဖြစ်ပေါ်လာသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တရားစုသည် မြဲသလော၊ မမြဲသလော။ မမြဲပါ အရှင်ဘုရား။

၁။ နှားသည်.... ၂။ ကြားနာရသည့် အသံသည်.... ၃။ ကြားသိမှုသည် (၄-၅ နည်းတူ ဖော်လေ။)

၁။ နှာခေါင်းသည်.... ၂။ နံရသည့်အနံ့သည်.... ၃။ နံသိမှုသည်.... (၄-၅ နည်းတူ ဖော်လေ။)

၁။ လျှာသည်.... ၂။ အရသာသည်.... ၃။ အရသာသိမှုသည်....(၄-၅ နည်းတူ ဖော်လေ။)

၁။ ကိုယ်သည်.... ၂။ အတွေ့သည်.... ၃။ ထိသမှုသည်.... (၄-၅ နည်းတူ ဖော်လေ။)

၁။ စိတ်နှလုံးသည်.... ၂။ သဘောအာရုံသည်.... ၃။ ကြံသိမှုသည်.... (၄-၅ နည်းတူ ဖော်လေ။)

ယခု မေး- ဖြေခဲ့သည့် အတိုင်း သိမြင် သဘောကျလျှင် မျက်စိ၌လဲ ငြိုးငွေ့သည်။ အဆင်း၌လဲ- မြင်သိမှု၌လဲ- မြင်တွေ့မှု၌လဲ-မြင်တွေ့လို ဖြစ်ပေါ်လာသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရား၌လဲ- နား၌လဲ- အသံ၌လဲ- ကြားသိမှု၌လဲ- နှာခေါင်း၌လဲ- အနံ့၌လဲ- နံသိမှု၌လဲ- လျှာ၌လဲ- အရသာ၌လဲ- အရသာသိမှု၌လဲ- ကိုယ်၌လဲ- အတွေ့၌လဲ- ထိသိမှု၌လဲ စိတ်နှလုံး၌လဲ- သဘောအာရုံ၌လဲ- ကြံသိမှု၌လဲ- ကြံတွေ့မှု၌လဲ- ကြံတွေ့လို ဖြစ်ပေါ်လာသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တရား၊ စု၌လဲ ငြိုးငွေ့သည်။ ငြိုးငွေ့လျှင် တပ်မက်ကင်းသည်။ တပ်မက်ကင်းသောကြောင့် လွတ်မြောက်သည်၊ လွတ်မြောက်လျှင် လွတ်မြောက်ပြီဟု သိလေတော့သည်။ "ဘဝအသစ် ဖြစ်မှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးပြီ၊ ပြုဘွယ်ကိစ္စကို ပြုပြီးပြီ၊ ဤကိစ္စအတွက် တဖန်ပြုရန် မရှိတော့ပြီ"ဟု ကိုယ်တိုင်သိလေတော့သည်။

၁၃၃၀-ခုနှစ် တော်သလင်း လပြည့်နေ့မှစ၍

ဟောကြားတော်မူသော

အာနာပါန- ၀တ္ထု စတုက္က-နှင့်

နိဝရဏဝမ္မာနုပဿနာ ဆောင်ပုဒ်များ

၁။ အနိစ္စနှင့်၊ ဝိရာဂ၊ ရှုရ နိရောဓာ။
၂။ ပဋိနိဿဂ်၊ ရှုပြန်လျက်၊ လေးချက် နောက်ဆုံးပါ။
၃။ စ-စတုက္ကာ၊ ၄-နည်းပြ၊ ဓမ္မ အနုပဿနာ။
၄။ အာရုံနှင့် မှတ်စိတ် ပျက်ပြယ်သွားတာက ခယဝိရာဂ။
၅။ သင်္ခါရအားလုံး မပေါ်လာဘဲ ကင်းတာက အစ္စန္တ-ဝိရာဂ။
၆။ ဤဝိရာဂ နှစ်မျိုးကို မှတ်လျက် ရောက်လျက် တွေ့မြင်တာက ဝိရာဂါနုပဿနာ။
၇။ အာရုံနှင့် မှတ်စိတ် ချုပ်ဆုံးသွားတာက ခယနိရောဓ။
၈။ သင်္ခါရအားလုံး မပေါ်လာဘဲ ချုပ်ငြိမ်းသွားတာက အစ္စန္တနိရောဓ။
၉။ ဤ နိရောဓ နှစ်ပါးကို မှတ်လျက် ရောက်လျက် တွေ့မြင်တာက နိရောဓာနုပဿနာ။
၁၀။ မရှုမိတဲ့ အာရုံ၌ ဖြစ်နိုင်သည့် ကိုလေသာခန္ဓာတို့ကို စွန့်လွှတ်သော ရှုမှတ်မှုက ပရိစ္စာဂပဋိနိဿဂ်။

၁၁။ နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားသလို ဖြစ်သော အရိယမဂ်က ပဟာန်နုပယ်နိုင်သည်။

၁၂။ ဤသို့ စွန့်လွှတ်လျက် ပြေးဝင်လျက် ရှုမြင်တာက ပယ်နိုင်သည် ဖြစ်ပေသနော။

နိဝရဏဝမ္မာနုပဿနာ ဆောင်ပုဒ်များ

(၁-ကာမစ္ဆန္ဒ)

၁။ တင့်တယ်ဟန်များ၊ ရှုစဉ်းစား၊ ဖြစ်ပွား ကာမစ္ဆာန်။

၂။ မတင့်တယ်အား၊ ရှုစဉ်းစား၊ ပယ်ရှား ကာမစ္ဆာန်။

၃။ မမြဲတာကို မြဲသည်ဟု ရှုတာက အယောနိသော မနသိကာရ။

၄။ မမြဲတာကို မမြဲဟု ရှုတာက ယောနိသော မနသိကာရ။

၅။ ဆင်းရဲကို ချမ်းသာဟု ရှုတာက အယောနိသော မနသိကာရ။

၆။ ဆင်းရဲကို ဆင်းရဲဟု ရှုတာက ယောနိသော မနသိကာရ။

၇။ ငါကောင် မဟုတ်တာကို ငါကောင်ဟု ရှုတာက အယောနိသော မနသိကာရ။

၈။ ငါကောင်မဟုတ်တာကို ငါကောင်မဟုတ်ဟု ရှုတာက ယောနိသော မနသိကာရ။

၉။ မတင့်တယ်တာကို တင့်တယ်သည်ဟု ရှုတာက အယောနိသော မနသိကာရ။

၁၀။ မတင့်တယ်တာကို မတင့်တယ်ဟု ရှုတာက ယောနိသော မနသိကာရ။
၁၁။ ရှံ့ဘွယ်ထင်စေ၊ ပွားလျက်နေ၊ ဣန္ဒြေစောင့်စည်းရာ။
၁၂။ စားသောက်တိုင်းရှေ့၊ မိတ်ကောင်းစေ၊ ပြောလေ သင့်လျော်သာ။
၁၃။ ကာမစ္ဆန္ဒ၊ ပယ်ကြောင်းပြ၊ ခြောက်၀ အဌကထာ။

(၂-ဗျာပါဒ)

၁။ စိတ်ဆိုးဘွယ်များ၊ ရှုစဉ်းစား၊ ဖြစ်ပွား ဗျာပါဒ။
၂။ မေတ္တာတရား၊ ရှေးရှုပွား၊ ပယ်ရှား ဗျာပါဒ။
၃။ မေတ္တာထင်စေ၊ ပွားလျက်နေ ရှုလေ ကံဥစ္စာ။
၄။ ဆင်ခြင်များစေ၊ မိတ်ကောင်းစေ၊ ပြောလေ သင့်လျော်သာ။
၅။ ဗျာပါဒေါသ၊ ပယ်ကြောင်းပြ၊ ခြောက်၀ အဌကထာ။

(၃-ထိနမိဒ္ဓ)

၁။ ပျင်းရိဘွယ်များ၊ ရှုစဉ်းစား၊ ဖြစ်ပွား ထိုင်းမှိုင်းမှု။
၂။ လုံ့လသုံးပါး၊ နှလုံးထား၊ ပယ်ရှား ထိုင်းမှိုင်းမှု။
၃။ အစားလွန်ကြဉ်၊ နေထိုင်ပြင်၊ ဆင်ခြင်ရောင်လင်းမှာ။
၄။ လွင်ပြင်မှာနေ၊ မိတ်ကောင်းစေ၊ ပြောလေ သင့်လျော်သာ။
၅။ ထိနမိဒ္ဓ၊ ပယ်ကြောင်းပြ၊ ခြောက်၀ အဌကထာ။

(၄-ဥဒ္ဒစ္စကုက္ကုစ္စ)

၁။ ပူပန်ဘွယ်များ၊ ရှုစဉ်းစား၊ ဖြစ်ပွား-ပျံ့-ပူပန်။
၂။ ငြိမ်းအေးတရား၊ ရှုပွားများ၊ ပယ်ရှား ပျံ့-ပူပန်။
၃။ များစွာကြားမြင်၊ မေးမြန်းလျှင်။ ကျမ်းကျင် ဝိနည်းမှာ။
၄။ ကြီးသူမှီနေ၊ မိတ်ကောင်းစေ၊ ပြောလေ သင့်လျော်သာ။
၅။ ပျံ့လွင့်-ပူပန်၊ ပယ်ကြောင်းမှန်၊ ခြောက်တန် ဌမိန့်မှာ။

(၅-ဝိစိကိစ္ဆာ)

၁။ မယုံဘွယ်များ၊ တွေးစဉ်းစား၊ ယုံမှားဖြစ်တတ်သည်။
၂။ ကုသိုလ်စသား၊ ရှုပိုင်းခြား၊ ယုံမှား ကင်းပျောက်သည်။
၃။ များစွာကြားမြင်၊ မေးမြန်းလျှင်၊ ကျမ်းကျင် ဝိနည်းမှာ။
၄။ ဆုံးဖြတ်များပေ၊ မိတ်ကောင်းစေ၊ ပြောလေ သင့်လျော်သာ။
၅။ ယုံမှားပယ်ရန်၊ ကြောင်းခြောက်တန်၊ ထုတ်ပြန် အဋ္ဌကထာ။

၁၃၃၀-ခုနှစ် သီတင်းကျွတ် လပြည့်နေ့မှစ၍
ဟောကြားတော်မူသော
ပဋ္ဌာန်းတရားတော်နှင့် ခန္ဓမဟာနုပဿနာ
ဆောင်ပုဒ်များ

ပစ္စည်းဆိုတာက အကြောင်းတရား၊ ပစ္စယုပ္ပန်ဆိုတာက အကျိုးတရား။

(က) ကမ္မပစ္စယော-ပြုမှုဖြစ်၍ ကျေးဇူးပြုသောတရား။

၁။ စေတနာက ကမ္မပစ္စည်း၊ ယှဉ်ဘက်နာမ်နှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်က ပစ္စယုပ္ပန်။

၂။ ကုသိုလ် အကုသိုလ် စေတနာက ခဏကဲ့ ကမ္မပစ္စည်း၊ အကျိုးခန္ဓာက ပစ္စယုပ္ပန်။

(ခ) ဝိပါကပစ္စယော-အကျိုးဖြစ်၍ ကျေးဇူးပြုသောတရား။

၁။ ဝိပါက် စိတ်နာမ်က ဝိပါကပစ္စည်း၊ ယှဉ်ဘက်နာမ်နှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မရုပ်က ပစ္စယုပ္ပန်။

(ဂ) အာဟာရပစ္စယော - အားသစ်ပေး၍ ကျေးဇူးပြုသော တရား။

၁။ ဩဇာရုပ်က အာဟာရပစ္စည်း၊ တကိုယ်လုံးရှိ ရုပ်က ပစ္စယုပ္ပန်။

၂။ ဖဿ စေတနာ ဝိညာဏ်က အာဟာရပစ္စည်း၊ ယှဉ်ဘက် နာမ်နှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်က ပစ္စယုပ္ပန်။

(ဃ) ဣန္ဒြိယ ပစ္စယော- အုပ်စိုးရှိ ကျေးဇူးပြုသော တရား။
၁။ မျက်စိ နှား နှာ လျှာ ကိုယ်-ဤ ရူပ ၅-ပါးက ဣန္ဒြိယ ပစ္စည်း၊ မြင်မှုစသော စိတ်နာမ် ၅-ပါးက ပစ္စယုပ္ပန်။
၂။ ဇီဝိတခေါ် အသက်ရူပ်က ဣန္ဒြိယပစ္စည်း၊ တဲ့ဘက် ကမ္မဇရူပ်က ပစ္စယုပ္ပန်။
၃။ ဇီဝိတခေါ် အသက်နာမ်နှင့် စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဤရှစ်ပါးက ဣန္ဒြိယ ပစ္စည်း၊ ယှဉ်ဘက်နာမ်နှင့် စိတ္တဇရူပ် ပဋိသန္ဓေ ကမ္မဇရူပ်က ပစ္စယုပ္ပန်။

(အထူး လျှောက်တောင်းပန်ချက်ရှိ၍ ဤ ၄-ပစ္စည်းကို ထည့်သွင်းဟောသည်)

ခန္ဓမ္မာနုပဿနာ ဆောင်ပုဒ်များ

(၁) ထင်လဲ့ သာယာ၊ စဲ့လမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။
(၂) ငါ ငါ့ဥစ္စာ၊ စဲ့နိုင်တာ၊ ဥပါဒါနကွန်။
(၃) ရူပ် ဝေ သညာ၊ သင်္ခါရာ၊ ဝိညာ ဤ ငါးတန်။
(၄) ဒါက အာရုံကို မသိတတ်တဲ့ ရူပ်ပဲ၊ ဒါက ရူပ်၏ ဖြစ်မှုဘဲ၊ ဒါက ရူပ်၏ ပျက်မှုဘဲ-ဟု သိရမည်။
(၅) ဒါက အကောင်းအဆိုးကို ခံစားတတ်တဲ့ ဝေဒနာဘဲ၊ ဒါက ဝေဒနား၏ ဖြစ်မှုဘဲ။
(၆) ဒါက မှတ်သားတတ်တဲ့ သညာဘဲ၊ ဒါက ပြုလုပ်တတ်တဲ့ သင်္ခါရတွေဘဲ.... ဒါက သိတတ်တဲ့ စိတ်ဘဲ။

၁။ ပထဝီ, အာပေါ, တေဇော, ဝါယော-မဟာဘုတ် ၄-ပါး။

၂။ မျက်စိ,နား, နှာ, လျှာ, ကိုယ်- အကြည်ရုပ် ၅-ပါး။

၃။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့- အာရုံရုပ် ၅-ပါး။

(အတွေ့ဆိုတာ ပ- တေ- ဝါ- မဟာဘုတ်ပင်တည်း။)

၄။ မိန်းမ ဖြစ်ကြောင်းမျိုးစေ့၊ ယောကျ်ား ဖြစ်ကြောင်း မျိုးစေ့- ဘာဝရုပ်က ၂-ပါး။

၅။ အသက် နှလုံး အာဟာရ- သီးခြားရုပ်က ၃-ပါး။

၆။ ဘုတ် လေး၊ ကြည် ၈ါး၊ အာရုံ ၈ါး၊ နှစ်ပါးဘာဝ မည်။

၇။ သီးခြားသုံးပါ၊ ဆဲ့ရှစ်ဖြာ၊ သဘာဝရုပ်မည်။

၈။ သဘာဝရုပ်ခေတ်၊ ပရမတ်၊ ဝိပဿနာရှုရသည်။

၉။ ကြွင်းရုပ်ဆယ်ဖြာ၊ ပညတ်သာ၊ ရှုစရာ မလိုပြီ။

၁၀။ အာကာသခေတ်၊ နှစ်ဝိညတ်၊ ပေါ့လတ်၊ နု၊ ခံ့သည်။

၁၁။ ဖြစ်၊ ပွား၊ ရင့်လတ်၊ သေပွက်မှတ်၊ ပညတ်ရုပ် ဆယ် မည်။

၁၃၃၀-ခုနှစ်၊ နတ်တော်လပြည့်နှင့် လကွယ်နေ့များ၌ ဟောကြားသော

ခန္ဓဝမ္မာ နုပသဏာ တရားတော်-ရူပကွန္ဓာ ဆောင်ပုဒ်များ

ကလာပ်ဖွဲ့ပုံ

၁။ ဆင်းနှံ့ရသာ၊ ဘုတ် ၄-ဖြာ၊ သြဇာ အဋ္ဌကလာပ်။
၂။ အသက်နှင့်တကွ၊ ထိုအဋ္ဌ၊ နဝ ရုပ်ကလာပ်။ (ဇီဝိတ နဝကကလာပ်)
၃။ အကြည် ဘာဝ၊ ဟဒယ၊ ဒသ ရုပ်ကလာပ် (ဒသက ကလာပ် ရှစ်ခု)
၄။ အသံနှင့် တကွ၊ ထိုအဋ္ဌ၊ နဝ ရုပ်ကလာပ်။ (သဒ္ဒနဝက ကလာပ်)

ကလာပ်နှင့် ရုပ်အရေအတွက်

၁။ နှုပ် တံထွေး ချေး မျက်ရည်—စိတ် ဥတုကြောင့် ဖြစ်သည်၊ အဋ္ဌ ကလာပ်ရုပ် ၂-ခု၊ ရုပ်ပေါင်း ၆၄-ရသည်။ (၆၄)
၂။ အစာသစ် အစာဟောင်း ကျင်ငယ် ပြည်—ဥတုကြောင့် ဖြစ်သည်၊ အဋ္ဌ ကလာပ် ရုပ် ၁-ခုစီ၊ ရုပ်ပေါင်း ၃၂-ရသည်။ (၆၄+၃၂=၉၆)

၃။ ကြွင်းသော ပထဝီ အာပေါ အဖို့အစု ၂၄-မည်သော် ဒု ဟာကြောင့်ဖြစ်သည်။ ကာယနှင့် ဘာဝဒသက ကလာပ် ၂-ခုစီ ကံကြောင့် ဖြစ်သည်၊ အဋ္ဌ ကလာပ် ၃-ခုစီ စိတ် ဒု ဟာကြောင့် ဖြစ်သည်၊ ရူပ်ပေါင်း ၁၀၅၆-ရသည်။ (၉၆+၁၀၅၆=၁၁၅၂)

၄။ သုံးဆဲနှစ်ကောဌာ၊ ကလာပ်မှာ၊ တရာသုံးဆယ်နှစ်။ (၁၃၂)

၅။ ရူပ်ပေါင်း သန်းခြာ၊ ထောင်တရာ၊ စွန်းသောငါးဆဲနှစ်။ (၁၁၅၂)

၆။ သန္ဓပ်, ဒါဟာ၊ ဇီရုဏာ၊ ပါစက မီး ၄-ဖြာ။

၇။ ဆန်, စုန်, ဝမ်း, အူ၊ လှုပ်ပြုမှု၊ သက်ရှူလေ ၆-ဖြာ။

၈။ ပါစက တေဇောသည် ကံကြောင့်သာ ဖြစ်သည်၊ ဇီဝိတ နဝက ကလာပ်သာ ရသည်။ (၉)

၉။ ရှရှိုက်လေသည် စိတ်ကြောင့်သာ ဖြစ်သည်၊ သဒ္ဒ-နဝက ကလာပ်သာ ရသည်။ (၉)

၁၀။ ကြွင်းသော တေဇော ဝါယော အဖို့အစု ရှစ်မည်သော် စိတ် ဒု ဟာ ကြောင့် ဖြစ်သည်။ ဇီဝိတ နဝကနှင့် အဋ္ဌကလာပ် ၃-ခုစီ၊ ရူပ်ပေါင်း ၂၆၄-ရသည်။ (၉+၉+၂၆၄=၂၈၂)

၁၁။ မီး-လေ ဆယ်ရပ်၊ ရုပ်ကလာပ်၊ သိုအပ် သုံးဆဲ့လေး--
(ကလာပ် ၃၄)

၁၂။ နှစ်ရာ့ရှစ်ဆယ်၊ နှစ်ခုကယ်၊ မှတ်ဘွယ် ရုပ်သခ္ခေါ်။
(ရုပ်ပေါင်း ၂၈၂)

၁၃။ ဒွါရ ၆-ဝယ်၊ ရုပ် ၆၀၊ ၆-သွယ် ကလာပ်ပေါင်း။
(ကလာပ် ၆-ခု၊ ရုပ် ၆၀)

၁၄။ တရာ့ခုနှစ်ဆယ်၊ နှစ်ခုကယ်၊ ကိုယ်ဝယ်ကလာပ်ပေါင်း။
(၁၃၂+၃၄+၆=၁၇၂ ကလာပ်ပေါင်း)

၁၅။ ကိုးဆဲ့လေး စွန်းသာ၊ ထောင့်လေးရာ၊ ကိုယ်မှာ ရုပ်
အပေါင်း။

(၁၁၅၂+၂၈၂+၆၀=၁၄၉၄ ရုပ်အပေါင်း)

၁၆။ ဝိသုဒ္ဓိမဂ်၊ ထုတ်ဖော်မြွက်၊ ရေတွက်သိစကောင်း။

၁၇။ သံခိပ်တလီ၊ မဟာဋီ၊ ပြင်ပြီ ရှေးနည်းဟောင်း။

၁၈။ ကိုယ်ဒွါရတွက်၊ မတိုးတက်၊ ဝင်ထွက် သံမပေါင်း။
(ဒွါရ ၆-ဝယ်၊ ရုပ် ၆၀ ဆိုရာ၌ ကာယဒွါရ အတွက်
ထပ်၍ မတိုးဘဲ ရုပ် ၅၀-သာယူသည်။ ဝင်သက် ထွက်
သက်၌ အသံမပါပဲ အဌကလာပ် ရုပ် ၈-ခုသာယူသည်။
ထို့ကြောင့် ရုပ် ၁၁-ခု လျော့သွားသည်ဟု ဆိုလို၏။)

၁၉။ သဒ္ဒနဝက၊ စိတ်-ဥဇ၊ နှစ်၁ ထိုးဆင့်လောင်း။
(စိဘ္ဘဇ၊ ဥတုဇ သဒ္ဒနဝက ကလာပ် ၂-ခု၊ ရုပ် ၁၈-ခု တိုးလာသည်ဟု ဆိုလို၏၊)

၂၀။ တရာ့ခုနှစ်ဆယ်၊ သုံးခုကယ်၊ ကိုယ်ဝယ် ကလာပ်ပေါင်း။
(၁၇၃)

-၂၁။ တခုစ္ဆန်းသာ၊ ထောင့်ငါးရာ၊ ကိုယ်မှာ ရုပ်အပေါင်း။
(၁၅၀၁)

၂၂။ သံခိပ်မိန့်မှာ၊ ဌီမဟာ၊ သေချာလှပတောင်း။

၁၃၃၀ခုနှစ်၊ တပို့တွဲလပြည့်နေ့ ဟောကြားတော်မူသော ခန္ဓမမှာနုပဿနာ တရားတော် ဝိညာဏကွာခန္ဓာ ဆောင်ပုဒ်များ

စိတ်အစဉ်ဖြစ်နေပုံ

၁။ ဘဝင် ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင် လက်ခံတုံ။
(ဘဝင်အစဉ်ပြတ်၍ ဆင်ခြင်သော အာဝဇ္ဇန်းစိတ် ဖြစ်သည်၊ ထို့နောင် မြင်သော စက္ခုဝိညာဏ်စိတ်၊ ထို့နောင် လက်ခံသော သမ္ပဋိစ္ဆိန်းစိတ် ဖြစ်သည်ဟုဆိုလို၏။)

၂။ စုံစမ်း ဆုံးဖြတ်၊ ဇောစိတ်သတ်၊ ၂-ရပ် တဒါရုံ။
(ထို့နောင် စုံစမ်းသော သန္တီရဏစိတ်၊ ထို့နောင် ဆုံးဖြတ်သော ဝုဋ္ဌေါစိတ်၊ ထို့နောင် ဇောစိတ် ခုနစ်ကြိမ်၊ ထို့နောင် ထိုဇော၏ အာရုံကိုပင် ဆက်လက် အာရုံပြုသော တဒါရုံစိတ် ၂-ကြိမ် ဖြစ်ပြီးနောက်အိပ်ပျော်သွားသကဲ့သို့ ဘဝင်စိတ် အစဉ် ပြန်ဖြစ်သွား သည်ဟု ဆိုလို၏။)

၃။ အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်။
(မြင်လျှင် ဤစိတ်အစဉ်အတိုင်း ဖြစ်သည်။)

၄။ ကြား နံ စား ထိ၊ မြင်တူ၏၊ မှတ်ဘိစိတ်ဖြစ်ပုံ။
(ကြားလျှင်၊ နံလျှင်၊ စားသိလျှင်၊ ထိသိလျှင် မြင်ခိုက် စိတ်အစဉ်နှင့် တူသည်၊ မြင်ပြီးလျှင် ဟူသော နေရာ၌ ကြားပြီးလျှင်၊ နံပြီးလျှင်၊ စားပြီးလျှင်၊ ထိပြီးလျှင်ဟု ပြင်ဆိုရုံ ယူရုံမျှသာ ထူးသည်ဟု ဆိုလိုသည်။

၅။ ဆင်ခြင်ပြီးခါ၊ ဇောတဒါ၊ ကြံရာ စိတ်ဖြစ်ပုံ။
(ဘဝင် အစဉ်ပြတ်၍ ဆင်ခြင်သော အာဝဇ္ဇန်းစိတ်၊ ထို့နောင် ဇောခုနစ်ကြိမ်၊ ထို့နောင် တဒါရုံ ၂-ကြိမ်၊ ဤစိတ်အစဉ်အတိုင်း ကြံသိ ရှုမှတ်သောအခါ ဖြစ်သည်ဟု ဆိုလို၏။)

ကာမဇောစိတ်များ

၁။ အကုသိုလ်ရှစ်၊ ကုသိုလ်ရှစ်၊ အပြစ် ကောင်းကျိုးပေး။
၂။ ရဟန္တာမှာ၊ ကိရိယာ၊ ကိုးဖြာ ကျိုးမပေး။
၃။ ကာမဇောမျိုး၊ နှစ်ဆဲ့ကိုး၊ ဖြစ်ရိုးကျယ်လှသေး။

အကုသိုလ်ဇိတ် ၁၂-ပါး

၁။ လော ရှစ်, ဒေါနှစ်၊ မောလည်းနှစ်၊ ဆဲ့နှစ် အကုမည်။
၂။ ဝမ်းသာ,မသာ၊ ဒိဋ္ဌိနှင့် ယှဉ်,မယှဉ်၊ တိုက်တွန်းမှုရှိ,မရှိ၊ ခဲ့လေဘိ၊ ဖြစ်၏ လောရှစ်မည်။

၃။ တိုက်ဘွန်းမှု ရှိတာ,မရှိတာ၊ နှစ်ဖြာ ဒေါစိတ်မည်။
၄။ ပျံ့လွင့်,ယုံမှား၊ ဤနှစ်ပါး၊ မှတ်သား မောစိတ်မည်။

သဟိတ်-ကာမ-ကုသိုလ်-ဝိပါက်-ကြိယာ-စိတ် ၂၄-ပါး

၁။ ဝမ်းသာ မသာ၊ ဉာဏ်ယှဉ် မယှဉ်၊ တိုက်တွန်းမှု ရှိ မရှိ၊ ခွဲလေဘိ၊ ဖြစ်၏ ကု-ရှစ်မည်။
၂။ ဝိပါက် ကြိယာ၊ နည်းတူသာ၊ မှတ်ပါရှစ်ခုစီ။

အဟိတ်စိတ် ၁၈-ပါး

၁။ စုံစမ်းလက်ခံ၊ ငါးဝိညာဏ်၊ နှစ်တန်ဝိပါက်စိတ်။ (ကုသလဝိပါက်၊ အကုသလဝိပါက်စိတ်ဟု နှစ်ပါစီခွဲယူရမည်။)
၂။ စုံစမ်းနှစ်ချက်၊ ကုဝိပါက်၊ တချက် အကုဝိ။ (ထိုတွင် စုံစမ်းစိတ်မှာ ကုသလဝိပါက် ၂-ခု၊ အကုသလဝိပါက် ၁-ခု၊ ပေါင်း ၃-ခုရှိသည်ဟု ဆိုလို၏။)
၃။ ဆင်ခြင် နှစ်ဖြာ၊ ပြုံးရှင်တာ၊ မှတ်ပါ ကြိယာစိတ်။
၄။ ဤဆဲ့ရှစ်ခုမှာ၊ ဟိတ် ကင်းကွာ၊ မှတ်ပါ အဟိတ်စိတ်။

တဒါရုံစိတ် ၁၁-ပါး

၁။ စုံစမ်းသုံးချက်၊ ရှစ်ဝိပါက်၊ ရေတွက် တဒါစိတ်။

မဟာဂျုတ်စိတ် ၂၇-ပါး

၁။ စျာန်ကုသိုလ်၉၊ ဝိပါက်၉၊ ကြိယာ ၉၊ ပေါင်း မဟာဂျုတ်စိတ် ၂၇-ပါး။

လောကီစိတ် ၈၁-ပါး

၁။ ကာမစိတ် ၅၄-ပါး၊ မဟာဂျုတ် ၂၇-ပါး၊ ပေါင်း လောကီစိတ် ၈၁-ပါး။

၂။ ဤလောကီစိတ် ၈၁-ပါးကို ဝိညာဏုပါဒါနက္ခန္ဓာဟု ခေါ်သည်၊ ဤလောကီစိတ်ကိုသာ ဝိပဿနာရှုရသည်။

၁၃၃၀-ခုနှစ်၊ တပေါင်းလပြည့်နေ့မှစ၍ ဟောကြားသော ဓမ္မာနုပဿနာဘာဝနာတရားတော်-စတုတသိက်ခန္ဓာ ၃-ပါး ဆောင်ပုဒ်များ

စိတ်နှင့် တပေါင်းဘည်းဖြစ်သော နာမ်တရားများကို စေတသိက်လို့ ခေါ်သည်။

သဗ္ဗစိတ္တသာဓारณစေတသိက် ၇-ပါး

၁။ အာရုံကို တွေ့တာက ဖဿ။
၂။ အကောင်းအဆိုးကို ခံစားတာက ဝေဒနာ။
၃။ အာရုံကို မှတ်သားတာက သညာ။
၄။ စေ့ဆော်တိုက်တွန်းတာက စေတနာ။
၅။ စူးစိုက်တည်ကြည်တာက ဧကဂ္ဂတာ။
၆။ အသက်ရှင်နေတာက ဇီဝိတိန္ဒြေ။
၇။ နှလုံးသွင်းတာက မနသိကာရ။
၌ (၇) ပါးမှာ စိတ်တိုင်းနှင့် ယှဉ်သည်။

ပကိဏ္ဏကစေတသိက် ၆-ပါး

၁။ ကြံစည်တာက ဝိတက်။ (ပဌမဈာန်မှတပါး ကာမစိတ် ၄၄၊ ပဌမစျာန်စိတ်၊ ၁၁၊ ပေါင်း ၅၅-ပါးနှင့် ယှဉ်သည်။)

၂။ ဆင်ခြင်တာက ဝိစာရ။ (ဒုတိယစျာန် ၁၁-ပါ ၆၆-ပါးနှင့် ယှဉ်သည်။)

၃။ နှစ်သိမ့်ဝမ်းမြောက်တာက ပီတိ။ (စိတ် ၅၁-နှင့် ယှဉ်သည်။)

၄။ အားထုတ်တာက ဝီရိယ။ (စိတ် ၇၃-နှင့် ယှဉ်သည်။)

၅။ လိုလားတာက ဆန္ဒ။ (အဟိတ် မောဟမူမှတပါး ၆၉-နှင့် ယှဉ်သည်။

၆။ ဆုံးဖြတ်တာက အဓိမောက္ခ။ (ပဋ္ဌဝိညာဏ် ဝိစိကိစ္ဆာတို့မှ တပါး ၇၈-ပါးနှင့် ယှဉ်သည်။)

ဤ (၆) ပါးမှာ စိတ်အမျိုးမျိုးနှင့် ပြိုးပြမ်းယှဉ်သည်။

အကုသိုလ် စေတသိက် ၁၄-ပါး

၁။ အမှန်မသိ-အမှား သိတာက မောဟ။

၂။ မကောင်းမှုမှ မရှက်တာက အဟိရိက။

၃။ မကောင်းမှုမှ မကြောက်တာက အနောတ္တပ္ပ။

၄။ ပျံ့လွင့်တာက ဥဒ္ဓစ္စ။

ဤ ၄-ပါးမှာ အကုသိုလ်စိတ်တိုင်းနှင့် ယှဉ်သည်။

၅။ တပ်မက်လိုချင်တာက လောဘ။ (လောဘမူစိတ် ရှစ်ပါးနှင့် ယှဉ်သည်။)

၆။ အယူမှားတာက ဒိဋ္ဌိ။ (ဒိဋ္ဌိသမ္ပယုတ်စိတ် ၄-ပါးနှင့် ယှဉ်သည်။)

၇။ အထင်ကြီးတာက မာန။ (ဒိဋ္ဌိဝိပွယုတ်စိတ် ၄-ပါးနှင့် ယှဉ်သည်။)

ဤ (၃) ပါးမှာ လောဘစိတ်တို့နှင့်သာ ယှဉ်သည်။

၈။ စိတ်ဆိုး ပြစ်မှားတာက ဒေါသ။

၉။ မနာလိုတာက ဣဿာ။

၁၀။ ဝန်တိုတာက မစ္ဆရိယ။

၁၁။ နောင်တပူပန်တာက ကုက္ကုစ္စ။

ဤ ၄-ပါးမှာ ဒေါသစိတ်တို့နှင့်သာ ယှဉ်သည်။

၁၂-၁၃။ ထိုင်းမှိုင်းပျင်းရိတာက ထိနနှင့် မိဒ္ဓ။ ဤ ၂-ပါးမှာ လျှော့လျည်းသော လောဘစိတ် ဒေါသစိတ်တို့နှင့်သာ ယှဉ်သည်။

၁၄။ ယုံမှားတာက ဝိစိကိစ္ဆာ။ ဝိစိကိစ္ဆာစိတ် ၁-ပါးနှင့်သာ ယှဉ်သည်။

သောဘနသာဓာရဏ စေတသိက် ၁၉—ပါး

၁။ ယုံကြည်တာ ကြည်ညိုတာက သဒ္ဓါ။

၂။ အမှတ်ရတာက သတိ။

၃။ မကောင်းမှုမှ ရှက်တာက ဟိရိ။

၄။ မကောင်းမှုမှ ကြောက်တာက ဩတ္တပ္ပ။

၅။ မတပ်မက် မလိုချင်တာက အလောဘ။

၆။ စိတ်မဆိုး မပြစ်မှားတာက အဒေါသ။

၇။ အညီအမျှ ဖြစ်နေတာက် တည်မငြိမ်တာ။

၈-၉။ ငြိမ်းအေးတာက ပဿဒ္ဓိ။
၁၀-၁၁။ ပေါ့ပါးတာက လဟုတာ။
၁၂-၁၃။ နှုးညံ့တာက မုဒုတာ။
၁၄-၁၅။ ပြူရန် ခဲ့တာက ကမ္မညတာ။
၁၆-၁၇။ သန်စွမ်းတာက ပါဂုညတာ။
၁၈-၁၉။ ဖြောင့်မတ်တာက ဥဇုကတာ။

ဤ ၁၉-ပါးမှာ တင့်တယ်သော စိတ်တိုင်းနှင့် ယှဉ်သည်။

(ဤ ၁၉-ပါးတို့တွင် ပဿဒ္ဓိ စသည်တို့ကို ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စသည်ဖြင့် ၂-ပါးစီခွဲ၍ ယူရမည်။)

(က) ကုသိုလ်စိတ် ဟိတ်ရှိသော ဝိပါက် ကြိယာစိတ်တို့ကို တင့်တယ်သော စိတ်ဟု ခေါ်သည်။

(ခ) အကုသိုလ်စိတ် အဟိတ်စိတ် (ဟိတ်မရှိသော စိတ်) တို့ကို မတင့်တယ်သော စိတ်ဟု ခေါ်သည်။

၂၀။ အမှန်ကို သိတာက အမောဟ၊ ဉာဏ် ပညာဟူ၍လည်း ခေါ်သည်။ တင့်တယ်သော စိတ်တို့နှင့် ယှဉ်သည်။

အပ္ပမညာစေတသိက် ၂-ပါး

၂၁။ သနားတာက ကရုဏာ၊ သနားခိုက်၌ ဖြစ်သည်။

၂၂။ သူတပါး ကောင်းစားတာကို ကြည်ဖြူ ဝမ်းမြောက်တာက မုဒိတာ၊ ကြည်ဖြူ ဝမ်းမြောက်ခိုက်၌ ဖြစ်သည်။

ဝိရတိ စေတသိက် ၃ ပါး

၂၃။ မကောင်းသော စကားကို ကြဉ်ရှောင်တာက သမ္မာ ဝါစာ။

၂၄။ မကောင်းသောအမှုကို ကြဉ်ရှောင်တာက သမ္မာ-ကမ္မန္တ။

၂၅။ မဘရား စီးပွားရှာမှုကို ကြဉ်ရှောင်တာက သမ္မာ-အာဇီဝ။

ဤ ၃-ပါးမှာ ကြဉ်ရှောင်လိုတဲ့စိတ်၊ မင်ဖိုလ် စိတ်တို့နှင့်သာ ယှဉ်သည်။

(၀) သဗ္ဗစိတ္တသာဓာရဏ (၇)ပါး၊ ပကိဏ္ဏ (၆)ပါး၊ အကုသိုလ်(၁၄)ပါး၊ သောဘန(၂၅)ပါး၊ ပေါင်းစေတသိက် (၅၂)ပါးဖြစ်သည်။ ဤ(၅၂)ပါးတို့တွင် ဝေဒနာက ဝေဒနာ ကွဲ၆၊ သညာက သညာကွဲ၆၊ ကျန်ငါးဆယ်က သင်္ခါရကွဲ၆။ ထိုတွင်လည်း လောကီစိတ်တို့နှင့် ယှဉ်သော လောကီ စေတသိက် ခန္ဓာတို့ကိုသာ ဝိပဿနာရှုရသည်။

၁၃၃၀-ခု နှောင်းတန်ခူးလကွယ် (သင်္ကြန်အတက်)နေ့တွင်

ဟောကြားတော်မူသော

သုတ်ပေါင်းစု ဝိပဿနာတရားတော် ဆောင်ပုဒ်များ

၁။ စိတ်အလိုက္ခ၊ လွတ်ထားက၊ ကာမသုခါ နုယောဂါ။
၂။ ပင်ပန်းရုံမျှ၊ အားထုတ်က၊ အတ္တကိလမထာ နုယောဂါ။
၃။ စိတ်တည်ရုံမျှ၊ ရှုနေက၊ သမထဘာဝနာ။
၄။ သတိဉာဏ်မြတ်၊ ဖြစ်အောင်မှတ်၊ ဝိပဿနာပါ။
၅။ ခြောက်ဒွါရမှ၊ ပေါ်သမျှ၊ သိက ဝိပဿနာ။
၆။ ယထာဘူတ၊ သိပါမှ၊ မဂ္ဂဉာဏ်ပေါ်လာ၊

ယထာဘူတဉာဏ်ဖြစ်ပုံ

(၁) မျက်စိလဲ မမြဲ၊ အဆင်းလဲ မမြဲ၊ မြင်သိတာလဲ မမြဲ၊ မြင်တွေ့တာလဲ မမြဲ၊ မြင်လို့ကောင်းတာ မကောင်းတာလဲ မမြဲ၊ ဒီလို မှန်စွာသိမှ ဝိပဿနာဉာဏ်အစစ် ဖြစ်သည်၊ ဝိဇ္ဇာဉာဏ် အလင်းပေါက်၍ အဝိဇ္ဇာမှောင် ကင်းပျောက်သည်၊ မဂ်ဖိုလ် နိဗ္ဗာန်သို့လဲ ရောက်နိုင်သည်။

(၂) နားလဲ မမြဲ....အသံလဲ - ကြားသိတာလဲ - ကြားတွေ့တာလဲ-ကြားလို့ကောင်းတာ....

(၃) နှာခေါင်းလဲ-အနံ့လဲ-နံသိတာလဲ- နံတွေ့ဘာလဲ-နံလို့ကောင်းတာ မကောင်းတာ....

(၄) လျှာလဲ-အရသာလဲ- စားသိတာလဲ- စားတွေ့တာလဲ- စားလို့ကောင်းတာ....

(၅) ကိုယ်လဲ-တွေ့ထိရတာလဲ- ထိသိတာလဲ-ထိတွေ့ဘာလဲ- ထိတွေ့လို့ကောင်းတာ....

(၆) နှလုံးလဲ မမြဲ၊ ကြံသိရတာလဲ- ကြံသိတာလဲ- ကြံတွေ့တာလဲ-ကြံစည်စဉ်းစားလို့ ကောင်းတာ မကောင်းတာလဲ မမြဲ။ ဒီလို မှန်စ္ဓာသိမှ ဝိပဿနာဉာဏ်အစစ် ဖြစ်သည်။ ဝိဇ္ဇာဉာဏ် အလင်းပေါက်၍ အဝိဇ္ဇာမှောင် ကင်းပျောက်သည်၊ မဂ်ဖိုလ် နိဗ္ဗာန်သို့လဲ ရောက်နိုင်သည်။

အကျဉ်းချုပ်အားဖြင့်သိပုံ

(က) ပေါ်လာသမျှ ရူပ်လဲ မမြဲ၊ နာမ်လဲ မမြဲ၊ ဒီလိုမှန်စ္ဓာသိမှ ဝိပဿနာဉာဏ်အစစ်....

(ခ) မှတ်သိရတာ ဟူသမျှလဲ မမြဲ၊ မှတ်သိတဲ့စိတ်လဲ မမြဲ။ ဒီလိုမှန်စ္ဓာသိမှ....

(ဂ) အနိစ္စမြင်လျှင် ဒုက္ခထင်သည်၊ ဒုက္ခထင်တော့ အနတ္တမြင်သည်။

အနတ္တ မြင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင် ဆိုက်ရောက်သည်။

ဉာဏ်စဉ်အကျဉ်းချုပ်

မှန်စွာ သိမြင်လျှင် ငြိုးငွေ့လေတော့သည်၊ ငြိုးငွေ့လျှင် တပ်မက် ကင်းလေတော့သည်၊ တပ်မက်ကင်းလျှင် လွတ်မြောက်လေတော့သည်။

ဆိုင်ရာသာဓကပါဠိအချို့

ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊နော အဇာနတော နော အပဿတော။(သံ၊ ၂။၁၂၄) စက္ခု အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။ (သံ၊ ၂။၃၀၂)စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ (သံ၊ ၂။၂၅၉) စက္ခုံ အနဘိဇာနံ အပရိဇာနံ....အဘဗ္ဗော ဒုက္ခက္ခယာယ။ စက္ခုံ အဘိဇာနံ ပရိဇာနံ....ဘဗ္ဗော ဒုက္ခက္ခယာယ(သံ၊ ၂။ ၂၄၉) အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ။ (အံ၊၃။ ၁၆၅) ဧဝံ ပဿံ.... နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါဝိမုစ္စတိ။ (သုတ်များစု၁)

ဆောင်ပုဒ်များ

ထင်လဲ့သာယာ၊ စဲ့လမ်းတာ၊ နှစ်ဖြာဥပါဒါန်။
ငါ ငါ့ဥစ္စာ၊ စဲ့နိုင်တာ၊ ဥပါဒါနကွန်။
ရုပ်,ဝေ,သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။
ဘဝတဏှာ၊ သဿတာ၊ ထင်ကာ နှစ်သက်မှု။
ဝိဘဝမှာ၊ ဥစ္ဆေဒါ၊ ထင်ကာ နှစ်သက်မှု။

ဝန်ထုပ်ဆိုတာ၊ ငါးခန္ဓာ၊ လွန်စွာ လေးလှသည်။
ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာဖြစ်သည်။
ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချ ချမ်းသာသည်။

မြစ်ရင်းပါဖျက် တပ်မက်ပယ်လျင်၊
ဆာလောင်တောင့်တ လုံးဝကင်းစင်၊
ဝန်ဟောင်းစွန့်ပစ် ဝန်သစ်မတင်၊
ပူခပ်သိမ်း၊ အေးငြိမ်း နိဗ္ဗာန်ဝင်။